mgyoe.com
SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

တထာဂတဥဒါနဒီပနီ

ဒုတိယအကြိမ်

မဟာဗုဒ္ဓဝင်

ဒီပဲယင်းဆရာတော်

သိရိသဒ္ဓမ္မာဘိလင်္ကာရဓဇထေရ်အရှင်

ဒုတိယအုပ်

mgyoe.com

ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ဘာသာရေးစာအုပ်များ

mgyoe.com SAMPLE BOOK

ခွင့်ပြုချက် ၄၀၁၇၂၄၀၁၂၀၈

ခွင့်ပြုချက် ၆၀၀၁၂၈၀၃၁၀

ခွင့်ပြုချက် ၆၀၀၃၄၂၀၇၁၀



ခွင့်ပြုချက် ၆၀၀၂၄၅၀၅၁၀

ခွင့်ပြုချက် ၃၂၀၅၁၆၀၆၀၈

ခွင့်ပြုချက် ၄၀၇၈၈၀၉၀၈



ခွင့်ပြုချက် ၃၂၀၄၄၂၀၅၀၄





ခွင့်ပြုချက် ၇၂/၂၀၀၄ (၁)

mgyoe.com SAMPLE BOOK

ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်း/စုစည်းခင်းကျင်းသော စာအုပ်များ

* တထောဂတုပွတ္တိကျမ်း
  ဓမ္မနန္ဒထေရ်
  ညောင်ရမ်းခေတ်တွင်ပြုစုသည်။
  တွေ့ဖူးသမျှ၌ အစောဆုံးဗုဒ္ဓဝင်ပေမူကို ပုံနှိပ်ခြင်း

* ရှင်မွကားဆရာတော်စာစု
  ရတုကဗျာလင်္ကာစာစုများ။ ပေမူကို ပုံနှိပ်ခြင်း

* ပန်းရွှေပြည် ရေးကဗျာစု-၁
  အိုင်ချင်း၊ အဲချင်း၊ အန်ချင်းများ ပေါင်းချုပ်
  ရှာဖွေတွေ့ရှိသမျှကို ယနေ့အထိ အပြည့်စုံဆုံး
  ကဗျာစု

* ရာဇဓိရာဇ်အရေးတော်ပုံကျမ်း
  ဗညားကြီးတို့ ပြုစုသည်။ (ဗညားဒလ လုံးဝ
  မဟုတ်ပါ။)
  ပေမူကို ပုံနှိပ်ခြင်း

* ဓမ္မစေတီအရေးပုံ
  ကျမ်းပြုသူ အမည်မပါ။
  ဓမ္မစေတီမင်းကြီး၏ စီရင်ဆုံးဖြတ်ပုံများ။ ပေမူကို
  ပုံနှိပ်ခြင်း

* ရှေးမြန်မာမင်းများလက်ထက် ရတုပေါင်းချုပ်
  [ပ၊ဒု၊တ-၃ တွဲ]
  ခေတ်အဆက်ဆက်စာဆိုများ၏ ရတုများကို
  စာဆိုအက္ခရာစဉ်အလိုက် ရတုပေါင်းထောင်ကျော်
  စုစည်းထားခြင်း။

* မုံရွေးမဟာရာဇဝင်ကျော် ပေမူ
  'ရာဇိန္ဒရာဇဝရမဏ္ဍနိကျမ်း' လည်း ခေါ်။
  'အရိယာဝံသ အာဒိစ္စရံသိ ပုဂ္ဂိုလ်ထေရ်မြတ်'
  ဘွဲ့တော်ရှိသော
  မုံရွေးဆရာတော်ပြုစုသည့် ရာဇဝင်ကျမ်း ပေမူကို
  ပုံနှိပ်ခြင်း။
  ပ၊ဒု၊တ-၃ တွဲ။ ၄၊ ၅ ၆၊ ၇ စီစဉ်ဆဲ။

* တောင်ငူရာဇဝင်နှင့် တောင်ငူသမိုင်းဟောင်း
  ပုံနှိပ်ပြီးမူကို တတိယအကြိမ်ထုတ်။
  တောင်ငူရာဇဝင်ပထမပိုင်း-ဆရာကြီးဦးပွား
  တည်းပြီးမူကို ပြန်စိစစ်ထုတ်ဝေခြင်း

* ဦးကုလား မဟာရာဇဝင်ကြီး
  ပ၊ ဒု၊ တ-၃ တွဲ။
  ပုံနှိပ်ပြီးမူများကို လက်ရင်းထားပြီး၊ ပေမူနှင့်
  တိုက်ဆိုင်ညှိနှိုင်းကာ ထပ်မံပုံနှိပ်ခြင်း

* "ပေါရာဏကထာအဘိဓာန်" ခေါ် မြန်မာရှေး
  စကားအဘိဓာန်
  ပါဠိ၊ သက္ကတစကားလုံးများကို အတတ်နိုင်ဆုံး
  ပယ်ပြီး စုဆောင်းထားသည့်
  ဝေါဟာရစကားလုံးပေါင်း ၆၀၀၀ ကျော်ပါသည့်
  အဘိဓာန်

* သုဓမ္မစာရီဖြတ်ထုံး
  တောင်ဖီလာဆရာတော်နှင့် ကိုင်းစားမနုရာဇ
  အမတ် ပြုစုသည်။
  ပေမူမှ ပထမဆုံး ပုံနှိပ်ခြင်း။

* တျာချင်း၊ ကာချင်း
  စီစဉ်ဆဲ

* ရေးသူ မထင်ရှား ရှေးကဗျာလေးများ
  စီစဉ်ဆဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဒိပဲယင်းဆရာတော်

(သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်အရှင်)

တထာဂတဥဒါနဒီပနီ

မဟာဗုဒ္ဓဝင်

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး

၁၀၀၀၀ ကျပ်

အုပ်ရေ

၅၀၀ အုပ်

တတိယအကြိမ်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press
အမှတ် ၂၆၊ ၉၇ လမ်း၊
လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ်

မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

တတိယပိုင်း - ၂ ၊ ၂

၃၆ - ရှင်သုဒိန်ကို အကြောင်းပြု၍ ပထမပါရာဇိက ပညတ်တော်မူခြင်း ၁၇
၃၇ - စားကြွင်းစားတို့အကြောင်းကို ပြတော်မူခြင်း ၁၇
၃၈ - ရှင်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း ၁၈
၃၉ - ရှင်မေဃိယထေရ်အား တရားဟောတော်မူခြင်း ၁၈
၄၀ - စုဒ္ဒသမဝါ၌ သာရိပုတ္တထေရ်အကြောင်းကို ဟောတော်မူခြင်း ၂၁
၄၁ - စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း ၂၁
၄၂ - မာရ်နတ်သားအား ခြောက်လှန့်ရာတွင် ဟောတော်မူသောတရားကို ပြခြင်း ၂၂
၄၃ - မဟာနာမ်မင်းသား၏ပြဿနာကို ဖြေတော်မူခြင်း ၂၃
၄၄ - သုပ္ပဗုဒ္ဓ မြေမျိုသည်ကို ပြခြင်း ၂၅
၄၅ - ဘုရားကို နှစ်သက်စေနိုင်သူကို ဟောပြတော်မူခြင်း ၂၆
၄၆ - သိကြားမင်း၏ ပြဿနာ ၄ ပါးကို ဖြေတော်မူခြင်း ၂၇
၄၇ - အာဠဝကဘီလူးအား ချွတ်တော်မူခြင်း ၃၁
၄၈ - သိရိမာကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၄၅
၄၉ - သူဆင်းရဲကိုအကြောင်းပြု၍ တရား ဟောတော်မူခြင်း ၄၈
၅၀ - ရက်ကန်းသည်သမီးကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၄၉
၅၁ - မုဆိုးမယားကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၅၄
၅၂ - မုဆိုးလင်, မယား, သား, ချွေးမတို့၏ အတိတ်ဝတ္ထုကို ဟောတော်မူခြင်း ၅၇
၅၃ - အာနန္ဒာသူဌေးကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၅၉
၅၄ - မြတ်စွာဘုရားအား ရှင်အာနန္ဒာ လုပ်ကျွေးသည်ကို ပြခြင်း ၆၁
၅၅ - မာရ်နတ်ကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၆၄
၅၆ - အင်္ဂုလိမာလထေရ်ကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း ၆၅
၅၇ - ပသေနဒီကောသလမင်းကြီး၏ အသဒိသဒါနကိုပြခြင်း ၇၁
၅၈ - သုန္ဒရီပရိဗိုဇ်မ စွပ်စွဲသည်ကိုပြခြင်း ၇၅
၅၉ - ဂရဟဒိန္နနှင့် သိရိဂုတ္တအကြောင်းကို ပြခြင်း ၇၈
၆၀ - နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမတော်မူခြင်း ၈၄
၆၁ - မြတ်စွာဘုရားသခင် ဗကဗြဟ္မာအား ဆုံးမချေချွတ်တော်မူခြင်း ၈၈
၆၂ - စူဠသုဘဒ္ဒါနှင့် ဥဂ္ဂသူဌေးကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း ၉၂

mgyoe.com

mgyoe.com SAMPLE BOOK

စတုတ္ထပိုင်း

၁ – လယ်လုပ်ပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း ၉၉
၂ – လားရာဂတိကို သိနိုင်သော ဝံဂီသပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း ၁၀၀
၃ – စန္ဒာဘပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း ၁၀၃
၄ – မာရ်နတ်တောင်းပန်သည်ကို အကြောင်းပြု၍ တရားဟောတော်မူခြင်း ၁၀၅
၅ – ပေါက္ခရသာတိပုဏ္ဏားတပည့် အမ္ဗဋ္ဌကို ဆုံးမတော်မူခြင်း ၁၀၇
၆ – ဘုရားအရပ်တော်ကို နှိုင်းယှဉ်သောပုဏ္ဏားအား တရားဟောတော်မူခြင်း ၁၁၀
၇ – ဝိသာခါဒါယိကာမ၏ ပစ္စုပ္ပန်ဝတ္ထုကို ပြခြင်း ၁၁၁
– သာကေတမြို့ကို ဓနဉ္စယသူဌေး တည်ခြင်း ၁၁၂
– မိဂါရသူဌေးသားအတွက် သတို့သမီး ရှာစေခြင်း ၁၁၃
– သတို့သမီးရှာသောပုဏ္ဏားတို့ ဝိသာခါနှင့်တွေ့ခြင်း ၁၁၄
– လက်ထပ်မင်္ဂလာ အခမ်းအနားကို ပြခြင်း ၁၁၅
– ဝိသာခါ၏ မဟာလတာတန်ဆာအကြောင်း ၁၁၆
– သတို့သမီးဘက်မှ လက်ဖွဲ့ပစ္စည်းများ ၁၁၇
– တိတ္ထိတို့အား မင်္ဂလာဆွမ်း လုပ်ကျွေးခြင်း ၁၁၉
– ဝိသာခါကို နှင်ထုတ်ရန်ကြံစည်ခြင်း ၁၂၀
– မြတ်စွာဘုရားကို ဝိသာခါ ဆွမ်းလုပ်ကျွေးခြင်း ၁၂၂
– မိဂါရသူဌေး သောတာပန် တည်ခြင်း ၁၂၂
– ဝိသာခါ၏ သား၊ သမီး၊ မြေး၊ မြစ်များ ၁၂၃
– ဘုရားကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း ၁၂၄
– ကျောင်းတော်ကုန်ကျငွေ ၂၇ ကုဋေ ၁၂၆
– ဝိသာခါ ဥဒါန်းကျူးခြင်း ၁၂၇
– ဝိသာခါဒါယိကာမ၏ ရှေးဆုတောင်းကို ပြခြင်း ၁၂၈
– ဝိသာခါနှင့်တကွ မိန်းမ ၅၀၀ တို့အား တရားဟောတော်မူခြင်း ၁၂၉
၈ – ပုက္ကုသာတိမင်းကြီးအား ကယ်ချွတ်တော်မူခြင်း ၁၄၂
၉ – မြတ်စွာဘုရားမျက်နှာတော်ကို အသူရိန္ဒနတ် ဖူးမြော်ရသည်ကို ပြခြင်း ၁၄၄
၁၀ – ရှင်ဒေဝဒတ်အကြောင်းကို ပြခြင်း ၁၄၅
– ဗိမ္ဗိသာရမင်းကြီးကို သတ်ခြင်း ၁၄၆
– ဘုရားကို သတ်ရန် လေးသမားတို့ကို စေလွှတ်ခြင်း ၁၄၈
– ဘုရားကို သတ်ရန် ကျောက်တုံး လှိမ့်ချခြင်း ၁၅၁
– ဘုရားကို သတ်ရန် နာဠာဂိရိဆင် လွှတ်ခြင်း ၁၅၂
– ဒေဝဒတ်အား ၅၀၀ သော ဆွမ်းဝတ်တို့ကို ဖြတ်ခြင်း ၁၅၅

mgyoe.com

mgyoe.com SAMPLE BOOK

- ဘုရားထံ ၅ ပါးသောဝဂ္ဂီတို့ကို တောင်းခြင်း ၁၅၅
- ဒေဝဒတ် သံဃာကို သင်းခွဲခြင်း ၁၅၇
- ဒေဝဒတ်နောက်လိုက် ရဟန်းတို့ကို ပြန်ခေါ်ခြင်း ၁၅၈
- ဒေဝဒတ် သွေးအန်ခြင်း ၁၆၀
- ဒေဝဒတ်၏အတိတ်ဇာတ်ကို ဆောင်တော်မူခြင်း ၁၆၀
- ဒေဝဒတ်ကို မြေမျိုခြင်း ၁၆၁
- ဒေဝဒတ် အဝီစိငရဲ၌ ခံရပုံ ၁၆၃
- ဒေဝဒတ်နှင့်စပ်၍ တရားဟောတော်မူခြင်း ၁၆၃
၁၁ - သာကေတမြို့သား ပုဏ္ဏားအိုလင်မယားအကြောင်းကို ပြခြင်း ၁၆၅
၁၂ - မိတ္တဒုဗ္ဘမင်း၏အကြောင်းကို ပြခြင်း ၁၆၈
- ပညာသင်သွား မင်းသား ၃ ဦး ၁၆၈
- ကောသလမင်းနန်းတော်၌ နေ့စဉ် ဆွမ်းလုပ်ကျွေးခြင်း ၁၆၉
- မြတ်စွာဘုရား၏အဆွေအမျိုး သာကီဝင်မင်းသမီး ၁၇၂
- မိတ္တဒုဗ္ဘမင်းသား ကပိလဝတ်သို့ သွားခြင်း ၁၇၄
- မလ္လိကာ ချင်ခြင်းဖြစ်ခြင်း ၁၇၅
- ဗန္ဓုလနှင့် မလ္လိကာတို့၏ ၃၂ ယောက်သားများ ၁၇၇
- ကောသလမင်း နတ်ရွာစံခြင်း ၁၇၉
- မိတ္တဒုဗ္ဘဘေးကြောင့် သာကီဝင်မင်းဆက် ပြတ်ခြင်း ၁၈၀
- မိတ္တဒုဗ္ဘမင်းနှင့် ပရိသတ်တို့ ရေ၌မျောပါသွားခြင်း ၁၈၁
- ဘုရားရှင် တရားဟောတော်မူခြင်း ၁၈၂
၁၃ - အာဠာနာဋိယသုတ်၏ အစ္စုပ္ပတ္တိကို ပြခြင်း ၁၈၄
၁၄ - သိကြားမင်းအား သက္ကပဉှသုတ် ဟောတော်မူခြင်း ၁၈၇
- သိကြားမင်း သောကဖြစ်ခြင်း ၁၈၇
- နတ်အပေါင်းခြံရံလျက် ဘုရားထံ ဆည်းကပ်ခြင်း ၁၈၈
- ပဉ္စသိခ၏ စောင်းချင်းဂါထာများ ၁၉၀
- ဘုရားရှင်ထံ သိကြားမင်း ချဉ်းကပ်ခြင်း ၁၉၅
၁၅ - ဂေါပကနတ်သား အကြောင်း ၁၉၇
- သိကြားမင်း ပြဿနာမေးလျှောက်ခြင်း ၁၉၈
- ဘုရားရှင် ဆက်၍မိန့်ကြားတော်မူခြင်း ၂၀၂
၁၆ - အဇာတသတ်မင်းနှင့် လိစ္ဆဝီမင်းတို့ စစ်ဖြစ်ကြခြင်း ၂၀၄
- ဝဿကာရပုဏ္ဏားအား စံနည်းနာစေခြင်း ၂၀၄
၁၇ - ဝဇ္ဇီမင်းတို့နှင့်ပတ်သက်၍ အပရိဟာနိယတရား ၇ ပါးကို မိန့်မြွက်တော်မူခြင်း ၂၀၅
၁၈ - အဇာတသတ်မင်းထံ ဝဿကာရပုဏ္ဏားပြန်လျှောက်ခြင်း ၂၀၇
၁၉ - လိစ္ဆဝီမင်းတို့ထံ ဝဿကာရပုဏ္ဏားရောက်ခြင်း ၂၀၈

mgyoe.com

mgyoe.com SAMPLE BOOK

၂၀ - ဝေသာလီပြည် ပျက်စီးခြင်း ၂၁၀

၂၁ - အပရိဟာနိယတရားကို ဟောတော်မူခြင်း ၂၁၀

၂၂ - သီလအပြစ် ၅ ပါး၊ အကျိုး ၅ ပါးကို ဟောတော်မူခြင်း ၂၁၄

၂၃ - အဇာတသတ်မင်း၏အမတ် သုနိဓ၊ ဝဿကာရတို့ ပါဋလိရွာ၌ မြို့တည်ခြင်း ၂၁၇

၂၄ - နာတိကရွာ ဓမ္မာဒါသတရားကို အရှင်အာနန္ဒာအား ဟောတော်မူခြင်း ၂၂၀

၂၅ - ဝေဠုဝရွာ၌ ၄၅ ဝါမြောက် ဝါကပ်တော်မူခြင်း ၂၂၃

- မြတ်စွာဘုရားအား သည်းစွာသော ဝေဒနာတော် ဖြစ်ခြင်း ၂၂၇

၂၆ - အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ယူတော်မူခြင်း ၂၃၀

၂၇ - အရှင်မောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန် ယူတော်မူခြင်း ၂၃၆

- ခိုးသူသတ်တို့ကို စီရင်ခြင်း ၂၃၈

- မဟာမောဂ္ဂလာန်၏ ရှေးအကြောင်း ၂၃၈

- မပြစ်မှားအပ်သူ၌ ပြစ်မှားခြင်းကြောင့် အပြစ် ၁၀ ပါး ၂၄၀

၂၈ - မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူခြင်း ၂၄၀

- ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်တောင်းပန်ပြီ ၂၄၂

၂၉ - အာယုသင်္ခါရလွှတ်စဉ် မြေလှုပ်ခြင်းနှင့် အရှင်အာနန္ဒာ တောင်းပန်ခြင်း ၂၄၄

- မြေလှုပ်ကြောင်း ၈ ပါး ၂၄၅

- ပရိသတ် ၈ ပါး ၂၄၆

- အာယုသင်္ခါရ လွှတ်တော်မူကြောင်း မိန့်ဆိုတော်မူခြင်း ၂၄၇

- ရှင်အာနန္ဒာ တောင်းပန်ခြင်း ၂၄၈

၃၀ - ဝေသာလီပြည်ကို အဆုံးစွန်ကြည့်တော်မူခြင်း ၂၅၁

၃၁ - စုန္ဒ၏သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း ၂၅၃

- ဘုရားရှင်ဝမ်းတော်လား၍ သားပြွမ်းဆွမ်း၌ သကိုဘကင်းရန်ဟောခြင်း ၂၅၅

၃၂ - ပုက္ကုသမလ္လာမင်းအား တရားဟောခြင်း ၂၅၆

၃၃ - သားပြွမ်းဆွမ်း၌ သကိဘကင်းရန် ဟောတော်မူခြင်း ၂၆၀

၃၄ - ပရိနိဗ္ဗာန်ပြုတော်မူရာ၌ အာမိသ၊ ဓမ္မပူဇာ ၂ ပါးကို ပြတော်မူခြင်း ၂၆၂

- နတ်ပန်းကုံးသည်ကို ပြခြင်း ၂၆၆

၃၅ - နတ်တို့၏အလိုကိုသိ၍ ရှင်ဥပဝါဏထေရ်ကို ဖယ်ရှားစေတော်မူခြင်း ၂၆၉

၃၆ - သံဝေဇနီယဌာန ၄ ပါးတို့ကို ဟောတော်မူခြင်း ၂၇၀

၃၇ - မာတုဂါမတို့၌ ကျင့်ရာသောတရားကို ဟောတော်မူခြင်း ၂၇၁

၃၈ - မြတ်စွာဘုရားအလောင်းတော်၌ ကျင့်ရာသောတရားနှင့် [illegible]ပါ၍မှာ ၄ ပါးတို့ကို ဟောတော်မူခြင်း ၂၇၂

၃၉ - ကျေးဇူးတရား ၄ ပါးတို့ကို ဟောတော်မူခြင်း ၂၇၄

၄၀ - မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း ၂၇၆

- ရတနာ ၇ ပါး ၂၇၇

mgyoe.com

m.gyoe.com SAMPLE BOOK

- တန်ခိုး ၄ ပါး ၂၀၀
- လေးထောင့်ကန်နှင့် အလှူပေးခြင်း ၂၀၀
- နန်းတော်ဆောက်ခြင်း ၂၀၁
- ဖြပ္ပဝိုရ်တရား ပွားများခြင်း ၂၀၃
- မဟာသုဒ္ဒဿနမင်း၏ စည်းစိမ်တော် ၂၀၄
- မဟာသုဒဿနမင်း နတ်ရွာစံခြင်း ၂၀၅
- ဘုရားရှင် တရားဟောတော်မူခြင်း ၂၀၇

ပဥ္စမပိုင်း -

၁ - ရှင်အာနန္ဒာကိုစေ၍ မလ္လာမင်းတို့အား အကြောင်းကြားတော်မူခြင်း ၂၉၁
၂ - သုဘဒ်ထေရ်၏ အကြောင်းကို ပြခြင်း ၂၉၂
၃ - သုဘဒ်ထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၉၆
၄ - မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၂၉၇
- ရှင်အာနန္ဒာအား မှာကြားတော်မူခြင်း ၂၉၇
- နောက်ဆုံးဩဝါဒ ၂၉၉
- ၅ ပါးသောအဓိဋ္ဌာန် ပြုတော်မူခြင်း ၂၉၉
- ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၃၀၀
၅ - သံဝေဂ ဂါထာ ရွတ်တော်မူကြခြင်း ၃၀၁
၆ - အလောင်းတော်ကို ၇ ရက်တိုင်တိုင် ပူဇော်ခြင်း ၃၀၃
- ထင်းပုံပေါ်၌ ၇ ရက်ထား၍ ပူဇော်ခြင်း ၃၀၄
- မဟာလတာတန်ဆာဖြင့် ပူဇော်ခြင်း ၃၀၅
- မြတ်စွာဘုရား၏ကိုယ်တော်ကို ပြင်ဆင်ခြင်း ၃၀၆
၇ - အရှင်မဟာကဿပရောက်မှ အလောင်းတော်ကို တေဇောဓာတ် လောင်ခြင်း ၃၀၇
- ပရိနိဗ္ဗာန်ပြုကြောင်း ကြား၍ ရဟန်းတို့ ငိုကြွေးခြင်း ၃၀၇
၈ - မြတ်စွာဘုရား၌ သုဘဒ်ရဟန်းကြီး ရန်ငြိုးဖွဲ့ခြင်း ၃၀၉
၉ - အရှင်မဟာကဿပ ဓမ္မသံဝေဂ ဖြစ်တော်မူခြင်း ၃၁၁
၁၀ - နတ်တို့ အလိုမကျ၍ အလောင်းတော်ကို မီးမလောင်ခြင်း ၃၁၃
၁၁ - အရှင်မဟာကဿပ ရောက်မှ အလောင်းတော်ကို မီးလောင်ခြင်း ၃၁၄
- ဘုရားရှင်၏ဓာတ်တော်များ ၃၁၅
၁၂ - ဓာတ်တော်အတွက် စစ်ဖက်ခြင်းနှင့် ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခြင်း ၃၁၆
- ၇ ရက်ပတ်လုံး ဓာတ်တော်ပူဇော်ခြင်း ၃၁၆

m.gyoe.com

mgyoe.com SAMPLE BOOK

- အဇာတသတ်မင်း၏ ပူဆွေးမှုကိုပြခြင်း ၃၁၇
- ဓာတ်တော်အဖို့ငှာ အဇာတသတ်မင်း စစ်ချီခြင်း ၃၁၉
- အပြည်ပြည်မင်းတို့လည်း စစ်ချီပြီ ၃၁၉
- ကုသိနာရုံမြို့ကမလ္လာမင်းတို့ တုံ့ပြန်ပုံ ၃၂၀
- ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်း ၃၂၀

၁၃ - မြတ်စွာဘုရား၏ သာရီရိကစေတီ, ပါရိဘောဂိကစေတီတို့ကို ပြခြင်း ၃၂၂
- သာရီရိကစေတီ ၁၀ ဆူ ၃၂၂
- ဓာတ်တော်, စွယ်တော်, ဆံတော်, အမွေးတော် ၃၂၄
- ပရိဘောဂစေတီတော်များ ၃၂၄

၁၄ - ဓာတ်တော်တို့ကို စုရုံး၍ ဌာပနာခြင်း ၃၂၅

၁၅ - ဓာတ်တော်ဝေဖန်သည်မှ ဌာပနာသည့်တိုင်အောင် ကာလကို တွက်စစ်ပြခြင်း ၃၂၈
- ဓမ္မတာ ၃၀ စသည်ကို ပြခြင်း ၃၂၉
- အနန္တရာယိကဓမ္မ ၄ ပါး ၃၃၀
- အဝိဇဟိတဌာန ၄ ပါး ၃၃၁
- ဖွားဖက်တော် ၇ ယောက် ၃၃၁
- နက္ခတ္တပရိစ္ဆေဒ ၁၀ ပါး ၃၃၁
- ဝေမတ္တ ၈ ပါး ၃၃၂

၁၆ - ပဌမသင်္ဂါယနာ တင်တော်မူကြခြင်း ၃၃၂
- သင်္ဂါယနာတင်ရန် တိုက်တွန်းတော်မူခြင်း ၃၃၂
- သင်္ဂါယနာတင်ရန် ဌာနကို ရွေးချယ်တော်မူခြင်း ၃၃၄

၁၇ - အရှင်အာနန္ဒာ၏ပူဆွေးသောကကို ပြခြင်း ၃၃၅
- ဇေတဝန်ကျောင်းတော်ကြီးကို ပြင်ဆင်ရန် ကြံကြခြင်း ၃၃၆

၁၈ - အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်ကို ပြခြင်း ၃၃၈

၁၉ - ပဌမ သင်္ဂါယနာ တင်သည်ကိုပြခြင်း ၃၄၀
- ဝိနည်းကိုတင်ခြင်း ၃၄၀
- သုတ်, အဘိဓမ္မာကို တင်ခြင်း ၃၄၁
- မြတ်စွာဘုရားစကားတော်ကို ခွဲဝေကောက်ယူပုံ ၃၄၄

၂၀ - ပညတ်တော်မူသည့်အတိုင်း ကျင့်ဆောင်ရန် အရှင်မဟာကဿပ ကြားတော်မူခြင်း ၃၄၈

၂၁ - အရှင်အာနန္ဒာအား ဒုက္ကဋ်အာပတ်သို့ တင်၍ ဒေသနာကြားစေခြင်း ၃၄၉
- အရှင်အာနန္ဒာ ဗြဟ္မဒဏ် တာဝန်ခံရခြင်း ၃၅၀
- အရှင်အာနန္ဒာ ပုဆိုး ၁၀၀၀ ရခြင်း ၃၅၁
- ဆန္နထေရ်နှင့် ဗြဟ္မဒဏ် ၃၅၂

mgyoe.com

mgyoe.com SAMPLE BOOK

၂၂ – အဇာတသတ်မင်း သင်္ဂါယနာ ပြုခြင်းနှင့် ရာဇဝင်အစဉ်အဆက်ကို ပြခြင်း ၃၅၃

၂၃ – အရှင်ဥပါလိမှ စ၍ သာသနာဝင်အစဉ်အဆက်ကို ပြခြင်း ၃၅၄

– အရှင်ဒါသကမထေရ် ၃၅၄

– အရှင်သောဏကမထေရ် ၃၅၅

– အရှင်သိဂ္ဂဝမထေရ် ၃၅၅

၂၄ – ဒုတိယသင်္ဂါယနာတင်သည်ကို ပြခြင်း ၃၅၆

၂၅ – အရှင်သာဠှအား ဖြပ္ပာမင်း လျှောက်ထားခြင်း ၃၆၂

၂၆ – ဒုတိယသင်္ဂါယနာတင်ပြီးနောက် ၁၈ ဂိုဏ်း ကွဲပြားသည်ကို ပြခြင်း ၃၆၉

– မဟာသံဂီကဂိုဏ်း၏သင်္ဂါယနာ ၃၇၀

၂၇ – တိဿဖြပ္ပာအား တောင်းပန်သည်ကိုပြခြင်း ၃၇၁

၂၈ – ပါဠလိပုတ်ပြည် မင်းဆက်ရာဇဝင်အစဉ်ကို ပြခြင်း ၃၇၂

– စန္ဒဂုတ္တမင်းအကြောင်း ၃၇၃

– စန္ဒဂုတ္တသတို့သား မင်းအဖြစ်သို့ရောက်ခြင်း ၃၇၆

– ဗိန္ဒုသာရမင်းသား ဖွားမြင်ခြင်း ၃၇၇

၂၉ – ဒုတိယသင်္ဂါယနာတင်ပြီးနောက် သာသနာဝင်အစဉ်အဆက်ကို ပြခြင်း ၃၇၈

– မောဂ္ဂလိပုတ္တတိဿထေရ်အကြောင်း ၃၇၈

– တိဿသတို့သား သောတာပတ္တိဖိုလ်၌တည်ခြင်း ၃၈၀

၃၀ – စန္ဒဂုတ္တမင်းမှ သီရိဓမ္မာသောကမင်းတိုင်အောင် ရာဇဝင်အစဉ်အဆက် ပြခြင်း ၃၈၂

– ဗိန္ဒုသာရမင်းအကြောင်း ၃၈၂

– အသောကမင်းသား မင်းအဖြစ်သို့ရောက်ခြင်း ၃၈၃

– ဇရုဏဇီဝကတက္ကတွန်းအကြောင်း ၃၈၄

– သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်၌ သက်ဝင်ကြည်ညိုသည်ကို ပြခြင်း ၃၈၅

– ဓမ္မာသောကမင်းကြီး ညီနောင် ၃ ယောက်တို့၏ ရှေးအကြောင်း ၃၈၇

– သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားရုပ်ပုံတော်ကို ပူဇော်သည်ကိုပြခြင်း ၃၉၀

– စေတီ ၈ သောင်း ၄ ထောင်, ကျောင်း ၈ သောင်း ၄ ထောင် တည်သည်ကို ပြခြင်း ၃၉၁

– ဓာတ်တော်တို့ကို ပင့်ဆောင်ခြင်း ၃၉၁

– သာသနာ့အမွေခံသည်ကို ပြခြင်း ၃၉၄

၃၁ – တတိယသင်္ဂါယနာ တင်တော်မူသည်ကို ပြခြင်း ၃၉၆

– ရဟန်းတို့ ဥပုသ်ပြုရန် အမတ်အား စေခိုင်းခြင်း ၃၉၇

– တိဿမင်းသား ရဟန်းပြုခြင်း ၃၉၈

၃၂ – ၉ တိုင်း ၉ ဌာနသို့ သာသနာပြုစေလွှတ်တော်မူသည်ကို ပြခြင်း ၄၀၄

mgyoe.com

mgyoe.com SAMPLE BOOK

၁-ကသိုဏ်ရဂဏ္ဍရတိုင်း ၄၀၅

၂-မဟာသကမဏ္ဍလ, ၄၀၆

၃-ဝနဝါသီ,' ၄-အပရန္တတိုင်း, ၅- မဟာရဋ္ဌတိုင်း, ၆-ယောနကတိုင်း, ၇-ဟိမဝန္တာအရပ်, ၄၀၇

၈- သုဝဏ္ဏဘူမိ ၄၀၈

၉-တမ္ဗပဏ္ဏိ သီဟိုဠ်ကျွန်း ၄၀၉

၃၃ - သီဟိုဠ်ကျွန်း ရာဇဝင်ကို ပြခြင်း ၄၁၀

- သိကြားမင်းအား မြတ်စွာဘုရား မှာကြားတော်မူခြင်း ၄၁၁

- ဓမ္မာသောကမင်းထံ လက်ဆောင်ပဏ္ဏာပို့ဆက်ခြင်း ၄၁၄

- ဒေဝါနံပိယတိဿမင်းထံ ဓမ္မလက်ဆောင်ပို့စေခြင်း ၄၁၅

- အဘိသိက်သွန်းသည်ကို ပြခြင်း ၄၁၅

- နတ်, လူတို့ မဂ်, ဖိုလ် ရသည်ကိုပြခြင်း ၄၁၆

- မထေရ်မြတ်၏ အမေးပြဿနာကို မင်းကြီးဖြေဆိုခြင်း ၄၁၇

- တရားနာအုံသောဌာ သုမနသာမဏေ ကြွေးကြော်ခြင်း ၄၁၈

- ၂၅၀၀ မျှသောလူတို့ မဂ်ယ ဖိုလ်တရား ရသည်ကိုပြခြင်း ၄၁၉

- မဟာမေဃဝန်ဥယျာဉ်ကိုလှူဒါန်းခြင်း ၄၂၁

- အရှင်မဟိန္ဒထေရ် စေတီယတောင်၌ ဝါဆိုသည်ကိုပြခြင်း ၄၂၂

- ထူပါရုံစေတီ တည်ထားကိုးကွယ်သည်ကို ပြခြင်း ၄၂၃

- သုမနသာမဏေသည် ညုပ်ရိုးတော်ဓာတ် ပင့်ဆောင်ခြင်း ၄၂၄

- ဓာတ်တော်မှ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း ၄၂၆

- သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင် စိုက်ပျိုးသည်ကို ပြခြင်း ၄၂၇

- မဟာဗောဓိမှ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း ၄၂၉

- ခရီးအကြား၌ နဂါး, နတ်, လူ တို့ ပူဇော်ခြင်း ၄၃၂

- ဒေဝါနံ ပိယတိဿမင်းကြီး ကြိုဆိုခြင်း ၄၃၃

- ၇ ရက်ပတ်လုံး တိမ်တိုက်ကြား၌ တည်ပြန်ခြင်း ၄၃၄

၃၄ - သီဟိုဠ်၌ သာသနာအစဉ်အဆက်ကို ပြခြင်း ၄၃၅

- မဟာအရိဋ္ဌမထေရ် ဝိနည်းပိဋကတ်ကို ဟောခြင်း ၄၃၆

- သာသနာတော်၏ ဝန်ဆောင်မထေရ်များ ၄၄၇

- ဘုရား ၄ ဆူတို့၏သာသနာကို ပြခြင်း ၄၃၈

- ကကုသန်မြတ်စွာဘုရားသာသနာ ၄၃၈

- ကောဏာဂုံမြတ်စွာဘုရားသာသနာ ၄၃၉

- ကဿပမြတ်စွာဘုရားသာသနာ ၄၄၀

- ဂေါတမမြတ်စွာဘုရားသာသနာ ၄၄၈

mgyoe.com

mgyoe.com SAMPLE BOOK

- ဒေဝါနံပိယတိဿမင်းသည် ကောင်းမှုတို့ကို ပြုခြင်း ၄၄၁
- မဟာဂါမမင်းဆက်ကို ပြခြင်း ၄၄၂
- သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ မင်းပြုသည်ကို ပြခြင်း ၄၄၃
- ကျည်းမင်း ၃၃ ယောက်ကို နှိမ်နင်းခြင်း ၄၄၃
- မဟာစေတီ တည်ထားသည်ကို ပြခြင်း ၄၄၄
- သောနုတ္တရသာမဏေအား ဓာတ်တော်ပင့်ရန် စေလွှတ်ခြင်း ၄၄၅
- မဟာစေတီတည်တော်မူခြင်း ၄၄၆
- မဟိယင်္ဂဏစေတီ ထပ်မံတည်သည်ကို ပြခြင်း ၄၄၇
- နဖူးသင်းကျစ်ဓာတ်တော်စောင့်ရှောက်ရန် အရှင်မဟာကဿပ မိန့်မှာခြင်း ၄၄၈
- ကာကဝဏ္ဏတိဿ မဟာဂါမ၌ မင်းပြုခြင်း ၄၅၀
- ပိဋကတ် ၃ ပုံကို ပေထက်အက္ခရာတင်သည်ကို ပြခြင်း ၄၅၁
- သီဟိုဠ်မင်းဆက်များ ၄၅၂
- သီဟိုဠ်ကျွန်း၌ သံဃာ ၃ ဂိုဏ်း ၄၅၄
- လက်ဝဲစွယ်တော်ဓာတ် သီဟိုဠ်သို့ရောက်သည်ကို ပြခြင်း ၄၅၄
- ပိဋကတ်ကို သီဟိုဠ်ဘာသာဖြင့် ရေးတင်သည်ကို ပြခြင်း ၄၅၅
၃၅ - သထုံပြည်သို့ ပိဋကတ် ဆောင်ယူသည်ကို ပြခြင်း ၄၅၆
၃၆ - သာသနာ ၂ သွယ် ဆင်းသက်သည်ကို ပြခြင်း ၄၅၆
၃၇ - မြန်မာနိုင်ငံ၌ သာသနာထွန်းလင်းသည်ကို ပြခြင်း ၄၅၈
၃၈ - ရာမညတိုင်း၌ သွားတော်ဓာတ် တည်သည်ကို ပြခြင်း ၄၅၉
၃၉ - အရှင်သောဏ, အရှင်ဥတ္တရထေရ်တို့ ကြွလာခြင်း ၄၆၀
၄၀ - ဆံတော်ရှင်စေတီ ၆ ဆူတို့၏ အတ္ထုပ္ပတ်ကို ပြခြင်း ၄၆၂
၄၁ - ဂေါတမမြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ၃ ပါးတို့ကို ပြခြင်း ၄၆၃
၄၂ - ၄၅ ဝါအတွင်း ကယ်ချွတ်တော်မူသည်ကို ပြခြင်း ၄၆၅
၄၃ - မြတ်စွာဘုရားရှင်တို့၏ ပြည့်စုံမြဲ ဓမ္မတာ ၃၀ ကို ပြခြင်း ၄၆၇
၄၄ - မြတ်စွာဘုရားရှင်တို့၏ အနန္တရာယိက ဓမ္မ ၄ ပါးကို ပြခြင်း ၄၆၈
* နိဂုံး ၄၆၉
* ခက်ဆစ်များ ၄၇၁
* အညွှန်းမာတိကာ ၄၈၃

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တထာဂတဥဒါနဒီပနီ

တတိယပိုင်း - ၂ း ၂

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

၃၆- ရှင်သုဒိန်ကို အကြောင်းပြု၍ ပထမပါရာဇိက ပညတ်တော်မူခြင်း။

ထိုဗာရာဏသီပြည်၌လည်း မွေ့လျော်တော်မူသောအတိုင်း နေ၍၊ ဝေသာလီပြည်သို့ ကြွတော်မူ၍ ဝေသာလီပြည် မဟာဝန်တော ကူဋာဂါရသာလာ၌ နေတော်မူ၏။

ထိုအခါ ဝေသာလီပြည်မှ မနီးမဝေးဖြစ်သော ကလန္ဒပုဏ္ဏားရွာ၌ ကလန္ဒသူဌေးသား သုဒိန်သည် တစ်စုံတစ်ခုသောကိစ္စဖြင့် ဝေသာလီပြည်သို့လာရာ၊ မြတ်စွာဘုရားအထံမှ တရားတော်ကို ကြားနာရသဖြင့် အိမ်ရာထောင်သော လူ၏ဘောင်၌ အပြစ်ကိုမြင်၍၊ မြတ်စွာဘုရားအထံ၌ ရဟန်းပြုလိုသည် ဖြစ်၍ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်းပန်သော်၊ ''အမိအဖတို့ ခွင့်မပြုသောသူကို ဘုရားတို့သည် ရဟန်း မပြုကုန်။'' ဟု မိန့်တော်မူသဖြင့်၊ အိမ်သို့သွား၍ မိဘတို့ကို ခွင့်တောင်းလျှင်၊ သားတစ်ယောက်တည်းဖြစ်သဖြင့် အခွင့်မပေးလိုရကား၊ ''ရဟန်း မပြုရသော် သေအံ့။''ဟု မြေ၌ အိပ်၍၊ ၂ ရက်-၃ ရက်ပတ်လုံး ထမင်းမစားနေသောကြောင့် အမိအဖတို့သည် ''ငါတို့သားသည် သေလေသောထက် ရှင်ပါမူ ငါတို့ မြင်ရပါကုန်လတ္တံ့။'' ဟု အကြံဖြစ်၍၊ ရဟန်းပြုခြင်းငှာ သုဒိန်အား ခွင့်ပြုကုန်၍၊ မြတ်စွာဘုရားအထံသို့ သွား၍ မိဘတို့ ခွင့်ပြုသောအကြောင်းကို လျှောက်သော်၊ မထင်ရှားသော ပိဏ္ဍပါတိကမထေရ်အား သုဒိန်ကို ရဟန်းပြုစေ၏။

ရှင်သုဒိန်သည် အာရညကင်, ပိဏ္ဍပါတ်၊, သပဒါနစာရီ, ပံ့သုကူစုတင်တို့ကို ဆောင်လျက် ရွာငယ်တစ်ခုကို အမှီပြု၍ တောကျောင်း၌ နေ၏။ ထိုအခါ မိဘတို့သည် အရှင်သုဒိန်ကို အိမ်သို့ ပင့်၍၊ များစွာသော ရွှေ,ငွေတို့ကို ပြ၍၊ ခင်ပွန်းဟောင်းကိုလည်း ဝတ်စားတန်ဆာဆင်ယင်စေလျက် အနီး၌ ခေါ်ထား၍၊ ''မျိုးစေ့ ချပါလော့။'' ဟု တောင်းသဖြင့်၊ သိက္ခာပုဒ် မပညတ်သေးဖြစ်၍ 'အပြစ်မရှိ'ဟု အမှတ်ရှိရကား ခင်ပွန်းဟောင်းကို တောသို့ခေါ်၍ မေထုန်သံဝါသပြုသဖြင့် မျိုးစေ့ ချလေ၏။ ထိုအကြောင်းကို မိမိကိုယ်စောင့်နတ်မှ စ၍၊ အလုံးစုံသော ရုက္ခစိုး, ဘုမ္မစိုး စသောနတ်တို့သည် သိကုန်၍၊ ဗြဟ္မာ့ပြည်တိုင်အောင် ရှင်သုဒိန် မေထုန်မှီဝဲခဲ့သော ကျေးဇူးမဲ့သည် ကျော်စောလေ၏။ ထို သုဒိန်ဝတ္ထုတွင် ပထမပါရာဇိကကို ပညတ်တော်မူ၏။

၃၇- စားကြွင်းစားတို့အကြောင်းကို ပြတော်မူခြင်း။

ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ သာဝတ္ထိ ပြည်သူပြည်သားတို့သည် အာဂန္တုကဒါနအဖြစ်ဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော်ကုန်၏။

ထိုအခါ ၅၀၀ သောစားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီ၍ ပရိဝုဏ်အတွင်း၌ နေကုန်၏။ ရဟန်းတို့ စားကြွင်းဖြစ်သော မွန်မြတ်သောစားကြွင်းတို့ကို စား၍၊ အိပ်၍၊ နိုးသော် မြစ်သို့ သွား၍ ဟစ်ကြော်ကုန်လျက်၊

mgyoe.com

mgyoe.com SAMPLE BOOK

လက်ပမ်း၊ လက်တွေ့ သတ်ကုန်လျက် မြူးတူးကုန်၏။ အာရာမ်တွင်း၌ လည်းကောင်း၊ အာရာမ်ပ၌ လည်းကောင်း လွှန်ကျူးသောအကျင့်ကို ကျင့်ကုန်၏။

ရဟန်းတို့သည် "အရှင်တို့။ ဤစားကြွင်းစားတို့ကို ရှုပါကုန်လော့။ ဤသူတို့သည် ဝေရဉ္ဇာပြည်၌ မွတ်သိပ်သောအခါ တစ်စုံတစ်ခု ဖောက်ပြန်သောအမှုကို မပြုကုန်။ ယခု ဤသို့သဘောရှိသော အစာတို့ကို စား၍ များစွာသောဖောက်ပြန်ခြင်းကို ပြုကုန်၏။ ရဟန်းတို့သည် ဝေရဉ္ဇာပြည်၌လည်း ငြိမ်သက်ကုန်၏။ ယခုလည်း ငြိမ်သက်စွာနေကုန်၏။"ဟု တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် တရားသဘင်သို့ လာတော်မူ၍၊ ထိုအကြောင်းကို ကြားတော်မူလျှင် "ချစ်သားတို့။ ဤစားကြွင်းစားတို့သည် ရှေး၌ မြည်း၏အမျိုး၌ ဖြစ်ကုန်၍၊ ၅၀၀ ကုန်သောသိန္ဓောမြင်းတို့အား ပေးအပ်သော မုဒ္ဒရက်အဖျော်ဖတ်ကို ရေဖြင့်နယ်၍၊ သင်ပန်းလျှော်ပုဆိုးဖြင့် စစ်၍၊ 'ဝါလောဒက' မည်သော နည်းသော အရသာရှိသော ယုတ်သောအဖျော်ကိုသောက်၍ ပျားယစ်သောသူကဲ့သို့ ဟစ်ကြော်မြူးတူးကုန်လျက် သွားကုန်၏။"ဟု မိန့်တော်မူ၍၊ 'ဝါလောဒကံ အပ္ပရသံ နိဟီနံ' အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဝါလောဒကဇာတ်*ကို ဟောတော်မူ၏။

"သူတော်ကောင်းတို့သည်ကား ချမ်းသာသောအခါ၌လည်းကောင်း၊ ဆင်းရဲသောအခါ၌လည်းကောင်း လောကဓံ တရားကို ဆင်ခြင်၍ ဖောက်ပြန်ခြင်း မရှိကုန်သည်သာလျှင်တည်း။"ဟု မိန့်တော်မူ၍၊ 'သဗ္ဗတ္ထဝေ သပ္ပုရိသာ' အစရှိသော တရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ တရားနာပရိသတ်တို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကုန်၏။

၃၈- ရှင်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း။

၁၂ ဝါကျွတ်သော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ၁၈ နှစ်ရှိပြီးသော၊ သာမဏေရပဗ္ဗဇ္ဇအဖြစ်ဖြင့် ၁၁ ဝါ ရပြီးသော သားတော်ရာဟုလာကို ဆုံးမတော်မူလိုသဖြင့် မဟာရာဟုလောဝါဒ သုတ်ကို ဟောတော်မူ၏။ ဤ မဟာရာဟုလောဝါဒသုတ်၊ အနုပိယသရက်တော၌ ဟောတော်မူအပ်သော အမ္ဗလဋ္ဌိယ ရာဟုလောဝါဒသုတ်တို့သည် အရှင်ရာဟုလာအား ဝိပဿနာညာဏ်၏ ရင့်ကြောင်းမျှသာ ဖြစ်သတည်း။

၃၉- ရှင်မေဃိယထေရ်အား တရားဟောတော်မူခြင်း။

ဤသို့အစရှိသော များစွာသောတရားဒေသနာတော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးငှဝေတော် မူလျက်၊ ဇေတဝန်ကျောင်းတော်မှ ဒေသစာရီကြွတော်မူ၍ စာလိယပြို့သို့ ရောက်တော်မူသော

* ၅၅၀ ဇာတ်တော်စဉ်- ၁၈၃ ရှု။

mgyoe.com

mgyoe.com SAMPLE BOOK

အခါ၊ ထိုမြို့သားတို့သည် မြို့မှ မနီးမဝေးသောအရပ်၌ စာလိယျတောင်၌ ကြီးစွာသောကျောင်းကို ဆောက်လုပ်၍ လှူသဖြင့်၊ ထိုစာလိယျတောင်ကျောင်း၌ ၁၃ ဝါမြောက်ဖြစ်သော ဝါကို ဆိုတော်မူ၏။

မြတ်စွာဘုရားအား ပထမဗောဓိ ၂၀ ဝါအတွင်း၌ အလုပ်အကျွေးတပည့်တို့သည် မမြဲကုန်။ တစ်ရံတစ်ခါ နာဂသမာလထေရ် လုပ်ကျွေး၏။ တစ်ရံတစ်ခါ နာဂိတထေရ် လုပ်ကျွေး၏။ တစ်ရံတစ်ခါ သာဂတထေရ် လုပ်ကျွေး၏။ တစ်ရံတစ်ခါ သုနက္ခတ္တထေရ် လုပ်ကျွေး၏။ တစ်ရံတစ်ခါ စုန္ဒသမဏုဒ္ဒေသ လုပ်ကျွေး၏။ ဤစာလိယျတောင်၌ တေရသမဝါ ဆိုတော်မူသောအခါကား မြတ်စွာဘုရားအား အရှင်မေဃိယထေရ် လုပ်ကျွေးသတည်း။

ဘုရားဖြစ်သည်မှစ၍ ၁၅ ဝါသည် 'ပထမဗောဓိ' မည်၏။ ထို့နောက် ၁၅ ဝါသည် 'ဒုတိယဗောဓိ' မည်၏။ ထို့နောက် ၁၅ ဝါသည် 'တတိယဗောဓိ' မည်၏။ ဗောဓိ ၃ ရပ်ကို ပေါင်းသော် ၄၅ ဝါ ဖြစ်၏။

ထိုအခါ ရှင်မေဃိယထေရ်သည် မြတ်စွာဘုရားသို့ ကပ်၍၊ ရိုသေစွာရှိခိုး၍၊ "အရှင်ဘုရား။ အကျွန်ုပ်သည် ဇန္တုရွာ၌ ဆွမ်းခံခြင်းငှာ အလိုရှိပါ၏။"ဟု လျှောက်၏။ "မေဃိယ။ ယခုအခါ သင်သည် ဇန္တုရွာ၌ ဆွမ်းခံအခါကို သိလော့။"ဟု မိန့်တော်မူသဖြင့်၊ နံနက်စောစော ဇန္တုရွာ၌ ဆွမ်းခံပြီး၍၊ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှဖဲ၍၊ 'ကိမိကာလာ' အမည်ရှိသောမြစ်ကို ကပ်၍၊ ကိမိကာလာမြစ်နား သွားသဖြင့် မွေ့လျော်ဖွယ်ရှိသော သရက်တောကို မြင်၍၊ 'ဤဥယျာဉ်သည် ကြည်ညိုဖွယ် ရှိလှ၏၊ ဤသရက်တော၌ ရဟန်းတရားကိုပြုခြင်းငှာ လျောက်ပတ်၏။ မြတ်စွာဘုရားသည် အကယ်၍ခွင့်ပြုပါက ရဟန်းတရားကိုပြုခြင်းငှာ ဤသရက်တောသို့ လာရအံ့။' ဤသို့သော အကြံသည် ဖြစ်၏။

ရှေးအခါ အရှင်မေဃိယသည် အဖြစ် ၅၀၀ တိုင်တိုင် ဆက်ကာဆက်ကာ မင်း၏အဖြစ်ကို ထိုသရက်ဥယျာဉ်၌ ဥယျာဉ်ကစားခြင်းဖြင့် မွေ့လျော်ဖူး၏။ ထို့ကြောင့် ထိုသရက်တောကို မြင်ကာမျှဖြင့် နေခြင်းငှာ စိတ်သည် ညွတ်၏။

ထိုအခါ မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုးပြီးလျှင်၊ 'ထိုသရက်တော၌ ရဟန်းတရားကိုပြု၍ နေလိုသောအကြောင်း'ကို လျှောက်၏။

မြတ်စွာဘုရားသည် မေဃိယ၏စကားကို ကြားတော်မူသော်၊ 'မေဃိယအား ဉာဏ်သည် မရင့်သေး။' ဟု သိတော်မူသဖြင့်၊ "မေဃိယ။ အကြင်မျှလောက် တစ်ပါးသောရဟန်းသည် လာ၏။ ထိုမျှလောက် ငံ့ဦးလော့" ဟု မိန့်တော်မူ၏။ 'ဤမေဃိယသည် သရက်တောသို့ သွား၍ ကမ္မဋ္ဌာန်း မပြည့်စုံသည်ရှိသော်၊ ကမ္မဋ္ဌာန်း၌ အားထုတ်ခြင်း မရှိသည်ဖြစ်၍၊ ငါ့အားချစ်သဖြင့် တစ်ဖန်လာလတ္တံ့။'ဟု သိတော်မူ၍ ဤသို့မိန့်သတည်း။

၂ ကြိမ်မြောက် လည်းကောင်း၊ ၃ ကြိမ်မြောက် လည်းကောင်း မေဃိယသည် "ရှင်ပင်ဘုရားအား ၄ ပါးသောမဂ်ကိစ္စတို့ကို ပြုတော်မူပြီးသည်၏အဖြစ်ကြောင့် ထိုထက်အလွန် မဂ်ကိစ္စ မရှိပြီ။ ပြုပြီးသောတရားကိုလည်း တစ်ဖန်ပြုခြင်းကိစ္စ မရှိပြီ။ အကျွန်ုပ်အားကား မဂ်ကိစ္စ ပြုဖွယ်ရှိသေး၏။ ပြုအပ်ပြီးသောတရားကို ပွားစေခြင်းငှာ အကျွန်ုပ်အား ရှိ၏။ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုပါအံ့။ ထိုသရက်တောသို့ ရဟန်းတရားကို ပြုခြင်းငှာ သွားပါအံ့။"ဟု လျှောက်၏။

"မေဃိယ။ စင်စစ်သဖြင့် 'ရဟန်းတရားကို ပြုပါအံ့။'ဟု ဆိုသော်၊ သင့်ကို ငါတို့သည် ကမ္မဋ္ဌာန်းမှ တစ်ပါးသောအကြောင်းကို အဘယ်သို့ဆိုအံ့နည်း။ မေဃိယ။ ထိုသရက်တောသို့သွား၍ ရဟန်းတရားကိုပြုအံ့သောငှာ အခါကို သိလော့။"ဟု မိန့်တော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါမေဃိယသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုး၍ သရက်ဥယျာဉ်တောသို့ သွားပြီးလျှင်၊ ထိုသရက်ဥယျာဉ်တော၌ တစ်ခုသောသရက်ပင်ရင်း၌ နေ၏။ ရှေးသောကိုယ်၏အဖြစ်၌ အစဉ်အားဖြင့် အဖြစ် ၅၀၀ မင်းဖြစ်၍ ကိုယ်လုပ်မောင်းမတို့ဖြင့် မြူးထူးလျက် မင်္ဂလာရှိသောကျောက်ဖျာ၌ နေဖူး၏။ ထိုကျောက်ဖျာ၌ပင် နေ၏။ ထိုအခါမေဃိယထေရ်အား ထိုနေရာ၌ နေကာမျှဖြင့်ပင် ရဟန်းအဖြစ်ကို စွန့်သကဲ့သို့၊ မင်း၏အသွင်ကို ယူ၍ မောင်းမအပေါင်းခြံရံလျက် ထီးဖြူအောက်၌ မြတ်သောသူတို့အား နေခြင်းဌာထိုက်သောပလ္လင်၌ နေသကဲ့သို့ ဖြစ်၏။

ထိုသရက်ဥယျာဉ်တော၌နေသော မင်း၏စည်းစိမ်ကိုသာယာသော မေဃိယအား များသောအားဖြင့် 'ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်' တည်းဟူသော ၃ ပါးသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။

ထို ၃ ပါးသောတရားတို့၏ ဖြစ်ဟန်ကား စည်းစိမ်ကို သာယာသောမထေရ်အား ကာမဝိတက်သည် ထင်ရှားဖြစ်၏။ ထိုခဏ၌ပင် ဥစ္စာနှင့်တကွ ဖမ်းအပ်သော ခိုးသူ ၂ ယောက်တို့ကို ဆောင်၍ ရှေ့၌ထားသကဲ့သို့ မြင်၏။ ထိုခိုးသူတို့တွင် တစ်ယောက်သောသူကို သတ်ခြင်းငှာ စေသောအခြင်းအရာအားဖြင့် ဗျာပါဒဝိတက်သည် ဖြစ်၏။ တစ်ယောက်သောခိုးသူကို နှောင်ဖွဲ့ခြင်းငှာ စေသောအခြင်းအရာဖြင့် ဝိဟိံသာဝိတက်သည် ဖြစ်၏။ ဤသို့လျှင် မေဃိယထေရ်သည် နွယ်ယှက်သောသစ်ပင်ကဲ့သို့ လည်းကောင်း၊ ယင်တို့သည် များစွာသောအပုပ်ကို ခြံရံသကဲ့သို့ လည်းကောင်း အကုသလဝိတက်တို့ဖြင့် ပြွမ်းသည် ဖြစ်၏။ ဤသို့လျှင် အကုသလဝိတက်တို့သည် ဖြစ်ကုန်သတည်း။

ထိုအခါ အရှင်မေဃိယသည် 'ငါ့အား အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ အံ့ဖွယ်ရှိစွ' ဟု ညချမ်းသော အခါ နေရာမှထ၍၊ ထိုသရက်ဥယျာဉ်တောမှ ဖဲခဲ့၍၊ မြတ်စွာဘုရားသို့ ကပ်လာ၍ ရိုသေစွာရှိခိုးပြီးလျှင်၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ဤသရက်ဥယျာဉ်တော၌နေသော အကျွန်ုပ်အား များသောအားဖြင့် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့သည် ဖြစ်ကုန်၏။ အရှင်ဘုရား။ အကျွန်ုပ်သည် အိမ်ရာ ထောင်သော လူတို့၏ဘောင်မှထွက်၍ သဒ္ဓါခြင်းဖြင့် ရဟန်းပြု၏။ ထိုသို့ပြုလျက် ယုတ်မာသော အကုသလဝိတက် တို့သည် မြိုက်ကုန်၏။ အံ့ဖွယ်ရှိစွ။ မဖြစ်စဖူးမြဲတကား။ ဤသို့ အကြံသည် ဖြစ်၏" ဟု မြတ်စွာဘုရားကို လျှောက်၏။

မြတ်စွာဘုရားသည် 'အပရိ ပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စဓမ္မာ' အစရှိသော တရားဒေသနာ တော်ကို ဟောတော်မူ၏။

ထိုအခါ ထိုသို့ဟောသောအကြောင်းကို သိတော်မူ၍-

'ခုဒ္ဒါဝိတက္ကာ သုခုမာ ဝိတက္ကာ၊ အနုဂ္ဂတာ မနသော ဥပ္ပိလာဝါ။

ဧတေ အဝိဒ္ဒါမနသော ဝိတက္ကေ၊ ဟုရာဟုရံ ဓာဝတိ ဘန္တစိတ္တော။ ။

'ဧတေ စ ဝိဒ္ဒါမနသော ဝိတက္ကေ၊ အာတာပိယော သံဝရတိ သတိမာ၊

အနုဂ္ဂတေ မနသော ဥပ္ပိလာဝေ၊ အသေသမာနေ ပဇဟာသိ ဗုဒ္ဓေါ။ ။ ဟု ကိုယ်တော်၏အဖြစ်ကို ဝမ်းမြောက်ဝမ်းသာ မိန့်တော်မူ၏။

ဤသို့လျှင် တေရသမမြောက်ဝါ၌ များစွာသော တရားဒေသနာတော်ဖြင့် များစွာသောလူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား မဂ်,ဖိုလ်,နိဗ္ဗာန်တရားတော်ကို ပေးတော်မူ၏။

mgyoe.com

.mgyoe.com SAMPLE BOOK

၄၀- စုဒ္ဒသမဝါ၌ သာရိပုတ္တထေရ်အကြောင်းကို ဟောတော်မူခြင်း။

စာလိယျတောင်ကျောင်း၌ တေရသမဝါ ကျွတ်တော်မူသောအခါ အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ 'အာသာ ယဿ နဝိဇ္ဇတိ' စသောတရားကို ဟောတော်မူ၏။

ထို တေရသမဝါ၌ အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းအခြံအရံ ၅၀၀ တို့နှင့်တကွ တစ်ခုသော ရွာနီးကျောင်း၌ ဝါကပ်တော်မူ၏။ ထိုရွာသားတို့သည် အရှင်သာရိပုတ္တရာအား များစွာသောဝါဆိုသင်္ကန်း လှူအံ့သော အကြောင်းကို ကြားလျှောက်ကုန်၏။

ဝါကျွတ်လျှင် ပဝါရဏာပြုပြီး၍ အလုံးစုံသော ဝါဆိုသင်္ကန်းမရောက်မီ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအထံသို့ ကြွလိုသည်ဖြစ်၍၊ ''ရဟန်းတို့။ လူတို့သည် ဝါဆိုသင်္ကန်းကို ဆောင်ခဲ့ကုန်သည်ရှိသော် ခံ၍၊ ပဉ္စင်းကို သော်လည်းကောင်း၊ သာမဏေကို သော်လည်းကောင်း ငါသို့ ပို့လာစေ။ ထိုပုဆိုးတို့ကို သိုထား၍ သတင်းစကားကိုသော်လည်း ငါ့အား ကြားလာကုန်''ဟု တပည့်တို့ကို မှာဆို၍ မြတ်စွာဘုရားအထံသို့ လာ၏။

ရဟန်းတို့သည် ထိုအကြောင်းကိုကြား၍၊ ''ယနေ့ အရှင်သာရိပုတ္တရာအား တပ်ခြင်းသည် ဖြစ်ယောင်တကား။ 'ဝါဆိုသင်္ကန်းခံ၍ သော်လည်းကောင်း ပို့လာစေ။ ထိုဝတ္ထုကိုထား၍ အကြောင်းကိုသော်လည်း ကြားလာကုန်'ဟု မှာဆို၏။''ဟု ရဟန်းတို့သည် ပြောဆိုကုန်၏။

ထိုစကားကို မြတ်စွာဘုရားကြားတော်မူ၍ ''ချစ်သားတို့။ သာရိပုတ္တရာအား တပ်ခြင်းသည် မရှိ။ 'လူတို့အား ကောင်းမှုမှယုတ်ခြင်းသည် မဖြစ်စေသတည်း။ ပဉ္စင်းငယ် သာမဏေတို့အား တရားနှင့်လျော်စွာ ရခြင်းမှ မယုတ်စေသတည်း'ဟု အကြံရှိ၍ ဤစကားကို တပည့်တို့အား မှာဆိုသတည်း။''ဟု မိန့်တော်မူ၏။

'အာသာ ယဿ နဝိဇ္ဇတိ၊ အသ္မိံ လောကေ ပရမှိစ။

နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။' ဟူသောတရားကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ရောက်လာသောတရားနာပရိသတ်တို့သည် သောတာပန်၊ သကဒါဂါမ် စသော မဂ်တရား၊ ဖိုလ်တရားသို့ ရောက်ကုန်၏။

၄၁- စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း။

မြတ်စွာဘုရားသည် စုဒ္ဒသမဝါ ကျွတ်တော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ အရှင်ရာဟုလာသည် အသက် ၂၀ ပြည့်သဖြင့် ပဉ္စင်းရဟန်းအဖြစ်သို့ ရောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ရာဟုလာလျှင် နောက်လိုက်ရဟန်းရှိသဖြင့် သာဝတ္ထိပြည်၌ ဆွမ်းခံ ကြွတော်မူသည်ရှိသော်၊ အရှင်ရာဟုလာသည် နောက်တော်မှလိုက်၍၊ မြတ်စွာဘုရား၏ အဆင်းတော်၏ တင့်တယ်ခြင်းကို ရှုပြီးလျှင် မိမိ ကိုယ်အဆင်းအင်္ဂါလက္ခဏာ၏တင့်တယ်ခြင်းကို ရှုပြန်၍၊ မြတ်စွာဘုရား၌ လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း ဂေဟာသိတပေမကို ဖြစ်စေ၏။

mgyoe.com

မြတ်စွာဘုရားသည် ရှေ့မှကြွတော်မူလျက်ပင် 'နောက်တော်မှလိုက်သော ရာဟုလာသည် အဘယ်သို့ ကြံသနည်း။'ဟုဆင်ခြင်တော်မူသော် ထိုအကြောင်းကို သိ၍၊ ဆွမ်းရပ်တော်မူပြီးသော် ဆွမ်းခံရွာမှ ဖဲ၍၊ ဆွမ်း ဘုဉ်းပေးတော်မူပြီးသော် 'အရှင်ရာဟုလာအား အာသဝေါတရား ၄ပါး ကုန်ခြင်းငှာ ဆုံးမအံ့'ဟု ကြံတော်မူသဖြင့် အရှင်ရာဟုလာကို ခေါ်တော်မူ၍၊ ''ရာဟုလာ။ အကြင်အရပ်၌ ယင်းတိုက်တောသည် ရှိ၏။ ထိုအရပ်သို့ နေ့နေခြင်းငှာ ငါတို့ ကပ်ကုန်အံ့။ နေရာထိုင်ကို ယူခဲ့လော့။''ဟု မိန့်တော်မူ၍ ယင်းတိုက်တောသို့ ကြွတော်မူ၏။ အရှင်ရာဟုလာသည်လည်း မြတ်စွာဘုရားနေရာထိုင်ကို ကိုင်၍ နောက်တော်မှ အစဉ်တစိုက်လိုက်၏။

ထိုအခါ ကုဋေ ၁ သိန်းမက များစွာသောနတ်တို့သည်လည်း ''ယနေ့ မြတ်စွာဘုရားသည် သားတော် ရာဟုလာအား အာသဝေါတို့ကို ကုန်စေခြင်းငှာ ဆုံးမတော်မူလတ္တံ့။''ဟု မြတ်စွာဘုရား၏နောက်မှ အစဉ်လိုက် ကုန်၏။

ထိုအခါ ရှင်ရာဟုလာသည် တစ်ခုသောသစ်ပင်ရင်း၌ မြတ်စွာဘုရားအား နေရာထိုင်ကို ခင်း၏။ မြတ်စွာ ဘုရားသည် ထိုင်တော်မူ၏။ အရှင်ရာဟုလာသည် တင့်အပ်သောအရပ်၌ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် နေ၏။

ထိုအခါ 'တံကိ မညသိ ရာဟုလ စက္ခုံ နိစ္စံဝါ အနိစ္စံဝါတိ' အစရှိသောအားဖြင့် စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူ၏။

ထိုသုတ်ကို ဟောတော်မူသောအဆုံး၌ အရှင်ရာဟုလာသည် အာသဝေါ ၄ ပါး ကုန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ အကုဋေ ၁ သိန်းမက များစွာကုန်သောနတ်တို့သည်လည်း အကျွတ်တရား ရကြကုန်၏။

ထိုနတ်တို့၏ အစည်းအဝေးကား 'တတိယာဘိသမယ'မည်၏၊ မိဂဒါဝုန်တော၌ မဂ်,ဖိုလ်ရကုန်သော၊ အရှင်ကောဏ္ဍည မထေရ် အမှူးရှိကုန်သော၊ ၁၈ ကုဋေအရေအတွက်မက များစွာကုန်သော နတ်,ဗြဟ္မာတို့၏အစည်းအဝေးကား အရှင် ဂေါတမမြတ်စွာဘုရားအား 'ပဌမာဘိသမယ' မည်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ပထမ ၄ လ သီတင်းသုံးနေတော် မူသောအခါ စကြဝဠာတိုက်ပေါင်း ၁ သောင်းအရေအတွက်မှ စည်းဝေးလာကုန်သော နတ်,ဗြဟ္မာတို့၏အလယ်၌ မဟာမင်္ဂလသုတ်ကို ဟောတော်မူသောအခါ၊ ရေတွက်ခြင်းအစဉ်ကို လွန်ကုန်သည်ဖြစ်၍ မဂ်,ဖိုလ် အကျွတ်တရားရကုန်သော နတ်,ဗြဟ္မာတို့၏ အစည်းအဝေးသည်ကား အရှင်ဂေါတမမြတ်စွာဘုရားအား 'ဒုတိယာဘိသမယ' မည်၏။

၄၂- မာရ်နတ်သားအား ခြောက်လှန့်ရာတွင် ဟောတော်မူသောတရားကို ပြခြင်း။

မြတ်စွာဘုရားသည် စုဒ္ဒသမဝါ ကျွတ်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ အရှင်ရာဟုလာ သည်လည်း ပဉ္စင်းရဟန်းအဖြစ်ဖြင့် ရဟန္တာဖြစ်၍ ၁ ဝါမျှ မရသေးသောအခါ၌ ဝသဝတ္တီမာရ်နတ်ကို အကြောင်းပြု၍ 'နိဋ္ဌင်္ဂတော အသန္တာသီ' အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။ အကြောင်းဝတ္ထုကား-

တစ်နေ့သ၌ များစွာကုန်သောမထေရ်တို့သည် ညမိုးချုပ်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ ဝင်လာကုန်၍၊ အရှင်ရာဟုလာ၏နေရာသို့ သွားကုန်၍ အရှင်ရာဟုလာကို ထစေကုန်၏။ အရှင်ရာဟုလာသည် တစ်ပါးသောအရပ်၌ နေစရာမမြင်သဖြင့် မြတ်စွာဘုရား၏ဂန္ဓကုဋီမုခ်ဦး၌ အိပ်၏။ မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌ တည်လျက်ပင် ဂန္ဓကုဋီမုခ်ဦး၌အိပ်သော အရှင်ရာဟုလာကိုမြင်၍ ဤသို့ကြံ၏။

mgyoe.com

mgyoe.com SAMPLE BOOK

'ရဟန်းဂေါတမအား ကြမ်းပိုးတို့ဖြင့် ကျင်နာဟန် ရှိ၏။ ဂန္ဓကုဋီတွင်း၌အိပ်သော ဤရာဟုလာမထေရ်သည် ကြမ်းပိုးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အပဥ္စအိပ်သည် ဖြစ်လတ္တံ့.' ဟု ကြံပြီး၍၊ ကြီးစွာသောဆင်ဖြူ၏အသွင်ကို ဖန်ဆင်း၍၊ လာလတ်၍၊ နှာမောင်းဖြင့် အရှင်ရာဟုလာ၏ဦးခေါင်းကို ရစ်ပတ်၍ ပြင်းစွာသောအသံဖြင့် ဆင်ပြောင်၏မြည်ခြင်းကို မြည်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတွင်း၌နေတော်မူလျက် ထိုဆင်အား မာရ်နတ်၏အဖြစ်ကို သိတော်မူ၍၊ "မာရ်နတ်။ သင်ကဲ့သို့သဘောရှိကုန်သော မာရ်နတ်တို့၏ အသိန်း,အသန်းတို့သည်လည်း ငါ့သား ရာဟုလာအား ကြောက်ခြင်းကို ဖြစ်စေအံ့သောငှာ မတတ်နိုင်သည်သာလျှင်တည်း။ ငါ၏သားသည် ကြောက်ထိတ်လန့်ခြင်း မရှိပြီ၊ တန်ခိုးကြီး၏။ ကြီးသောလုံ့လ ရှိ၏။ ကြီးသောပညာ ရှိ၏။"ဟူ၍ မိန့်တော်မူ၍-

'နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတတဏှော အနင်္ဂဏော။

အစ္ဆိန္ဒိ ရာဂသလ္လာနိ၊ အန္တိမာယံ သမုဿယော။ ။

'ဝီတတဏှော အနာဒါနော၊ နိရုတ္တိပဒကောဝိဒေါ။

အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗပရာနိ စ။

သဝေ အန္တိမသာရီရော၊ မဟာပညော မဟာပုရိသော-တိ ဝုစ္စတိ။ ။' ဟူသော တရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်လေကုန်၏။

မာရ်နတ်သည် 'အရှင်ဂေါတမသည် ငါ့ကို သိလေ၏။'ဟု ကြံ၍ ထိုအရပ်၌ပင် ကွယ်လေ၏။

ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် စုဒ္ဒသမဝါမှ ထတော်မူသည်ကစ၍ ပဉ္စရသမဝါ မဆိုမီ တိုင်အောင် လူ,နတ်,ဗြဟ္မာတို့ကို ကယ်ချွတ်တော်မူ၏။

၄၃- မဟာနာမ်မင်းသား၏ပြဿနာကို ဖြေတော်မူခြင်း။

သာဝတ္ထိပြည်မှ ဒေသစာရီ ကြွချီတော်မူ၍ သက္ကတိုင်း ကပိလဝတ်ပြည်သို့ရောက်တော်မူသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်ကို ဆွမ်းခံအမှီပြု၍၊ နိဂြောသောကီဝင်မင်းသား၏ အာရာမ်ဖြစ်သော ရောဟဏီမြစ်နား၌ ဆွေတော်မျိုးတော်တို့သည် ဆောက်လုပ်အပ်သော နိဂြောဓာရုံကျောင်းတော်၌ ပဉ္စရသဝါကို ဆိုတော်မူ၏။

ထိုအခါ ဘထွေးတော်သက္ကောဒနသာကီဝင်မင်း၏ သားဖြစ်သော မဟာနာမ်မင်းသားသည် မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုးလျက်၊ တင့်အပ်သောနေရာ၌ နေ၍ "ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား။ အဘယ်မျှ လောက်သောအကြောင်းဖြင့် 'ဥပါသကာ'မည်ရာသနည်း။"ဟု မေးလျှောက်သည်ကို အကြောင်းပြု၍၊ 'ယော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ' အစရှိသော မဟာနာမသုတ်ကို ဟောတော်မူ၏။ ထိုသုတ္တန် ဒေသနာတော်၌ အဓိပ္ပာယ်ကား-

mgyoe.com

mgyoe.com SAMPLE BOOK

''မဟာနာမ်။ အကြင်သူသည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။ တရားတော်ကို၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။ ထိုသူသည် 'ဥပသကာ' မည်၏။'' ဟူလိုသည်။

ထို့နောက် ''ဘုန်းတော်ကြီးလှသော အရှင်ဘုရား။ ထိုဥပသကာသည် အဘယ်မျှလောက်သော အကြောင်းဖြင့် သီလနှင့်ပြည့်စုံသည် မည်သနည်း။''ဟု မေးလျှောက်ပြန်သောကြောင့် 'ယတော ခေါ မဟာနာမ ဥပသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ' အစရှိသောဒေသနာတော်ကို ဟောတော်မူ၏။ ထိုဒေသနာတော်၌ အဓိပ္ပာယ်သော်ကား-

''မဟာနာမ်။ ဘုရား၊တရား၊သံဃာ ရတနာမြတ် ၃ ပါးကို ကိုးကွယ်ဆည်းကပ်သော ဥပသကာသည် သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်၏။ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်၏။ ကာမတို့၌ 'ယုတ်မာသောအကျင့်'ဟူသော သူ့သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ကြဉ်၏။ မဟုတ်မမှန် ချွတ်လွဲသော စကားကို ဆိုခြင်းမှ ကြဉ်၏။ သေအရက်ယစ်မျိုးကို သောက်ခြင်းမှ ကြဉ်၏။ ထိုသို့ကြဉ်သော ဥပသကာသည် သီလနှင့် ပြည့်စုံသည် မည်၏''ဟူလိုသည်။

ထို့နောက် ''အဘယ်မျှလောက်သောအကြောင်းဖြင့် ရတနာ ၃ ပါးကို ကိုးကွယ်သောဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသည် မည်ရာသနည်း''ဟု လျှောက်ပြန်သောကြောင့် 'ဣဓ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ' အစရှိသောဒေသနာတော်ကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

''မဟာနာမ်။ ဤသာသနာတော်၌ ဥပါသကာသည် ကံကို လည်းကောင်း၊ ကံ၏အကျိုးကို လည်းကောင်း ယုံကြည်သည်။ ရတနာ ၃ ပါးတို့၌ ကြည်ညိုသည်ဖြစ်၍ လာခြင်းကောင်းသော ငါဘုရားကို ထိုမြတ်စွာဘုရားသည် 'ဣတိပိသော ဘဂဝါ အရဟံ အစရှိသော ဂုဏ်တော် ၉ပါးနှင့် ပြည့်စုံ၏'ဟု ယုံကြည်၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသည် မည်၏''ဟူလိုသည်။

ထို့နောက် ''ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် စာဂနှင့်ပြည့်စုံသည် မည်သနည်း။'' ဟု လျှောက်သောကြောင့်၊ 'ဣဓ မဟာနာမ ဥပသကော ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ' စသော တရားကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

''မဟာနာမ်။ ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုခြင်းအညစ်အကြေး ကင်းသောစိတ်ဖြင့် အိမ်၌ နေ၏၊ လွတ်လွတ် စွန့်ကြဲ၏။ ဖြန့်သောလက်ဝါး ရှိ၏။ လွတ်လွတ်စွန့်ကြဲခြင်း၌ မွေ့လျော်၏။ ဖုန်းတောင်းယာစကာနှင့် ယှဉ်၏။ ဝေဖန်ပေးကမ်းခြင်း၌ မွေ့လျော်၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် စာဂနှင့်ပြည့်စုံသည် မည်၏။'' ဟူလိုသည်။

ထို့နောက် ''အဘယ်မျှသောအကြောင်းဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံသည် မည်သနည်း။'' ဟု လျှောက်သောကြောင့်၊ 'ဣဓ မဟာနာမ ဥပါသကော ပညာဝါ ဟောတိ'အစရှိသော ဒေသနာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

''မဟာနာမ်။ ဤသာသနာတော်၌ ဥပါသကာသည် ပညာရှိသည် ဖြစ်၏။ လောကီ၊ လောကုတ္တရာ အကျိုးစီးပွား ၂ ပါးသို့ ရောက်စေတတ်သော ပညာနှင့် လည်းကောင်း၊ မြတ်သော အခိုင်အမြဲမရှိသော ဒုက္ခသစ္စာ၏ကုန်ခြင်းသို့ ကောင်းစွာရောက်စေတတ်သော ပညာနှင့်ပြည့်စုံသည် မည်၏။'' ဟူလိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄၄- သုပ္ပဗုဒ္ဓ မြေမျိုသည်ကို ပြခြင်း။

'နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ' အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဝရီးတော် သုပ္ပဗုဒ္ဓသာကီဝင်မင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုအကြောင်းကား-

ထိုသုပ္ပဗုဒ္ဓမင်းသည် 'ဤ သိဒ္ဓတ်မင်းသားဘုရားသည် ငါ၏သမီး ယသော်ဓယာကိုစွန့်၍ တောထွက်၏။ ငါ၏သား ဒေဝဒတ်ကို ရဟန်းပြု၍၊ ထိုငါ့သား၏ ရန်သူအရာ၌ တည်၏။'

ဤသို့လျှင် ၂ ပါးသောအကြောင်းတို့ဖြင့် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍၊ တစ်နေ့သ၌ "ယခုအခါ ဤသိဒ္ဓတ်မင်းသားဘုရားအား ဆွမ်းဖိတ်မန်ရာအရပ်သို့ သွား၍ ဆွမ်းစားခြင်းငှာ မပေးအံ့"ဟု ခရီးကို ပိတ်၍၊ ခရီးလမ်းမ၌ သေကိုသောက်၍ နေ၏။

ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာ အပေါင်းခြံရံလျက် ထိုခရီးသို့ ကြွတော်မူ၏။

'မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွတော်မူလာ၏။'ဟု ထိုသုပ္ပဗုဒ္ဓမင်းအား ကြားကုန်၍ သုပ္ပဗုဒ္ဓမင်းသည် ဆို၏။ '"အရပ်တစ်ပါးမှ သွားလော့။"ဟု ထိုဘုရားအား ဆိုလေကုန်။ ဤဂေါတမဘုရားသည် ငါ့လက်မှ ကြီး၏တကား။ ထိုဂေါတမဘုရားအား ခရီးကို ငါမပေး။"ဟု ဆို၏။ သူတစ်ပါးတို့သည် အဖန်တလဲလဲ ဆိုအပ်သော်လည်း ထိုရှေးအတူ ဆို၍နေ၏။

မြတ်စွာဘုရားသည် ဝရီးတော်၏အထံမှ ခရီးကို မရ၍ ထိုအရပ်မှ ပြန်တော်မူရလေ၏။

ထိုသုပ္ပဗုဒ္ဓမင်းသည်လည်း မင်းချင်းယောကျ်ားတစ်ယောက်ကို စေ၍၊ "သင် သွားချေ။ ထိုသိဒ္ဓမင်းသား ဘုရား၏စကားကိုကြား၍ လာခဲ့လော့။"ဟု စေ၏။

မြတ်စွာဘုရား လည်၍ပြန်တော်မူသောအခါ ပြုံးတော်မူ၏။ အရှင်အာနန္ဒာသည် "ဘုန်းတော် အလွန်ကြီးတော်မူသော အရှင်ဘုရား။ ပြုံးတော်မူခြင်း၌ အကြောင်းအသို့နည်း။"ဟု မေးအပ်သည် ဖြစ်၍၊ "ချစ်သား အာနန္ဒာ။ သုပ္ပဗုဒ္ဓမင်းကို မြင်၏လော။"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ မြင်ပါ၏။"ဟု လျှောက်သည်ရှိသော်၊ "အာနန္ဒာ။ သုပ္ပဗုဒ္ဓမင်းသည် ဝန်လေးသောအမှုကို ပြုဘိ၏။ ငါသို့သောဘုရားအား ခရီးကို မပေးခြင်းကြောင့် ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ ပြာသာဒ်အောက်ဝယ် စောင်းတန်းလှေကား၏အရင်း၌ မြေကြီးသို့ ဝင်လတ္တံ့။"ဟု ဘုရား မိန့်တော်မူ၏။

မင်းချင်းသည် ထိုစကားကို ကြား၍ သုပ္ပဗုဒ္ဓမင်း၏အထံသို့ သွားလေသော်၊ "ငါ၏ တူတော်ဖြစ်သော သိဒ္ဓတ်မင်းသား ဘုရားသည် အဘယ်သို့ ဆိုအပ်သနည်း။"ဟု မေးသဖြင့်၊ မြတ်စွာဘုရားအထံမှ ကြားတိုင်းသော စကားကို လျှောက်၏။

ထိုသုပ္ပဗုဒ္ဓမင်းသည် မင်းချင်းယောကျ်ား၏စကားကို ကြား၍ 'ယခုအခါ တူဖြစ်သောဘုရားအား ပြုအပ်သောအပြစ်သည် ငါ့အား မရှိ။ ငါ့တူဘုရားသည် အကြင်စကားကို ဆို၏။ ထိုစကားသည် မချွတ်မလွဲ ဆိုတိုင်းမမှန်သည် ဖြစ်စေ။ ဤသို့ မမှန်သောအခါ၌ သိဒ္ဓတ်မင်းသားဘုရားကို မုသာဝါဒဖြင့် နှိပ်အံ့။ အဘယ်သို့ နှိပ်အံ့နည်းဟူမူကား၊ 'ထို တူဘုရားသည် ငါ့ကို '၇ ရက်မြောက်သောနေ့၌ မြေမျိုလတ္တံ့။'ဟူ၍သာ အရပ်ဌာနကို မမှတ်မူ၍ မဆိုဘဲ၊ ပြာသာဒ်အောက်၌ စောင်းတန်းခြေရင်း၌ မြေမျိုလတ္တံ့။'ဟု ဆို၏။ ယခုအခါ၌ ဤနေ့မှစ၍ ငါသည် ထိုပြာသာဒ်အောက်သို့ မသွားဘဲ၊ ထိုသို့မသွားသော် ထိုစောင်းတန်းခြေရင်း၌ ငါသည် မြေသို့ မဝင်မူ၍၊ ထို ငါ၏တူဘုရားကို မုသာဝါဒဖြင့် နှိပ်ရအံ့။'ဟု ကြံ၍၊ ထိုသုပ္ပဗုဒ္ဓမင်းသည် မိမိ၏သုံးဆောင်မြဲဖြစ်သော အလုံးစုံကို ဘုံ ၇ ဆင့်ရှိသော ပြာသာဒ်၏အထက်သို့တင်၍ စောင်းတန်းကို ပယ်စေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

တံခါးကို ပိတ်၍၊ တစ်ခု-တစ်ခုသောတံခါး၌ ၂ ယောက်-၂ ယောက်သော လက်ပမ်းသည်တို့ကို ထား၍၊ ''အကယ်၍ ငါသည်မေ့လျော့သဖြင့် အောက်သို့သက်လိုသည် ဖြစ်အံ့။ ငါ့ကို သင်တို့သည် မြစ်တားကုန်လော့။''ဟု ဆို၍၊ ၇ ဆင့်မြောက်သော ပြာသာဒ်အထက်၌ အသရေရှိသောတိုက်၌ နေ၏။

ရဟန်းတို့သည် ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရား မိန့်တော်မူ၏။

''ချစ်သားရဟန်းတို့။ သုပ္ပဗုဒ္ဓမင်းသည် စင်စစ်သဖြင့် ၇ ဆင့်မြောက်သော ပြာသာဒ်ကို မဆိုလင့်ဦး။ ကောင်းကင်သို့ပျံ၍ ကောင်းကင်၌မူလည်း နေစေ။ သင်္ဘောလှေဖြင့်မူလည်း သမုဒ္ဒရာလွှင့်စေ။ တောင်၏အကြားသို့မူလည်း ဝင်စေ။ ဘုရားတို့၏စကား၌ ၂ ပါးအပြားဖြင့် ဖြစ်ခြင်း မည်သည် မရှိ။ ငါဆိုရာအရပ်၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းသည် မြေသို့ ဝင်လတ္တံ့။''ဟု မိန့်တော်မူ၍၊ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည်-

'နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ နပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊

န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊ ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။ ။

ဤတရားဒေသနာတော်ကို ဟောတော်မူသောအဆုံး၌ များစွာသောတရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

၇ ရက်မြောက်သောနေ့၌ မြတ်စွာဘုရား ဆွမ်းရပ်တော်မူသောခရီးသို့ တက်သောအခါ၌ ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓ၏မင်္ဂလာမြင်းတော်သည် ထိတ်လန့်သည်ဖြစ်၍ ထိုထိုသို့သောနံရံကို ကန်ကျောက်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် ၇ဆင့်မြောက်ဖြစ်သော ပြာသာဒ်၏အထက်၌နေလျက် မြင်းဟီသံကိုကြား၍ ''ဤအသံသည် အဘယ် အသံနည်း။''ဟု မေး၏။ ''မင်္ဂလာမြင်းတော်သည် ထိတ်လန့်သည်။''ဟု လျှောက်ကုန်၏။ ထိုမြင်းသည် သုပ္ပဗုဒ္ဓမင်းကို မြင်၍ နေမြဲနေ၏။ ထိုရောအခါ ထိုမြင်းကို သုပ္ပဗုဒ္ဓမင်းသည် ဖမ်းကိုင်လိုသည် ဖြစ်၍၊ နေရာမှ ထ၍ တံခါးကို ရှေးရှုသွား၏။ တံခါးတို့သည် အလိုလိုပွင့်ကုန်၏။ စောင်းတန်းလှေကားတို့သည် မိမိအရာ၌ တည်ကုန်၏။ တံခါး၌စောင့်ကုန်သော လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ ကိုင်၍၊ အောက်သို့ ရှေးရှု၍ ပစ်လိုက်ကုန်၏။

ဤသို့နည်းဖြင့် ၇ ဆင့်သောတံခါးတို့၌ တံခါးရွက်တို့သည် အလိုလိုပွင့်ကုန်၏။ စောင်းတန်းတို့သည် မိမိတို့၌ တည်ကုန်၏။ ခပ်သိမ်းသောတံခါးတို့၌ လက်ပမ်းသည်တို့သည် ထိုရှေးနည်းအတူလျှင် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ကိုင်ကုန်၍ အောက်သို့ရှေးရှု ချလိုက်ကုန်၏။

ထိုရောအခါ အောက်စောင်းတန်းခြေရင်းသို့ ရောက်ခါမျှဖြစ်သော ထိုသုပ္ပဗုဒ္ဓမင်းကို မြေကြီးသည် ပြင်းစွာမြည်လျက် ထက်ခြမ်းခွဲ၍ ခံလင့်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် မြေကြီးထဲသို့ ဝင်၍ အဝီစိငရဲ၌ ဖြစ်လေ၏။

၄၅- ဘုရားကို နှစ်သက်စေနိုင်သူကို ဟောပြတော်မူခြင်း။

မြတ်စွာဘုရားသည် ထိုနိဂြောဓာရုံကျောင်း၌ ဝါဆိုတော်မူသောအခါ များစွာသောရဟန်းတို့သည် ''မြတ်စွာဘုရားသည် သက်န်းတော်အမှု ပြီးသည်ရှိသော်၊ ဝါတွင်း ၃ လ လွန်သောအခါ၌ ဒေသစာရီ ကြွချီတော်မူလတ္တံ့''ဟု မြတ်စွာဘုရား၏သင်္ကန်းတော်အမှုကို ပြုကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

မဟာနာမ်မင်းသည် ''ဝါတွင်း ၃' လ လွန်သောအခါ၌ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူလတ္တံ့။''ဟု ကြား၍၊ နိဂြောဓာရုံကျောင်းတော်သို့ သွား၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ 'သင်္ကန်းအမှုပြီးသောအခါ၌ ဒေသစာရီကြွလတ္တံ့'ဟုကြား၏။ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် ဒေသစာရီကြွသော်၊ ရှင်ပင်ဘုရားနှင့်ကင်း၍ နေသည်ရှိသော် အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်သည် နေရပါအံ့နည်း။''ဟု လျှောက်၏။

''မဟာနာမ်။ 'ရှင်ပင်ဘုရားနှင့် ကင်း၍နေသော် အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်သည် နေရပါအံ့နည်း။'ဟု မဟာနာမ်မင်းတို့သည် လာခြင်းကောင်းသော ငါဘုရားအား အကြင်မေးခြင်းကို မေးအပ်၏။ ထိုမေးခြင်းသည် အမျိုးသားဖြစ်ကုန်သော မဟာနာမ်မင်းတို့အား လျောက်ပတ်၏။ ချီးမွမ်းဖွယ် ရှိ၏။

''မဟာနာမ်။ သဒ္ဓါတရားရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏။ သဒ္ဓါတရား မရှိသောသူသည် မြတ်စွာဘုရားတို့ကို မနှစ်သက်စေနိုင်။ အားထုတ်အပ်သောလုံ့လ ရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏။ ပျင်းသောသူသည် မနှစ်သက်စေနိုင်။ ထင်သောသတိ ရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏။ လွတ်သောသတိ ရှိသောသူသည် မနှစ်သက်စေနိုင်။ တည်ကြည်သောသူသည် ဘုရားတို့ကို နှစ်သက်စေနိုင်၏။ ပညာရှိသောသူသည် ဘုရားတို့ကို နှစ်သက်စေနိုင်၏။ မတည်ကြည်သောသူသည် မနှစ်သက်စေနိုင်။ ပညာမရှိသောသူသည် ဘုရားတို့ကို မနှစ်သက်စေနိုင်။

''မဟာနာမ်။ ဤသို့သဘောရှိကုန်သော 'သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ' တည်းဟူသော ဤ ၅ ပါးသောတရားတို့၌ တည်၍ ၆ ပါးသောတရားတို့ကို ဆောင်၏။ ထို့ထက်အလွန် မဟာနာမ်သည် ပွားလော့။''

ဤသို့ အစရှိသဖြင့် များစွာသောတရားတို့ကို ဟောတော်မူ၏။

ဤမျှသော စကားအစဉ်သည်ကား ဗောဓိ ၃ ပါးတွင် ပဌမဗောဓိအဆုံး၌ဖြစ်သော ၁၅ ဝါမြောက်တိုင် မြတ်စွာဘုရား၏ အတ္တုပ္ပတ္တိကိုဆိုသော စကားတည်း။

၄၆- သိကြားမင်း၏ ပြဿနာ ၄ ပါးကို ဖြေတော်မူခြင်း။

ဤပဌမဗောဓိ ၁၅ ဝါပတ်လုံး တပည့်သားရဟန်းတို့အား ဒါယကာဖိတ်မန္တ၍ ဆွမ်းစားရာ၌ ဆွမ်းအနုမောဒနာတရားဟောခြင်းကို ခွင့်ပြုတော် မမူသေး။ ပဌမဗောဓိ ၁၅ ဝါလွန်မှ ဆွမ်းစားရာ၌ အနုမောဒနာတရားဟောခြင်းကို ခွင့်ပြုတော်မူသတည်း။

မြတ်စွာဘုရားသည် ၁၅ ဝါ ကျွတ်တော်မူ၍၊ ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ သိကြားမင်းသည် မေးလျှောက်သည်ကို အကြောင်းပြု၍ 'သဗ္ဗဒါနံ' အစရှိသောတရားကို ဟောတော်မူ၏။ ဝတ္ထုအကြောင်းကား ဤသို့တည်း။

တစ်ပါးသောအခါ၌ တာဝတိံသာနတ်ပြည်၌ များစွာသောနတ်တို့သည် စည်းဝေးကုန်၍ ၄ ပါးသော ပြဿနာတို့ကို ဖြစ်စေကုန်၏။ ၄ ပါးသောပြဿနာဟူသော်ကား-

mgyoe.com

mgyoe.com SAMPLE BOOK

'အလှူတို့တွင် အဘယ်အလှူသည် ကြီးမြတ်သနည်း။ အရသာတို့တွင် အဘယ်အရသာသည် ကြီးမြတ်သနည်း။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် ကြီးမြတ်သနည်း။ တဏှာ၏ကုန်ခြင်းသည်သာလျှင် အဘယ်ကြောင့် ကြီးမြတ်သနည်း။'

ဤအမေး ၄ ပါးတို့ကို ဖြစ်စေကုန်၏။

ထိုအမေး ၄ ပါးတို့ကို တစ်ယောက်သောနတ်သည်မျှ ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်။ နတ်တစ်ယောက်သည် နတ်တစ်ယောက်ကို မေး၏။ ထိုမေးသောနတ်သည် တစ်ပါးသောနတ်ကို မေး၏။ ဤသို့ အချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို မေးသဖြင့် ၁ သောင်းသောစကြဝဠာတိုက်တို့၌ ၁၂ နှစ်ပတ်လုံး ကျင်လည်ကုန်၏။ ဤမျှလောက်သောကာလ၌လည်း ထိုပြဿနာ ၄ ပါးတို့၏အနက်ကို မမြင်နိုင်ကုန်၍၊ ၁ သောင်းသော စကြဝဠာ၌ နေသောနတ်တို့သည် စည်းဝေးကုန်၍၊ စတုမဟာရာဇ်နတ်မင်း ၄ ယောက်တို့အထံသို့ လာကုန်သောကြောင့်

"အချင်းတို့။ အဘယ့်ကြောင့် များစွာသောနတ်တို့သည် စည်းဝေးကုန်သနည်း။" ဟု မေးသည် ရှိသော်၊ "၄ ပါးသောပြဿနာတို့ကို ဖြစ်စေကုန်၍၊ ထိုပြဿနာတို့၏ အနက်ကို ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ကုန်၍၊ အရှင်နတ်မင်း တို့၏အထံသို့ လာပါကုန်၏။" ဟု ဆိုသော်၊

"အချင်းတို့။ ဤပြဿနာသည် အဘယ်သို့နည်း။" မေးသဖြင့်၊ "အလှူတို့တွင် အဘယ်အလှူ မြတ်သနည်း။ အရသာတို့တွင် အဘယ်အရသာ မြတ်သနည်း။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းက မြတ်သနည်း။ တဏှာ၏ကုန်ခြင်းသည်သာလျှင် အဘယ်ကြောင့် မြတ်သနည်း။ ဤပြဿနာ ၄ ပါးတို့ကို မဆုံးဖြတ်နိုင်သောကြောင့် လာပါကုန်၏။ အရှင်နတ်မင်းကြီး ၄ ပါးတို့သည် အနက်ကို ဆုံးဖြတ်ပါကုန်လော့။" ဟု ဆိုသော်၊

"အမောင်နတ်များတို့။ ငါတို့သည်လည်း ဤပြဿနာတို့၏ အနက်တို့ကို မသိပါကုန်။ ငါတို့အရှင်ဖြစ်သော သိကြားမင်းသည်ကား ၁၀၀၀ သောသူသည် ကြံအပ်သောအနက်တို့ကို တစ်ခဏချင်းကြံ၍ သိနိုင်၏။ ထိုသိကြားမင်းသည် ငါတို့ထက် ပညာဖြင့် ထူးမြတ်၏။ အမောင်တို့။ လာကုန်လော့။ ထိုသိကြားမင်း၏ အထံသို့ ငါတို့ သွားကုန်အံ့။" ဟု ထို ၁ သောင်းသောစကြဝဠာမှ လာကုန်သောနတ်အပေါင်းတို့ကို ယူ၍၊ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် သိကြားမင်းအထံသို့ သွားလေကုန်၏။

သိကြားမင်းသည်လည်း "အကြောင်း အဘယ်သို့နည်း။ နတ်အစည်းအဝေးသည် များလှစွာ၏။" ဟု ဆိုသည်ရှိသော်၊ 'ထိုပြဿနာ ၄ ပါးတို့၏အနက်ကို မဆုံးဖြတ်နိုင်ကြောင်း' ကို ကြား၍၊

"အချင်းနတ်သားတို့။ ဤပြဿနာတို့၏ အနက်ကို ဘုရားမှ တစ်ပါးသောသူသည် သိအံ့သောငှာ မတတ်နိုင်။ ဤပြဿနာ ၄ ပါးတို့သည် မြတ်စွာဘုရားတို့၏အရာ ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ယခု အဘယ်အရပ်၌ နေတော်မူသနည်း။" ဟု မေး၍၊ "ဇေတဝန်ကျောင်းတော်၌ နေသည်။" ဟု ကြားကုန်၍၊

"အချင်းနတ်များတို့။ လာကုန်လော့။ ထိုမြတ်စွာဘုရား၏အထံသို့ ငါတို့ သွားကုန်အံ့။" ဟု များစွာသော နတ်အပေါင်းတို့နှင့်တကွ ညဉ့်အဖို့၌ အလုံးစုံသောဇေတဝန်ကျောင်းတော်ကို ထွန်းလင်းစေ၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ ရပ်၏။

"မြတ်သောသိကြားနတ်မင်း။ အဘယ်ကြောင့် များစွာသောနတ်အပေါင်းနှင့် တကွလာသနည်း" ဟု မိန့်တော်မူသော်၊ "အရှင်ဘုရား။ နတ်အပေါင်းသည် ဤပြဿနာ ၄ ပါးတို့ကို ဖြစ်စေအပ်ကုန်၏။ ဤပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK

တို့၏အနက်ကို သိခြင်း၌ စွမ်းနိုင်သောသူသည် မရှိပါ။ အကျွန်ုပ်တို့အား ဤ ၄ ပါးကုန်သော ပြဿနာတို့၏ အနက်ကို ထင်ရှားပြတော်မူပါ။''ဟု လျှောက်သည်ရှိသော်၊ မြတ်စွာဘုရား မိန့်တော်မူ၏။

''သိကြားမင်း။ ငါသည် ၃၀ သောပါရမီတို့ကို ဖြည့်၍၊ စွန့်ခြင်းကြီးခြင်း ၅ ပါးတို့ကို စွန့်၍၊ သင်ကဲ့သို့ သဘောရှိကုန်သော နတ်တို့၏ ယုံမှားသက်ကိုကို ဖြတ်ခြင်းငှာလျှင် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်၏။

''ခပ်သိမ်းသောအလှူတို့တွင် 'တရား'ဟူသောအလှူသည် မြတ်၏။ ခပ်သိမ်းသောအရသာတို့တွင် 'တရား' ဟူသောအရသာသည် မြတ်၏။ ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် 'တရားဖြင့် မွေ့လျော်ခြင်း'သည် မြတ်၏။ တဏှာ၏ကုန်ခြင်းသည်ကား ရဟန္တာအဖြစ်သို့ စေတတ်သောကြောင့် အလွန်လျှင် မြတ်စွာ၏။''ဟု မိန့်တော်မူ၍-

'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗဒါနံ ဓမ္မရသော ဇိနာတိ။

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။' ဟူသောတရားဒေသနာကို ဟောတော်မူ၏။ ဤ တရားတော်ဒေသနာတော် အဆုံး၌ ၈ သောင်း ၄ ထောင်ကုန်သော နတ်ဝေနေယျတို့သည် မဂ်,ဖိုလ်,နိဗ္ဗာန် အကျွတ်တရားကို ရကုန်၏။

ဤဂါထာ၌ 'ခပ်သိမ်းသောအလှူကို တရားအလှူသည် အောင်၏။'ဆိုရာ၌ အဓိပ္ပာယ်ကား-

''အလုံးစုံသော စကြဝဠာတိုက်တို့ကို အထက်ပြဟ္မာပြည်သို့တိုင်အောင် အခြား မရှိသည်ကို ပြု၍နေကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား ငှက်ပျောဖူးနှင့် တူသောဥပမာရှိသော သင်္ကန်းတို့ကို အကြင်သူသည် တစ်ထည်စီ လှူငြားအံ့။ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏အပေါင်း၌ တစ်ဦးသောပုဂ္ဂိုလ်သည် ၄ ပုဒ်ရှိသော ဂါထာဖြင့် သင်္ကန်းအနုမောဒနာ ပြုခြင်းသည်လျှင် ထို ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား ငှက်ပျောရွက်နှ သဏ္ဍာန်ရှိသော သင်္ကန်းကို လှူသော် ထက်မြတ်၏။ ထိုသင်္ကန်းအလှူ၏ အကျိုးသည် ထို '၁ ဂါထာဖြင့် အနုမောဒနာပြုခြင်း။'ဟူသော တရားအလှူ၏အကျိုးကို ၁၆ စိတ်စိတ်၍ ၁ စိတ်ကိုမျှလည်း မတူ။'ဤသို့ဖြစ်သဖြင့် တရားကို ဟောခြင်းသည် လည်းကောင်း၊ တရားကို သင်ခြင်းသည် လည်းကောင်း၊ တရားကို နာခြင်းသည် လည်းကောင်း အကျိုးကြီးမြတ်၏။

''အကြင်ပုဂ္ဂိုလ်သည်လည်း တရားနာခြင်းကို ပြုစေ၏။ 'တရားနာပါ။'ဟူ၍ နှိုးဆော်တိုက်တွန်း၏။ ထိုပုဂ္ဂိုလ်အားလည်း အကျိုး ကြီးမြတ်၏။ ဤသို့ဆိုအပ်ပြီးသော သဘောရှိသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့ သပိတ်တို့ကို မွန်မြတ်သောဆွမ်းဖြင့် ပြည့်စေ၍လှူသော အလှူထက်လည်းကောင်း၊ ထောပတ်,ဆီ အစရှိသော ဆေးတို့ကို သပိတ်တို့ကိုပြည့်စေ၍လှူသော အလှူထက်လည်းကောင်း၊ သီဟိုဠ်ကျွန်း၌ မဟာဝိဟာရကျောင်း ကဲ့သို့ အသိန်းမကသောကျောင်းတို့ကို လည်းကောင်း, ကြေးပြာသာဒ်ကဲ့သို့ အသိန်းမကသော ပြာသာဒ်တို့ကို လည်းကောင်း ဆောက်လုပ်၍ လှူသော ကျောင်း အလှူထက်လည်းကောင်း၊ အနာထပိဏ်သူဌေး အစရှိသော ဒါယကာတို့သည် ကျောင်းကိုရည်၍ ပြုအပ်သော စွန့်ကြဲခြင်းထက်လည်းကောင်း၊ '၄ပုဒ်သာရှိသော ဂါထာ ၁ ဂါထာဖြင့် အနုမောဒနာပြုခြင်း။' တည်းဟူသော တရားအလှူသာလျှင် မြတ်၏။ အဘယ်ကြောင့်နည်း ဟူမူကား-

''ဤကဲ့သို့ သဘောရှိသောကောင်းမှုတို့ကို ပြုကုန်သောသူတို့သည် တရားကို ကြား၍သာလျှင် ပြုကုန်၏။ တရားကို မကြားသော် မပြုကုန်ရာ။ အကယ်၍ ဤအလုံးစုံသောသတ္တဝါတို့သည် တရားကို မကြားကုန်အံ့။

mgyoe.com

mgyoe.com SAMPLE BOOK

၁ ဟင်းချိုမျှသော ယာဂုကိုလည်းကောင်း၊ ၁ ယောက်မမျှသော ဆွမ်းကို လည်းကောင်း မလှူကုန်ရာ။ ဤသို့သောအကြောင်းကြောင့် ခပ်သိမ်းသောအလှူတို့ထက် 'တရား'ဟူသောအလှူသည် မြတ်၏။ တစ်နည်းလည်း-

"ဘုရား၊ ပစ္စေကဗုဒ္ဓါတို့ကို ထား၍ ၁ ကမ္ဘာပတ်လုံး ရွာသောမိုးပေါက်ကို ရေခြင်း၌ စွမ်းနိုင်သောပညာနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ အစရှိသည်တို့သည်လည်း မိမိတို့၏ သဘောဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို ရောက်ခြင်း၌ မစွမ်းနိုင်ကုန်။ အဿဇိမထေရ် အစရှိသည်တို့သည် ဟောအပ်သောတရားကို ကြား၍သာလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏။ မြတ်စွာဘုရား တရားဒေသနာတော်ကို ကြား၍ သာဝကပါရမီဉာဏ်ကို မျက်မှောက်ပြု၏။ ဤသို့သောအကြောင်းကြောင့် ဓမ္မဒါနသည်သာလျှင် မြတ်၏။ ထို့ကြောင့် 'ခပ်သိမ်းသောအလှူကို 'တရား'တည်း ဟူသောအလှူသည် အောင်၏။'ဟူ၍ ဆိုသည်။

"ခပ်သိမ်းကုန်သော ခန္ဓရသ၊ သာခရသ၊ ပုပ္ဖရသ၊ ဖလရသတို့သည် လည်းကောင်း၊ ခါဒနီရသ၊ ဘောဇနီယရသ အစရှိသည်တို့သည် လည်းကောင်း၊ သံသရာဝဋ်၌ ကျစေ၍ ဆင်းရဲခံရခြင်း၏ အကြောင်းသာ ဖြစ်၏။ '၃၇ ပါးသော ဗောဓိပက္ခိယတရား'ဟု ဆိုအပ်သော '၉ ပါးသော လောကုတ္တရာတရား' ရသသည်ကား ခပ်သိမ်းသောအရသာတို့ထက် မြတ်၏။ ထို့ကြောင့် 'ဓမ္မရသသည် ခပ်သိမ်းသောအရသာကို အောင်၏။' ဟု ဆိုသည်။

"အကြင် သား၌မွေ့လျော်ခြင်း၊ သမီး၌မွေ့လျော်ခြင်း၊ ဥစ္စာ၌မွေ့လျော်ခြင်း၊ မိန်းမ၌မွေ့လျော်ခြင်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၌မွေ့လျော်ခြင်းတို့သည် သံသရာဝဋ်၌ ကျစေ၍၊ ဆင်းရဲကြီးစွာခံရခြင်း၏ အကြောင်း ဖြစ်၏။ တရားဟောသောသူ၏ လည်းကောင်း၊ တရားကိုသင်သောသူ၏ လည်းကောင်း၊ တရားကိုနာသောသူ၏ လည်းကောင်း ကိုယ်တွင်း၌ဖြစ်သော အကြင်နှစ်လိုခြင်းသည် ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။ မျက်ရည်တို့ကို ဖြစ်စေ၏။ အမွေး၏ရှင်ခြင်းကို ဖြစ်စေ၏။ ထိုနှစ်လိုခြင်းပီတိသည် သံသရာဝဋ်၏အဆုံးကို ပြု၏။ အရဟတ္တဖိုလ် အဆုံးရှိသည် ဖြစ်၏။ ဤသို့သဘောရှိသော တရား၌မွေ့လျော်ခြင်းသည် ခပ်သိမ်းသောမွေ့လျော်ခြင်းတို့ထက် မြတ်၏။ ထို့ကြောင့် 'ခပ်သိမ်းသောမွေ့လျော်ခြင်းကို တရား၌ မွေ့လျော်ခြင်းသည် အောင်၏။' ဟု ဆိုသတည်း။"

သိကြားမင်းသည် မြတ်စွာဘုရား၏တရားစကားကို ကြား၍ ဤသို့လျှောက်၏။

"ရှင်ပင်ဘုရား။ ဤသို့ ကြီးမြတ်သော တရားအလှူ၌လည်း အလှူ၏အဖို့ကို အကျွန်ုပ်တို့အား အဘယ့်ကြောင့် မဝေငှစေပါသနည်း။ ယနေ့မှစ၍ အကျွန်ုပ်တို့အား 'တရားအလှူ၏အဖို့ကို ပေးဝေပါစေ။' ရဟန်းသံဃာအား ဆိုတော်မူပါ။"ဟု လျှောက်၏။

ထိုသို့ သိကြားမင်းလျှောက်သော စကားကိုကြား၍၊ မြတ်စွာဘုရားသည် ရဟန်းသံဃာကို စည်းဝေးစေ၍၊

"ချစ်သားရဟန်းတို့။ ယနေ့ကို အစပြု၍ များစွာသောလူတို့၏ တရားဟောခြင်းကိုလည်းကောင်း၊ ပကတိတရားနာခြင်းကို လည်းကောင်း၊ တရားဟောသောပုဂ္ဂိုလ်၏ အနီး၌နေ၍ အဓိပ္ပာယ်ပြောဟောခြင်းကို လည်းကောင်း၊ အယုတ်သဖြင့် ဆွမ်း၊ သင်္ကန်း စသောအလှူ၏ အနုမောဒနာကို လည်းကောင်း ဆို၍၊ ဟော၍ သတ္တဝါတို့အား တရားအလှူ၏အဖို့ကို အမျှ ပေးဝေရာ၏။"ဟု မိန့်တော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၄၇- အာဠဝကဘီလူးအား ချွတ်တော်မူခြင်း။

သာဝတ္ထိပြည်မှ ဒေသစာရီကြွတော်မူ၍ အာဠဝီပြည်သို့ရောက်တော်မူသဖြင့်၊ အာဠဝီပြည်၌ မြတ်စွာဘုရားသည် ၁၆ ဝါမြောက် ဝါဆိုတော်မူ၏။ ရောက်တော်မူသောအကြောင်းကား ဤသို့တည်း။

အာဠဝီတိုင်း အာဠဝီပြည်၌ 'အာဠဝက' အမည်ရှိသော မင်းသည် ခိုးသူတို့မှဖြစ်သောဘေးကို မြစ်ခြင်းငှာလည်းကောင်း၊ တိုင်းကားဖနပုဒ် ပုန်ကန်ခြင်းကို မြစ်ခြင်းငှာ လည်းကောင်း၊ တစ်ပါးသောမင်းတို့မှဘေးရန်ကို မြစ်ခြင်းငှာ လည်းကောင်း လှံ့လပြုသဖြင့်၊ ၇ ရက် ၁ ကြိမ် ကိုယ်လုပ်မောင်းမတို့ဖြင့် သုံးဆောင်အပ်သော မင်း၏စည်းစိမ်ကို စွန့်၍ သမင်တောသို့ သွားလေ့ရှိ၏။

တစ်ရံရောအခါ ဗိုလ်ပါအပေါင်းတို့နှင့်တကွ သွားသည်ရှိသော်၊ "အကြင်သူ၏အနီးဖြင့် သမင်သည် ပြေး၏။ထိုသူ၏အဖို့ ဖြစ်စေသတည်း။"ဟု ကတိကဝတ်ပြု၍ သမင်ကို လိုက်ကြကုန်သော်၊ 'ဇော' မည်သော သားသည် မင်း၏အနီးဖြင့်ပြေးလေသဖြင့် ကတိကဝတ်ပြုသည်နှင့်အညီ ကတိကဝတ်ကို မလွန်မူ၍၊ လေးကို ကိုင်၍၊ တစ်ယောက်ချင်း ခြေလျင်သာလျှင် လိုက်လေ၍ ၃ ယူဇနာခရီးကို ရောက်လေ၏။

'ဇော'မည်သောသားတို့၏ သဘောသည်လည်း ၃ ယူဇနာတိုင်သာ ပြေးနိုင်၏။ ထို့ထက်လွန်၍ မပြေးနိုင်သောကြောင့် ခြေကုန်၍ မိလေ၏။ မိသောအခါ၌ သမင်သားဖြင့် အလိုမရှိသော်လည်း ရသောအဖြစ်ကို သိစိမ့်သောငှာ ၂ ပိုင်း ဖြတ်၍၊ လေးဖြင့်ထမ်း၍ ပြန်ခဲ့သော်၊ ပညောင်ပင်ကြီးတစ်ခုကို မြင်၍ အပင်ပန်းဖြေအံ့သောငှာ ထိုပညောင်ပင်ရိပ်သို့ ဝင်နားလေ၏။

ထိုပညောင်ပင်ကြီး၌ 'အာဠဝက' အမည်ရှိသော ရက္ခစိုးဘီလူးနတ်သည် စတုမဟာရာဇ်နတ်မင်းကြီးတို့အထံမှ မွန်းတည့်ရိပ်နှင့်အမျှ ဤပညောင်ပင်ရိပ်သို့ ဝင်သောသူကို အပိုင်စားရသောဗိမာန် ဖြစ်သောကြောင့် မွန်းတည့်သောအခါ ပညောင်ပင်ရိပ်အတွင်းသို့ ဝင်လာသောသတ္တဝါကိုစားလျက် စောင့်နေ၏။

ထိုဘီလူးသည် အာဠဝကမင်းကိုမြင်လျှင် စားအံ့သောအခြင်းအရာကို ပြ၏။ မင်းသည် မိမိကိုစားအံ့သော အခြင်းအရာကိုမြင်လျှင် အလွန်ကြောက်သည် ဖြစ်၍ "အရှင်နတ်မင်း။ ငါ့ကို လွှတ်ပါ။ ဤသမင်သားကို စားပါ။"ဟု ဆိုသော်၊ "သမင်သည်လည်း ငါ့အစာ၊ သင်သည်လည်း ငါ့အစာ ဖြစ်သည်။" ဆိုသောကြောင့်၊

"ယင်းသို့တပြီးကား ငါ့ကို လွှတ်ပါ။ ငါ၏ကိုယ်စား နေ့တိုင်းနေ့တိုင်း သင်၏အစာအလို့ငှာ ထမင်းကျက်တစ်အိုးနှင့် လူတစ်ယောက် ပို့လာပါစိမ့်မည်။"ဟူ၍ ဆို၏။

ဘီလူးလည်း "သင်သည် ယခုတစ်မူကား ကြောက်၍ ဆို၏။ သင်၏နေရာသို့ ရောက်သောအခါ မင်း၏စည်းစိမ်ချမ်းသာဖြင့် ယစ်၍ ငါ့ကို မေ့လျော့လတ္တံ့။ ငါမူကား ငါ၏ဗိမာန်သို့ မရောက်လာသောသူကို လည်းကောင်း၊ 'ဤသူကို စားလေတော့။'ဟု စတုမဟာရာဇ်နတ်မင်းကြီးတို့ ခွင့်မပြုသောသူကို လည်းကောင်း စားအံ့သောငှာ မရ။ ယင်းသို့ဖြစ်သောကြောင့် သင့်ကို ငါ မလွှတ်ပြီ။"ဟု ဆို၏။

"အရှင်ဘီလူးနတ်မင်း။ အကြင်နေ့၌ အရှင်နတ်မင်းအား အစားအလို့ငှာ မပို့လာအံ့။ ထိုနေ့၌ လာ၍ ငါ့ကို စားပါလော့။"ဟု မင်း ဆို၏။

ထိုအခါ 'မိမိကိုယ်ကို မိမိ ခွင့်ပြုပြီ။'ဟု နှလုံးသွင်း၍၊ အာဠဝကဘီလူးသည် မင်းကို လွှတ်လိုက်သည် ဖြစ်၍၊ နေရာပြည်သို့ ရှေးရှု၍ ပြန်လေ၏။

ထိုမင်းနှင့်ကွဲလေသော စစ်သည်ဗိုလ်ပါတို့သည် ခရီး၌ သစ်ခက်တဲဆောက်၍ ငံ့နေကြသဖြင့်၊ ပြန်လာသော မင်းကြီးကို မြင်၍၊ "အရှင်မင်းကြီးသည် အဘယ့်ကြောင့် သူကဲ့ရဲ့ကာမျှသော အပြစ်ကို ကြောက်၍၊ ဤသို့မင်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်တော်ကို ပင်ပန်းစွာပြု၍ တစ်ယောက်အထီးတည်း သမင်ကို လိုက်ဘိသနည်း။''ဟု ဆိုကုန်၍၊ ခရီးဦးကြို၍ လက်ကို လှမ်းလင့်ကုန်၏။

ထိုမင်းသည် သမင်ရခဲ့သောအကြောင်း၊ ဘီလူး ဖမ်းမိသောအကြောင်း၊ ဘီလူးနှင့် ကတိကဝတ်ပြု၍ ပြန်ခဲ့ရကြောင်း အလုံးစုံကို စစ်သည်ဗိုလ်ပါတို့အား ကြားပြီး၍၊ မြို့သို့ ပြန်လေကုန်၍၊ မိုးသောက်၍ နံနက်စာ စားပြီးသော် မြို့ကွပ်စာချီကို ခေါ်၍ အကြောင်းအလုံးစုံကို ပြန်လေ၏။

စာချီလည်း အကြောင်းကိုကြားလျှင်၊ ''အရှင်မင်းကြီးသည် အာဋဝကဘီလူးအား 'ဤမျှသောလ, ဤမျှသောနှစ် တိုင်ရုံ အရှင်နတ်မင်းအား အစာပေးပါမည်။' ဟူ၍ ကာလအပိုင်းအခြားကို ပြုခဲ့၏လော။''ဟု ဆို၏။ ''အချင်းစာချီ။ ငါ မပြုခဲ့မိချေ။''ဟု ဆို၏။

စာချီသည် ဆို၏။ ''အရှင်မင်းကြီးသည် ကာလကို မပိုင်းခြားမူ၍ ဘီလူးနှင့်ပြုသော ကတိကဝတ်သည် မကောင်းသောကတိကဝတ် မည်၏။ လူတို့သည် ပိုင်းခြားခြင်းကိုသာ ရချေ၏။ မပိုင်းမခြားခဲ့ချေသော် ဇနပုဒ်တိုင်းသားတို့သည် ချောက်ချားခြင်း ဖြစ်လတ္တံ့။ ထိုသို့ နှစ်, လကို မပိုင်းခြားခဲ့မိသည်မူလည်း ဖြစ်စေ၊ အရှင်မင်းကြီးသည် ကြောင့်ကြမရှိသည် ဖြစ်၍ မင်း၏စည်းစိမ်ကို ခံစားတော်မူလော့။ အကျွန်ုပ်သည် ဤအရာ၌ စီရင်အံ့။''ဟု လျှောက်ပြီးသော်၊ နံနက်စောစောထ၍၊ နှောင်အိမ်တံခါး၌ ရပ်၍၊ 'အကြင်သူတို့ကိုသတ်အံ့။' ဟု ထား၏။ ထိုသူတို့ကို ရည်၍ ''အကြင်သူသည် အသက် ရှင်လို၏။ ထိုသူသည် နှောင်အိမ်မှ ထွက်စေသတည်း။''ဟု ဆို၏။ ထိုသူတို့တွင် ရှေးဦးစွာထွက်သောသူကို အိမ်သို့ ခေါ်၍၊ ရေချိုးစေ၍၊ ဝတ်စားတန်ဆာဆင်စေ၍ ထမင်းစားစေပြီးလျှင်၊ ''ဤထမင်းကျက်အိုးကို ဘီလူးအား ပေးချေလော့။''ဟု စေလိုက်၏။

ထိုသူကို ပညောင်ပင်ရင်းသို့ ရောက်ကာမျှ၌သာလျှင် ရက္ခစိုးဘီလူးအာဋဝကသည် ကြောက်မက်ဖွယ်သော ကိုယ်ကို ဖန်ဆင်း၍ ကြာစွယ်,ကြာရင်းကဲ့သို့ စားလေ၏။ လူတို့၏ဆံ,အမွေး,ခြေသည်းလက်သည်း,အရိုးစသောအလုံးစုံသည် ဘီလူး၏အာနုဘော်အားဖြင့် ထောပတ်ဆီဦးအစိုင်ကဲ့သို့ အရသာချည်း ဖြစ်၍ မြည့်မြည့် ကြေလေကုန်၏။

ထိုနေ့မှစ၍ နှောင်အိမ်၌ သူခိုးတို့ကို တစ်နေ့တစ်ယောက် ယူ၍ ပေးရ၏။ နှောင်အိမ်၌ ခိုးသူတို့သည် ကုန်လေ၏။ ပေးဖန်များသဖြင့် ဘီလူးစာပေးရသောအဖြစ်သည် ထင်ရှားစွာဖြစ်၏။ ဥစ္စာကို ခိုး၍မိလျှင် 'ဘီလူးစာပေးလတ္တံ့။'သည်ကို ကြောက်၍ ခိုးသူအမှုမှ ကြဉ်ရှောင်ကုန်၏။ ထို့ကြောင့် ခိုးသူဟောင်းလည်း ကုန်, ခိုးသူသစ်လည်း မရှိရကား၊ ခိုးသူထားရာနှောင်အိမ်လည်း ဟင်းလင်းဖြစ်၏။

ထိုအကြောင်းကို စာချီသည် မင်းကြီးအား ကြားလေ၏။ မင်းလည်း ကြားလျှင် 'ဤသို့ပြုသော် ခိုးသူပေါ်ရာ၏။'ဟု ကြံ၍ မင်းဥစ္စာကို ခရီးဆုံစသည်တို့၌ စွန့်ပစ်ထားကုန်၏။ 'လမ်းတွင် ရသည်'ဟု ယူသသူကို 'ဥစ္စာခိုး' ဟုဖမ်း၍ ဘီလူးစာ ပေးလေ၏။ ဤသို့ ပြုဖန်များသဖြင့် အကြောင်းကိုသိကုန်သော်၊ ထိုဥစ္စာကို ခြေဖျားနှင့်မျှ တို့ဝံ့သောသူ မရှိ။ ထို့ကြောင့် ခိုးသူမရသော် ထိုအကြောင်းကို အမတ်တို့အား ကြားပေ၏။

အမတ်တို့သည် ''အိမ်စဉ်အားဖြင့် တစ်ယောက်-တစ်ယောက်သောသူအိုကို ယူ၍ ဘီလူးစာပေးအံ့။'' ဟု လျှောက်ကုန်၏။

မင်းသည် ထိုအကြောင်းကိုကြားလျှင်၊ ''လူတို့သည် 'ငါတို့အဖကို, ငါတို့အဘိုးကို ဘီလူးစာ ပေးသည်'- ဟု အုတ်အုတ်ကျက်ကျက်ဖြစ်လတ္တံ့သည်ဖြစ်သောကြောင့် ဤသို့ပြုခြင်းသည် မသင့်။''ဟု မြစ်၏။

''ထိုသို့တပြီးကား အရှင်မင်းကြီး။ ပက်လက်အိပ်တတ်ကာမျှ သူငယ်ကို တစ်နေ့ တစ်ယောက် ပေးအံ့။ ထိုသူငယ်တို့အား 'ငါ့မိ, ငါ့ဖ' ဟူ၍ ချစ်ခြင်း မရှိသေးဖြစ်သောကြောင့် ပေးသော်လည်း အပြစ်မရှိရာ။''ဟု လျှောက်ကုန်၏။ မင်းလည်း နှစ်သက်၍ ခွင့်ပြု၏။

mgyoe.com

mgyoe.com SAMPLE BOOK

အမတ်တို့သည် ထိုဆိုတိုင်းသောသူငယ်ကို တစ်နေ့ တစ်ယောက်စီ ယူ၍ ပေးကုန်၏။ ထိုအခါ သူငယ်မိဘတို့သည် သူငယ်တို့ကိုယူ၍ တစ်ပါးသော ဇနပုဒ်သို့ ပြေးလေကုန်၏။ ကိုယ်ဝန်ဆောင်သော မိန်းမတို့သည်လည်း တစ်ပါးသောဇနပုဒ်တို့သို့ ပြေးသွား၍၊ သားဖွားခြင်းကိစ္စကို ပြု၍၊ သားငယ်ကြီးသောအခါ အရွယ်သို့ရောက်မှ လာကုန်၏။ ဤသို့နည်းဖြင့် ၁၂ နှစ်ပတ်လုံး တစ်ယောက်စီ ယူ၍ပေးသဖြင့် သူငယ်တို့သည် ကုန်ခဲ့၏။

ထိုနောက်မှ မြို့တွင်း၊ မြို့ပြင် သူငယ်ကိုရှာသော် မရ၍၊ အကြောင်းကို မင်းအား "အရှင်မင်းကြီး။ သားတော် အင်္ဂုလိမာလမင်းသားကို ထား၍ ပြည်သူတို့၏သားငယ် မရှိပြီ။" ဟု လျှောက်ကုန်၏။

မင်းသည်လည်း "အမတ်တို့။ ငါ့သားသည် ငါ့ထက် မြတ်အံ့လော။ ထို့ကြောင့် ငါ့သားကိုပင် ဘီလူးစာ ပေးလော့။" ဟု ဆို၏။

မင်းချင်းတို့သည် မင်း၏အာဏာဖြင့် နန်းတော်သို့ သွား၍ ၁ သောင်း ၆ ထောင်ကုန်သောမောင်းမတို့နှင့် တကွ မိဖုရားကြီးငိုကြွေးစဉ် အင်္ဂုလိမာလမင်းသားကို "နက်ဖြန် ဘီလူးစာ ပေးအံ့။" ဟု ယူ၍ သွားကုန်၏။

ထိုနေ့၌လျှင် မြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက်၊ ပစ္ဆိမယာမကိစ္စ၌ တည်၍ သဗ္ဗညုတဉာဏ်ဖြင့် လောကကို ကြည့်တော်မူသော်၊ အင်္ဂုလိမာလမင်းသားအား အနာဂါမိဖိုလ်ကို ရခြင်း၏အကြောင်းကို လည်းကောင်း၊ အင်္ဂုလိမာလဘီလူးအား သောတာပတ္တိဖိုလ်ကို ရခြင်း၏ အကြောင်းကို လည်းကောင်း၊ တရားဟောတော်မူသောအဆုံး၌ ၈ သောင်း ၄ ထောင်ကုန်သော ပရိသတ်တို့အား မဂ်၊ ဖိုလ်ရခြင်း၏အကြောင်းကို လည်းကောင်း မြင်တော်မူ၍၊ မိုးသောက်ထအခါ၌ ကိစ္စ ၅ ပါးတို့တွင် ပုရေဘတ္တကိစ္စကို ပြုပြီး၍၊ ပြီးစေအပ်သော ပစ္ဆာဘတ္တကိစ္စရှိသော မြတ်စွာဘုရားသည် နယုန်လကွယ် ဥပုသ်နေ့၌ ကိုယ်တော်တည်း ပရိက္ခရာ ၈ပါးကို လွယ်တော်မူ၍၊ ခြေကြောင်းခရီးဖြင့် သာဝတ္ထိပြည်မှသည် ယူဇနာ ၃၀ ရှိသော အင်္ဂုလိတိုင်းသို့ ကြွတော်မူ၍၊ အင်္ဂုလိပြည်သို့ မရောက်မီ ၁ ဂါဝုတ်မျှကွာသောအရပ်၌ ပညောင်ပင်ကြီး၌ အင်္ဂုလိမာလဘီလူး၏ဗိမာန်သို့ ဝင်၍ နေရစ်တော်မူ၏။

ထိုရောအခါ အင်္ဂုလိမာလဘီလူးသည် ဟိမဝန္တာတောင်ထိပ် နတ်မင်းကြီးတို့၏သဘင်၌ စည်းဝေး၍နေခိုက် ဖြစ်ခဲ့ရကား၊ 'ဂဒြဘ' အမည်ရှိသော တံခါးစောင့်သာ ရှိနှင့်၏။ ဤသို့မြတ်စွာဘုရား နေတော်မူပြီးသောအခါ 'ဂဒြဘ' မည်သော တံခါးစောင့်သည် မြတ်စွာဘုရားသို့ ကပ်လာ၍ ရှိခိုးလျက်၊ "ရှင်ပင်ဘုရား။ အဘယ်ကြောင့် အခါမဟုတ်သည်၌ လာတော်မူသနည်း။" ဟု မေး၏။

မြတ်စွာဘုရားလည်း အခါမဟုတ်သည်၌ လာတော်မူကြောင်းကို မိန့်၍ "ဂဒြဘ။ သင်သည် ဝန်မလေး ပါသည် ဖြစ်အံ့။ ယနေ့တစ်ည အင်္ဂုလိမာလဘီလူး၏ဗိမာန်၌ ငါ နေပါအံ့"

ဤသို့ စကားကိုလည်း မိန့်တော်မူ၏။

ထိုနောက်မှ ဂဒြဘသည် "ရှင်ပင်ဘုရား။ အကျွန်ုပ်အား ဝန်မလေး။ စင်စစ်သဖြင့် အင်္ဂုလိမာလဘီလူးသည် ခက်ထန်သောစောင်မာန် ရှိ၏။ ကြမ်းကြုတ်၏။ အမိအဖတို့အားသော်လည်း ရှိခိုးခြင်းအစရှိသော အရိုအသေကို မပြု။ ထို့ကြောင့် ရှင်ပင်ဘုရား၏ ဤဗိမာန်၌နေခြင်းကို မနှစ်သက်လတ္တံ့။" ဤသို့ လျှောက်၏။

မြတ်စွာဘုရားသည်လည်း "ဂဒြဘ။ အင်္ဂုလိမာလဘီလူး၏သဘောကို ငါ သိ၏။ အင်္ဂုလိမာလဘီလူးကြောင့် ငါ့အား တစ်စုံတစ်ခုသောအန္တရာယ်သည် မဖြစ်လတ္တံ့။ အကယ်၍ သင် ဝန်မလေးပါမူ တစ်ညဉ့်မျှ ဤဗိမာန်၌ ငါ နေပါအံ့။" ဟု မိန့်တော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဂဒြဘသည်လည်း ၂ ကြိမ်မြောက်လျှင် "ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ဝန်မလေး။ အာဠဝကသည် ကျက်သောအိုးကင်းပူနှင့် တူ၏။ အမိအဖဟူ၍ လည်းကောင်း၊ ရဟန်း, ပုဏ္ဏား ဟူ၍ လည်းကောင်း၊ တရားပေစာ ဟူ၍ လည်းကောင်း မသိ။ ဤဗိမာန်သို့ လာသောသူတို့ကို နှလုံးပျံ့လွင့်အောင်သော်လည်း ပြုတတ်၏။ နှလုံးကိုသော်လည်း ခွဲတတ်၏။ ခြေကိုကိုင်၍ သမုဒ္ဒရာတစ်ဖက်သို့ သော်လည်းကောင်း၊ စကြဝဠာတစ်ပါးသို့ သော်လည်းကောင်း ပစ်တတ်၏။" ဤသို့လျှောက်၏။

မြတ်စွာဘုရားလည်း ၃ ကြိမ်မြောက် "ဂဒြဘ။ အာဠဝက၏သဘောကို ငါသိ၏။ သင်သည် ဝန်မလေးအံ့။ တစ်ညဉ့်မျှ ငါ တည်းနေပါအံ့။"ဟု မိန့်တော်မူ၏။

ဤစကားကိုကြား၍ ဂဒြဘ လျှောက်၏။ "ရှင်ပင်ဘုရား။ အကျွန်ုပ်တို့အား ဝန်မလေး။ ထိုအာဠဝကသည် မိမိအား မကြားဦးဘဲ 'နေတော့'ဟုခွင့်ပြုချေသော်၊ အကျွန်ုပ်ကိုသော်လည်း သတ်ရာ၏။ ထို့ကြောင့် အကျွန်ုပ်သည် အာဠဝကဘီလူးအား အကြောင်းကို ကြားပါဦးအံ့။"ဟု လျှောက်၏။

"ဂဒြဘ။ သင်သည် အလိုအလျောက်ကြားပါမူကား ကြားချေ။"ဟု မိန့်တော်မူ၏။

"ထိုသို့တပြီးကား ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် ဤဗိမာန်၌ နေသင့်သောအကြောင်းကို သိတော်မူ။"ဟု လျှောက်၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ ဟိမဝန္တာသို့ ရှေးရှု၍ သွားလေ၏။

ထိုအခါ ဗိမာန်တံခါးသည် အလိုလို ပွင့်၏။ မြတ်စွာဘုရားသည် ဝင်၍ ရတနာဖြင့်ပြီးသော နတ်တို့၏ ပလ္လင်၌ နေတော်မူ၍ ရွှေသောရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုရောင်ခြည်တော်ကြောင့် အာဠဝကဘီလူး၏ ကိုယ်လုပ်မောင်းမတို့သည် လာကုန်၍ မြတ်စွာဘုရားကို ခြံရံကုန်၏။

မြတ်စွာဘုရားသည် "သင်တို့သည် ရှေးသောဘဝ၌ အလှူပေးသောကြောင့်, သီလသီတင်းသုံးသောကြောင့်, ပူဇော်အပ်သောသူကို ပူဇော်သောကြောင့် ဤသို့သောကိုယ်ကို ရကုန်သည်။ ယခုဘဝ၌လည်း ဒါန,သီလ စသော ကုသိုလ်ကောင်းမှုကို ပြုကုန်ရာ၏။ အချင်းချင်း ငြူစူစောင်းမြောင်းခြင်းကို မပြုမူ၍ နေကုန်ရာ၏။" ဟု ဤသို့အစရှိသော တရားစကားကို ထိုဘီလူးအာဠဝက၏ ကိုယ်လုပ်မောင်းမတို့အား ဟောတော်မူ၏။ ထိုကိုယ်လုပ်မောင်းမတို့သည် မြတ်စွာဘုရား၏ အလွန်သာယာစွသောအသံကို ကြား၍၊ 'သာဓု-သာဓု'ဟု ကောင်းချီးပေးကုန်၏။,

ဂဒြဘသည် ဟိမဝန္တာသို့သွား၍၊ 'ဗိမာန်၌ မြတ်စွာဘုရားနေကြောင်း'ကို အာဠဝကအား ကြားပေ၏။ ထိုစကားကို ကြားလျှင် အာဠဝကသည် ဂဒြဘကို "သင် တိတ်တိတ်နေကာမူ ငါသွား၍ ရဟန်းဂေါတမအား စစ်ထိုးခြင်းအမှုကို ပြုအံ့။"ဟု အမှတ်ကိုပေး၏။

'သင် တိတ်တိတ်နေ။' ဟူသောအမှတ်ကို အဘယ့်ကြောင့်ပေးသနည်း ဟူတုံအံ့။ အာဠဝကသည် ယောကျ်ားမာန်ကြောင့် ရှက်သည်ဖြစ်၍၊ 'နတ်မင်းကြီးတို့၏အလယ်၌ တစ်စုံတစ်ယောက်သောသူကိုမျှ မကြားစေလင့်။'ဟု အမှတ်ပေးသတည်း။

တိုအခါ သာတာဂိရိနတ်မင်း, ဟေမဝတနတ်မင်းတို့သည် "ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားကို ရှိခိုး၍ နတ်တို့၏အစည်းအဝေးကို သွားကုန်အံ့"ဟူ၍ ကောင်းကင်ခရီးဖြင့် သွားကုန်သော်၊ ဗိမာန်အထက်သို့ ရောက်လျှင် မြတ်စွာဘုရား၏တန်ခိုးအားဖြင့် မိမိတို့၏ယာဉ်သည် ကောင်းကင်သို့သွားခြင်းကိုစွ မပြီးနိုင်ကုန်ရကား၊ 'အကြောင်းရှိမည်'ဟု အောက်သို့ကြည့်သော် အာဠဝကဗိမာန်၌ မြတ်စွာဘုရားကို မြင်၍၊ ကောင်းကင်မှသက်၍၊

mgyoe.com

mgyoe.com SAMPLE BOOK

မြတ်စွာဘုရားကို ရှိခိုး၍၊ တရားတော်ကို နာ၍၊ လက်ယာရစ် လှည့်၍၊ ''နတ်တို့၏အစည်းအဝေးသို့ သွားကုန်အံ့'' ဟု မြတ်စွာဘုရားကိုပန်၍ သွားလေကုန်၏။

အာဠဝကဘီလူးသည် ထိုနတ်မင်းတို့ကို မြင်၍၊ ''ဤနေရာ၌ နတ်မင်းတို့ နေကုန်။''ဟု ထ၍ မိမိနေရာ၌ နေစေ၏။

ထိုနတ်တို့သည် အာဠဝကဘီလူးအား ''အာဠဝက။ သင်သည် ဤကိုယ်၏အဖြစ်ကို ရတော်စွ။ သင်၏ ဗိမာန်၌ ရှင်ပင်ဘုရားသည် နေတော်မူ၏။ သင် သွား၍ ဆည်းကပ်ပါချေ။''ဟု ဆိုကုန်၏။

ထိုစကားကိုကြားလျှင် အိုးကင်းပူ၌ထည့်အပ်သော ဆားကဲ့သို့ မိမိကိုယ်တွင်း၌ အမျက်ဖြစ်၍၊ ဖျစ်ဖျစ် မြည်သောနှလုံး ရှိသည်ဖြစ်၍၊ ''အကြင်သူသည် ငါ၏ဗိမာန်၌ နေ၏။ ထိုသူသည် 'ဘုရား'ဟူသည်ကား အဘယ်ဘုရားနည်း။''ဟူ၍ ဆို၏။

ထိုစကားကို သာတာဂိရိနတ်, ဟေမဝတနတ်မင်းတို့ ကြားလျှင်၊ ''အာဠဝက။ သင်သည် ငါတို့၏ဆရာ ရှင်ပင်ဘုရားကို မသိ။''ဟု ဆို၏။ ''ထိုဘုရားသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူသောအခါ, ဘုရား ဖြစ်သောအခါ, ဓမ္မစကြာတရားကို ဟောတော်မူသောအခါတို့၌ ၁ သောင်းသောစကြာဝဠာတိုက်၌ မြေကြီး တုန်လှုပ်၏။ ၃၂ ပါးသော နိမိတ်တို့သည် ဖြစ်ကုန်၏။ ဤအံ့ဖွယ်သရဲတို့ကို မမြင်ပါသလော။''ဟု ဆိုကုန်၏။

အာဠဝကသည် ထိုနိမိတ်ကို မြင်လျက်လည်း အမျက်နှိပ်စက်သည် ဖြစ်၍၊ ''မမြင်''ဟု ဆို၏။ ထိုစကားကို ကြား၍ ထိုနတ်မင်းကြီးတို့သည်–

''အာဠဝက။ သင်သည် မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ၊ သင်၏ မြင်ခြင်း,မမြင်ခြင်းသည် အဘယ် အကျိုးရှိအံ့နည်း။ ငါတို့၏ ဆရာဘုရားကို သင်သည် အဘယ်သို့ ပြုနိုင်လတ္တံ့နည်း။ အလွန် ခွန်အားတန်ခိုးကြီးသော ဥသဘအာဇာနည်၏အနီး၌ ယနေ့မွေးသော နွားသူငယ်ကဲ့သို့ မြတ်စွာဘုရားကိုထောက်၍ သင်သည် ဖြစ်လတ္တံ့။ 'နှာမောင်း, သိုဖျား, နား' တည်းဟူသော အရပ် ၃ ပါးတို့မှ ယိုသောမုန်ရှိသော ဆင်အာဇာနည်၏အနီး၌ ဖားသူငယ်ကဲ့သို့ ဖြစ်လတ္တံ့။ ကေသရာဇာခြင်္သေ့မင်း၏ အနီး၌ မြေခွေးငယ်ကဲ့သို့၊ ယူဇနာ ၁၅၀ ရှိသော ဂဠုန်မင်း၏အနီး၌ အတောင်ကျိုးသောကျီးငယ်ကဲ့သို့ ဖြစ်လတ္တံ့။ သင် သွားချေ။ ဘုရားအား ပြုခြင်းအပ်သောအမှုကို ပြုချေလော့။''ဟု ဆိုကုန်၏။

ထိုစကားကိုကြားသော အာဠဝကသည် ပြင်းစွာအမျက်ထွက်၍၊ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ လက်ဝဲခြေဖြင့် နင်း၍၊ ''နတ်မင်းတို့။ နတ်မင်းတို့၏ဆရာ ဂေါတမ၏တန်ခိုးအာနုဘော် ရှိသည်ကို လည်းကောင်း၊ ငါ၏တန်ခိုးအာနုဘော် ရှိသည်ကိုလည်းကောင်း ကြည့်ကုန်လော့။''ဟု ကြုံးဝါး၍၊ ယူဇနာ ၆၀ ရှိသော ကေလာသတောင်ထွတ်ကို လက်ယာခြေဖြင့် နင်း၏။ ထိုတောင်ထွတ်သည် ပြောင်ပြောင်တောက်သောသံတွေကို တူဖြင့်ရိုက်သောအခါ သံချေးပွင့်တို့သည် အလွှားအလွှားကွာသကဲ့သို့ ကျ၏။ ထိုတောင်ထွတ်၌ရပ်၍ 'အဟံ အာဠဝကော' ဟူ၍ ကြုံးဝါး၏။ ထိုအသံသည် ယူဇနာ ၁ သောင်း အပြင်ရှိသော ဇမ္ဗူဒီပါကျွန်းလုံး နှံ့၏။ အာဠဝကဘီလူး ကြုံးဝါးသောအသံသည် ယူဇနာ ၃၀၀၀ ရှိသော ဟိမဝန္တာ၌ မြေကြီးတုန်လှုပ်ခြင်းကို ဖြစ်စေ၏။

ထို့နောက်မှ 'ရဟန်းဂေါတမကို လေဖြင့်လွင့်၍ ပြေးစေအံ့။'ဟု မိမိအာနုဘော်ဖြင့် လေလက်နက်ကို လွှတ်၏။ ထို့နောက် 'မိုးရေဖြင့် မွှန်းသေစေအံ့'ဟု မိုးကြီး ရွာစေ၏။ ထို့နောက် ကျောက်ဖျာမိုးကြီးကို ရွာစေ၏။ ထို့နောက် လက်နက်မိုးကြီးကို ရွာစေ၏။ ထို့နောက် သဲမိုးကို ရွာစေ၏။ ထို့နောက် မီးကျီးမီးခဲမိုးကို ရွာစေ၏။ ထို့နောက် ပြာပူမိုးကို ရွာစေ၏။ ထို့နောက် ညွန်နှစ်မိုးကို ရွာစေ၏။ ထို့နောက် မှောင်ကြီးမိုးကို ဖြစ်စေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

[ဤလက်နက်ကြီး ၉ပါးတို့၏အာနုဘော်ကို လည်းကောင်း၊ ဤလက်နက် ၉ပါးတို့သည် မြတ်စွာဘုရား၏ ရှေ့တော်သို့ ရောက်လျှင် အာနုဘော်မရှိသည် ဖြစ်၍ ပန်းပွင့်တို့သာ ဖြစ်ဟန်ကို လည်းကောင်း၊ မာရ်မင်းလက်နက်ကြီး ၉ ပါး၌ ဆိုအပ်ပြီးသော နည်းဖြင့် သိရာ၏။]

ထို့နောက် အထူးထူးသောလက်နက်တို့ကို ကိုင်ကုန်သော၊ အထူးထူးသောအဆင်းသဏ္ဍာန်တို့ကို ဖန်ဆင်းတတ်ကုန်သော၊ အင်္ဂါ ၄ပါးရှိသော ဘီလူး, ကုမ္ဘဏ် စစ်သည်အပေါင်းတို့နှင့်တကွ အာဠဝကဘီလူးသည် ပြောင်ပြောင်အရောင်တောက်သော သံတွေကို ဖြုတ်, ခြင်, ယင်တို့သည် ချဉ်းခြင်းငှာမဝံ့သကဲ့သို့ မြတ်စွာဘုရား၌ ချဉ်းခြင်းငှာမဝံ့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ညဉ့်ဦးယံကသည် သန်းခေါင်ယံတိုင်အောင် ကြောက်မက်ဖွယ်အဆင်းသဏ္ဍာန်ကို ပြ၍ ထိုးပစ်ခြင်းကို ပြုသဖြင့် ရှင်ပင်ဘုရားကို တုန်လှုပ်စေခြင်းငှာ မတတ်နိုင်သော်၊ အာဠဝကသည် လက်နက်ကြီး ၉ ပါးတို့တွင် တစ်စုံတစ်ခုသောလက်နက်တို့ဖြင့် မအောင်နိုင်သဖြင့် ဘွဲ့ဖြူပုဆိုးလက်နက်ကို လွှတ်၏။ ဤဘွဲ့ဖြူပုဆိုးလက်နက်၏ တန်ခိုးအာနုဘော်ကား ကောင်းကင်သို့ ဤပုဆိုးလက်နက်ကို ပစ်အံ့။ ၁၂ နှစ်ပတ်လုံး မိုးမရွာ။ အကယ်၍ မြေ၌ ပစ်အံ့။ ခပ်သိမ်းသော မြက်သစ်ပင်တို့သည် ခြောက်ကပ်၏။ ၁၂ နှစ်လွန်မှ အညွန့်ထွက်နိုင်ရာ၏။ သမုဒ္ဒရာရေ၌ ပစ်ငြားအံ့။ အိုးကင်းပူ၌ချသော ရေပေါက်ကဲ့သို့ အလုံးစုံသော မဟာသမုဒ္ဒရာသည် ခန်းခြောက်ရာ၏။ မြင်းမိုရ်တောင်နှင့်တူသော တောင်ကို ပစ်ငြားအံ့။ ထိုတောင်သည် အတုံးအပိုင်းကျိုးသည် ဖြစ်၍ ဖရိုဖရဲကွဲပြိုရာ၏။ ဤသို့ ကြီးသောအာနုဘော်ရှိသော ဘွဲ့ဖြူပုဆိုးလက်နက်ဖြင့် 'မြတ်စွာဘုရားကို ပစ်အံ့'ဟု ကြံ၍၊ အာဠဝကသည် မိမိဝတ်ရုံသောပုဆိုးကို ကိုယ်မှ ခွာ၍ ကိုင်၏။

ထိုရောအခါ စကြဝဠာ ၁ သောင်း၌နေကုန်သော နတ်,ဗြဟ္မာတို့သည် ''မြတ်စွာဘုရားသည် ယနေ့ အာဠဝကဘီလူးကို ဆုံးမတော်မူလတ္တံ့။ မြတ်စွာဘုရားတရားတော်ကို နာကုန်အံ့''ဟု လျင်စွာစည်းဝေးလာကုန်၏။ ထိုမှတစ်ပါး မြတ်စွာဘုရားနှင့် အာဠဝကစစ်ထိုးခြင်းကို ရှုလိုကုန်သောနတ်တို့သည်လည်း စည်းဝေးလာကုန်၏။

ထိုအခါ အာဠဝကသည် မိမိရုံသောပုဆိုးလက်နက်ကို လွှတ်၏။ ထိုပုဆိုးလက်နက်သည် ကြောက်မက်ဖွယ်သောအသံကို ပြု၍၊ အခိုးအလျှံထွက်သည် ဖြစ်၍၊ လာလတ်၍၊ မြတ်စွာဘုရားခြေတော်ရင်းသို့ ရောက်လျှင် ခြေသုတ်ကြိုးဝန်း ဖြစ်၍ ကျ၏။

အာဠဝကသည် ဤအခြင်းအရာကို မြင်၍၊ ဦးချိုကျိုးသောနွားကဲ့သို့, အစွယ်ကျွတ်သောမြွေကဲ့သို့ အာနုဘော်မရှိသည် ဖြစ်၍၊ 'ကျိုးပြီးသောမာန်' တည်းဟူသော တံခွန် ရှိသည် ဖြစ်၍၊ 'ငါ၏ လက်နက်ကြီးစင်လျက် ရဟန်းဂေါတမကို ကြောက်လန့်စေခြင်းငှာ မတတ်နိုင်ဘဲရှိခဲ့သော်၊ အကြောင်းကား အဘယ်သို့နည်း။'ဟု ကြံ၍၊ 'ရဟန်းဂေါတမသည် သဗ္ဗေသတ္တာ အဝေရာဟောန္တု စသော မေတ္တာဗြဟ္မဝိဟာရနှင့် ယှဉ်၍ နေ၏။ ယခုအခါ ရဟန်းဂေါတမကို အမျက်ထွက်သဖြင့် မေတ္တာဗြဟ္မဝိဟာရမှ ကင်းစေအံ့။'ဟု ကြံ၍၊ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍၊

''ရှင်ဂေါတမ။ ငါ၏ဗိမာန်မှ ထွက်လော့။ အဘယ့်ကြောင့် ငါ ခွင့်မပြုဘဲ ငါ့ဗိမာန်သို့ ဝင်၍ အိမ်ရှင်ကဲ့သို့ ကိုယ်လုပ်မောင်းမတို့၏အလယ်၌ နေသနည်း။ အရှင်မပေးသော ငါ့ဗိမာန်ကို သုံးဆောင်ခြင်းသည် မအပ်။ မိန်းမနှင့် ရောယှက်၍နေခြင်းသည်လည်း မအပ်။ သင်၏အကျင့်သည် မကောင်း။''ဟု ဆို၏။

ထိုစကားကိုကြားလျှင် မြတ်စွာဘုရားသည် 'စောင်မာန်ခက်ထန်သဖြင့် ဆုံးမခြင်းငှာ မတတ်ကောင်း။ ဥပမာကား- ကြမ်းတမ်းကိုက်ခဲတတ်သော ခွေးကို မကြမ်းတမ်းစိမ့်သောငှာ ခွေး၏နှာခေါင်း၌ ဓားငယ်ဖြင့်ခွဲလျှင်၊ ထိုခွေးသည် အတိုင်းအထက်အလွန်လျှင် ကြမ်းတမ်းကိုက်ခဲသည် ဖြစ်ရာ၏။ ထို့အတူ စောင်မာန်ခက်ထန်သူကို

mgyoe.com

mgyoe.com SAMPLE BOOK

အတုံ့ပြန်လျှင် စောင်မာန်ခက်ထန်၍ မဆုံးမနိုင်သည် ဖြစ်ရာ၏။ နူးညံ့သောစကားဖြင့် ဆုံးမသည်ဖြစ်သော်ကား ထိုအာဠဝကသည် ဆုံးမလွယ်သည် ဖြစ်ရာ၏။ မဂ်,ဖိုလ်ရခြင်းငှာ တတ်ကောင်း၏။'ဟု သိတော်မူ၍ ''သာဓု-သာဓု အာဝုသော။'' စသည်ဖြင့် ချစ်ဖွယ်သောစကားကို မိန့်၍ ''ကောင်းပြီ ဒါယကာ အာဠဝက။ ငါ့ကို သင်၏ဗိမာန်၌ မနေစေလိုသော် ငါ ထွက်ပါတော့မည်။''ဟု ထွက်တော်မူ၏။

ထိုအခါ 'ဤရဟန်းသည် စကားဆိုလွယ်သောအဖြစ် ရှိ၏။ တစ်ခွန်းတည်းသော စကားဖြင့်သာလျှင် ငါ၏ဗိမာန်မှ ထွက်၏။ ဤသို့သဘောရှိသော ဆိုလွယ်သောစကားရှိသော ရဟန်းကို ငါသည် အကြောင်းမရှိဘဲ လွန်စွာ တစ်ညဥ့်ပတ်လုံး စစ်ထိုးခြင်းကို ပြုမိ၏' ဟု နူးညံ့သောစိတ် ရှိသည်ဖြစ်၍ 'ယခုအခါ တစ်ခွန်းတည်းသော စကားဖြင့် ဗိမာန်မှ ထွက်ကြွားသော်လည်း သိခြင်းငှာ မတတ်ကောင်းသေး။ အကြောင်းအသို့နည်း။ ဆိုလွယ်သော အဖြစ်၌ တည်သည်ဖြစ်၍ ထွက်သလော။ ထိုသို့မဟုတ် အမျက်ရှိ၍ ထွက်သလော။ စုံစမ်းဦးအံ့။'ဟု ကြံ၍ ''ရဟန်းဂေါတမ။ ငါ့ဗိမာန်တွင်းသို့ ဝင်ဦးလော့။''ဟူ၍ ဆိုပြန်၏။

ထိုစကားကိုကြားသော် ဆိုလွယ်သောစကားရှိသော မြတ်စွာဘုရားသည် အာဠဝကအား နူးညံ့သောစိတ် ရှိသည်၏အဖြစ်ကို ပြုခြင်း၌ ဥပမာကား ကျိုက်ကျိုက်ဆူသောရေပွက်၌ စန္ဒကူးသရက္ခန်ကို ထည့်သည်ရှိသော် တစ်ခဏချင်း ငြိမ်းလေသကဲ့သို့၊ ကျိုက်ကျိုက်ဆူသောနှလုံးရှိသော ,အာဠဝက၏ 'အမျက်'တည်းဟူသော မီးပုံကြီးကို ငြိမ်းစိမ့်သောငှာ အလွန်ချစ်ဖွယ်သော, သာယာနူးညံ့စွာသော စကားဖြင့် ''ဒါယကာအာဠဝက။ ငါ့ကို သင့်ဗိမာန်တွင်းသို့ ဝင်စေလိုလျှင် ဝင်ပါဦးတော့မည်။''ဟု မိန့်တော်မူ၍ ဝင်တော်မူ၏။

ထိုအခါ အာဠဝကလည်း စကားဆိုလွယ်သောအဖြစ်ကို စူးစမ်းပြန်လို၍ ''ရဟန်းဂေါတမ။ ငါ့ဗိမာန်မှ ထွက်ဦးလော့။''ဟု ဆိုပြန်၏။ ထိုစကားကိုကြားသော် ရှင်တော်ဘုရားလည်း စကားဆိုလွယ်တော်မူလှသော အဖြစ်ဖြင့် ''ဒါယကာ။ သင့်ဗိမာန်မှ ထွက်ပြန်စေလိုလျှင် ထွက်ပါအံ့။''ဟု ထွက်တော်မူပြန်၏။ ဤသို့လျှင် ၃ ကြိမ်စေ့အောင် 'ထွက်'ဆိုလည်း ထွက်တော်မူ၏။ 'ဝင်'ဆိုလည်း ဝင်တော်မူ၏။

အကယ်၍ မြတ်စွာဘုရားသည် အာဠဝကဆိုတိုင်း လိုက်နာတော် မမူအံ့။ သဘောအားဖြင့် ကြမ်းတမ်းခက်ထန် စောင်မာန်ရှိသော အာဠဝကသည် အတိုင်းထက်အလွန် ကြမ်းတမ်းခက်ထန်သည်သာ ဖြစ်ရာ၏။ တရားစကား၏ တည်ရာလည်း မဖြစ်ရာ။ ဥပမာကား-သဘောအားဖြင့် ငိုမြည်တမ်းသောသားငယ်ကို အမိသည် ရိုက်ခတ်မောင်းမဲခြင်းကို ပြုသည်ရှိသော် အတိုင်းထက်အလွန် လွန်စွာငိုမြည်တမ်းသည် ဖြစ်ရာ၏။ ဤသို့ဖြစ်သော် ထိုသားငယ်သည် လွန်၍ ပင်ပန်းခြင်းသို့လည်း ရောက်ရာ၏။ အမိ၏ ဆုံးမစကားသည်လည်း သူငယ်၌ မတည်သည်သာ ဖြစ်ရာ၏။ ရိုက်ခတ်မောင်းမဲခြင်းကို မပြု၍ သားငယ်၌ လှည့်ပတ်ဖြားယောင်းခြင်း၌ လိမ္မာသော အမိသည် ငိုမြည်တမ်းသောသားငယ်ကို အလိုသို့ လိုက်၍ 'သားချစ်ဖခင် သားရွှေစင်' အစရှိသဖြင့် ဖြည်းညင်း သာယာ နာပျော်ဖွယ်သောစကားကို ဆို၍လည်းကောင်း၊ ဆင်ရုပ်,မြင်းရုပ်စသော အထူးထူးသောကစားဖွယ်ကို ပေး၍သော် လည်းကောင်း၊ အချို,အချဉ်,အဆိမ့်အအိမ့် စသော အထူးထူးသော ခဲဖွယ်စားဖွယ်,သောက်ဖွယ်တို့ကို ပေး၍သော် လည်းကောင်း၊ ရင်ခွင်ပိုက်ထားခြင်းအစရှိသော သားချစ်ပျူငှာကို ပြု၍သော်လည်းကောင်း၊ ဖြားယောင်းသည်ကို ပြုမူက ထိုသားငယ်သည် ငိုမြည်တမ်းခြင်းကင်းသဖြင့် ပင်ပန်းခြင်း မဖြစ်ရာ။ မိခင် ဆုံးမပဲ့ပြင်သွန်သင်သောစကားသည်လည်း သားငယ်၌ တည်ရာ၏။

အသယတိုရ်မြင်းကိုဆုံးမတတ်သော ရထားထိန်းကဲ့သို့ မယဉ်ကျေးသော လူ,နတ်,ဗြဟ္မာတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် 'အနုတ္တရော ပုရိသ ဓမ္မသာရထိ' မည်တော်မူသော မြတ်စွာဘုရားသည် 'ချစ်ဖွယ်,သာယာနာပျော်ဖွယ်သောစကားကို ဆိုတတ်ခြင်း'စသော သင်္ဂဟဂုဏ်နှင့်လည်း ပြည့်စုံတော်မူသဖြင့်၊

mgyoe.com

mgyoe.com SAMPLE BOOK

အာဠဝကဘီလူး၏ 'ကြမ်းတမ်းခက်ထန် စောင်မာန်အမျက်'တည်းဟူသော မီးပုံကြီးကို ငြိမ်းစေခြင်းငှာ၊ 'တရား' တည်းဟူသော စတုမဓု အရသာကို အာဠဝက၏နှလုံး၌ တည်စိမ့်သောငှာ၊ ချစ်ဖွယ်သာယာ နာပျော်ဖွယ်သော စကားဖြင့် "ဒါယကာအာဠဝက။ သင့်ဗိမာန်သို့ ဝင်စေလိုလျှင် ဝင်ပါဦးမည်။"ဟု ၃ ကြိမ်စေ့အောင် ထွက်ခြင်း, ဝင်ခြင်းကို ပြုတော်မူသတည်း။

ဤသို့မြတ်စွာဘုရားသည် အာဠဝက၏အလိုကို လိုက်၍ ၃ ကြိမ်စေ့အောင် ထွက်ခြင်း,ဝင်ခြင်းကိုပြုတော်မူသောနောက်မှ အာဠဝကအား ဤသို့ အကြံဆိုးသည် ဖြစ်၏။

'ဤရဟန်းသည် စကား ဆိုလွယ်လှ၏။ 'ဗိမာန်မှ ထွက်'ဆိုလျှင်လည်း တစ်ခွန်းတည်းဖြင့် ထွက်၏။ 'ဝင်လော့။' ဆိုလျှင်လည်း တစ်ခွန်းတည်းဖြင့် ဝင်သည်။ ငါကြံအောက်မေ့သည်ကား ၃ ကြိမ်စေ့အောင် 'ထွက်လေ၊ ဝင်ပြန်လေ။'ဟူ၍ ဆိုသည့်အတူ၊ တစ်ညဉ့်ပတ်လုံး 'ထွက်လေ၊ ဝင်ပြန်လေ။'ဟု ငါဆိုအံ့။ ဤရဟန်းသည်ကား စကားဆိုလွယ်သသူ ဖြစ်သောကြောင့် ငါ့စကားကို လိုက်နာ၍ တစ်ညဉ့်ပတ်လုံး ထွက်ခြင်း, ဝင်ခြင်းကိုပြုသဖြင့် ပင်ပန်းလတ္တံ့။ ဤသို့ပင်ပန်းစေပြီးမှ ရဟန်း၏ခြေကိုကိုင်၍ ဂင်္ဂါမြစ်၏တစ်ဖက်သို့ ပစ်လိုက်အံ့'ဟု မကောင်းသောအကုသိုလ်စိတ်ကို ဖြစ်စေ၍၊ ၄ ကြိမ်မြောက်လျှင် "ရဟန်းဂေါတမ။ ငါ့ဗိမာန်မှ သင်ထွက်လော့။"ဟူ၍ ဆိုပြန်၏။

မြတ်စွာဘုရားသည် အာဠဝက၏ ထိုမကောင်းသောအကြံကို စေတောပရိယဉာဏ်ဖြင့် သိတော်မူ၍၊ "အာဠဝက။ ယခုအခါ ငါသည် ဤဗိမာန်မှ မထွက်ပြီ။ ငါ့အား သင်သည် အကြင်အမှုကို ပြုလို၏။ ထိုအမှုကို ပြုလော့။"ဟူ၍ မိန့်တော်မူ၏။

ထိုစကားကိုကြား၍ "ရဟန်း။ သင့်ကို ငါ ပြဿနာမေးအံ့။ အကယ်၍ သင်သည် ပြဿနာကို မဖြေနိုင်အံ့။ သင်၏ စိတ်ကိုသော်လည်း ပျံ့လွင့်စေအံ့။ နှလုံးကိုသော်လည်း ခွဲအံ့။ ခြေကိုသော်လည်း ကိုင်၍ ဂင်္ဂါတစ်ဖက်သို့ သင့်ကို ပစ်လိုက်အံ့။"ဟု အာဠဝက ဆို၏။

ထိုစကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည် "အာဠဝက။ ငါသည် နတ်နှင့်တကွသော လူ၌၊ ဗြဟ္မာနှင့်တကွဖြစ်သော လူ၌၊ ရဟန်း, ပုဏ္ဏားနှင့် တကွဖြစ်သော နတ်,လူအပေါင်း၌၊ 'အကြင်သူသည် ငါ၏စိတ်ကို ပျံ့လွင့်အောင်ပြုနိုင်ရာ၏။ ငါ၏နှလုံးကို ခွဲနိုင်ရာ၏။ ငါ၏ခြေကိုကိုင်၍ မြစ်တစ်ဖက်သို့ ပစ်နိုင်ရာ၏။' ထိုသူကို ငါ မမြင်။ စင်စစ်သဖြင့် သင်သည် အကြင်ပြဿနာကို မေးလို၏။ ထိုပြဿနာကို မေးလော့"ဟု မိန့်တော်မူ၏။

ထိုအာဠဝက၏သဘောကား ရှေးသောအခါ 'ဤဗိမာန်သည် ရွှေဗိမာန်လော, ငွေဗိမာန်လော, ပတ္တမြားဗိမာန်လော'ဟု ကြည့်အံ့သောငှာ လာကုန်သော၊ တန်ခိုးရှိကုန်သော၊ ကောင်းကင်ဖြင့် သွားလေ့ရှိကုန်သော ရသေ့မုနိတို့ကို စိတ်ပျံ့လွင့်အောင်ပြုခြင်း အစရှိသည်ဖြင့် ညှဉ်းဆဲ၏။ ဤသို့ ပြဿနာကို မဖြေနိုင်သောရသေ့တို့ကို ညှဉ်းဆဲလေ့ရှိသောကြောင့် မြတ်စွာဘုရားကိုလည်း 'မဖြေနိုင်လျှင် ညှဉ်းဆဲအံ့။'ဟု ကြံ၍၊ 'သင်ရဟန်းကို ပြဿနာမေးအံ့။' အစရှိသောစကားကို ဆိုသတည်း။

"အကြင်ပြဿနာကို ငါ့ကို သင် မေးလို၏။ ထိုပြဿနာကို မေးလော့။"ဟူသော မြတ်စွာဘုရားစကားတော်ကို ကြား၍၊ မေးအံ့သောငှာ–

'ကိံ သူဓ ဝတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံ သု သုစိဏ္ဏော သုခ မာဝဟာတိ။

ကိံ သု တဝေ သာဒုတရံ ရသာနံ၊ ကထံ ဇီဝိံ ဇီဝိတ မာဟု သေဋ္ဌံ။ ။'ဟူသော ၄ ပါးသော အမေးဖြင့် ဖွဲ့သော ဥပဇာတိဂါထာကို ရွတ်၏။ ဤဂါထာ၌ အဓိပ္ပာယ်ကား–

mgyoe.com

mgyoe.com SAMPLE BOOK

"အို- အရှင်ဂေါတမ။ ဤလောက၌ ယောကျ်ား၏ မြတ်သောဥစ္စာသည် အဘယ်နည်း။ အဘယ်မည်သော ကောင်းစွာလေ့ကျင့်အပ်သော တရားသည် ချမ်းသာကို ရွက်ဆောင်တတ်သနည်း။ စင်စစ်သဖြင့် အရသာတို့တွင် ကောင်းမြတ်သောအရသာသည် အဘယ်နည်း။ အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်း ဟူ၍ ဘုရားစသော ပညာရှိတို့သည် ဆိုကုန်သနည်း။"ဟူလိုသည်။

ဤအမေးဂါထာတို့ကို အာဠဝကသည် အဘယ်မှ ရချေသနည်းဟူအံ့။ ကဿပဘုရားဖြစ်တော်မူသောအခါ၌ အာဠဝက၏အမိအဖတို့သည် ကဿပမြတ်စွာဘုရားအထံသို့ ဆည်းကပ်၍ ၈ ပါးသောအမေးတို့ကို အဖြေနှင့်တကွ တတ်အောင်သင်ကုန်၏။ ထိုအမိအဖတို့သည် အာဠဝကကိုလည်း ငယ်သောအခါ၌ သင်စေကုန်၏။ ကာလရှည်သဖြင့် အာဠဝကသည် အဖြေကို မေ့ခဲ့၍၊ 'အမေးကိုမျှလည်း မမေ့ပါစေသတည်း'ဟု ကြံ၍၊ ရွှေပြား၌ ဆေးဒန်းမြင်းသီလာဖြင့် 'ကိံ သုဓဝိတ္တံ' အစရှိသော အမေး ၈ ပါးသောဂါထာကို ရေး၍ မိမိဗိမာန်၌ ထား၏။

အာဠဝကအမေးကို ဖြေကော်မူလို၍ မြတ်စွာဘုရားသည်-

'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။

သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ ။'ဟူသောဂါထာကို ဟောတော်မူ၏။ ဤဂါထာ၌ အဓိပ္ပာယ်သော်ကား-

"ဤလောက၌ 'ဘုရား၊ တရား၊ သံဃာတို့၌ ကြည်ညိုခြင်း' လက္ခဏာ ရှိသော၊ ကုသိုလ်စိတ်၌ယှဉ်သော သဒ္ဓါသည် ယောကျ်ားတို့အား မြတ်သောဥစ္စာ မည်၏။ ကောင်းစွာလေ့ကျက်အပ်သော ကုသိုလ်ကမ္မပထတရား ၁၀ ပါး၊ ပုညကြိယာဝတ္ထု ၁၀ ပါး၊ ကုသိုလ်သုစရိုက် ၃ ပါးသည် ချမ်းသာ ၃ ပါးကို ရွက်ဆောင်တတ်၏။ 'မှန်သောစကားကို ဆိုခြင်း' တည်းဟူသောရသာသည် စင်စစ်အားဖြင့် ခပ်သိမ်းသောအရသာတို့ထက် ကောင်းမြတ်သောအရသာ မည်၏။ 'ပညာဖြင့် အသက်မွေးခြင်း'ကို မြတ်သောအသက်မွေးခြင်း ဟူ၍ ဘုရားအစရှိသော ပညာရှိတို့သည် ဆိုကုန်၏။"ဟူလိုသော်။

ဤသို့လျှင် မြတ်စွာဘုရားဖြေတော်မူအပ်သော အဖြေ ၄ ပါးကို ကြား၍၊ အာဠဝကဘီလူးသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍၊ တစ်ဖန် ကြွင်းသောအမေး ၄ ပါးတို့ကို မေးမြန်းလိုသည် ဖြစ်၍-

'ကထံ သု တရတိ ဩဃံ၊ ကထံ သု တရတိ အဏ္ဏဝံ။

ကထံ သု ဒုက္ခမစ္စေတိ၊ ကထံ သု ပရိသုဇ္ဈတိ။ ။' ဟူသောဂါထာကို ရွတ်၍မေး၏။ ဤဂါထာ၌ အဓိပ္ပာယ်သော်ကား-

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဂေါတမ။ အဘယ်သို့သော အကြောင်းဖြစ်လျှင် 'သံသရာ' ဟူသောဝဲဩဃမှ ကူးမြောက်နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့် 'သံသရာ' တည်းဟူသော သမုဒ္ဒရာကို ကူးမြောက်နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့်လည်း 'ဝဋ် ၃ ပါး'တည်းဟူသော ဆင်းရဲကို လွန်မြောက်နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့်လျှင် သတ္တဝါတို့သည် 'ကိလေသာ'တည်းဟူသော အညစ်အကြေးမှ စင်သနည်း။"ဟူလိုသည်။

အမေး ၄ ပါးကို ဖြေတော်မူလို၍-

'သဒ္ဓါယ တရတီ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။

ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

mgyoe.com

mgyoe.com SAMPLE-BOOK

''ရတနာ ၃ ပါးကို 'သဒ္ဓါယုံကြည်ခြင်း' ဟူသော သဒ္ဓါတရားဖြင့် 'သံသရာ' တည်းဟူသော ဩဃကို ကူးမြောက်နိုင်၏။ 'ကုသိုလ် ၁၀ ပါးတရားတို့၌ မမေ့မလျော့ခြင်း' တည်းဟူသောသတိဖြင့် သမုဒ္ဒရာကို ကူးမြောက်နိုင်၏။ 'ကုသိုလ်ကောင်းမှုကို အားထုတ်ခြင်းလက္ခဏာရှိသော လုံ့လဝီရိယ' တည်းဟူသော တရားဖြင့် 'ဝဋ် ၃ ပါး'ဟူသောဆင်းရဲကို လွန်နိုင်ရာ၏။ မဂ်စိတ် ၄ခု၌ယှဉ်သော 'ပညာ'ဟူသောတရားဖြင့် သတ္တဝါတို့သည် ကိလေသာမှ စင်၏။'' ဟူလိုသည်။

ဤ သဒ္ဓါယတရတိ- အစရှိသောဂါထာကို ဟောတော်မူသောအဆုံး၌ အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤဂါထာ၌ 'ပညာယ ပရိသုဇ္ဈတိ' ဟူသော စတုတ္ထပါဒ်ဖြင့် မြတ်စွာဘုရားသည် သစ္စာ ၄ ပါးကို ပြတော်မူ၏။

သောတာပတ္တိဖိုလ်၌ တည်ပြီးသော အာဠဝကသည် 'ပညာယံ ပရိသုဇ္ဈ' ဟူသောပုဒ်၌ ပညာကိုရခြင်း၏ အကြောင်းကို မေးမြန်းလိုသည်ဖြစ်၍-

'ကထံ သု လဘတေ ပညံ၊ ကထံ သု ဝိန္ဒတေ ဓနံ။

ကထံ သု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။ ။' ဟူသောဂါထာကို လည်းကောင်း။

'အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ န သောစတိ။' ဟူသော ဂါထာကိုလည်းကောင်း ရွတ်၍ မေး၏။ အဓိပ္ပာယ်ကား-

''ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်ဂေါတမ။ အဘယ်သို့သောအကြောင်းဖြင့် ပညာကို ရရာသနည်း။ အဘယ်သို့သောအကြောင်းဖြင့် ဥစ္စာကို ရရာသနည်း။ အဘယ်သို့သောအကြောင်းဖြင့် ကျော်စောခြင်းသို့ ရောက်ရာသနည်း။ အဘယ်သို့သောအကြောင်းဖြင့် မိတ်ဆွေခင်ပွန်းကောင်းကို ရရာသနည်း။ အဘယ်သို့သောအကြောင်းဖြင့် တမလွန်ဘဝ၌ မစိုးရိမ်ရသနည်း။''ဟူလိုသည်။

အာဠဝက သောတာပန်ဖြစ်ပြီးမှ မေးသော အမေး ၅ ပါးကို မြတ်စွာဘုရားသည် ဖြေတော်မူလိုသည်ဖြစ်၍-

'သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။

သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။ ။

'ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။ ။

'ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။

သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ။ ။

'ဣင်္ဃ အညေပိ ပုစ္ဆဿု၊ ပုထူ သမဏဗြာဟ္မဏေ။

ယဒိ သစ္စာ ဒမာ စာဂါ၊ ခန္တျာ ဘိယျောဓ ဝိဇ္ဇတိ။ ။' ဟူသော ၄ ဂါထာတို့ကို ဟောတော်မူ၏။

ထိုဂါထာတို့၏ အဓိပ္ပာယ်သော်ကား-

''ဒါယကာအာဠဝက။ နိဗ္ဗာန်သို့ရောက်ခြင်းဟာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကတို့၏ အကျင့်တရားဖြစ်သော သုစရိုက် ၃ပါး၊ ကုသိုလ်ကမ္မပထတရား ၁၀ပါး၊ ဗောဓိပက္ခိယတရား ၃၇ပါးတို့ကို ယုံကြည်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်၍၊ မမေ့မလျော့ကျင့်သော ပညာရှိသူတော်ကောင်းသည် ဘုရားအစရှိသော အရိယာတို့၏တရားကို ကြားနာရသည်ဖြစ်၍ မဂ်နှင့်ယှဉ်သော ပညာကို ရရာ၏။

''ဥစ္စာရခြင်း၌ လျောက်ပတ်သောအကြောင်းကို ပြုလေ့ရှိသောသူအား 'လုံ့လ'ဟူသောဝန်ရှိသော အချမ်းအပူမမှတ် ထကြွလုံ့လ ပြုလေ့ရှိသော သူသည် ဥစ္စာကို ရရာ၏။ လောကီဖြစ်သော ရွှေ, ငွေဥစ္စာ၊ လောကုတ္တရာဖြစ်သော မဂ်, ဖိုလ်ဥစ္စာကို ရရာ၏။ 'မှန်သောစကားကို ဆိုခြင်း'တည်းဟူသော ပရမတ္ထသစ္စာဖြင့် 'ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက' ဟူသော ကျော်စောခြင်းသို့ ရောက်ရာ၏။ လှူဒါန်း, ပေးကမ်းစွန့်ကြဲခြင်းကို ပြုလေ့ရှိသောသူသည် အဆွေခင်ပွန်းကို ယူနိုင်ရာ၏။

''သဒ္ဓါယုံကြည်ခြင်းရှိသည်ဖြစ်၍ အိမ်ရာထောင်သောသူ၌ 'ကာမဂုဏ်'ဟုဆိုအပ်သော စည်းစိမ်ချမ်းသာကို ရှာလေ့ရှိသော အကြင်သူအား 'ဟုတ်မှန်စွာဆိုခြင်းတည်း'ဟူသော သစ္စာ၊ 'အပြားအားဖြင့်သိခြင်း'ဟူသော ပညာ၊ 'ထကြွလုံ့လ'ဟူသော ဝီရိယ၊ 'လှူဒါန်းပေးကမ်းခြင်း'ဟူသော စာဂ။ ဤတရား ၄ ပါးတို့သည် ရှိကုန်၏။ ထိုတရား ၄ ပါးနှင့် ပြည့်စုံသောသူသည် စင်စစ်သဖြင့် တမလွန်ဘဝ၌ စိုးရိမ်ခြင်း မရှိ။

''ဥပသကာအာဠဝက။ သင့်ကို ငါ တိုက်တွန်းပါ၏။ အကယ်၍ 'မှန်သောစကားရှိခြင်းတည်း' ဟူသော ဝစီသစ္စာ၊ အပြားအားဖြင့်သိတတ်သော ပညာ၊ 'လှူဒါန်းပေးကမ်းခြင်း'ဟူသော စာဂ၊ 'ထကြွခြင်း'ဟူသော ဝီရိယ။ ဤအကြောင်း ၄ ပါးတို့ထက်အလွန် မဂ်, ဉာဏ်ကို ရခြင်း၊ လောကီ, လောကုတ္တရာဥစ္စာကို ရခြင်း၊ ကျော်စောခြင်းသို့ ရောက်ခြင်း၊ အဆွေခင်ပွန်း ယူနိုင်ခြင်း၊ ဤ ၄ ပါးတို့၏အကြောင်းသည် ဤလောက၌ ရှိငြားအံ့။ ငါမှတစ်ပါး များစွာကုန်သော ရဟန်း, ပုဏ္ဏားတို့ကိုလည်း သင်သည် မေးလေဦးလော့။''ဟုလိုသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ပညာ အစရှိသည်တို့ကိုရခြင်း၏ အကြောင်းတို့ကို ဖြေတော်မူပြီးသည့်နောက်၌ အာဠဝကဘီလူးသည် မိမိရသော သောတာပတ္တိဖိုလ်ဖြင့် အကြင်အကြင်သို့သော ယုံမှားခြင်း ဝိစိကိစ္ဆာရှိ၏။ ထိုထိုသောဝိစိကိစ္ဆာကို ပယ်အပ်ပြီးသည်ဖြစ်သောကြောင့် မြတ်စွာဘုရား၏အဖြေတော်၌ ယုံမှားသက်ာမရှိပြီဖြစ်၍၊ ပညာ အစရှိသည်တို့ကိုရခြင်း၏ အကြောင်းတစ်ပါးကို ဘုရားမှတစ်ပါး ရဟန်း, ပုဏ္ဏားတို့ကို မမေးလိုသောအဖြစ်ကို မြတ်စွာဘုရားအား ကြားလျှောက်လိုသည် ဖြစ်၍-

'ကထံနု ဒါနိ ပုစ္ဆေယျံ၊ ပုထူ သမဏဗြာဟ္မဏေ။
ယောဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။ ။

'အတ္ထာယဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာဠဝိ မာဂမာ။
ယောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ။

'သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။ ။'ဟူသော ၃ ဂါထာကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်သော်ကား-

''ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား။ အကြင် ပညာ အစရှိသော အကျိုး ၄ ပါးကို ရခြင်း၏အကြောင်းသည် လည်းကောင်း၊ တမလွန်ဘဝ၌ အကြင် စိုးရိမ်ခြင်းမရှိသည်၏ အကြောင်းသည် လည်းကောင်း ရှိ၏။ ထိုအကြောင်းကို မြတ်စွာဘုရား ဟောတော်မူသောတရားကို ကြားသဖြင့် အကြင်အကျွန်ုပ်သည် သိ၏။ ထိုအကျွန်ုပ်သည် အဘယ့်ကြောင့် ယခုအခါ၌ ရှင်ပင်ဘုရားမှတစ်ပါး များစွာသော ရဟန်း, ပုဏ္ဏားတို့ကို မေးပေတော့အံ့နည်း။

mgyoe.com

mgyoe.com
SAMPLE BOOK

"အကြင်မြတ်စွာဘုရားသည် အာဠဝီပြည်သို့နေခြင်းငှာ ကြွတော်မူလာ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အား အကျိုးစီးပွားအလို့ငှာ စင်စစ် ဖြစ်တော်မူပေ၏။ အကြင် 'မြတ်စွာဘုရား' တည်းဟူသော အလှူခံပုဂ္ဂိုလ်၌, လှူအပ်သောပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် 'အကျိုးကြီးမြတ်၏' ဟု အကြင်အကျွန်ုပ်သည် ယခုအခါ၌ သိ၏။

"ထိုအကျွန်ုပ်သည် နတ်ရွာတစ်ရွာမှ နတ်ရွာတစ်ရွာသို့, နတ်ပြည်တစ်ပြည်မှ နတ်ပြည်တစ်ပြည်သို့ ထိုအဂ္ဂဒက္ခိဏေယျဖြစ်သော မြတ်စွာဘုရား၏ သစ္စာ ၄ ပါးတရားကို ကောင်းစွာသိသော အဖြစ်ကိုလည်းကောင်း၊ တရားတော်၏ သွာချာတတ္တာ စသောဂုဏ်နှင့်ပြည့်စုံသော အဖြစ်ကိုလည်းကောင်း၊ သံဃာတော်၏ သုပ္ပဋိပန္နတာ စသောဂုဏ်နှင့်ပြည့်စုံသော အဖြစ်ကိုလည်းကောင်း အဖန်တလဲလဲချီးမွမ်း၍ ရှိခိုးလျက် သွားပါအံ့။" ဟူလိုသည်။

ဤသို့လျှင် 'သော အဟံ ဗိစရိဿာမိ' အစရှိသောဂါထာကို အာဠဝက ရွတ်သည်၏အဆုံး၌၊ ညဥ့်၏လင်းခြင်းသည် လည်းကောင်း။ အာဠဝကကို ဆုံးမရာ၌ 'မြတ်စွာဘုရားတရားတော်ကို နာအံ့။' ဟူ၍ စကြဝဠာ ၁ သောင်းမှ စည်းဝေးလာကုန်သော သမ္မာဒိဋ္ဌိနတ်,ဗြဟ္မာ၊ 'အာဠဝကနှင့် မြတ်စွာဘုရား စစ်ထိုးခြင်းကို ကြည့်အံ့။' ဟူ၍ စည်းဝေးလာကုန်သော မိစ္ဆာဒိဋ္ဌိနတ်,ဗြဟ္မာတို့၏ ကောင်းချီးပေးသောအသံ၏ ဖြစ်ခြင်းသည် လည်းကောင်း။ အာဠဝကမင်းသားကို အာဠဝီပြည်မှ အာဠဝကဘီလူး၏အစာ ပို့လာ၍ အာဠဝက၏ဗိမာန်သို့ ရောက်သောအခါသည် လည်းကောင်း-တစ်ပြိုင်နက် ဖြစ်၏။

ဘီလူးစာပို့လာကုန်သောမင်းချင်းတို့သည် ကောင်းချီးသံကို ကြား၍၊ "ဤသို့သောကောင်းချီးသည် ဘုရားကိုထား၍ တစ်ပါးသောသူတို့အား မဖြစ်။ မြတ်စွာဘုရားသည် အာဠဝက၏အကြောင်းကို ဉာဏ်တော်၌ မြင်၍၊ ဆုံးမအံ့သောငှာ ကြွတော်မူလာသလော။" ဟု ဆင်ခြင်ကုန်သည်ရှိသော်၊ မြတ်စွာဘုရားကို လည်းကောင်း, ရှိခိုး၍နေသော ဘီလူးကိုလည်းကောင်း မြင်ကုန်၍၊ ရှေး၌ကဲ့သို့ အပ၌ မရပ်မူ၍၊ ပဒေါင်ပင်ရင်းသို့ ဝင်၍ ရပ်ကုန်လျက် "ကြီးမြတ်သောတန်ခိုးရှိသော ဘီလူး။ ဤမင်းသားငယ်ကို ပေးမြဲသောဝတ်ဖြင့် အစာအလို့ငှာ ဆောင်ခဲ့ကုန်ပြီ။ စားလော့။" ဟု ဆိုကုန်၏။

အာဠဝကဘီလူးသည် သောတာပန်ဖြစ်ပြီး ဖြစ်သောကြောင့် အစာ၏အဖြစ်ဖြင့် ပို့လာသောမင်းသားကို မြင်လျှင်၊ အလွန်ရှက်သည် ဖြစ်၍၊ မင်းသားကို လက် ၂ ဖက်ဖြင့် ခံ၍၊ မြတ်စွာဘုရားရှေ့တော်၌ အထူးထူး အပြားပြားအားဖြင့် ဆို၍၊ "ရှင်ပင်ဘုရား။ ဤမင်းသားကို အကျွန်ုပ်၏ အစာအဖြစ်ဖြင့် ပို့လာသည်။ ဤမင်းသားကို ရှင်ပင်ဘုရားအား ကပ်လှူပါတော့သည်။ ခံတော်မူပါ။" ဟု မြတ်စွာဘုရားအား ကပ်၍ ဆောင်နှင်း၏။ ထိုအကြောင်းကို ဤသို့ ဂါထာ လာ၏။

'ဣမံ ကုမာရံ သတပုညလက္ခဏံ၊ သဗ္ဗင်္ဂုပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။

ဥဒဂ္ဂစိတ္တော သမနော ဒဒါမိ တေ၊ ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမာ။ ။' ဟူ၍ ဂါထာလာ၏။

အဓိပ္ပာယ်ကား-

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ကမ္ဘာ ၁ သိန်းမကသောကာလ၌ ဆည်းပူးအပ်သော ကုသိုလ်ကံသည် ပြုအပ်သော၊ လက္ခဏာကြီးရှိထသော ခြေ,လက်အစရှိသော ခပ်သိမ်းသော အင်္ဂါကြီး,ငယ်တို့နှင့်ပြည့်စုံသော၊ နား,နှာခေါင်းအစရှိသော အစိတ်စိတ်သော လက္ခဏာငယ်နှင့် ပြည့်စုံသော ဤမင်းသားကို ဝမ်းမြောက်ဝမ်းသာ အကျွန်ုပ်သည် ရှင်ပင်ဘုရားအား ကပ်လှူပါ၏။ လူတို့၏အကျိုးစီးပွား များစိမ့်သောငှာ ခံတော်မူပါ။" ဟူလိုသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ လျှောက်သောအဆုံး၌ မင်းသားကို မြတ်စွာဘုရား ခံတော်မူ၍ မင်းသားအား လည်းကောင်း၊ ဘီလူးအား လည်းကောင်း မင်္ဂလာအလို့ငှာ–

'ဒီဃာယုကော ဟောတု အယံ ကုမာရော၊ တဝဠ ယက္ခ သုခိတော ဘဝါဟိ။

အဗျာဓိကာ လောကဟိတာယ တိဋ္ဌထ။ ။' ဟူ၍ ၃ ပါဒရှိသော ဒဏ္ဍကဂါထာကို ရွတ်တော်၏။

အဓိပ္ပာယ်ကား–

"အာဠဝက။ ဤမင်းသားသည်လည်း ချမ်းသာသည် ဖြစ်စေသတည်း။ သင့်အားလည်း ချမ်းသာသည် ဖြစ်စေသတည်း။ သင်တို့သည် အနာမရှိကုန်သည် ဖြစ်၍ လူတို့၏အကျိုးစီးပွားအလို့ငှာ တည်ကုန်လော့။" ဟူလိုသည်။

မြတ်စွာဘုရား မင်္ဂလာပြုပြီးသော် အာဠဝကသည် မင်းသားငယ်ကို သရဏဂုံ ဆောက်တည်စေလို၍၊ မြတ်စွာဘုရား၏ ဒဏ္ဍကဂါထာ ၃ ဝါဒတွင် ၁ ပါဒ ဖြည့်၍၊ 'အယံ ကုမာရော သရဏံ ဥပေတိ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ' ဟူသောပုဒ်ဖြင့် ရွတ်၏။

အဓိပ္ပာယ်ကား–

"ဤမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်၏။ တရား၊ သံဃာတို့ကိုလည်း ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။" ဟူလိုသည်။

ထို့နောက်မှ မြတ်စွာဘုရားသည် "ဤမင်းသားကို ကြီးစေ၍၊ တစ်ဖန် ငါ့အား ပေးလှည့်ကုန်။" ဟု မိန့်တော်မူ၍ မင်းချင်းတို့အား ပေး၏။

ဤသို့ မင်းသားသည် ဘီလူးလက်မှ မြတ်စွာဘုရား၏လက်သို့ ရောက်၏။ ဤသို့ အဆင့်ဆင့်ရောက်သည်ကို အကြောင်းပြု၍ ထိုမင်းသားအား 'ဟတ္ထာဠဝက' ဟူသော အမည်သည် ဖြစ်၏။

ထိုမင်းသားကို ယူ၍ ပြန်ကုန်သော မင်းချင်းတို့ကို လယ်လုပ်၊ တောသွား အစရှိသောသူတို့သည် မြင်ကုန်၍၊ "မင်းသား ငယ်လွန်းသောကြောင့် ဘီလူး အလို မရှိချေတော့သလော" ဟု ကြောက်လန့်လျက် မေးကုန်၏။

မင်းချင်းတို့သည် "သင်တို့ မကြောက်ကြကုန်လင့်။ မြတ်စွာဘုရားသည် အလုံးစုံသောသူတို့အား ဘေးမရှိသောအဖြစ်ကို ပြုတော်မူပြီ။" ဟု ကြားကုန်၏။

ထိုစကားကို ကြားကုန်သောကြောင့် "ကောင်းစွ–ကောင်းစွ။" ဟူ၍ အာဠဝီမြို့အလုံး တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။

မြတ်စွာဘုရားလည်း ဆွမ်းခံသောအခါကို မှတ်၍ ကြွတော်မူအံ့သောအခြင်းအရာကို ပြတော်မူလျှင်၊ အာဠဝကဘီလူးသည် သပိတ်၊သင်္ကန်းတော်ကို ယူ၍၊ ထက်ဝက်သောခရီးတိုင်အောင် ပို့၍ ပြန်၏။

မြတ်စွာဘုရားလည်း အာဠဝီမြို့၌ ဆွမ်းခံတော် မူ၍ ဆွမ်း ဘုဉ်းပေးတော်မူပြီးသော်၊ မြို့တံခါးအနီး၌ ဆိတ်သောသစ်ပင်ရင်း၌ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။

မင်းနှင့်တကွ များစွာသော ပြည်သူပြည်သားတို့သည် တပေါင်းတည်း မြတ်စွာဘုရားသို့ ကပ်လာကုန်၍ ရှိသေစွာ ရှိခိုးကုန်ပြီးသော်၊ "ရှင်ပင်ဘုရားတို့သည် ဤသို့သဘောရှိသော ကြမ်းတမ်းသောဘီလူးကို အဘယ်သို့ ဆုံးမကုန်သနည်း။" ဟု လျှောက်ကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

မြတ်စွာဘုရားလည်း 'အာဠဝကဘီလူးနှင့် စစ်ထိုးခြင်းကို အစပြု၍၊ ဤသို့သဘောရှိသော အထူးထူးသော မိုးတို့ကို ရွာစေကုန်၏။ ဤသို့သဘောရှိသော အထူးထူးသော ကြောက်မက်ဖွယ်ကို ပြု၏။ ဤသို့သဘောရှိသော ပြဿနာကို မေး၏။ ထိုဘီလူး၏ အမေးကို ဤသို့ သဘောအပြားဖြင့် ဖြေ၏။'ဟု ထို အာဠဝကသုတ်ကိုပင်လျှင် ဟောတော်မူ၏။ ထိုသုတ်ကို ဟောတော်မူသောအဆုံး၌ ၈ သောင်း ၄ ထောင်သော ပရိသတ်တို့အား တရားမဂ်, ဖိုလ်ရခြင်းသည် ဖြစ်၏။

ထိုနောင်မှ ဝေဿဝဏနတ်မင်း၏ နတ်ကွန်းကို အာဠဝကဘီလူး၏ဗိမာန်အနီး၌ ဆောက်၍၊ ပန်း,နံ့သာ အစရှိသော ပူဇော်သက္ကာရတို့ဖြင့် အမြဲပူဇော်ခြင်းကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားအားလည်း အာဠဝကဘီလူးသည် သိမ်းဆည်းအပ်သော ပဉ္စောင်ပင်အနီး၌ ကျောင်းဆောက်၍၊ လှူဒါန်းပူဇော်ခြင်းကို ပြုကုန်၍၊ ဝါဆိုစေခြင်းငှာ လျှောက်တောင်းပန်ကုန်၍ ဝါဆိုတော် မူ၏။

သိကြားလိမ္မာခြင်းသို့ ရောက်သော မင်းသားကိုလည်း "မင်းသားသည် မြတ်စွာဘုရားကိုမှီ၍ အသက်ကို ရ၏။ ဘုရားအား လည်းကောင်း၊ တရား,သံဃာအား လည်းကောင်း ဆည်းကပ်လော့။"ဟု လွှတ်လိုက်ကုန်၏။

ထိုဟတ္ထာဠဝကမင်းသားသည် ဘုရားကို လည်းကောင်း၊ တရား,သံဃာကို လည်းကောင်း ဆည်းကပ်၍ မမြင့်မီလျှင်၊ အနာဂါမိဖိုလ်၌ တည်၍၊ အလုံးစုံသော မြတ်စွာဘုရား၏တရားတော်ကို သင်၍ ၅၀၀ သော အခြံအရံရှိသည် ဖြစ်၏။ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား ပစ္စည်း ၄ ပါးဖြင့် ချီးမြှောက်၏။

မြတ်စွာဘုရားသည်လည်း "ပစ္စည်း ၄ ပါးဖြင့် ချီးမြှောက်ကုန်သော ဒါယကာတို့တွင် မြတ်၏။"ဟု ဧတဒဂ် ထားတော်မူ၏။

မြတ်စွာဘုရားသည် အာဠဝီပြည်ကို ဆွမ်းခံ အမှီပြု၍ ဝါဆိုတော် မူ၏။

ကုဋ္ဌိကာရသိက္ခာပုဒ်ကို အကြောင်းပြု၍ 'ယေမေ အပဟံနဇာနာမိ, အင်္ဂီသေနဝဏိဗ္ဗကေ' အစရှိသော ဒေသနာတော်ဖြင့် အင်္ဂီသဇာတ်*ကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသော လူ, နတ်, ဗြဟ္မာတို့သည် အကျွတ်တရားရကုန်၏။

အဂ္ဂါဠဝကစေတီယကျောင်း၌ နေတော်မူသော နိဂြောဓကပ္ပမထေရ် ပရိနိဗ္ဗာန် ပြုတော်မူသောကြောင့် တပည့်ဖြစ်သော သေင်္ဂီသမထေရ်သည် "ဆရာ ပရိနိဗ္ဗာန်ပြုပြီလော။"ဟု မြတ်စွာဘုရားအား မေးလျှောက်သည်ကို အကြောင်းပြု၍ နိဂြောဓကပ္ပသုတ်ကို ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ တရားတော်နာ ပရိသတ်တို့သည် မဂ်,ဖိုလ် အကျွတ်တရားကို များစွာရကုန်၏။

---

* ၅၅၀ ဇာတ်တော်စဉ်-၄၀ ရှု။

mgyoe.com

mgyoe.com SAMPLE BOOK

၄၈- သီရိမာကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

ဤသို့အစရှိသော ဒေသနာတော်ဖြင့် ဝေနေယျတို့အား တရားအမြိုက် တိုက်တော်မူလျက်၊ အာဠဝီပြည် အဂ္ဂါဠဝစေတီယကျောင်း၌ ၁၆ ဝါမြောက် ဝါဆိုတော် မူ၍၊ ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူသဖြင့် ရာဇဂြိုလ်ပြည်သို့ ရောက်တော်မူ၍၊ ဝေဠုဝန်ကျောင်းတော်၌ ၁၇ ဝါမြောက် ဝါဆိုတော် မူ၏။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဇီဝက၏နှမ သီရိမာကို အကြောင်းပြု၍ 'ပဿစိတ္တကတံဗိမ္ဗံ' အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။

အကြောင်းဝတ္ထုကား-

ရာဇဂြိုလ်ပြည်၌ ဇီဝက၏နှမဖြစ်သော၊ အလွန်အဆင်းလှသော၊ 'သီရိမာ'အမည်ရှိသော ပြည်တန်ဆာမသည် ရှိ၏။ အခါတစ်ပါးသော် ဝါတွင်း၌ သုမနသူဌေးသား-ပုဏ္ဏသူဌေး၏သမီး ဥတ္တရကို သေစိမ့်သောငှာ၊ ကျိုက်ကျိုက် ဆူသောဆီပူဖြင့် သွန်၍၊ ပြစ်မှားမိသောအပြစ်ကို သည်းခံစေလိုသည် ဖြစ်၍၊ ထိုဥတ္တရာအိမ်၌ ရဟန်းအပေါင်းနှင့် တကွ ဆွမ်းဘုဉ်းပေးသော မြတ်စွာဘုရားကို သည်းခံစေ၍၊ မြတ်စွာဘုရား ဆွမ်းအနုမောဒနာ ကြားတော်မူပြီးလျှင်-

'အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။ ။' ဟူသောဂါထာကို ဟောတော်မူသောအဆုံး၌ အခြံအရံ မာတုဂါမ ၅၀၀ တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

ဤသို့ သောတာပန်ဖြစ်ပြီးသော သီရိမာသည် မြတ်စွာဘုရားကို ဆွမ်းဖိတ်၍ မိုးသောက်သောနေ့၌ ကြီးစွာသောအလှူကို လှူ၏။ သံဃာအားလည်း အဋ္ဌကဘတ်ကို မပြတ် လှူ၏။ ထို ဖိတ်သောနေ့မှ စ၍ ၈ ပါးသော သံဃာသည် မပြတ် အိမ်သို့ ဆွမ်းစား သွားရ၏။ ထိုရဟန်းတို့အား 'ထောပတ်ကို ခံကုန်လော့။ နို့ဓမ်းကို ခံကုန်လော့။' ဤသို့ အစရှိသည်ဖြင့် ဆို၍၊ သပိတ်ကို ပြည့်စေ၍ လှူ၏။ တစ်ယောက်ပုဂ္ဂိုလ် ရသောဆွမ်းသည် ၃ပါး-၄ပါးတို့အား မျှလောက်၏။ နေ့တိုင်း ၁၆ အသပြာသော ကံကျေးဖြင့် ဆွမ်းကိုလှူ၏။

ရဟန်းတစ်ပါးသည် ထိုသီရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး၍ ၃ ယူဇနာရှိသော အရပ်၌ တစ်ခုသော ကျောင်းသို့ လာ၏။

ထိုအခါ မထေရ်တို့ စည်းဝေးရာ၌နေလာသော ထိုရဟန်းကို "သခင်။ အဘယ်အရပ်၌ ဆွမ်းခံ၍ လာသနည်း။"ဟု မေးကုန်၏။

"အရှင်ဘုရားတို့။ အကျွန်ုပ်သည် သီရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး၍ လာ၏။" ဆိုသော်၊ "နှစ်လိုဖွယ်ကိုပြု၍ လှူ၏လော။"ဟု မေးမြန်းကုန်လျှင်၊

"သီရိမာ၏ဆွမ်းကို ချီးမွမ်းခြင်းငှာ မတတ်နိုင်။ အလွန်လျှင် မွန်မြတ်၏။ တစ်ယောက် ရသောဆွမ်းသည် ၄ ယောက်တို့အား မျှလောက်၏။ ထိုသီရိမာ၏အလှူထက် သီရိမာကို မြင်ရခြင်းသည် အလွန် မြတ်သေး၏။ ထိုသီရိမာသည် ဤသို့ သဘောရှိ၏။ အလွန် လှပတင့်တယ်၏။"ဟု ထိုသီရိမာ၏ ကျေးဇူးကို ဆို၏။

ထိုအခါ တစ်ပါးသောရဟန်းသည် ထိုသီရိမာ၏ ကျေးဇူးကို ကြား၍၊ 'မြင်ခြင်းငှာ သင့်၏။'ဟု ကြံ၍၊ ဝါအစဉ်ကို ဆို၍၊ ထိုရဟန်းကို မေး၍၊ "အရှင်သည် နက်ဖြန်ပင် သီရိမာအိမ်၌ သံဃာ့ထေရ်အကြီး ဖြစ်၍ အဋ္ဌကဘတ်ကို ရလတ္တံ့။"ဟု မေးအပ်သောရဟန်း၏စကားကို ကြား၍၊ ထိုခဏ၌ပင် သပိတ်,သင်္ကန်းကို ယူ၍၊ ရာဇဂြိုလ်ပြည်သို့ သွား၍၊ မိုးသောက်သောနေ့၌ နေအရုဏ် တက်သည်ရှိသော် နံနက်စောစော စာရေးတံ ဝေရာသို့ ဝင်၍၊ သံဃာ့ထေရ်အဖြစ်ဖြင့် သီရိမာ၏အိမ်၌ အဋ္ဌကဘတ်ကို ရ၍ သီရိမာ၏အိမ်သို့ လာ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သီရိမာသည်လည်း ထို ပြောဆိုသောရဟန်းသည် ယမန်နေ့၌ သီရိမာ၏ဆွမ်းကို ဘုဉ်းပေး၍ ဖဲခဲ့သည့်နောက် ကိုယ်မကျန်း ဖြစ်ခဲ့၍၊ အလုံးစုံသောတန်ဆာကို ချွတ်၍ အိပ်၏။

မိုးသောက်သောနေ့၌ အဋ္ဌကဘတ်ကို ရ၍လာသောရဟန်းတို့ကို ကျွန်မတို့ မြင်လျှင် ကြားကုန်၏။ သီရိမာသည် မိမိလက်ဖြင့် သပိတ်ကို လှမ်းယူ၍၊ နေရာ နေစိမ့်သောငှာ လည်းကောင်း, ဆွမ်း လုပ်ကျွေးအံ့သောငှာ လည်းကောင်း မတတ်နိုင်သည် ဖြစ်၍၊

"အမိတို့။ သပိတ်တို့ကို ယူ၍၊ အရှင်ကောင်းတို့ကို ထိုင်စေ၍၊ ယာဂု, ခဲဖွယ် ကပ်ပြီး၍၊ ဆွမ်းဘုဉ်းပေးအံ့ သောအခါ၌ သပိတ်တို့ကို ပြည့်စေ၍ ကပ်ကုန်လော့။"ဟု ကျွန်မတို့ကို စေ၏။ ကျွန်မတို့သည်လည်း "ကောင်းပြီ။"ဟု ဝန်ခံကုန်၍ ရဟန်းတို့ကို ဝင်စေ၏။ ယာဂု, ခဲဖွယ်လှူပြီးသော်၊ ဆွမ်းဘုဉ်းပေးအံ့သောအခါ၌ သပိတ်တို့ကို ပြည့်စေ၍ သီရိမာအား ကြားကုန်၏။

သီရိမာသည် "ငါ့ကို ပွေ့၍ဆောင်ပါကုန်။ အရှင်ကောင်းတို့အား ရှိခိုးအံ့။"ဟု ဆို၏။ ထိုကျွန်မတို့သည် ရဟန်းတို့၏အထံသို့ ဆောင်၍၊ တုန်လှုပ်သောကိုယ် ရှိသည်ဖြစ်၍ ရဟန်းတို့ကို ရှိခိုး၏။

ထို သံဃာ့ထေရ်ဖြစ်သောရဟန်းသည် သီရိမာကို ကြည့်၍၊ 'နာသောသီရိမာ၏ တင့်တယ်ခြင်းသည်မျှ ဤသို့သဘော ရှိ၏။ မနာသောအခါ၌ ခပ်သိမ်းသောတန်ဆာဖြင့် တန်ဆာဆင်သော သီရိမာ၏ အဆင်းတင့်တယ်ခြင်းသည် အဘယ်ဆိုဖွယ် ရှိအံ့နည်း။'ဟု ကြံသော ထိုရဟန်းအား များသော, အကုဋေမကသော နှစ်တို့ပတ်လုံး ကျင်လည်သော ကိလေသာသည် နှိပ်စက်သဖြင့်၊ ထိုရဟန်းသည် စိတ် မရှိသကဲ့သို့ ဖြစ်၍ ဆွမ်းဘုဉ်းပေးအံ့သောငှာ မတတ်နိုင်။ ကျောင်းသို့ သွား၍၊ သပိတ်ကို ပိတ်၍၊ သင့်တင့်ရာ၌ ထား၍၊ သင်္ကန်းကိုခြုံ၍ အိပ်၏။ ထိုအခါ ထိုရဟန်းကို တစ်ပါးသောအဆွေခင်ပွန်းရဟန်းသည် တောင်းပန်သော်လည်း စားစိမ့်သောငှာ မတတ်နိုင်။ ထိုရဟန်းသည် အစာပြတ်သည် ဖြစ်၏။

ထိုနေ့၌ပင် သီရိမာသည် ညချမ်းအခါ၌ လွန်၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားအား "ရှင်ပင်ဘုရား။ ဇီဝကနှမငယ်ဖြစ်သော သီရိမာသည် လွန်ခဲ့ပြီ။"ဟု ကြားလျှောက်စေ၏။

မြတ်စွာဘုရားလည်း ထိုစကားကို ကြားတော်မူ၍ "သီရိမာ၏အလောင်းကို ကျီး,လင်းတ မစားရအောင် လုံ့စွာစောင့်စေကုန်။"ဟု မင်းအား တစ်ဖန် ကြားစေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း ပြု၏။

သေသည်မှ ၄ ရက်မြောက်သောနေ့၌ အလောင်းသည် ဖူးဖူးရောင်၏။ ၉ ပါးသော အပေါက်တို့မှ ပိုးလောက်တို့သည် ယိုထွက်ကုန်၏။ ကိုယ်အလုံး ကွဲအက်သဖြင့် သလေးထမင်းကဲ့သို့ ဖြစ်၏။

ဗိမ္ဗိသာရမင်းသည် "အိမ်၌ အစောင့်မျှကို ထား၍၊ သီရိမာ၏အလောင်းကို ရှုလာည့်ကုန်။ မရှုကုန်သောသူတို့အား ၈ အသပြာသောဒဏ်ကို ဖြစ်စေအံ့။"ဟု မြို့၌ စည်လည်စေ၏။ "ဘုရားအမှူးရှိသော သံဃာသည်လည်း ကြွလာစေသတည်း။"ဟု မြတ်စွာဘုရားအား ကြားလျှောက်စေ၏။

မြတ်စွာဘုရားသည် "သီရိမာကိုရှုခြင်းငှာ သွားကုန်အံ့" ရဟန်းတို့အား ကြားစေ၏။

ထိုရဟန်းသည် ၄ ရက်ပတ်လုံး တစ်ခွန်းသောစကားကိုမျှ မဆိုမူ၍ ပြတ်သောအစာအာဟာရရှိလျက် အိပ်၏။ သပိတ်၌ ဆွမ်းသည် သိုးပုပ်၏။ အညစ်အကြေးတက်၏။

ထိုအခါ၌ အိပ်သောရဟန်းကို အဆွေခင်ပွန်းသည် သွား၍၊ "ငါ့ရှင်။ မြတ်စွာဘုရားသည် သီရိမာကို ရှုအံ့သောငှာ သွားတော်မူ၏။"ဟု ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုရဟန်းသည် ထိုသို့ မွတ်သိပ်သောကိုယ်ရှိလျက်၊ 'သီရိမာ' ဟူ၍ ဆိုသောအသံကိုကြားလျှင်၊ အဆော တလျှင်ထ၍၊ ''အဘယ်သို့ ဆိုသနည်း။''ဟု မေး၏။

''မြတ်စွာဘုရားသည် သီရိမာကို ရှုအံ့သောငှာ သွားတော်မူ၏။ သင်လည်း သွားပါလော့''ဟု ဆိုသည်ရှိသော်၊ ''ကောင်းပြီ။ သွားအံ့။''ဟု ထ၍၊ သပိတ်၌ ထမင်းကို သွန်၍၊ သပိတ်ကို ဆေး၍၊ အိတ်၌ သွတ်၍ ရဟန်းအပေါင်းနှင့် လာ၏။

မြတ်စွာဘုရားလည်း ရဟန်းအပေါင်းခြံရံလျက် တစ်ဘက်သောနံပါး၌ ရပ်၏။ မင်း အစရှိသော ဥပါသကာ၊ ဥပသိကာပရိသတ်သည် နံပါးတစ်ဘက်၌ ရပ်၏။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကို ''ဤသူသည် အဘယ်သူနည်း။''ဟု မေး၏။

''အရှင်ဘုရား။ ဇီဝကနှမ သီရိမာတည်း။''ဟု လျှောက်၏။

''ဤသူသည် သီရိမာပင်လော။''ဟု မိန့်တော်မူပြန်၏။

''သီရိမာပင်တည်း။''ဟု လျှောက်ပြန်သော်၊

''မြတ်သောမင်းကြီး 'အသပြာ ၁၀၀၀ ပေး၍ သီရိမာကို ယူစေသတည်း။'ဟု မြို့၌ စည်လည်စေ။'' ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းလည်း ဘုရားမိန့်တိုင်း စည်လည်စေသော်၊ တစ်စုံတစ်ယောက်မျှ 'ငါယူအံ့။'ဆိုသောသူ မည်သည် မရှိဖြစ်၍၊ ''ရှင်ပင်ဘုရား။ မယူကုန်။''ဟု လျှောက်သော်၊ ''မြတ်သောမင်းကြီး-အဖိုးကို ထက်ဝက်-ထက်ဝက် ဆုတ်စေလော့။''ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ''၅၀၀ ပေး၍ ယူစေ။''ဟု စည်လည်စေ၏။ တစ်စုံတစ်ယောက် ယူမည့်သူကို မမြင်၍၊ အစဉ်သဖြင့် ထက်ဝက်-ထက်ဝက် ဆုတ်ခဲ့၏။ အယုတ်သဖြင့် 'အသပြာ ၁ ချင်ရွေးကိုမျှ ပေး၍ ယူစေသတည်း။'ဟု စည်လည်စေ၏။ 'ငါယူအံ့။'ဟု ဆိုသောသူမည်သည် မရှိ၍၊ ''ရှင်ပင်ဘုရား။ အချည်းနှီးပင် ယူလိုသောသူ မရှိပါပြီ။''ဟု လျှောက်၏။

''ချစ်သားရဟန်းတို့။ လူအပေါင်းတို့သည်ချစ်အပ်သော သီရိမာကို ရှုပါကုန်လော့။ ဤမြို့၌ အသပြာ ၁၀၀၀ ပေးမှ တစ်နေ့မွေ့လျော်ခြင်းကို ရ၏။ ယခုကား ၁ ချင်ရွေးမျှ ပေး၍ ယူမည့်သူ မရှိ။ ဤသို့ သဘော ရှိသော အဆင်းသည် ကုန်ခြင်း,ပျက်ခြင်းသို့ ရောက်၏။ ချစ်သားရဟန်းတို့။ နာသောသူအား အကြင်အပြစ်သည် ရှိ၏။ ထိုအပြစ်ကို ရှုပါကုန်လော့။''ဟု မိန့်တော်မူ၍-

'ပဿ စိတ္တိ ကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတံ။ ။' ဟူသော ဂါထာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား-

''ချစ်သားရဟန်းတို့။ အကြင်သီရိမာအား အမြဲတည်ခြင်းသည် မရှိ။ ထိုသီရိမာ၏ အဝတ်တန်ဆာတို့ဖြင့် အဆန်းအကြယ်ပြုအပ်သော၊ ၃၀၀ သောအရိုးတို့ဖြင့် ဆောက်အပ်သော၊ ဒႃၐ်သိမ်း ဣရိယာပုထ် ၄ ပါးတို့ဖြင့် ဆောင်အပ်သည်အဖြစ်ကြောင့် အမြဲလျှင် ကျင်နာတတ်သော၊ ၉ ပါးသောအပေါက်တို့မှ ယိုသော သွေး,ပြည်, ပိုးလောက်ရှိသော၊ များစွာသောသူတို့သည် အထွေထွေအပြားပြား ကြံအပ်သည်တို့ကို ရှုပါကုန်လော့။''ဟူလိုသည်။

ဒေသနာတော် အဆုံး၌ ၈ သောင်း ၄ ထောင်ကုန်သော ပရိသတ်တို့အား သစ္စာ ၄ ပါးကို သိ၍ အကျွတ်တရား ရခြင်းသည် ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

သီရိမာ၏အဆင်း၌ တပ်၍ ၄ ရက်ပတ်လုံး ဆွမ်း မစားသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် များစွာသောလူ,နတ်,ပြဟ္မာတို့အား သတ္တရသမဝါ၌ မဂ်,ဖိုလ် အမြိုက် တိုက်ကျွေး ၄ဝေတော် မူ၏။

၄၉- သူဆင်းရဲကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း။

ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေ၏။

ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ တစ်နေ့သ၌ ဝေနေယျတို့ကို ကြည့်တော်မူသော် မဂ်,ဖိုလ်၏ ဉပနိဿယနှင့်ပြည့်စုံသော ဆင်းရဲစွာသောပုဏ္ဏားကို မြင်၍၊ သံဃာတော်အပေါင်းခြံရံလျက် အာဠဝီပြည်သို့ ကြွတော်မူလေ၏။

အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကို ဆွမ်း ဖိတ်မန်ကုန်၏။ ထိုသူဆင်းရဲသည်လည်း 'မြတ်စွာဘုရား ရောက်တော်မူလာသည်'ဟု ကြား၍၊ 'မြတ်စွာဘုရားထံ၌ တရားနာအံ့။'ဟု စိတ်ကို ပြု၏။

ထိုနေ့၌ ထိုသူဆင်းရဲ၏နွားတစ်ခုသည် ခြံမှထွက်၍ ပြေးခဲ့၏။ ထိုသူဆင်းရဲသည် 'နွားကိုတည်း ရှာရအံ့လော၊ သို့မဟုတ် တရားတော်ကိုသော်တည်း နာရအံ့လော။'ဟု ကြံသော်၊ 'နွားကို ရှာဦးအံ့။ နွားကို ရှာ၍၊ ခြံသို့ သွင်းပြီး၍ နောက်မှ တရားနာအံ့။'ဟု စိတ်ကို ဆုံးဖြတ်၍ နံနက်စောစောအိမ်မှ ထွက်လေ၏။

အာဠဝီပြည်သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာ ၅၀၀ကို နေရာ၌နေစေ၍၊ ဆွမ်းလုပ်ကျွေး၍ အနုမောဒနာပြုစိမ့်သောငှာ သပိတ်ကို ယူကုန်၏။

မြတ်စွာဘုရားသည် 'အကြင်သူဆင်းရဲကို အမှီပြု၍ ယူဇနာ ၃၀ ခရီးကို ငါလာ၏။ ထိုသူဆင်းရဲ လာမှသာလျှင် ငါ တရားဟောရအံ့။'ဟု ဆိတ်ဆိတ်နေတော်မူ၏။

ထိုသူဆင်းရဲသည်လည်း နေမြင့်သောအခါ၌ နွားကို ရ၍၊ နွားအပေါင်း၌ ထည့်ခဲ့၍၊ 'ငါ့အား တစ်ပါးသော လျှုဖွယ်ဝတ္ထုသည် မရှိသော်လည်း ဘုရားမြတ်စွာအား ရှိခိုးခြင်းကိုမျှ ပြုရစေတော့'ဟု.ထမင်းမွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော်လည်း အိမ်သို့သွားအံ့သောငှာ စိတ်ကို မပြုမူ၍၊ မြတ်စွာဘုရားထံသို့ လျင်စွာလာ၍၊ ရိုသေစွာ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အမှူးစိုးကို ဆို၏။ "ရဟန်းသံဃာ၏ အကြွင်းထမင်း အစရှိသော တစ်စုံတစ်ခု သည် ရှိပါသေး၏လော။"ဟု မေး၍၊ "အရှင်ဘုရား။ အလုံးစုံ ထမင်း,ဟင်း စသည်, ရှိပါသေး၏။" ဆိုသော်၊ "ထိုသို့တပြီးကား ဤသူဆင်းရဲကို လုပ်ကျွေးပါ။"ဟု ဆို၏။

ထိုအမှူးစိုးသည်လည်း ထိုသူဆင်းရဲကို မြတ်စွာဘုရား မိန့်တော်မူရာ၌ပင် နေစေ၍ ယာဂုဘောဇဉ်တို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေး၏။ ထိုသူဆင်းရဲသည် ထမင်းစားပြီးသော် ခံတွင်းဆေး၍ ငြိမ်သက်စွာနေ၏။ ဤ သူဆင်းရဲကို ကျွေးမွေးစေသောအရာကို ထား၍ ပိဋကတ် ၃ ပါး၌ ဘုရားမြတ်အား ဤသူဆင်းရဲကိုကဲ့သို့ တစ်ပါးသောအရာ၌ ထမင်း,ဟင်းကို စီရင်သောမည်သည် မရှိ။ ငြိမ်းပြီးသောပူပန်ခြင်း ရှိသော ထိုသူဆင်းရဲ၏ စိတ်သည် တည်ကြည်သည် ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ မြတ်စွာဘုရားသည် ဒါနကထာ, သီလကထာစသော အစဉ်စကားကို ပြောဆို၍ သစ္စာ ၄ ပါးကို ထင်ရှားပြတော်မူ၏။ တရားဟောသောအဆုံး၌ သူဆင်းရဲသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာပြုပြီးသော် နေရာမှထ၍ ကြွတော်မူလေ၏။ များစွာသောလူအပေါင်းသည် မြတ်စွာဘုရားကို ပို့၍ပြန်၏။

ဘုရားနှင့် အတူသွားကုန်သော ရဟန်းတို့သည် ဘုရားမြတ်ကို ကဲ့ရဲ့ကုန်၏။

"ငါ့ရှင်တို့။ မြတ်စွာဘုရား၏အမှုကို ရှုပါကုန်လော့။ တစ်ပါးသောနေ့၌ ထမင်း,ဟင်းတို့ကို ဤသို့သဘော ရှိသော စီရင်ခြင်းမည်သည် မရှိ။ ယနေ့မူကား သူဆင်းရဲတစ်ယောက်ကို မြင်၍ ယာဂုထမင်း ပေးစေသည်။" ဟု ကဲ့ရဲ့ကုန်၏။

မြတ်စွာဘုရားသည်လည်း နောက်သို့ လှည့်၍ရပ်လျက် "ချစ်သားတို့။ အသို့ ဆိုကုန်သနည်း။"ဟု မေး၍၊ ထိုအကြောင်းကို ကြားသော်၊ "ချစ်သားရဟန်းတို့။ သြော်-ဟုတ်၏။ ယူဇနာ ၃၀ ရှိသော ခရီးခဲကိုလာသော ငါသည် ဤဥပါသကာ၏ ဥပနိဿယကိုမြင်၍ လာပေသည်။ ထိုသူသည်လည်း အလွန် ထမင်းမွတ်ခြင်း ပြင်းလှ၏။ နံနက်စောစော ထ၍ နွားကိုရှာလျက် တောအ၌ လှည့်ပတ်သွားလာရလေသည်။ 'ဝတ်မွတ်ခြင်းဆင်းရဲဖြင့် နှိပ်စက်သောသူအား တရား ဟောငြားသော်လည်း တရားကို ထိုးထွင်း၍သိခြင်းငှာ မတတ်နိုင်လတ္တံ့။'ဟု ကြံ၍၊ ဤသို့ ငါပြုသည်။ ထမင်းမွတ်သိပ်ခြင်းနှင့် တူသော အနာမည်သည် မရှိကုန်။"ဟု မိန့်တော်မူ၍-

'ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရာမာ ဒုခါ။

ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခန္တိ။ ။' ဟူသော တရားကို အာဠဝီပြည်၏အနီး၌ရပ်လျက် ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။

၅၀- ရက်ကန်းသည်သမီးကို အကြောင်းပြု၍ တရား ဟောတော်မူခြင်း။

ဒေသစာရီကြွတော်မူ၍ စာလိယမြို့သို့ရောက်တော်မူသော မြတ်စွာဘုရားသည် စာလိယတောင်ကျောင်းကြီး၌ ၁၈ နှစ်မြောက်ဝါကို ဆိုတော်မူ၏။ ထိုစာလိယတောင်ကျောင်းတော်၌ ၂ ဝါ ထပ်၍ ဝါဆိုတော် မူသောအခါ ၌လည်း အရှင်မေဃိယထေရ် အစရှိသည်တို့ကို အကြောင်းပြု၍၊ 'ဖန္ဒနံ စပလံ စိတ္တံ' အစရှိသော များစွာသော တရားဒေသနာတော်ဖြင့် များစွာသောဝေနေယျတို့ကို တရားအမြိုက် တိုက်ကျွေးတော်မူ၏။

စာလိယတောင်ကျောင်း၌ ၁၈ ဝါမြောက် ဝါကျွတ်တော်မူ၍ ဒေသစာရီကြွတော်မူလျှင်၊ သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။

တစ်နေ့သ၌ ကျွတ်ထိုက်သော ဝေနေယျတို့ကို ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူလျှင် အာဠဝီပြည်၌ ရက်ကန်းသည်သမီးအား သောတာပတ္တိမဂ်၏ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍၊ အာဠဝီပြည်သို့ ကြွတော်မူ၍၊ အာဠဝီပြည်၌ ရက်ကန်းသည်သမီးကို အကြောင်းပြု၍၊ 'အန္ဓီဘူတော အယံလောကော' အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းဝတ္ထုကား-

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီယကျောင်း၌ ဝါဆိုတော်မူသောအခါ အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကို ဆွမ်းဖိတ်၍ အလှူပေးကုန်၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော်-

'အဓုဝံ ဇီဝိတံ၊ ဓုဝံ မရဏံ၊ အဝဿံ မယာ မရိတဗ္ဗံ၊ မရဏပရိယောသာနံ မေဇီဝိတံ၊ ဇီဝိတံ မေ အနိယတံ၊ မရဏံ နိယတန္တိ။ ဟူ၍ အနုမောဒနာပြုတော်မူ၍၊

''ဤသို့ မရဏဿတိ ပွားစေကုန်။ အကြင်သူတို့အား မရဏဿတိကို မပွားစေအပ်။ ထိုသူတို့သည် နောက်အခါ၌ မြွေကို မြင်၍ ကြောက်သောယောကျ်ားကဲ့သို့ သေခြင်းသို့ ရောက်သောအခါ၌ မြည်တမ်းလျက် သေရကုန်၏။ အကြင်သူတို့သည် မရဏဿတိကို ပွားစေအပ်ကုန်၏။ ထိုသူတို့သည် အဝေးမှမြွေကို မြင်၍ လှံတံဖြင့် ယူ၍၊ စွန့်၍ တည်သောယောကျ်ားကဲ့သို့ သေသောအခါ မထိတ်လန့်ကုန်။ ထို့ကြောင့် မရဏဿတိကို ပွားစေအပ်၏။''ဟု မိန့်တော်မူ၏။

ထိုတရားဒေသနာတော်ကို ကြား၍ တစ်ပါးသောသူတို့သည် မေ့လျော့၍နေကုန်၏။

၁၆ နှစ်အရွယ်ရှိသော ရက်ကန်းသည်၏ သမီးတစ်ယောက်သည်ကား ''မြတ်စွာဘုရားတို့၏တရားသည် အံ့ဖွယ်ရှိစွ။ မရဏဿတိကို ပွားစေအပ်၏။''ဟု နေ့အခါ၌ လည်းကောင်း,ညဥ့်အခါ၌လည်းကောင်း မရဏဿတိကို ပွားစေ၏။

မြတ်စွာဘုရားသည် ထိုအာဠဝီပြည်မှ ထွက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။ သတို့သမီးသည် ၃ နှစ်ပတ်လုံး မရဏဿတိကို ပွားစေသလျှင်ကတည်း။

ထိုရောအခါ တစ်နေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်သောအခါ၌ လောကကို ကြည့်ရှုတော်မူသော်၊ ထိုသတို့သမီးကို ဉာဏ်တော်ကွန်ရက်အတွင်း၌ ဝင်သည်ကို မြင်တော်မူ၍၊ 'အသို့လျှင် ဖြစ်လတ္တံ့နည်း။'ဟု စုံစမ်းသော်၊

'ဤသတို့သမီးသည် ငါ၏တရားဒေသနာတော်ကို ကြားသောနေ့မှ စ၍ ၃ နှစ်ပတ်လုံး မရဏဿတိကို ပွားစေအပ်ပြီ။ ယခုအခါ ငါသည် ထိုအာဠဝီပြည်သို့ သွား၍၊ ဤသတို့သမီးကို ပြဿနာ ၄ ပါးကို မေး၍၊ ထိုသတို့သမီးသည် ဖြေသည်ရှိသော် ၄ ပါးသောအရာတို့၌ ကောင်းချီးပေး၍ 'အန္ဓဘူတော' အစရှိသော ဂါထာကို ဟောအံ့။ ဂါထာ၏အဆုံး၌ ထိုသတို့သမီးသည် သောတာပတ္တိဖိုလ်၌ တည်လတ္တံ့။ ထိုသတို့သမီးကို မှီ၍ များစွာသောလူအပေါင်းအားလည်း အကျိုးများသည် ဖြစ်လတ္တံ့။'ဟု သိတော်မူ၍၊ ၅၀၀ သောရဟန်းအပေါင်း အခြံအရံရှိသည် ဖြစ်၍၊ ဇေတဝန်ကျောင်းတော်မှ ထွက်၍ အစဉ်သဖြင့် အာဠဝီပြည်၌ အဂ္ဂါဠဝစေတီယကျောင်းသို့ ရောက်တော်မူ၏။ အာဠဝီပြည်သူတို့သည် 'မြတ်စွာဘုရား ကြွတော်မူလာသည်။'ဟု ကြား၍၊ ကျောင်းသို့ သွား၍ ဆွမ်းဖိတ်ကုန်၏။

ထိုသတို့သမီးသည်လည်း 'မြတ်စွာဘုရား ကြွတော်မူလာပြီ။'ဟု ကြား၍၊ 'ငါ၏အဖသည် လာသတတ်။ ထိုအဖသည်ကား ငါ့ဆရာဖြစ်သော၊ လပြည့်ဝန်းနှင့် တူသောမျက်နှာ ရှိသော၊ မြတ်သော ဂေါတမဘုရား တည်း။'ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍၊ 'ငါသည် ဤ ၃ နှစ်တို့၏အထက်၌ ရွှေအဆင်းနှင့် တူသောအဆင်း ရှိသော မြတ်စွာဘုရားကို မြင်ဖူး၏။ ယခုအခါ၌ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့် တူသောကိုယ်တော်ကို ဖူးမြင်အံ့သောငှာ၊ သာယာစွာသောတရားကို နာအံ့သောငှာ ငါသည် ရလတ္တံ့။'ဟု ကြံ၏။

ထိုသတို့သမီး၏အဖသည်ကား ရက်ကန်းရက်ရာဇရပ်သို့ သွားသည်ရှိသော်၊ ''အမိ။ ဖခင်သည် သူတစ်ပါး၏ဥစ္စာဖြစ်သော ပုဆိုးကို ရက်ကန်းစင်၌ တင်ဆက်အပ်ပြီ။ ထိုပုဆိုးအား ၁ ထွာမျှလောက်သည် မပြီးသေး။ ယနေ့ ထိုပုဆိုးကို ပြီးစေအံ့။ လျင်စွာ ရက်ဖောက်ယောက်၍ အပို့လာလှည့်။''ဟု မှာခဲ့၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသတို့သမီးသည် ကြံ၏။ 'ငါသည် မြတ်စွာဘုရား၏တရားကို နာခြင်း၌ အလိုရှိ၏။ အဖသည်လည်း 'ရက်ဖောက်ယောက်၍ ပို့လှည့်။'ဟု ငါ့ကို မှာခဲ့၏။ အသို့နည်း။ မြတ်စွာဘုရားတရားကို ရှေးဦးစွာ နာရအံ့လော။ ရက်ဖောက်ယောက်၍သော်လည်း ပို့ရအံ့လော။'ဟု ကြံသောအခါ၊ ထိုသတို့သမီးအား ဤသို့ အကြံဖြစ်၏။

'အဖသည် ငါ့ကို ရက်ဖောက် မပို့လာသော် သတ်ခတ်ရာ၏။ ထို့ကြောင့် ရက်ဖောက်ယောက်၍ အဖအား ပေးချေ၍ နောက်မှ တရားကိုနာအံ့။'ဟု အကြံဖြစ်၍၊ ပျဉ်ငယ်၌ ထိုင်၍ ရက်ဖောက်ယောက်၏။

ပြည်သူတို့သည် ဆွမ်းလုပ်ကျွေး၍၊ သပိတ်ကို ယူ၍ အနုမောဒနာပြုစိမ့်သောငှာ ရပ်၏။

မြတ်စွာဘုရားသည် 'ငါသည် အကြင်ရက်ကန်းသည်သမီးကို အမှီပြု၍ ယူဇနာ ၃၀ ခရီးကို လာခဲ့၏။ ထိုရက်ကန်းသည်သမီးသည် ယခုအခါ၌ တရားနာခွင့်ကို မရသေး။ ထိုသတို့သမီး အခွင့်ရမှ အနုမောဒနာ ပြုအံ့။'ဟု ဆိတ်ဆိတ်နေတော်မူ၏။ ဤသို့ ဆိတ်ဆိတ်နေသောမြတ်စွာဘုရားကို နတ်နှင့်တကွသော လူ၌ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသောစကားကို ဆိုခြင်းငှာ မဝံ့။

ထိုသတို့သမီးသည် ရက်ဖောက်ယောက်၍၊ တောင်း၌ ထည့်၍ အဖ၏အထံသို့ သွားသည်ရှိသော်၊ ပရိသတ်၏အစွန်းသို့ ရောက်၍၊ မြတ်စွာဘုရားကို တစောင်းကြည့်၍ သွား၏။ မြတ်စွာဘုရားသည်လည်း လည်တော်ကို ကြွချီ၍ ကြည့်တော်မူ၏။

ထိုသတို့သမီးသည် ဘုရားကြည့်တော်မူသော အခြင်းအရာဖြင့် 'မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ပရိသတ်၏အလယ်၌ နေတော်မူ၍ ငါ့ကိုကြည့်သော် ငါ၏လာခြင်းကို တောင့်တ၏။ ကိုယ်တော်အထံသို့ ငါ၏လာခြင်းကိုသာလျှင် တောင့်တတော်မူ၏။' ဟု သိသဖြင့်၊ ထိုသတို့သမီးသည် ရက်ဖောက်တောင်းကို တစ်ခုသောအစွန်း၌ ထားခဲ့၍ မြတ်စွာဘုရားအထံသို့ သွားလေ၏။

အဘယ့်အကြောင်းကြောင့် ထိုသတို့သမီးကို မြတ်စွာဘုရားသည် လည်တော်ကိုချီမြှင့်၍ ကြည့်သနည်း ဟူမူကား မြတ်စွာဘုရားအား ဤသို့ အကြံတော်သည် ဖြစ်၏။ 'ဤသတို့သမီးသည် ထိုရက်ကန်းရက်ရာဇရပ်သို့သာ သွားလေသည်ရှိသော် ပုထုဇဉ်၏အဖြစ်ဖြင့် သေခြင်းကို ပြု၍ မမြဲသောဂတိ ရှိသည် ဖြစ်လတ္တံ့။ ငါ၏အထံသို့လာ၍ သွားသော်ကား၊ သောတာပတ္တိဖိုလ်သို့ရောက်၍၊ မြဲသောဂတိ ရှိသည်ဖြစ်၍ တုသိတာနတ်ပြည်၌ ဖြစ်လတ္တံ့။' ဟု အကြံတော်ရှိ၍ ကြည့်သတည်း။ ထိုသတို့သမီးအား ထိုနေ့၌ သေခြင်းမှ လွတ်သောမည်သည် မရှိ။

ကြည့်တော်မူသောအမှတ်ဖြင့် မြတ်စွာဘုရားသို့ ကပ်၍၊ ရောင်ခြည်တော် ၆ သွယ်တို့၏အကြားသို့ ဝင်၍၊ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်သောအရပ်၌ ရပ်၏။

ဤသို့သဘောရှိသော ပရိသတ်၏အလယ်၌ ဆိတ်ဆိတ်နေတော်မူသော မြတ်စွာဘုရားသည် သတို့သမီး ရှိခိုး၍ ရပ်သောခဏ၌သာလျှင်၊

''အို- သတို့သမီးငယ်။ အဘယ်အရပ်မှ သင်သည် လာခဲ့သနည်း။''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ် မသိ။''ဟု သတို့သမီး ဆို၏။

''အဘယ်အရပ်သို့ သင်သတို့သမီးငယ် သွားလိမ့်မည်နည်း။''ဟု မေးတော်မူပြန်၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် မသိပါ။''ဟု ဆိုပြန်၏။

''သင်သည် မသိလော။''ဟု မေးတော်မူပြန်သော်၊ ''ရှင်ပင်ဘုရား။ သိပါ၏။''ဟု သတို့သမီး လျှောက်၏။

''သင် သိ၏လော။''ဟု ဘုရားမေးပြန်သော်၊ ''ရှင်ပင်ဘုရား။ မသိပါ။''ဟု လျှောက်ပြန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ထိုသတို့သမီးကို ၄ ပါးသောပြဿနာကို မေးတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

လူများအပေါင်းသည် ကဲ့ရဲ့၏။ ''အမောင်တို့။ ကြည့်ပါကုန်လော့။ ဤရက်ကန်းသည်သမီးသည် မြတ်စွာဘုရားနှင့်တကွ ဆိုချင်တိုင်းဆို၏။ စင်စစ် 'အဘယ်မှလာခဲ့သနည်း။' မေးတော်မူလျှင် 'ရက်ကန်းသည်အိမ်မှ လာပါသည်။'ဟု ဤသတို့သမီး ဆိုအပ်၏။ 'အဘယ်သို့ သွားလိမ့်မည်နည်း။'ဟု မေးတော်မူပြန်လျှင်လည်း 'ရက်ကန်းရက်ရာဇရပ်သို့ သွားပါမည်။' ဆိုအပ်၏။ သို့ကိုလျက် ဆိုချင်တိုင်းဆို၏။''ဟု ကဲ့ရဲ့၏။

မြတ်စွာဘုရားသည်လည်း လူအပေါင်းကို အသံဆိတ်သည်ကို ပြုတော်မူ၍ ''သတို့သမီး။ 'အဘယ်မှလာသနည်း။'ဟု ငါမေးလျှင်၊ သင်သည် 'အကျွန်ုပ် မသိပါ။'ဟု အဘယ်ကြောင့် ဆိုသနည်း။'' မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်ကို ရက်ကန်းသည်အိမ်မှ လာသောအဖြစ်ကို သိတော်မူကုန်လျက်၊ 'အဘယ်မှလာခဲ့သနည်း။'ဟု မေးတော်မူသည်မှာ 'အဘယ်ဂတိမှလာ၍ ဤလူ၏အဖြစ်၌ သင်ဖြစ်လာသနည်း။'ဟု မေးတော်မူကုန်၏။ အကျွန်ုပ်သည် အဘယ်ဂတိမှလာ၍ ဤလူအဖြစ်၌ ဖြစ်သည်ကို မသိသောကြောင့် 'မသိ' ဆိုပါသည်။''ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုသူငယ်မအား ''ကောင်း၏။ ကောင်း၏။ သတို့သမီးငယ်။ ငါမေးသောပြဿနာကို သင်သည်သာ ဖြေနိုင်၏။''ဟု ကောင်းချီးပေးတော်မူ၍ အလွန်လျှင် မေးတော်မူပြန်၏။

''အဘယ်အရပ်သို့ သွားလေအံ့နည်း။'ဟု ငါမေးအပ်သော်၊ အဘယ့်ကြောင့် 'မသိ' ဆိုသနည်း။''ဟု မေး၏။

''ရှင်ပင်ဘုရား။ အရှင်တို့သည် 'ရက်ဖောက်တောင်းကို ယူ၍ ရက်ကန်းရက်ရာဇရပ်သို့ သွား၏။' ဟု သိလျက် မေးတော်မူသည်မှာ 'ဤ လူ၏အဖြစ်မှ တစ်ဖန်သွား၍ အဘယ်ဂတိ၌ ဖြစ်လိမ့်သနည်း။'ဟု မေးတော်မူကုန်၏။ အကျွန်ုပ်သည်လည်း ဤကိုယ်၏အဖြစ်မှ စုတေသော် အဘယ်ဂတိသို့ သွား၍ ဖြစ်လတ္တံ့သည်ကို မသိသောကြောင့် 'မသိ' ဆိုပါသည်။''ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ''ကောင်း၏။ ကောင်း၏။ သတို့သမီး။ ငါ၏အမေးကို သင်သာ ဖြေနိုင်၏။''ဟု ကောင်းချီးပေးတော်မူ၍ တစ်ဖန်မေးတော်မူ၏။

''အဘယ်ကြောင့် 'သင်သည် မသိလော။'ဟု ငါမေးသော်၊ 'သိပါ၏။'ဟု လျှောက်သနည်း။''ဟူ၍ မေးတော်မူပြန်သော်၊

''ရှင်ပင်ဘုရား။ သေရအံ့သောအဖြစ်ကို သိပါ၏။ ထို့ကြောင့် ဤသို့ လျှောက်ပါသည်။''ဟု လျှောက်သောအခါ၊ ရှေးပြဿနာတို့ကို ဖြေရာ၌ကဲ့သို့ ကောင်းချီးပေးတော်မူ၏။

'' 'သင်သည် သိ၏လော။'ဟု ငါမေးသော်၊ 'မသိပါ။'ဟု အဘယ်ကြောင့် သင် ဆိုသနည်း။'' မေးတော်မူသော်၊

''ရှင်ပင်ဘုရား။ သေရလတ္တံ့သည်၏အဖြစ်ကိုသာ သိ၍၊ 'နေ့သေရအံ့၊ ညဉ့်သေရအံ့၊ နံနက်သေရအံ့။' ဤသို့ အစရှိသည်ဖြင့် သေရအံ့သောအခါကို မသိပါသောကြောင့် 'အကျွန်ုပ် မသိ။' ဆိုပါသည်။''ဟု လျှောက်၏။

ထိုအခါ၌လည်း ''ကောင်း၏။ ကောင်း၏။ သတို့သမီး။ သင်သည်သာလျှင် ငါ၏အမေးကို ဖြေနိုင်၏။''ဟု ကောင်းချီးပေးတော်မူ၍၊ ပရိသတ်ကို ဆိုတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ဤမျှလောက် များစွာကုန်သောသင်တို့သည် ဤသတို့သမီးငယ်ဆိုသော အခြင်းအရာကို မသိကုန်။ စင်စစ် ကဲ့ရဲ့တတ်ကုန်သည် သာလျှင်တည်း။ အကြင်သူတို့အား ပညာမျက်စိသည် မရှိ။ ထိုသူတို့သည် 'သူကန်း' မည်ကုန်၏၊ အကြင်သူတို့အား ပညာမျက်စိ ရှိကုန်၏။ ထိုသူတို့အား မျက်စိအမြင် ရှိကုန်၏။" ဟု မိန့်တော်မူ၍-

'အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ၊

သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။' အနက်-

"ဘောန္တော၊ အို-လူများအပေါင်းတို့။ အယံ လောကော၊ ဤလောကသည်။ အန္ဓီဘူတော၊ ပညာမျက်စိ မရှိသည်ဖြစ်၍ အမိုက်အတိသာ ဖြစ်၏။ ဧတ္ထ၊ ဤလောက၌။ တနုကော၊ အနည်းငယ်မျှသော သူသည်။ ဝိပဿတိ၊ အနိစ္စ အစရှိသည်ဖြင့် မြင်နိုင်၏။ ဇာလမုတ္တော၊ ငှက်ခတ်သမား၏ပိုက်တွင်းမှ ထွက်မြောက်နိုင်သော။ သကုဏော၊ ငှက်သည်။ အပ္ပေါဣဝ၊ နည်းသကဲ့သို့။ အပ္ပေါ၊ အနည်းငယ်သောသူသည်သာ။ သဂ္ဂါယ၊ နတ်ပြည်အကျိုးငှာ၊ ဂစ္ဆတိ၊ သွား၏။"

ဤဒေသနာတော်အဆုံး၌ သတို့သမီးငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ များစွာသော လူအပေါင်းအားလည်း သောတာပတ္တိဖိုလ်ကိုရခြင်း အစရှိသောအကျိုး ရှိသည်သာဖြစ်၏။

ထိုသတို့သမီးသည်လည်း ရက်ဖောက်တောင်းကိုယူ၍ အဖ၏အထံသို့ သွား၏။ အဖသည် ထိုင်လျက် အိပ်ပျော်နှင့်၏။ အိပ်ပျော်သောအခြင်းအရာကို မမှတ်မူ၍ ရက်ဖောက်တောင်းကိုကမ်းသော် ထိုသတို့သမီး၏ တောင်းသည် လက်ခတ်စွန်းကို ခတ်မိ၍၊ အသံကိုပြု၍ ကျ၏။ အဖသည် ကိုင်မြဲတိုင်းသောအမှတ်ဖြင့် လက်ခတ်ကို ငင်၏။ လက်ခတ်စွန်းသည် ထိုသတို့သမီးငယ်၏ရင်၌ ခတ်မိ၏။ သတို့သမီးသည် ခတ်မိရာ၌ပင် သေ၍ လဲလေ၏။ ထိုအခါ၌ အဖသည် ထိုသတို့သမီးကိုကြည့်သော် ကိုယ်၌ သွေးလိမ်းကျံသဖြင့် သေသည်ကိုမြင်၍ ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏။

ထိုစိုးရိမ်ခြင်းကို "ဘုရားမှတစ်ပါးသော သူသည် ငြိမ်းစေခြင်းငှာ မတတ်နိုင်လတ္တံ့" ဟု ငိုကြွေးလျက် မြတ်စွာဘုရား၏အထံသို့ သွား၍၊ အကြောင်းကို ကြားလျှောက်၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ်၏စိုးရိမ်ခြင်းကို ငြိမ်းပါစေကုန်လော့။" ဟု လျှောက်၏။

ထိုရက်ကန်းသည်ကို မြတ်စွာဘုရားသည် သက်သာစေ၍၊ "ဒါယကာ။ မစိုးရိမ်လင့်။ အစမထင်သော သံသရာဝဋ်၌ ဤယခုအခါ၌ကဲ့သို့ သင့်သမီး၏သေသောအခါ၌ ယိုသော သင်၏မျက်ရည်သည် မဟာသမုဒ္ဒရာ ၄ စင်းရေထက် လွန်မြတ်၏။" ဟု မိန့်တော်မူ၍၊ အစမထင်သော သံသရာဝဋ်၌ ယှဉ်သောစကားကို ပြောဆိုတော်မူ၏။

ထိုအဖရက်ကန်းသည်သည် စိုးရိမ်ခြင်းခေါင်းပါးသည်ဖြစ်၍၊ မြတ်စွာဘုရားအထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၍၊ ပဉ္စင်းရဟန်းအဖြစ်ကို ရ၍၊ မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၅၁- မုဆိုးမယားကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

အာဠဝီပြည်၌ မွေ့လျော်တော်မူသောအတိုင်း နေ၍ ဒေသစာရီကြွတော်မူသောအခါ၊ ရာဇဂြိုလ်ပြည်သို့ ရောက်တော်မူသောအခါ ၁၉ နှစ်မြောက်သော ဝါကို ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူ၏။ 'ပါဏိမိုစေ' အစရှိသော တရားဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ 'ကုက္ကုဋမိတ္တ' အမည်ရှိသော မုဆိုးကို အကြောင်းပြု၍ ဟောတော်မူ၏။ အကြောင်းကား-

ရာဇဂြိုလ်ပြည်၌ တစ်ယောက်သောသူဌေးသမီးသည် အရွယ်သို့ရောက်သည်ရှိသော်၊ ဘုံ ၇ ဆင့်ရှိသော ပြာသာဒ်၏အထက်၌ အသရေရှိသောတိုက်၌ စောင့်ရှောက်အံ့သောငှာ တစ်ယောက်သောအလုပ်အကျွေးကို ပေး၍ အမိအဖတို့သည် ထားအပ်သတည်း။

တစ်နေ့သ၌ ညချမ်းသောအခါ လေသာတံခါးဖြင့် ခရီးမကို ကြည့်သည်ရှိသော်၊ ကျော့ကွင်း ၅၀၀၊ တံကျင် ၅၀၀ တို့ကို ယူ၍၊ သမင်တို့ကိုသတ်၍ အသက်မွေးသော 'ကုက္ကုဋမတ္တိ' အမည်ရှိသောမုဆိုးကို ၅၀၀ သော သမင်တို့ကို သတ်၍၊ ထိုသမင်တို့၏အသားဖြင့် ကြီးစွာသောလှည်းကို ပြည့်စေ၍၊ လှည်းဦး၌ နေပြီးလျှင် အမဲရောင်းအံ့သောငှာ မြို့သို့ဝင်လာသည်ကို မြင်၍၊ ထိုမုဆိုး၌ တပ်သောစိတ်ရှိသည် ဖြစ်၍၊ အလုပ်အကျွေးယေ်၏ လက်၌ လက်ဆောင်ပဏ္ဏာကို ပေး၍၊ ''သင် သွားချေ။ ထိုလှည်းသမား၏ သွားအံ့သော အခါကို သိအောင်မေး၍ လာခဲ့။''ဟု စေလိုက်၏။

ထိုအလုပ်အကျွေးယေ်သည် သွား၍၊ ထိုလှည်းသမားအား လက်ဆောင်ပဏ္ဏာကို ပေး၍၊ 'ယနေ့ အမဲကို ရောင်း၍၊ မနက်ဖြန်မနက်စောစော ဤမည်သောတံခါးဖြင့် ထွက်၍ သွားအံ့။'ဟု ထိုမုဆိုး ဆိုသောစကားကို ကြား၍၊ လာခဲ့၍ ထိုသူဌေးသမီးအား ကြား၏။

သူဌေးသမီးသည် မိမိယူအပ်သည်နှင့်ယှဉ်သော အဝတ်ပုဆိုး၊တန်ဆာကိုစီရင်၍၊ နံနက်စောစောက ညစ်နွမ်းသောအဝတ်ကို ဝတ်၍၊ ရေအိုးကို ယူ၍၊ ကျွန်မတို့နှင့်တကွ ရေဆိပ်သို့သွားသကဲ့သို့ ထွက်၍၊ ထိုတံခါး အရပ်သို့ သွား၍ ထိုမုဆိုး၏အလာကို ကြည့်လျက်နေ၏။

ထိုမုဆိုးသည်လည်း နံနက်စောစော လှည်းကိုနှင်လျက် ထွက်လေ၏။ ထိုသူဌေးသမီးသည် ထိုလှည်း၏ နောက်မှ သွားလေ၏။ ထိုမုဆိုးသည် ထိုသူဌေးသမီးကို မြင်၍၊ ''ငါတို့သည် သင့်ကို 'ဤမည်သောသူ၏သမီး' ဟူ၍ မသိကုန်။ ငါသို့ အစဉ်မလိုက်ပါလင့်။''ဟု ဆို၏။

''သင်သည် ငါ့ကို မခေါ်။ ငါသည် မိမိသဘောအားဖြင့် လာ၏။ သင်သည် ဆိတ်ဆိတ်သာနေ၍ သင်၏လှည်းကိုသာ နှင်လေလော့။''ဟု ဆို၏။

ထိုမုဆိုးသည် အဖန်တလဲလဲ ထိုသူဌေးသမီးကို မြစ်သလျှင်ကတည်း။ ထိုအခါ သူဌေးသမီးသည် ထို မုဆိုးကို ဆို၏။

''အမောင်။ မိမိ၏အထံသို့ 'အသရေ' မည်သည် လာသည်ကို မြစ်အံ့သောငှာ မအပ်။''ဟူ၍ ဆို၏။ ထိုမုဆိုးသည် ယုံမှားမရှိလျှင်၊ မိမိအထံသို့ ထိုသူဌေးသမီး သောအကြောင်းကို သိ၍ ထိုသူဌေးသမီးကို လှည်းထက်သို့တက်စေ၍ သွားလေ၏။

ထိုသူဌေးသမီး၏မိဘတို့သည်ကား ထိုမှဤမှ ရှာ၍ မရလျှင်၊ ''သေလေတော့သည် ဖြစ်လတ္တံ့။''ဟု သူသေအား ရည်၍ ထမင်းကျွေးခြင်းကို ပြုကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသူဌေးသမီးသည် မုဆိုးနှင့်တကွ ပေါင်းဖော်ခြင်းကို စွဲ၍၊ အစဉ်သဖြင့် သားယောကျ်ား ၇ ယောက် ဖွားမြင်၍၊ ထိုသားတို့ အရွယ်သို့ရောက်သောအခါ အိမ်ရာထောင်ခြင်းဖြင့် နှောင်ဖွဲ့၏။

ထိုရောအခါ မြတ်စွာဘုရားသည် တစ်နေ့သ၌ မိုးသောက်အခါ လောကကိုကြည့်တော်မူသော် သား ၇ယောက်, ချွေးမ ၇ ယောက်တို့နှင့်တကွ ကုက္ကုဋမိတ္တမုဆိုးကို ဉာဏ်တော်၏အတွင်း၌ ဝင်သည်ကိုမြင်၍၊ 'ဤသူအပေါင်းသည် အသို့ဖြစ်လတ္တံ့နည်း။' ဟု စူးစမ်းတော်မူသည်ရှိသော်၊ ထို ၁ ကျိပ် ၅ ယောက်ကုန်သော သူတို့အား သောတာပတ္တိမဂ်၏ ဥပနိဿယကို မြင်တော်မူ၍၊ နံနက်စောစောကလျှင် သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ထိုမုဆိုး၏ ကျော့ကွင်းထောင်ရာအရပ်သို့ ကြွတော်မူလေ၏။ ထိုနေ့၌ ကျော့ကွင်း၌ မိသော တစ်ခုသောသမင် မည်သည် မရှိ။ မြတ်စွာဘုရားသည် ထိုမုဆိုး၏ ကျော့ကွင်းရင်း၌ ခြေတော်ရာကို ပြ၍ ရှေ့မှ တစ်ခုသောချုံအောက် အရိပ်၌ နေတော်မူ၏။

ကုက္ကုဋမိတ္တမုဆိုးသည်လည်း လေးကို ယူလျက် ကျော့ကွင်းထောင်ရာသို့ သွား၍၊ အစမှ စ၍ ကျော့ကွင်းတို့ကို ကြည့်သည်ရှိသော်၊ ကျော့ကွင်း၌မိသော သမင် တစ်ခုကိုမျှ မမြင်။ မြတ်စွာဘုရားခြေတော်ရာကိုသာ မြင်လေ၏။

ထိုအခါ မုဆိုးအား ဤသို့ အကြံ ဖြစ်၏။ 'ဤခြေရာ ပြသောသူသည် ငါ၏ကျော့ကွင်း၌မိသော သမင်တို့ကို လွှတ်လတ္တံ့။' ဟု ကြံလျက်၊ ထိုမုဆိုးသည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ သွားသော်၊ ချုံရိပ်၌နေသော မြတ်စွာဘုရားကို မြင်၍၊ 'ဤသူသည်ပင် ငါ၏သမင်တို့ကို လွှတ်အပ်သည် ဖြစ်လတ္တံ့။ ထိုသူကိုသတ်အံ့။' ဟု လေးကို တင်၏။

မြတ်စွာဘုရားသည် မြားကို လွှတ်အံ့သောငှာ လည်းကောင်း, ချအံ့သောငှာ လည်းကောင်း ပေးတော်မမူ။ မုဆိုးသည် မြားကို လွှတ်အံ့သောငှာ လည်းကောင်း, ချအံ့သောငှာ လည်းကောင်း မတတ်နိုင်သည်ဖြစ်၍၊ နံရိုး ကျိုးအံ့သကဲ့သို့ ခံတွင်းမှ တံတွေးအမြှုပ် ယိုသဖြင့် ပင်ပန်းသောသဘောရှိသည် ဖြစ်၏။

ထိုအခါ ထိုမုဆိုး၏သားတို့သည် အဖအိမ်သို့ သွား၍၊ "ငါတို့၏အဖသည် ကြာလေစွ။ ဤသို့ ကြာမြင့်ခြင်းသည် အကြောင်း အသို့နည်း။" ဆို၍၊ "ချစ်သားတို့။ အဖ၏အထံသို့ သွားကုန်လော့။" ဟု အမိသည် စေအပ်ရကား၊ သားတို့သည် လေးကို ယူ၍ သွားကုန်သော်၊ လေးကို မတင်နိုင်, မချနိုင်ဘဲရှိသော အဖကို မြင်၍၊ "ဤချုံအောက်၌ နေသောသူသည် ငါတို့အဖ၏ ရန်သူ ဖြစ်လတ္တံ့။" ဟု ၇ ယောက်သောသားတို့သည် လေးကို တင်ကုန်၏။

မြတ်စွာဘုရား တန်ခိုးတော်အားဖြင့် ထိုသူတို့၏အဖသည် လေးကို မတင်နိုင်,မချနိုင်ဘဲ အမြှုပ်ထွက်၍ ပန်းဟိုက်သကဲ့သို့၊ ထိုသား ၇ ယောက်တို့သည်လည်း ရှိလေကုန်၏။

ထိုအခါ အမိသည် 'ငါ၏သားတို့သည် အဘယ့်ကြောင့် ကြာလေကုန်သနည်း။' ဟု ၇ ယောက်သော ချွေးမတို့နှင့်တကွ သွားလေ၍၊ ထိုအခြင်းအရာဖြင့်တည်ကုန်သော သားအဖ ၈ ယောက်တို့ကို မြင်၍၊ 'အဘယ်သူ အားပစ်အံ့ ဟု ဤသူတို့သည် လေးတင်၍ နေကုန်သနည်း။' ဟု ကြည့်သည်ရှိသော်၊ မြတ်စွာဘုရားကို မြင်၍၊ လက်မောင်းကို မြှောက်၍၊ "ငါ၏ဖခင်ကို မဖျက်ဆီးပါကုန်လင့်။" ဟု သည်းစွာသောအသံကို ပြု၏။

ကုက္ကုဋမိတ္တမုဆိုးသည် ထိုအသံကိုကြား၍၊ 'ငါသည် စင်စစ် ဖျက်ဆီးသည်ဖြစ်၏။ ဤသူသည် ငါ၏ ယောက္ခမပေတည်း။ ငါသည် ဝန်လေးသောအမှုကို ပြုမိချေ၏တကား။' ဟု ကြံ၏။ ထိုမုဆိုး၏သားတို့သည်လည်း 'ဤသူသည် ငါတို့အဘိုး ဖြစ်သတည်း။ ငါတို့အမှုသည် ဝန်လေး၏။' ဟု ကြံကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကုက္ကုဋမှုဆိုးသည် 'ဤသူသည် ငါ၏ ယောက္ခမပေတည်း။'ဟု မေတ္တာစိတ်ကို ဖြစ်စေ၏။ သား ၇ ယောက်တို့သည် 'ငါတို့၏အဘိုးတည်း။'ဟု မေတ္တာစိတ်ကို ဖြစ်စေကုန်၏။

ထိုရောအခါ၌ သားတို့၏အမိသည် လျင်စွာ လေးတို့ကို စွန့်ပစ်စေ၍၊ ''ငါ၏အဖကို သည်းခံပါစေ။'' ဟုဆို၏။

မြတ်စွာဘုရားသည် ထိုသူတို့၏ နူးညံ့သောစိတ်ကိုသိတော်မူ၍၊ လေးကို ချနိုင်စေခြင်းငှာ အခွင့် ပေးတော်မူ၏။ ထို အလုံးစုံသောသူတို့သည် မြတ်စွာဘုရားကို ရှိခိုး၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ်တို့အား သည်းခံတော်မူပါ။''ဟု သည်းခံစေ၍ တင့်အပ်သောအရပ်၌ နေကုန်၏။ ထိုအခါ ထိုသူတို့အား မြတ်စွာဘုရားသည် ဒါန,သီလ အစရှိသော အစဉ်စကားကို ပြောဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ကုက္ကုဋမိတ္တမုဆိုးသည် သား ၇ ယောက်တို့နှင့် လည်းကောင်း၊ ချွေးမ ၇ ယောက်တို့နှင့် လည်းကောင်း တကွ မိမိလျှင် ၁ ကျိပ် ၅ ယောက်မြောက်ဖြစ်၍ သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ကျောင်းသို့ ကြွတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ''ရှင်ပင်ဘုရား။ အဘယ်အရပ်သို့ ကြွတော် မူချေသနည်း။''ဟု မေး၏။

''အာနန္ဒာ။ ကုက္ကုဋမိတ္တမုဆိုး၏အထံသို့ သွားချေသည်။''ဟု မိန့်တော်မူ၏။

''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ပါဏာတိပါတ်ကို ပြုသောသူ၏အထံသို့ အရှင်ဘုရားတို့ ကြွခြင်း သည် အကြောင်းမည်သို့ ဖြစ်သနည်း။''ဟု လျှောက်သော်၊

''ဩော်-အာနန္ဒာ။ ထိုကုက္ကုဋမိတ္တမုဆိုးသည် သား,ချွေးမ ၁ ကျိပ် ၄ ယောက်တို့နှင့်တကွ မိမိကိုယ်လျှင် ၁ ကျိပ် ၅ ယောက်မြောက် ဖြစ်၍၊ မတုန်လှုပ်သော သဒ္ဓါခြင်း၌ တည်၍၊ ၃ပါးသောသရဏဂုံတို့၌ ယုံမှား ကင်းသည် ဖြစ်၍ မကောင်းမှုကို မပြုသည် ဖြစ်ကုန်ပြီ။''ဟု မိန့်တော်မူလျှင်၊ ရဟန်းတို့သည် လျှောက်ပြန် ကုန်၏။

''ရှင်ပင်ဘုရား။ ထိုမုဆိုးအား မယားသည်လည်း ရှိသည် မဟုတ်လော။''ဟု လျှောက်ကုန်၏။

''ချစ်သားရဟန်းတို့။ 'မယား ရှိသည်။'ဟုတ်၏။ ထိုမယားသည် အမိအဖတို့၏ အိမ်၌ သတို့သမီးငယ် ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်၏။''ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ ''ကုက္ကုဋမိတ္တမုဆိုး၏ မယားသည် သတို့သမီးငယ် ဖြစ်သော အခါ၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်၏။ ထိုမုဆိုးအိမ်သို့ ရောက်၍ ၇ ယောက်သောသားတို့ကို ရ၏။ ဤမျှသော ကာလပတ်လုံး မိမိလင်သည် 'လေးကို ဆောင်ခဲ့လော့။ လှံကို ဆောင်ခဲ့လော့။ မြားတို့ကို ဆောင်ခဲ့လော့။ ပိုက်တို့ကို ဆောင်ခဲ့လော့။'ဟု ဆိုအပ်သည်ရှိသော် အလုံးစုံကို ယူ၍ ပေး၏။ ထိုမုဆိုးသည်လည်း ထိုမယား ပေးအပ်သော လေး,မြားစသည်တို့ကို ယူ၍၊ တောသို့သွား၍ ပါဏာတိပါတ်ကို ပြု၏။ အကြောင်းအသို့နည်း။ သောတာပန်တို့ပင်တည်း သူ့အသက်သတ်ခြင်းကို ပြုကုန်သေးသလော။''

ဤသို့ စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် တရားသဘင်သို့လာတော်မူ၍၊ ''ချစ်သားရဟန်းတို့။ ယခု ငါလာတော်မူသောအခါ၌ အဘယ်မည်သောစကားကြောင့် စည်းဝေးကြကုန်သနည်း။''ဟု မေးတော်မူ၍၊ 'ဤမည်သောစကားကြောင့်' ဟူ၍ နားတော်လျှောက်သော်၊

mgyoe.com

mgyoe.com SAMPLE BOOK

"ချစ်သားရဟန်းတို့။ သောတာပန်တို့သည် ပါဏာတိပါတ်ကို မပြုကုန်။ ထို ကုက္ကုဋမိတ္တမုဆိုး၏ မယားသည်ကား 'လင်၏စကားကို လိုက်နာအံ့။' ဟူ၍၊ ထို လေး၊မြား၊လှံအစရှိသည်တို့ကို ပေးခြင်းကို ပြု၏။ 'ဤလက်နက်ကို ယူ၍၊ ဤမုဆိုးသည် တောသို့ သွား၍ သူ့အသက်သတ်ခြင်းကို ပြုစေသတည်း' ဟု မုဆိုး မယားအား စိတ်သည် မရှိ။ ဥပမာကား-လက်ဝါး၌ အမာမရှိသောသူအား အဆိပ်ကိုပင် ကိုင်သော်လည်း ထိုအဆိပ်သည် လောင်အံ့သောငှာ မတတ်နိုင်သကဲ့သို့၊ ထို့အတူ အကုသိုလ်စေတနာ၏ မဖြစ်ခြင်းဖြင့် မကောင်းမှုကို ပြုသောသူအား လေး အစရှိသည်တို့ကို ထုတ်၍ပေးငြားသော်လည်း 'မကောင်းမှု' မည်သည်မဖြစ်။" ဟု မိန့်တော်မူ၍၊ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည်-

'ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။

နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

"လက်ဝါး၌ အမာရှိသည် မဖြစ်အံ့။ လက်ဝါးဖြင့် အဆိပ်ကို ဆောင်ငြားအံ့။ အမာမရှိသော လက်ဝါးသို့ အဆိပ်သည် မလိုက်သကဲ့သို့၊ အသက်သတ်ခြင်းကို မပြုမူ၍ လေး၊ လှံကို ကိုင်ကာမျှ ဖြစ်သောသူအား မကောင်းမှုသည် မရှိ။" ဟူလိုသည်။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။

၅၂- မုဆိုးလင်၊မယား၊ သား၊ချွေးမတို့၏ အတိတ်ဝတ္ထုကို ဟောတော်မူခြင်း။

"သား၊ချွေးမနှင့်တကွ ကုက္ကုဋမိတ္တအား သောတာပတ္တိမဂ်၏ ဥပနိဿယသည် အကြောင်း အဘယ်သို့နည်း။" ဟု ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားလာတော်မူ၍ "ချစ်သားရဟန်းတို့။ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း။" ဟု မေးတော်မူ၍၊ 'ဤမည်သော စကားကြောင့်တည်း။' ဟု လျှောက်ပေသော်၊

"ချစ်သားတို့။ လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ ဓာတ်တော်စေတီကို စီရင်ကုန်သော် ဤသို့ဆိုကုန်၏။ 'ဤစေတီအား သလွတ်မြေ* သည် အဘယ်သို့ ဖြစ်လတ္တံ့နည်း။ ရေသည် အဘယ်သို့ ဖြစ်လတ္တံ့နည်း။' ဟု တိုင်ပင်ကုန်သော်၊ "ဆေးဒန်းမြင်းသီလာသည် သလွတ်မြေ ဖြစ်လတ္တံ့။ နှမ်းဆီသည် ရေ ဖြစ်လတ္တံ့။" ဟု ကြံကုန်၏။ ထိုသူတို့သည် ဆေးဒန်းမြင်းသီလာကို ညက်စွာထောင်းထု၍၊ နှမ်းဆီဖြင့် နယ်၍၊ အုတ်တို့ကိုစီ၍ ရွှေဖြင့် အတွင်း၌စီကုန်၏။ အပမှခ်၌ကား တစ်ခဲနက်ရွှေအုတ်တို့သည် ဖြစ်ကုန်၏။ တစ်ချပ် တစ်ချပ်သောအုတ်တို့သည် အဖိုးအသပြာ ၁၀၀၀ ထိုက်ကုန်၏။

ထိုသူတို့သည် ဓာတ်တော်စေတီတော် ပြီးလျှင် ကြံကုန်၏။ 'ဓာတ်တော်မြှုပ်ထားသောကာလ၌ များစွာသော ဥစ္စာဖြင့် လိုအပ်၏။ အဘယ်သူကို အကြီး ပြုကုန်အံ့နည်း။' ဟု ကြံကုန်သော်၊ ထိုသူတို့တွင် တစ်ယောက်သောရွာနေ သူဌေးသည် "ငါသည် အကြီးဖြစ်အံ့။" ဟု ဓာတ်တော်မြှုပ်ထားသောအခါ၌ ၁ ကုဋေသောငွေကို ထည့်၏။ ထိုသို့ထည့်သည်ကို မြင်၍၊ "ဤမြို့နေသူဌေးသည် ဥစ္စာပေါများပါလျက် ဤသို့သဘောရှိသောစေတီတော်၌

* 'သလွတ်မြေ = နံရံ စသည်တို့ကိုသုတ်သော မြေစေး။' ဟု အသုံးရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

အကြီးဖြစ်အံ့သောဌာ မတတ်နိုင်။ ရွာနေသူဌွေးသည် သပြာ ၁ ကုဋေကိုထည့်၍ အကြီးဖြစ်လေပြီ''ဟု ကဲ့ရဲ့ကုန်၏။

မြို့နေသူဌွေးသည် ထိုသူတို့၏ကဲ့ရဲ့သောစကားကို ကြား၍၊ ''ငါသည် အသပြာ ၂ ကုဋေ ထည့်၍ အကြီးဖြစ်အံ့။''ဟု ပေး၏။ ရွာနေသူဌွေးသည် 'ငါသာလျှင် အကြီး ဖြစ်လတ္တံ့။' ဟူ၍၊ ၃ ကုဋေသောအသပြာကို ပေး၏။ ဤသို့သောနည်းဖြင့် ပွား၍၊ မြို့နေသူဌွေးသည် ၈ ကုဋေသော အသပြာတို့ကို ပေး၏။ ရွာနေသူဌွေး၏ အိမ်၌ကား ၉ ကုဋေသောအသပြာသည်သာ ရှိ၏။ မြို့နေသူဌွေး၏အိမ်၌ကား ၄၄ ကုဋေသော အသပြာဥစ္စာသည် ရှိ၏။

ထို့ကြောင့် ရွာနေသူဌွေးသည် ကြံ၏။ 'ငါသည် ၉ ကုဋေသော အသပြာတို့ကို ပေးအံ့။'ဟု အကယ်၍ဆိုအံ့။ ထိုမြို့နေသူဌွေးသည် ၁၀ ကုဋေသောအသပြာကို ပေးလတ္တံ့။ ထိုအခါ၌ ငါ့အား မြုပ်ထားသောဥစ္စာသည်လည်း မထင်လတ္တံ့။' ဤသို့ ကြံပြီး၍ ထိုရွာနေသူဌွေးသည် ဤသို့ ဆို၏။

''ငါသည် ၉ ကုဋေအသပြာကိုလည်း ပေးအံ့။ သားမယားနှင့်တကွ စေတီတော်၏ကျွန်သည်လည်း ဖြစ်လတ္တံ့။''ဟု ဆို၍၊ ၇ ယောက်သောချွေးမ, ၇ ယောက်သောသားတို့ကို လည်းကောင်း၊ မယားသူဌွေးမကို လည်းကောင်းယူ၍ မိမိကိုယ်နှင့်တကွ စေတီတော်အား ဆောက်နှင်း၏။

တိုင်းနေသူတို့သည် ''ဥစ္စာမည်သည်ကို ဖြစ်စေခြင်းငှာ တတ်ကောင်း၏။ ကိုယ်ကို ဆောက်နှင်းခြင်းငှာသာ ခက်ခဲသည်။ ဤရွာနေသူဌွေးသည်ကား သားမယားနှင့်တကွ မိမိကိုယ်ကို ဆောက်နှင်းပေ၏။ ဤသူသည်သာ အကြီးဖြစ်စေသတည်း။''ဟု ထို ရွာနေသူဌွေးကိုသာလျှင် အကြီး တင်ကုန်၏။

ဤသို့အားဖြင့် ထို ၁ ကျိပ် ၆ ယောက်သောသူတို့သည် စေတီတော်၏ကျွန် ဖြစ်ကုန်၏။ လူများတို့သည် ထိုသူတို့ကို တော်လှန်သည်ကို ပြုကုန်၏။ ဤသို့ တော်လှန်ပြီးသော်လည်း စေတီတော်ကိုသာ သုတ်သင်လျက် အသက်ရှည်သမျှသော ကာလပတ်လုံး တည်၍၊ ထိုကိုယ်၏အဖြစ်မှ စုတေကုန်သော် နတ်ပြည်၌ ဖြစ်လေကုန်၏။ ထိုသူတို့သည် ဘုရား ၁ ဆူနှင့် ၁ ဆူအကြား နတ်ပြည်၌ ကျင်လည်ကုန်ပြီးသော်၊ ဤ ငါတို့ဘုရား ဖြစ်တော်မူသောအခါ၌ မယားသည် နတ်ပြည်မှစုတေခဲ့၍ ရာဇဂြိုလ်ပြည်၌ သူဌွေးသမီး ဖြစ်လေ၏။ ထိုသူဌွေးသမီးသည် သတို့သမီးငယ်ဖြစ်သောအခါကပင် သောတာပန် ဖြစ်၏။ မမြင်အပ်သေးသော သစ္စာရှိသောသူအား 'ပဋိသန္ဓေနေခြင်း' မည်သည်ကား ဝန်လေး၏။ ထို့ကြောင့် ထိုသတို့သမီး၏လင်သည် နတ်ပြည်မှ လူပြည်သို့ ပြန်သည်ရှိသော် မုဆိုး၏အိမ်၌ ဖြစ်လေ၏။ ထိုမုဆိုးအား မြင်သည်နှင့်တကွ သူဌွေးသမီး၏ချစ်ခြင်းသည် လွှမ်းမိုး၏။

'ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နေ ဟိတေနဝါ။

ဧဝံ တံဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။' ဟူ၍ ဘုရားဟောတော်မူ၏။

ထိုသတို့သမီးသည် ရှေး၌ချစ်ခြင်းဖြင့် မုဆိုးအိမ်သို့ ရောက်လေ၏။ သားတို့သည်လည်း နတ်ပြည်မှ စုတေ၍ ထိုသူဌွေးသမီးဝမ်း၌ ပဋိသန္ဓေ ယူကုန်၏။ ချွေးမတို့သည် ထိုထိုသို့သောအမျိုးတို့၌ ဖြစ်ကုန်၍လည်း၊ အရွယ်ရောက်သောအခါ ထိုသူတို့၏အိမ်သို့သာ ရောက်ကုန်၏။ ဤသို့လျှင် ထိုအလုံးစုံသောသူတို့သည် ကဿပဘုရားဖြစ်သောအခါ စေတီတော်ကို ပြုစုသုတ်သင် ပြင်ဆင်သော ကောင်းမှု၏အာနုဘော်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် ၁၉ ဝါမြောက်ဝါ၌ များစွာသောဝေနေယျတို့ကို တရားအမြိုက် တိုက်ကျွေးတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရား ဖြစ်တော်မူသည်မှ စ၍ ဤ ၁၉ ဝါမြောက် ရာဇဂြိုလ်ပြည်၌ ဝါဆိုတော်မူသည့်တိုင် မြတ်စွာဘုရားသည် အနိယတဝုတ္တ မမြဲသောနေခြင်းဖြင့် အလှည့်အလည် ဝါဆိုတော် မူသတည်း။

အဝါ၂၀ပြည့် ဝါမှစ၍ ၂၅ ဝါမြောက်တိုင်အောင် ၂၆ နှစ်ပတ်လုံးကား သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမတို့၏ ကျေးဇူးကြီးသောအဖြစ်ကို စွဲ၍ အမြဲ ဝါဆိုတော်မူ၏။ ဇေတဝန်ကျောင်းတော်၌ အဝါ ၂၀၊ ပုဗ္ဗါရုံကျောင်းတော်၌ ၆ ဝါ ဆိုတော်မူ၏။ အဆုံးစွန် ၄၅ ဝါမြောက်၌ကား ဝေသာလီပြည်၏အနီး ဝေဠုဝရွာ၌ ဝါဆိုတော် မူသတည်း။

၅၃- အာနန္ဒာသူဌေးကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

၁၉ ဝါမြောက် ဝါကျွတ်တော်မူလျှင် ဒေသစာရီ ကြွတော်မူသောအားဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အာနန္ဒာသူဌေးကို အကြောင်းပြု၍ 'ပုတ္တမတ္ထိ' အစရှိသောတရားကို ဟောတော်မူ၏။ အကြောင်းဝတ္ထုကား-

သာဝတ္ထိပြည်၌ ကုဋေ ၈၀ ကြွယ်သော အာနန္ဒာသူဌေးသည် ရှိ၏။ ထိုသူဌေးသည် အလွန်ဝန်တိုသည် ဖြစ်၏။ ထိုသူဌေးသည် လခွဲတစ်ကြိမ် အဆွေအမျိုးတို့ကို စည်းဝေးစေ၍ 'မူလသိရီ'အမည်ရှိသော သားကို ၃ ပါးသောအခါတို့၌ ဤသို့ ဆုံးမ၏။

''ကုဋေ ၄၀ သောဥစ္စာကို 'များ၏'ဟု အမှတ် မပြုလင့်။ ထင်ရှားရှိသောဥစ္စာကို သူတစ်ပါးအား မပေးအပ်။ အသစ်ဖြစ်သောဥစ္စာကို ဖြစ်စေအပ်၏။ ၁ သပြာ - ၁ သပြာကိုပင် သုံးဆောင်ခြင်းကို ပြုမူသောသူအား ဥစ္စာသည် ကုန်လတ်သလျှင်ကတည်း။ ထိုကြောင့် မျက်စဉ်းတို့၏ကုန်ခြင်းကို မြင်၍၊ ခြတို့၏ မြူပုန့်ပေါင်းစုခြင်းကို လည်းကောင်း၊ ပျားတို့၏ ဝတ်ရည်ပေါင်းစုခြင်းကိုလည်းကောင်း မြင်၍ ပညာရှိသောသူသည် အိမ်၌ နေရာ၏။''ဟု 'အဥ္စနာနံ ခယံ ဒိသွာ' စသောဂါထာကို ရွတ်၍ ဆုံးမ၏။

ထိုသူဌေးသည် အခါတစ်ပါးသော် မိမိမြှုပ်ထားအပ်သော ရွှေအိုး ၅ လုံးတို့ကို သားအား မကြားမူ၍ လျှင်၊ 'ဝန်တိုခြင်း' ဟူသောအညစ်အကြေး လိမ်းကျံသည်ဖြစ်၍ သေခဲ့သော်၊ ထိုသာဝတ္ထိပြည်၌သာလျှင် တစ်ခုသော တံခါးအနီး ဒွန်းစဏ္ဍားတို့နေရာ အိမ်ခြေ ၁၀၀၀ ရှိသောရွာဝယ် တစ်ယောက်သောဒွန်းစဏ္ဍားမ၏ ဝမ်း၌ ပဋိသန္ဓေယူလေ၏။

မဟာကောသလမင်းကြီးသည် ထိုသူဌေး သေသောအကြောင်းကို ကြား၍၊ ထိုသူဌေး၏သား မူလသိရီကို ခေါ်၍ သူဌေးအရာ၌ ထား၏။ ထိုဒွန်းစဏ္ဍား ၁၀၀၀ သည် တပေါင်းတည်း အခစားသဖြင့် အမှုကိုပြု၍ အသက်မွေးသည်ရှိသော်၊ ထိုသူဌေး၏ ပဋိသန္ဓေ နေသောအခါမှစ၍ အခကို မရ။ မျှလောက်ရုံသော ထမင်းမှ အလွန်ဖြစ်သော ထမင်းတစ်ခဲကိုမျှလည်း မရ။

ထိုဒွန်းစဏ္ဍား ၁၀၀၀ တို့သည် ''ငါတို့သည် ယခုအခါ၌ ထမင်းတစ်ခဲကိုမျှ မရကုန်။ ငါတို့အပေါင်း၌ တစ်ယောက်သောသူယုတ်မာ ရှိသည်ဖြစ်ရာ၏။''ဟု ၂ စု ခွဲ၏။ အကြင်မျှလောက် ထိုသူ၏အမိ၊အဖတို့သည် အသီး ဖြစ်ကုန်၏။ ထိုမျှလောက် ခွဲ၍၊ ''ဤအိမ်၌ သူယုတ်သည် ဖြစ်၏။''ဟု အမိကို စွန့်ပစ် နှင်ထုတ်ကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအမိသည်လည်း အကြင်မျှလောက်သော ကာလပတ်လုံး ထိုသူသည် ဝမ်း၌ ဖြစ်၏။ ထိုမျှလောက် ထမင်းကို ငြိုငြင်သဖြင့် ရှာ၍ သားဖွားရ၏။

ထိုသူငယ်အား လက်, ခြေ, မျက်စိ, နား, နှာခေါင်းတို့သည် လည်းကောင်း၊ ခံတွင်းသည် လည်းကောင်း တည်မြဲတိုင်းအရာ၌ မတည်ကုန်။ ထိုသူသည် ဤသို့သဘောရှိသော အင်္ဂါကြီး,ငယ် ချို့တဲ့ခြင်းဖြင့် မြေဘုတ် ဘီလူးကဲ့သို့ အဆင်းမလှသည် ဖြစ်၏။

ဤသို့ဖြစ်သော်လည်း ဝမ်း၌အောင်းသောသား၌ ချစ်ခြင်းအားကြီးသည် ဖြစ်၍ အမိသည် ထိုသားကို မစွန့်။ ထိုအမိသည် ထိုသားကို ငြိုငြင်သဖြင့်မွေးကျွေးသည် ရှိသော်၊ ထိုသူငယ်ကို ယူ၍ လှည့်ပတ်သွားလာ တောင်းစားသောနေ့၌ တစ်စုံတစ်ခုမျှ မရ။ အိမ်၌ ထားခဲ့၍၊ မိမိချည်း သွား၍ တောင်းစားသောနေ့၌ စားလောက်ရုံ ရ၏။

ထိုအခါ ထိုသူငယ်၏ မိမိအလျောက်တောင်းစား၍ အသက်မွေးစွမ်းနိုင်လောက်သော အရွယ်သို့ရောက်လျှင်၊ ခွက်ကို လက်၌ ထား၍၊ ''ချစ်သား။ ငါတို့သည် သင့်ကိုမှီ၍ ကြီးစွာသောဆင်းရဲသို့ ရောက်ပြီ။ ယခုအခါ ငါတို့သည် သင့်ကို မမွေးနိုင်ပြီ။ ဤမြို့၌ အထီးကျန်, ခရီးသွား စသည်တို့အား စီရင်အပ်သောထမင်းတို့သည် ရှိကုန်၏။ ထိုအရပ်၌ တောင်းစား၍ အသက်မွေးလေတော့။''ဟု ထိုသူငယ်ကို လွှတ်လိုက်၏။

ထိုသူငယ်သည် အိမ်စဉ်အတိုင်း အတောင်းစားသွားသော်၊ အာနန္ဒာသူဌေးဖြစ်စဉ်က နေရာအရပ်သို့ ရောက်၍၊ အမျိုးမာန်ဖြင့်ယစ်သည် ဖြစ်၍ မိမိအိမ်သို့ ဝင်လေ၏။ တံခါး ၃ တန်တို့၌ တစ်စုံတစ်ယောက်သောသူသည် ထိုသူကို မမှတ်မိ။ ၄ ခုသော တံခါးမုခ်၌ မူလသိရီသူဌေးသားသည် မြင်၍၊ ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍ ငို၏။

ထိုအခါ ထိုသူကို သူဌေးကျွန်ယောကျ်ားတို့သည် ''ဟယ်- သူယုတ်။ ထွက်လော့။''ဟု သတ်ပုတ်တွန်းထိုး နှင်ထုတ်၍ တံမြက်ချေးစွန့်ရာ၌ ပစ်ထားကုန်၏။

အာနန္ဒာမထေရ်နောက်လိုက်ရဟန်း ရှိသည်ဖြစ်၍ ဆွမ်းခံကြွသောမြတ်စွာဘုရားသည် ထိုသူ့အကောင်ကို မြင်၍၊ အရှင်အာနန္ဒာကို ပြန်၍ ကြည့်တော်မူသဖြင့်၊ အရှင်အာနန္ဒာက မေးလျှောက်သော်၊ ထိုအကြောင်းကို ကြားတော်မူ၍ ရှင်အာနန္ဒာကို မူလသိရီသူဌေးကို ခေါ်စေ၏။ များစွာသောလူအပေါင်းသည်လည်း စည်းဝေး၏။

မြတ်စွာဘုရားသည် မူလသိရီသူဌေးကို ခေါ်၍၊ ''ဤသူကို သင် သိ၏လော။'' ဟု မေး၍၊ ''မသိပါ။'' ဟု လျှောက်သော်၊ ''သင်၏အဖ အာနန္ဒာသူဌေးပင်တည်း။''ဟု မိန့်၍ မယုံသော်၊ ''အာနန္ဒာသူဌေး။ သင်၏ ရွှေအိုး ၅ လုံးတို့ကို ကြားဘိလော့။''ဟု ကြားစေ၍ မူလသိရီသူဌေးကို ယုံကြည်စေ၏။

ထို မူလသိရီသူဌေးသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်၏။ မြတ်စွာဘုရားသည် သူဌေးအား တရားဟောလိုသည်ဖြစ်၍-

'ပုတ္တ မတ္ထိ ဓနမတ္ထိ၊ ဣတိဗာလော ဝိဟညတိ။

အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော,ပုတ္တော ကုတော ဓနံ။ ။' ဟူ၍ ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

''သားသည် ရှိ၏။ ဥစ္စာသည် ရှိ၏။ ဤသို့ သား၌တပ်သဖြင့်, ဥစ္စာ၌တပ်သဖြင့် သူမိုက်သည် ဆင်းရဲပင်ပန်း၏။ မိမိကိုယ်သည်ပင်လျှင် မိမိ၏ကိုးကွယ်ရာ မဖြစ်။ သားသည်လည်းကောင်း, ဥစ္စာသည် လည်းကောင်း အဘယ်မှာ ကိုးကွယ်ရာ ဖြစ်အံ့နည်း။''ဟူလို။

ဒေသနာတော်၏ အဆုံး၌ ၈ သောင်း ၄ ထောင်သောဝေနေယျတို့သည် သစ္စာ ၄ ပါးတရားကို သိကုန် ၏။ ဤသို့ အစရှိသော ဒေသနာတော်ဖြင့် များစွာသောဝေနေယျတို့ကို တရားဟောရွတ် ကယ်ချွတ်တော်မူ၏။

ဤဝါသည် ၂၀ ပြည့် ဝါတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

၅၄- မြတ်စွာဘုရားအား ရှင်အာနန္ဒာလုပ်ကျွေးသည်ကို ပြခြင်း။

ဤသို့လျှင် ပထမဗောဓိ အဝါ ၂၀ တို့ပတ်လုံး မြတ်စွာဘုရားအား အလုပ်အကျွေးတို့သည် အမြဲ မရှိကုန်။ တစ်ခါတစ်ရံ နာဂသမာလထေရ် လုပ်ကျွေး၏။ တစ်ရံတစ်ခါ ဥပဝါဏထေရ်သည်လည်း လုပ်ကျွေး၏။ တစ်ရံတစ်ခါ သုနက္ခတ္တထေရ်၊ တစ်ရံတစ်ခါ စုန္ဒသာမဏေကြီး၊ တစ်ရံတစ်ခါ သာဂတထေရ်၊ တစ်ရံတစ်ခါ ရာဓထေရ်၊ တစ်ရံတစ်ခါ မေဃိယထေရ် လုပ်ကျွေးသတည်း။ အရှင်မေဃိထေရ်ကား ၁၈ ဝါမှစ၍ ၂၀ ဝါ တိုင်အောင် လုပ်ကျွေးသတည်း။

နာဂသမာလထေရ်.လုပ်ကျွေးသောအခါ၌ မြတ်စွာဘုရားသည် ထိုမထေရ်နှင့်တကွ ခရီးသွားတော်မူသော်၊ ၂ ဖြာခွဲသောခရီးသို့ ရောက်လေလျှင် ကိုမထေရ်သည် ခရီးလွှဲ၍၊ "အရှင်ဘုရား။ အကျွန်ုပ်သည် ဤခရီးဖြင့် သွားပါအံ့။"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း "ရဟန်း။ လာလော့။ ဤခရီးဖြင့် သွားကုန်အံ့။"ဟု မိန့်၏။

ထိုအခါ ထိုမထေရ်သည် "ရှင်ပင်ဘုရား။ သပိတ်,သင်္ကန်းကို ယူတော်မူ။ ဤခရီးဖြင့် အကျွန်ုပ် သွားပါအံ့။"ဟုဆို၍၊ သပိတ်,သင်္ကန်းကို မြေ၌ချမည်ပြု၏။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်း။ ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူ၍၊ သပိတ်,သင်္ကန်းကို ယူ၍ ကြွတော်မူ၏။

ခရီးတစ်ကြောင်းဖြင့်သွားလေသော် ထိုမထေရ်၏ သပိတ်,သင်္ကန်းတို့ကို ခိုးသူ ယူလေ၏။ ဦးခေါင်းကိုလည်း ကွဲအောင်ရိုက်ပုတ်ကုန်၏။

ထိုရဟန်းသည် 'ယခုအခါ ဘုရားသာလျှင် ကိုးကွယ်ရာဖြစ်တော့သည်။ တစ်ပါးကိုးကွယ်ရာ မရှိပြီ' ဟု ကြံ၍၊ သွေးယိုသောဦးခေါင်းဖြင့် မြတ်စွာဘုရား၏ အထံတော်သို့ လာပြန်သောကြောင့် "ရဟန်း။ ဤအမှုသည် အသို့နည်း။"ဟု မိန့်တော်မူသော်၊ ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ "ရဟန်း။ မကြံလင့်။ ဤအကြောင်းကိုမြင်၍ သင့်ကို ငါမြစ်တားပြီ။"ဟု မိန့်တော်မူ၍ သက်သာစေ၏။

မေဃိယထေရ်လုပ်ကျွေးသောအခါ၌လည်း ထိုမထေရ်နှင့်တကွ မြတ်စွာဘုရားသည် ပါစီနဝံသဒါယ၌ ဇန္တုရွာသို့ ကြွတော်မူ၏။ ထိုမထေရ်သည် ထိုဇန္တုရွာ၌ ဆွမ်းခံလေသော် မြစ်နား၌ ကြည်ညိုဖွယ်ရှိသောသရက်တောကို မြင်၍၊ "ရှင်ပင်ဘုရား။ သပိတ်,သင်္ကန်းကို ယူတော်မူ။ အကျွန်ုပ်သည် ဤသရက်ဥယျာဉ်၌ ရဟန်းတရားကို ပြုပါအံ့။"ဟု ဆို၍၊ မြတ်စွာဘုရားသည် ၃ ကြိမ်မြောက်အောင် မြစ်တားသော်လည်း သွား၍၊ အကုသလဝိတက်ဖြင့် အဖန်တလဲလဲနှိပ်စက်သည် ဖြစ်၍၊ တစ်ဖန် ပြန်လာ၍ အကြောင်းကို လျှောက်၏။ ထိုမေဃိယထေရ်ကိုလည်း "ဤအကြောင်းကိုမြင်၍ သင့်ကို ငါ မြစ်တားအပ်ပြီ။"ဟု မိန့်တော်မူ၍ နှစ်သိမ့်စေ၏။

၂၀ ဝါ ဝေဠုဝန်ကျောင်းတော်၌ ဝါဆို၍ ဒေသစာရီကြွတော်မူလျှင်၊ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်တော်မူ၍ ဂန္ဓကုဋိပရိဝုဏ်၌ခင်းအပ်သော ဘုရားနေရာ၌နေတော်မူလျက်၊ ရဟန်းသံဃာ ခစားခြံရံလာသောအခါ၌ ရဟန်းတို့ကိုခေါ်တော်မူ၍၊ "ချစ်သားရဟန်းတို့။ ယခုအခါ၌ ငါသည် အသက်အရွယ်ကြီးသည် ဖြစ်ခဲ့၏။ အချို့သောရဟန်းတို့သည် 'ဤခရီးဖြင့် သွားအံ့။'ဟု ဆိုသော် တစ်ပါးသောခရီးဖြင့် သွားကုန်၏။ အချို့သော ရဟန်းတို့သည် ငါ၏သပိတ်,သင်္ကန်းကို မြေ၌ချကုန်၏။ ငါ့အားအမြဲလုပ်ကျွေးသော ရဟန်းတစ်ယောက်ကို သိကုန်လော့။"ဟု မိန့်တော်မူ၏။ ရဟန်းတို့အား တရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည်ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ အရှင်သာရိပုတ္တရာသည် နေရာမှထ၍ ရှိခိုးလျက်၊ ''အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားတို့ကိုတောင့်တ၍ ကမ္ဘာ ၁ သိန်းအလွန်ရှိသော ၁,သင်္ချေကာပတ်လုံး ပါရမီတို့ကိုဖြည့်၏။ အကျွန်ုပ်ကဲ့သို့ သဘောရှိသော ပညာကြီးသူသည် လုပ်ကျွေးသင့်ပါသည်မဟုတ်လော။ အကျွန်ုပ် လုပ်ကျွေးပါအံ့။''ဟု လျှောက်၏။

''ချစ်သားသာရိပုတ္တရာ။ အကြင်အရပ်၌ သင် နေ၏။ ထိုအရပ်သည် မဆိတ်ညံသည်ဖြစ်၏။ သင်၏အဆုံးအမသည် ဘုရားရှင်တို့၏အဆုံးအမနှင့် တူ၏။ ထို့ကြောင့် ငါ့အား သင်သည် လုပ်ကျွေးအပ်သောကိစ္စမည်သည် မရှိ။''ဟု ရှင်သာရိပုတ္တရာကို ပယ်တော်မူ၏။

ဤသို့သောနည်းဖြင့် အရှင်မောဂ္ဂလာန်ကိုအစပြု၍ ၈ ကျိပ်သော မဟာသာဝကတို့သည် လျှောက်တောင်းပန်ကုန်၏။ ထိုအလုံးစုံကို ပယ်တော်မူ၏။ အရှင်အာနန္ဒာမထေရ်မူကား ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

ထိုရောအခါ အရှင်အာနန္ဒာကို ရဟန်းတို့သည်ဆိုကုန်၏။ ''အရှင်အာနန္ဒာ။ ရဟန်းသံဃာသည် အလုပ်အကျွေး၏အရာကို တောင်းပန်၏။ သင်သည်လည်း တောင်းပန်ပါလော့။''ဟု ဆိုကုန်၏။

''ငါ့ရှင်တို့။ တောင်းပန်၍ရသော အရာမည်သည်ကား အဘယ်သို့သဘောရှိသည် ဖြစ်အံ့နည်း။ ငါ့ကို မြတ်စွာဘုရားသည် မမြင်ပါသလော။ ငါ့ကို အကယ်၍နှစ်သက်အံ့။ 'အာနန္ဒာ။ ငါ့ကိုလုပ်ကျွေးလော့။'ဟု ဆိုလတ္တံ့။''ဟူ၍ဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ''ချစ်သားရဟန်းတို့ အာနန္ဒာကို တစ်ပါးသောသူသည် မတိုက်တွန်းအပ်။ မိမိကိုယ်တိုင်ပင်သိ၍ ငါ့ကိုလုပ်ကျွေးလတ္တံ့။''ဟု မိန့်တော်မူ၏။

ထိုနောင်မှ ရဟန်းတို့သည် ''ထလော့။ ငါ့ရှင်အာနန္ဒာ။ မြတ်စွာဘုရားထံ အလုပ်အကျွေးအရာကို တောင်းပန်လေလော့''ဟူ၍ ဆိုကုန်၏။

အရှင်အာနန္ဒာမထေရ်သည် ပယ်ဆု ၄ ပါး၊ ပန်ဆု ၄ ပါးအားဖြင့် ၈ ပါးသောဆုတို့ကို တောင်းပန်၍ လုပ်ကျွေး၏။

'' 'ပယ်ဆု ၄ ပါး' မည်သည်ကား-ဘုန်းတော်ကြီးသောအရှင်ဘုရား။ အရှင်ဘုရားသည် ကိုယ်တော်ရအပ်သော

- မွန်မြတ်သောသင်္ကန်းကို အကယ်၍ အကျွန်ုပ်အား မပေးပါလတ္တံ့။
- မွန်မြတ်သောဆွမ်းကို အကယ်၍ မပေးပါလတ္တံ့။
- တစ်ခုသော ဂန္ဓာရီကုဋီ၌ အတူတကွ နေစိမ့်သောငှာ မပေးပါလတ္တံ့။
- ဆွမ်းဖိတ်မန်ရာအရပ်သို့ အကျွန်ုပ်ကို ခေါ်၍ မသွားပါလတ္တံ့။ ။ ဤသို့ မပေးပါသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာဘုရားကို လုပ်ကျွေးပါအံ့။''ဟု လျှောက်ဆို၍၊ ''အာနန္ဒာ။ ဤ ပယ်ဆု ၄ ပါး၌ အဘယ်အပြစ်ကို မြင်သနည်း။''ဟု မိန့်တော်မူလျှင်၊

''ဘုန်းတော်ကြီးသောအရှင်ဘုရား။ ဤ ၄ ပါးသောဝတ္ထုတို့ကို အကျွန်ုပ်သည် အကယ်၍ရအံ့။ သူတစ်ပါးတို့သည် ဆိုကုန်လတ္တံ့။ 'အာနန္ဒာသည် မြတ်စွာဘုရားထံမှရအပ်သော မွန်မြတ်သောသင်္ကန်းကို ဝတ်ရ၏။ ဆွမ်းကို ဘုဉ်းပေးရ၏။ တစ်ခုတည်းသောဂန္ဓကုဋီ၌ အတူတကွနေရ၏။ တပေါင်းတည်း ဆွမ်းဖိတ်မန်ရာသို့ သွားရ၏။ ဤလာဘ်ကို ရ၍သာ မြတ်စွာဘုရားကိုလုပ်ကျွေး၏။'ဤသို့ လာဘ်ကိုရသဖြင့် လုပ်ကျွေးသောသူအား အဘယ်သို့ ဝန်လေးအံ့နည်း။'ဟု ဆိုကုန်ရာ၏။ ဤအပြစ်ကိုမြင်၍ ဤပယ်ဆု ၄ ပါးကို တောင်းပါသည်။''ဟု လျှောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"'ပန်ဆု ၄ ပါး'မည်သည်ကား- ဘုန်းတော်ကြီးသောအရှင်ဘုရား။

- အကျွန်ုပ်ဝန်ခံအပ်သော ဖိတ်မန်ရာသို့ အကယ်၍ အရှင်ဘုရားသည် ကြွပါအံ့။
- တိုင်းတစ်ပါး ဇနပုဒ်တစ်ပါးမှ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှာ လာသောပရိသတ်တို့ ရောက်သော ခဏ၌သာလျှင် အရှင်ဘုရားကိုပြခြင်းငှာ အကယ်၍ရပါအံ့။
- အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသကာ ဖြစ်၏။ ထိုခဏ၌ မြတ်စွာဘုရားသို့ကပ်ခြင်းငှာ အကယ်၍ ရပါအံ့။
- မြတ်စွာဘုရားသည် အကျွန်ုပ်၏မျက်ကွယ်၌ အကြင်တရားကို ဟော၏။ ထိုတရားကို လာ၍ အကျွန်ုပ်အား ဟောပါအံ့။ ။ ဤဆု ၄ ပါးကို ရပါမူကား အကျွန်ုပ်သည် အရှင်ဘုရားကို လုပ်ကျွေးပါအံ့။'' ဟု လျှောက်၏။

"အာနန္ဒာ။ ဤဆု ၄ ပါး၌ အဘယ်သို့သောအကျိုးကို မြင်သနည်း။" ဟု မိန့်တော်မူသော်၊ "အရှင်ဘုရား။ ဤလောက၌ သဒ္ဓါကြည်ညိုသောအမျိုးသားသည် မြတ်စွာဘုရားအား လျှောက်ထားခွင့်မရသဖြင့် အကျွန်ုပ်ထံ 'အရှင်အာနန္ဒာ။ နက်ဖြန် မြတ်စွာဘုရားနှင့်တကွ အကျွန်ုပ်အိမ်၌ ဆွမ်းခံပါ။' ဟု လျှောက်၏။ မြတ်စွာဘုရားသည် ထိုအိမ်သို့ အကယ်၍မကြွခဲ့အံ့။ အလိုရှိတိုင်းသောခဏ၌ ပရိသတ်ကိုပြခြင်းငှာ အကယ်၍မရပါအံ့။ ယုံမှားသကာကို ဖျောက်ခြင်းငှာ အလိုရှိသောခဏ၌ မရပါအံ့။ သူတစ်ပါးတို့ ဆိုကုန်သည် ဖြစ်လတ္တံ့။ 'ဤအာနန္ဒာသည် မြတ်စွာဘုရားကို မပြတ်လုပ်ကျွေး၏။ ထိုအာနန္ဒာအား မြတ်စွာဘုရားသည် ဤမျှသော အခွင့်ကိုမျှ မချီးမြှောက်ပါ။' ဟု ဆိုကုန်ရာ၏။ မြတ်စွာဘုရား၏မျက်ကွယ်၌ အကျွန်ုပ်ကို 'ငါ့ရှင်အာနန္ဒာ။ ဤဂါထာကို၊ ဤသုတ်ကို၊ ဤဇာတ်ကို အဘယ်အရပ်၌ မြတ်စွာဘုရား ဟောတော်မူသနည်း။' ဟု မေးသော်အခါ၊ အကယ်၍ ထိုအမေးကို အကျွန်ုပ်သည် မပြည့်စုံစေနိုင် ရှိခဲ့မူ၊ 'ငါ့ရှင်အာနန္ဒာ။ ဤမျှကိုလည်း သင်သည် မသိ။ အဘယ်ကြောင့် သင်သည် မြတ်စွာဘုရားကို အရိပ်ကဲ့သို့မစွန့်မူ၍ ရှည်စွာသော နေ့ညဥ့်ပတ်လုံးနေသနည်း။' ဟု ဆိုကုန်လတ္တံ့။ ထို့ကြောင့် အကျွန်ုပ်၏မျက်ကွယ်၌ ဟောသောတရားကို တစ်ဖန်ဟောခြင်းကို အလိုရှိပါ၏။'' ဟု ဤ ၄ ပါးသော ပန်ဆုကို မြတ်စွာဘုရားအား လျှောက်၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ပေးတော်မူ၏။

အရှင်အာနန္ဒာသည် ဤဆု ၈ ပါးတို့ကို ယူ၍ အမြဲအလုပ်အကျွေးသည် ဖြစ်၏။

ထိုအရှင်အာနန္ဒာသည် အလုပ်အကျွေးအရာကို ရသောနေ့မှစ၍ မြတ်စွာဘုရားကို ရေပူ၊ရေချမ်း ကမ်းခြင်း၊ ဒန်ပူထု၊ ဒန်ပူပါး၊ မပါးမထုသောဒန်ပူ အားဖြင့် တစ်နေ့ ၃ ချောင်း - ၃ ချောင်းသောဒန်ပူကို ကပ်ခြင်း၊ ခြေဆုပ်နယ်ခြင်း၊ ဂန္ဓကုဋီပရိဝုဏ်၌ တံမြက်လှည်းခြင်း၊ ဤသို့အစရှိသော ကိစ္စတို့ဖြင့် လုပ်ကျွေးသည်ရှိသော်၊ 'ဤမည်သောအရာ၌ မြတ်စွာဘုရားအား ဤမည်သောဝတ္ထုကို ရခြင်းငှာ၊ ဤမည်သောအမှုကို ပြုခြင်းငှာ အပ်၏။' ဟု အကြံ ဖြစ်၏။ ထို့ကြောင့် ဆီမီးတိုင်ကို ကိုင်၍ ၉ ကြိမ် ဂန္ဓကုဋီပရိဝုဏ်ကို အစဉ်လှည့်၏။

ဤသို့သော အကြံသည်လည်း ဖြစ်၏။ 'အကယ်၍ ငါသည် ငိုက်မျဉ်းခြင်းသို့ ရောက်အံ့။ မြတ်စွာဘုရား ခေါ်တော်မူသည်ရှိသော်၊ စကားတုံ့ကိုပေးခြင်းငှာ မတတ်နိုင်ရာ။' ဟု အကြံဖြစ်၏။ ထို့ကြောင့် ဆီမီးတိုင်ကို ညဥ့်၃ယံပတ်လုံး လက်၌ မလွှတ်သတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်အခါ၌ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် များစွာသောအကြောင်းဖြင့် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာ၏ကျေးဇူးကို ဆိုတော်မူ၍၊ ဤသာသနာတော်၌ ဗဟုသုတ, သတိမန္တ, ဂတိမန္တ, မိတိမန္တ, ဥပဋ္ဌာကပုဂ္ဂိုလ်တို့တွင် မြတ်သောအရာ၌ ထားတော်မူ၏။

မြတ်စွာဘုရား အသက်တော် ၅၅ နှစ်ပြည့်မှ အရှင်အာနန္ဒာ အလုပ်အကျွေးဖြစ်၍၊ ၂၅ ဝါပတ်လုံး လုပ်ကျွေး၏။

* * *

အရှင်အာနန္ဒာမထေရ်သည် အလုပ်အကျွေးအရာကို ရလိုသည်ဖြစ်၍ ဤကမ္ဘာမှ ပြန်၍ရသော်၊ ကမ္ဘာ ၁သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားညီတော် သုမနမင်းသားဖြစ်သောအခါ၌ ဟံသာဝတီပြည်မှ ယူဇနာ ၁၂၀ ခြားသောအရပ်၌ အဖအာနန္ဒာမင်းက ကျေးစားပေး၍၊ ပုန်ကန်သောဇနပုဒ်တိုင်းကားကို ငြိမ်းစေသဖြင့် ခမည်းတော်နှစ်သက်သောကြောင့် ဆုပေးရာတွင် တစ်ပါးသောဆုကို မယူမူ၍၊ 'ဘုရားအား ဝါတွင်း ၃ လတို့ပတ်လုံး လုပ်ကျွေးပါရအံ့' သောဆုကို ယူ၍၊ မိမိစားသောမြို့သို့ ဝါဆို ကြွတော်မူစိမ့်သောအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားတောင်းပန်၍၊ ဟံသာဝတီပြည်မှ ယူဇနာ ၁၂၀ ကွာသောခရီး၌ ၁ ယူဇနာ- ၁ ယူဇနာလျှင် ကျောင်း ၁ ဆောင်- ၁ ဆောင်စီ ဆောက်ခဲ့၍၊ မိမိနေရာမြို့၌ သောဘဏဥယျာဉ်၌ ရဟန်းတို့အား ညဉ့်နေရာ, နေ့နေရာ, ကုဋိတိုက်, စင်္ကြံတို့နှင့်တကွ သောဘဏာရာမကျောင်းကို ၁ သိန်းသောဥစ္စာတို့ဖြင့် ဆောက်လုပ်၍၊ မြတ်စွာဘုရားအားပင့်လျှောက်၍၊ ကြွတော်မူလာသောအခါ ဝါတွင်း ၃လပတ်လုံး မြတ်စွာဘုရား အလုပ်အကျွေးဖြစ်သော အရှင်သုမနထေရ်၏အနီး၌ နေ၍၊ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၄ ပါးသော ပစ္စည်းတို့ဖြင့် လုပ်ကျွေး၍၊ "အရှင်ဘုရားကဲ့သို့ တစ်ဆူသော ဘုရားရှင်၏ အလုပ်အကျွေးတေဒဂ်ရ ဖြစ်ရပါလို၏။"ဟု ဆုတောင်း၏။

ထိုမှစ၍ ငါတို့ဘုရားဖြစ်သည်တိုင်အောင် ပါရမီဖြည့်၍ အလုပ်အကျွေးအရာကို ရသတည်း။

၂၀ ဝါကို အစပြု၍ သာဝတ္ထိပြည်၌သာ ဝါဆိုတော်မူ၏။ ဆိုတော်မူသော ဝါပေါင်းကား ၂၅ ဝါ တည်း။

၅၅- မာရ်နတ်ကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

သာဝတ္ထိပြည်၌ ဝါဆိုတော်မူ၍၊ ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူ၍ ကောသလတိုင်း ပဉ္စသာလက ပုဏ္ဏားရွာ၌ နေတော်မူလျက်၊ မာရ်နတ်ကို အကြောင်းပြု၍၊ 'သုသုခံဝတ ဇီဝါမ' အစရှိသောတရားကို ဟောတော်မူ၏။ ဝတ္ထုကား-

တစ်နေ့သ၌ မြတ်စွာဘုရားသည် ၅၀၀ သောသတို့သမီးငယ်တို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍၊ ထိုပဉ္စသာလကရွာသို့ ဆွမ်းခံအမှီပြု၍ နေတော်မူ၍၊ တစ်နေ့သော် နက္ခတ်သဘင်၌ ထိုသတို့သမီးတို့သည် မြစ်သို့သွား၍ ရေချိုးကုန်ပြီးလျှင် တန်ဆာဆင်အပ်ကုန်လျက် ရွာသို့ ရှေးရှုလာကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

မြတ်စွာဘုရားသည် ထိုရွာသို့ဝင်၍ ဆွမ်းရပ်တော်မူသည်ရှိသော်၊ မာရ်နတ်သည် အလုံးစုံသောရွာသူတို့၏ ကိုယ်၌ဝင်၍ အကြင်အခြင်းဖြင့် မြတ်စွာဘုရားအား ၁ယောက်မမျှသောဆွမ်းကို မရ၊ ထိုအခြင်းဖြင့် ထိုရွာသူတို့ကို လှည့်ပတ်၍ ၁ ယောက်မမျှသော ဆွမ်းကို မလှူစေ။ 'ကန်တော့ပါ၏။' ဟူ၍သာ တစ်ရွာလုံးကို ဆိုစေ၏။

ဆေးတိုင်းသောသပိတ်ဖြင့် ရွာမှထွက်တော်မူသော မြတ်စွာဘုရားကို မာရ်နတ်သည် ရွာတံခါး၌ ရပ်နေနှင့်၍၊ ''ရဟန်းကြီး။ ဆွမ်းရပါစ။''ဟု မေး၏။

မြတ်စွာဘုရားလည်း ''ယုတ်မာသောအလို ရှိသောမာရ်နတ်။ အကြင်အခြင်းဖြင့် ပြုသော် ငါသည် ဆွမ်းမရ၊ ထိုအခြင်းဖြင့် သင်သည် ပြုသည် မဟုတ်လော။''ဟု မိန့်တော်မူသော်၊ ''ထိုသို့တပြီးကား အရှင်ဘုရား။ တစ်ဖန်ဝင်၍ ဆွမ်း ရပ်တော်မူဦးလော့။''ဟူ၍ ဆို၏။

'အကယ်၍ ဤရဟန်းကြီးသည် ဆွမ်းခံ ဝင်ပြန်အံ့။ ခပ်သိမ်းသောသူတို့၏ကိုယ်၌ ဝင်၍၊ ဤရဟန်းကြီး ရှေ့၌ ရပ်၍ လက်ခုပ်တီး၍ ပြက်ရယ်မှုကို ပြုအံ့'ဟု မာရ်နတ်အား အကြံသည်ဖြစ်၏။

ထိုခဏ၌ သတို့သမီး ၅၀၀တို့သည် ရွာတံခါးသို့ရောက်လာ၍၊ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သော အရပ်၌ နေကြကုန်၏။

မာရ်နတ်သည် မြတ်စွာဘုရားကို ဤသို့ ဆို၏။ ''အရှင်ဘုရား။ ဆွမ်းမရ၍ မစားရသော် ဝတ်မွတ်ခြင်း ဆင်းရဲသည် မနှိပ်စက်ပါလော။''ဟု မေး၏။

မြတ်စွာဘုရားက ''ဟယ်- မာရ်နတ်။ ယနေ့ တစ်စုံတစ်ခုကိုမရသော်လည်း အာဘဿရဗြဟ္မာကဲ့သို့ ပီတိသုခဖြင့် လွန်စေအံ့။''ဟု မိန့်တော်မူ၏။

'သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဥ္စနံ။

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။ ။' ဟူသောတရားတော်ကို ဟောတော်မူ၏။ အနက်-

''ပါပိမ၊ ဟယ်- မာရ်ယုတ်။ ယေသံ နော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ရာဂ, ဒေါသ စသော ကိလေသာ ဟူသော ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ တေ မယံ၊ ထို ငါတို့သည်။ အာဘဿရာ ဗြဟ္မာယထာ၊ အာဘဿရဗြဟ္မာတို့ကဲ့သို့။ ပီတိဘက္ခာ၊ ရှာန်ဝင်စားခြင်း၌ နှစ်သက်ခြင်းပီတိလျှင် အစာ ရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဝတ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်ရှည်ကုန်၏။''

ဤတရားဒေသနာတော်၏အဆုံး၌ ၅၀၀ကုန်သော သတို့သမီးတို့သည် သောတာပတ္တိမဂ်ကိုရ၍ သောတာပန် ဖြစ်လေကုန်၏။

၅၆- အင်္ဂုလိမာလထေရ်ကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အင်္ဂုလိမာလထေရ်ကို အကြောင်းပြု၍၊ 'ယဿပါပံ ကတံကမ္မံ' အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။ အကြောင်း ဝတ္ထုကား-

mgyoe.com

mgyoe.com SAMPLE BOOK

သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်း၏ အမတ်ပုရောဟိတ် အဂ္ဂပုဏ္ဏားဓါ်ခင်ပွန်း 'မန္တာနီ' မည်သော ပုဏ္ဏေးမသည် ရင့်သောကိုယ်ဝန် ရှိသဖြင့်၊ ၁၀ လစေ့သော် တစ်နေ့သောညဉ့်၌ သားဖွားဓါ်။ ထို သားဖွားဆဲသော ခဏ၌ သာဝတ္ထိပြည်အလုံး၌ရှိသော လေး, မြား, ဓား, လှံ, သန်လျက်, ခက်ရင်း စသော လက်နက်တို့သည် တစ်ပြိုင်နက် အလျှံတောက်ကုန်ဓါ်။ မင်းကြီးအိပ်ရာနံပါး၌ ထားသော မင်္ဂလာသံလျက်သည်လည်း အလျှံ ပြောင်ပြောင်တောက်ဓါ်။

ထိုဖွားသောအခါ အဖပုဏ္ဏားသည် နက္ခတ်ကိုကြည့်သော်၊ ခိုးသူနက္ခတ်ယှဉ်သည်ကို မြင်သောကြောင့် 'ငါ၏သားသည် ခိုးသူဖြစ်လတ္တံ့။'ဟု နှလုံးသွင်း၍၊ မိုးသောက်သောနံနက်ထ၌ နန်းတော်သို့သွား၍ မင်းကြီးအား 'ချမ်းသာစွာအိပ်ရကြောင်း' ကို မေးဓါ်။

"ဆရာ။ အဘယ်မှာ ချမ်းသာစွာ အိပ်ရအံ့နည်း။ ယမန်နေ့ညဉ့်အခါ ငါစွဲသောသန်လျက်သည် ပြောင်ပြောင် တောက်သောကြောင့် 'ဤအကြောင်းသည် ငါ့အား မင်းအဖြစ်မှ ရွေ့လိုသောကြောင့် ဖြစ်သလော။ အသက်၏ အန္တရာယ် ဖြစ်လိုသောကြောင့်တည်း ဖြစ်သလော။'ဟု ကြံစည်အောက်မေ့၍ စိုးရိမ်ခြင်း ရှိဓါ်။"ဟု မင်းကြီး ဆိုသော်၊

"အရှင်မင်းကြီး။ စိုးရိမ်တော် မမူလင့်။ ယမန်နေ့ညဉ့်အခါ အကျွန်ုပ်အိမ်၌ သားဖွားသည်။ ထိုသား၏ အာနုဘော်ကြောင့် တစ်ပြည်လုံး၌ရှိသော ဓား,လှံ အစရှိသောလက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ကုန် ဓါ်။"ဟု ပုဏ္ဏားလျှောက်၍၊

"ထိုသို့တပြီးကား ဤသူငယ်သည် အဘယ်သို့ ဖြစ်လတ္တံ့နည်း"ဟု မင်းကြီးမေးလျှင်၊ "အရှင်မင်းကြီး။ ခိုးသူ ဖြစ်လတ္တံ့။"ဟု လျှောက်ဓါ်။

"ဆရာ။ တစ်ယောက်ခိုးသူတည်း ဖြစ်လတ္တံ့လော။ ယင်းသို့မဟုတ် အစုဖွဲ့၍ ရွာဖျက်ပြည်ဖျက် ခိုးသူ တည်း ဖြစ်လတ္တံ့လော။"ဟု မင်းကြီး မေးပြန်ဓါ်။

"အရှင်မင်းကြီး။ တစ်ယောက်တည်းသော ခိုးသူသာ ဖြစ်လတ္တံ့။"ဟု ဆိုပြီး၍၊ "အရှင်မင်းကြီး။ ခိုးသူ ဖြစ်လတ္တံ့သော ဤသူငယ်ကို သတ်တော်မူ။"ဟု ဆိုသော်၊

"တစ်ယောက်တည်းသောခိုးသူသာ ဖြစ်သည်ရှိသော် ပယ် ၁၀၀၀ လယ်ကွက်၌ရောက်သော နတ်ကောက် သလေးတစ်နှံကဲ့သို့ ပမာဏ မပြုလောက်။ သတ်ဖွယ်ကိစ္စ မရှိ။ သင့်သားကို မွေးလေတော့။"ဟု မင်းကြီးဆို၍ မွေးမြူသဖြင့်၊

အမည်မှည့်အံ့သောအခါ မိဘတို့သည် "ငါတို့သား၏ တန်ခိုးအာနုဘော်ကြောင့် အလုံးစုံသော သာဝတ္ထိ ပြည်၌ အလုံးစုံသောလက်နက်တို့သည် အလျှံတောက်ပရကုန်ဓါ်။ တစ်စုံတစ်ယောက်သောသူသည်မျှ ငါတို့သားကို မညှဉ်းဆဲနိုင်ကုန်ရာ။"ဟု နှလုံးသွင်း၍၊ 'အဟိံသက' ဟူသောအမည်ကို မှည့်ကုန်ဓါ်။

ထိုသူသည် အတတ်ပညာ သင်လောက်သောအရွယ်သို့ ရောက်သောအခါ အတတ်ပညာ သင်စိမ့်သောငှာ မိဘတို့သည် ထိုလုလင်ကို တက္ကသိုလ်ပြည်သို့ ပို့လေကုန်ဓါ်။ ထိုလုလင်သည် ဆရာ့အထံ၌ အကျင့်အာစာရနှင့် ပြည့်စုံသော တပည့်ကောင်းဖြစ်၍ အတတ်သင်ဓါ်။ ထိုလုလင်သည် ဆရာ၌ ရိုသေကျိုးနွံခြင်း ရှိဓါ်။ နှလုံးကို ပွားစေတတ်သော ချစ်ဖွယ်သောအကျင့်နှင့် ပြည့်စုံဓါ်။ ထို့ကြောင့် ဆရာ၌ အလွန် အကျွမ်းဝင်ဓါ်။

တပည့်ဟောင်းတို့သည် "ငါတို့သည် အဟိံသကလုလင် ရောက်လာသည်မှစ၍ မထင်ရှားချေကုန်။" ဟု နှလုံးမသာ ရှိကုန်သဖြင့်၊ အဟိံသကလုလင်၌ ရန်ငြိုးဖွဲ့၍၊ ဆရာနှင့် ကွဲပြားစိမ့်သောငှာ ချောပစ်အံ့သော

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းကို တိုင်ပင်ကုန်၍၊ ထိုတပည့်တို့သည် ၃ စု ပြု၍၊ တစ်စုသောတပည့်တို့သည် ဆရာ့အိမ်သို့ သွား၍၊ ''ဆရာ ဤအိမ်၌ တစ်ခွန်းသောစကားကို ကြားကုန်၏။''ဟု ဆို၍၊ ''အဘယ်သို့ ကြားကုန်သနည်း။'' မေးသည်ရှိသော်၊ ''အဟိံသကလုလင်သည် 'သင်ဆရာတို့၏အတွင်း၌ ဖျက်ဆီး၏။'ဟု တီးတိုးပြောသံကြားသည်''ဟု ဆိုကုန်၏။

ထိုစကားကိုကြားသော် ဆရာလည်း ''သူယုတ်တို့။ သွားလေကုန်။ ငါ့၏သား အဟိံသကနှင့် ငါ၏အကြားကို မဖျက်လင့်''ဟု နှင်ထုတ်လိုက်၏။

ထို့အတူ တစ်စုသောတပည့်တို့သည် ချောပစ်သောစကားကို ဆရာအား ဆိုကုန်၏။ ဆရာလည်း ရှေးနည်းတူ ပယ်လေ၏။

တစ်စုသော တပည့်တို့သည်လည်း ဖျက်ပြန်ကုန်၏။ ထိုသူတို့၏ စကားကိုလည်း ဆရာသည် ပယ်၏။

ထို့နောင် ၃ စုသော တပည့်သည်ပေါင်းပြန်၍၊ ''ဆရာ။ ကျွန်ုပ်တို့စကားကို မယူသော် စူးစမ်း၍ သိတော်မူ။''ဟု ဆိုကုန်၏။

ဆရာလည်း သွားလေကုန်သောတပည့်တို့ကို မြင်၍ ချစ်သနားသဖြင့်၊ 'ဤသို့သောစကားသည် အကြောင်းရှိအံ့။' ဟု နှလုံးသွင်း၍၊ 'ထိုအဟိံသကကို သတ်အံ့။'ဟု ကြံ၏။ ထို့နောက် 'အကယ်၍ ငါ သတ်အံ့။ 'ဒိသာပါမောက္ခဆရာသည် မိမိအံ့ထံသို့ အတတ်သင်အံ့ဟု လာသောတပည့်ကို သတ်လေ၏'ဟု ကြားကုန်လျှင်၊ တစ်ယောက်သောသူမျှ အတတ်သင်အံ့သောငှာ ငါသို့ မလာလတ္တံ့။ ဤသို့မလာသော် ငါ့အား လာဘ်သပ္ပကာနည်းလတ္တံ့။ စင်စစ်ကား အဟိံသကလုလင်ကို 'အတတ်၏အဆုံးကို ပြမည်။ ၁၀၀၀ သောလူတို့ကို သတ်လော့။'ဟု ဆိုအံ့။ အကယ်မလွဲသဖြင့် ထို ၁၀၀၀ သောလူတို့တွင် တစ်ယောက်ယောက်သည် အဟိံသကကို သတ်လတ္တံ့။ ဤသို့သတ်၍ အဟိံသကသေမှ ငါ၏အိမ်တွင် ပြစ်မှားခြင်း, ဖျက်ဆီးခြင်း အမှုသည် ငြိမ်းလတ္တံ့။'ဟု ကြံပြီး၍၊

''ချစ်သားအဟိံသက။ သင်သည် ၁၀၀၀ သောလူတို့ကို သတ်လေလော့။ ဤသို့သတ်သော သင့်အား အတတ်၏အဆုံးကိုပြအပ်သည် ဖြစ်လတ္တံ့။''ဟု ဆို၏။

ထိုစကားကိုကြား၍ ''ဆရာ။ အကျွန်ုပ်သည် သူတစ်ပါးအား နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုသောအမျိုး၌ ဖြစ်၏။ ထို့ကြောင့် တစ်ယောက်သောသူကိုမျှ သတ်ခြင်းငှာ မစွမ်းနိုင်။''ဟု ဆို၏။

ဆရာသည် ''ချစ်သားအဟိံသက။ မရအပ်သော အဆုံးရှိသောအတတ်သည် အကျိုးမရှိ။''ဟု ဆို၏။

''ယင်းသို့သော်ကား ဆရာ-ကောင်းပြီ။''ဟု ဝန်ခံ၍၊ အဟိံသကသည် လက်နက် ၅ ပါးကို ယူ၍၊ ဆရာကို ရှိခိုး၍၊ တောအုပ်၌နေလျက် တောသို့ ဝင်လာသောသူ, တောမှ ထွက်သောသူတို့ကို သတ်လေ၏။ သတ်၍ ထိုသူတို့၏ ပုဆိုးဦးရစ်တို့ကို ယူသည်လည်း မဟုတ်။ '၁ ယောက်သေပြီ၊ ၂ ယောက်သေပြီ။' ဟု မှတ်ကာမျှကိုပြု၍ သွား၏။ '၁၀၀၀ အရေအတွက်တွင် ဤမျှသောအရေအတွက် သေနှင့်ပြီ။ ဤမျှသော အရေအတွက် ကြွင်းသေး၏။'ဟု အမှတ်ကို မပြု။ ၁ ချောင်း - ၁ ချောင်းသော လက်ညှိုးကိုသာ ဖြတ်၍ထား၏။ ထားတိုင်းထားတိုင်းသော လက်ညှိုးတို့သည် ကျီးငှက်စား၍ ပျောက်ကုန်၏။ ထို့နောင်မှ 'ကစဉ်ကလျားထားအပ်သောလက်ညှိုးတို့သည် ပျောက်ကုန်၏။'ဟု နှလုံးသွင်း၍၊ နောက်၌ ရရသမျှသောလက်ညှိုးတို့ကို ဖောက်၍၊ ကြိုးဖြင့် သီ၍၊ လည်၌ ပန်းအမှတ်ပြု၍ ဆောင်၏။ ထိုသို့ လက်ညှိုးတို့ကို ဆောင်သောကြောင့် 'အဟိံသက' ဟူသောအမည် ကွယ်၍၊ 'အင်္ဂုလိမာလ' ဟူသောအမည်သည် ထင်ရှားဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုအင်္ဂုလိမာလသည် အချင်းခပ်သိမ်း တော၌ သွားခြင်း, နေခြင်း, အိပ်ခြင်းကို ပြု၏။ ဟင်းရွက်ခူး,ထင်းခွေ အစရှိသည်အလို့ငှာမျှ လူတို့သည် တောသို့သွားခြင်းငှာ မဝံ့ကုန်။ တောသို့ မလာသော် ညဥ့်အခါ၌ ရွာတွင်းသို့ လာ၍၊ တံခါးရွက်ကို ခြေဖြင့်ကျောက်၍၊ လုစ်၍၊ အိပ်ပျော်သူတို့ကို သတ်၍၊ လက်ညှိုးကို ဖြတ်ယူ၍ သွားလေ၏။

ရွာ၌နေသောသူတို့သည် ရွာမှ ထွက်၍၊ နိဂုံးဇနပုဒ်ကို ဝင်၍နေကုန်၏။ မြို့၌နေသောသူတို့သည် ၃ ယူဇနာအရပ်မှ စ၍၊ အိမ်တို့ကို စွန့်၍၊ သားမြေးတို့ကို လက်ကိုင်ကာလာ၍၊ သာဝတ္ထိပြည်ကို ရံ၍၊ တပ်တောင်တာခိုင်ခံ့စွာ ဖွဲ့၍၊ မင်းရင်ပြင်၌ စည်းဝေး၍၊ ''အရှင်မင်းကြီး၏နိုင်ငံ၌ 'အင်္ဂုလိမာလ'အမည်ရှိသော ခိုးသူသည် ရှိ၏။''ဟု အုတ်အုတ်ကျက်ကျက် မြည်တမ်းဟစ်ကြော်ကုန်၏။

ထိုအခါ အဖဖြစ်သော အဂ္ဂပုဏ္ဏားသည် 'ခိုးသူ ဟူသည် ငါ့သားဖြစ်လတ္တံ့။'ဟု သိ၍ ပုဏ္ဏေးမကို ''အိမ့်ရှင်မ။ 'အင်္ဂုလိမာလ' အမည်ရှိသော ခိုးသူသည် ဖြစ်၏။ ထိုခိုးသူသည် တစ်ပါးသူ မဟုတ်။ သင်၏သား ဖြစ်သော အဟိံသက ပင်တည်း။ ယခုအခါ ကောသလမင်းသည် ထိုခိုးသူကို ဖမ်းအံ့သောငှာ ထွက်လတ္တံ့။ အဘယ်သို့ ပြုပါအံ့နည်း။''ဟု ဆို၏။ ပုဏ္ဏေးမလည်း ထိုစကားကိုကြားလျှင် ''အရှင်။ သွား၍ ငါ့သားကို ယူပါ။''ဟု စေ၏။

ပုဏ္ဏားလည်း ''ပုဏ္ဏေးမ။ 'ခိုးသူ'ဟူသည်ကား အကျွမ်းတဝင်မပြုအပ်သူ တစ်ယောက်ပင် ဖြစ်သော ကြောင့် ငါသွား၍ မယူဝံ့ချေ။''ဟု ဆို၏။ မိခင်တို့၏နှလုံးသည်ကား နူးညံ့သောသဘော ရှိ၏။ ထို့ကြောင့် အမိဖြစ်သောပုဏ္ဏေးမသည် ''ငါ့သားကို ငါသွား၍ ယူအံ့။''ဟု အိမ်မှ ထွက်၍သွား၏။

ထိုနေ့၌ မြတ်စွာဘုရားသည် လောကကို ကြည့်တော်မူသော် အင်္ဂုလိမာလကိုမြင်၍၊ 'ငါကြွသွားတော်မူသော် အင်္ဂုလိမာလအား ချမ်းသာခြင်းရှိလတ္တံ့။ ၄ ပုဒ်သောဂါထာကို ကြား၍၊ ငါ့အထံ၌ ရဟန်းပြု၍ အဘိညာဉ် ၆ ပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလတ္တံ့။ ငါမသွားမူ အမိ၌ ပြစ်မှား၍ သံသရာဝဋ်ဆင်းရဲမှ မထွက်နိုင်လတ္တံ့။ ထို့ကြောင့် အင်္ဂုလိမာလအား သင်္ဂြိုလ်ခြင်းကို ပြုအံ့။'ဟု နံနက်စောစောက သက်န်းကို ရုံတော်မူ၍၊ သပိတ်တော်ကို ယူ၍ မြို့တွင်း၌ ဆွမ်းခံတော်မူ၍၊ ဆွမ်းစားပြီးသော် အင်္ဂုလိမာလကို သင်္ဂြိုလ်အံ့သောငှာ ကြွသွားတော်မူ၏။

ထိုအခါ၌ နွားကျောင်း, ကျွဲကျောင်း, ခရီးသွား စသောသူတို့သည် ''ရှင်ပင်ဘုရား။ ထိုခရီးကို မသွားပါလေနှင့်။ ထိုခရီး၌ အင်္ဂုလိမာလခိုးသူသည် ရှိ၏။ ထိုသူသည် ကြမ်းတမ်းလှ၏။ သွေးဖြင့်စွန်းသောလက် ရှိ၏။ ထိုးခြင်း,ခုတ်ခြင်း,သတ်ခြင်း၌ ယှဉ်သောနှလုံး ရှိ၏။ သတ္တဝါတို့၌သနားခြင်း ကင်း၏။ ထို့ကြောင့် ရွာ, နိဂုံး, ဇနပုဒ်တို့၌ နေကုန်သော သူတို့သည် အင်္ဂုလိမာလကို ကြောက်သဖြင့် ရွာ, နိဂုံး, ဇနပုဒ်တို့ကို စွန့်၍ ပြေးလေကုန်၏။ ထိုရွာ, နိဂုံး, ဇနပုဒ်တို့သည် တော ဖြစ်ခဲ့ကုန်၏။ ထိုအင်္ဂုလိမာလသည် လူတို့ကို သတ်၍ လက်ညှိုးကို ပန်ဆောင်၏။ ထိုခရီးသို့ ၁ကျိပ်,၂ကျိပ်,၃ကျိပ်,၄ကျိပ်စသည် ပေါင်းစု၍သွားကုန်၏။ ထိုသူတို့သည် အင်္ဂုလိမာလ၏လက်၌သာ သေပျောက်ခြင်းသို့ ရောက်ကြကုန်၏။''ဟု မသွားသင့်ကြောင်းကို လျှောက်ကုန်၏။

ထိုသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ သွား၏။ ၂ ကြိမ်မြောက်လည်း ရှေးနည်းအတူ လျှောက်၏။ ၂ ကြိမ်မြောက်လည်း မြတ်စွာဘုရား ဆိတ်ဆိတ်နေတော်မူ၍ သွား၏။ ၃ ကြိမ်မြောက်လည်း နွားကျောင်းသားတို့သည် ရှေးနည်းအတူ မသွားသင့်ကြောင်းကို လျှောက်ကုန်၏။ ၃ ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ သွား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ အင်္ဂုလိမာလသည် မြတ်စွာဘုရားကို မြင်၍၊ 'အံ့ဖွယ်သရဲ ရှိစွတကား။ မဖြစ်ဖူးမြဲတကား။ ဤခရီးကို ၁ကျိပ် ၁ပူး၊ ၂ကျိပ် ၁ပူး၊ ၃ကျိပ် ၁ပူး၊ ၄ကျိပ် ၁ပူး စု၍စု၍ လူတို့သည် သွားရကုန်၏။ ထိုသူတို့သည် ငါ၏လက်၌ သေပျောက်ခြင်းသို့ ရောက်ကုန်၏။ စင်စစ်သဖြင့် ဤရဟန်းသည် ဘေးမရှိသကဲ့သို့ တစ်ယောက်တည်း မထီမဲ့မြင်ပြု၍ လာဘိ၏။ ဤရဟန်းကို ငါသတ်အံ့။' ဤသို့ အကြံဖြစ်၏။ ထိုသို့ကြံပြီးမှ အင်္ဂုလိမာလသည် သန်လျက်ကိုကိုင်၍ အံသွားခဲလျက် မြတ်စွာဘုရားကို လိုက်၏။

ထိုသို့လိုက်သောအခါ မြတ်စွာဘုရားသည် အကြင်သို့သော ဖန်ဆင်းခြင်းကို ဖန်ဆင်းသော် အင်္ဂုလိမာလသည် လိုက်၍မမီခြင်းငှာ မစွမ်းနိုင်။ ထိုအခြင်းဖြင့် ဖန်ဆင်းတော်မူ၏။ အဘယ်သို့ ဖန်ဆင်းသနည်းဟူမူကား ရေညွှန် ဖန်ဆင်းတော်မူ၍ လည်းကောင်း၊ ချောက်ကမ်းပါးပြတ် ဖန်ဆင်းတော်မူ၍ လည်းကောင်း ၃ ယူဇနာ တိုင်အောင် ဖန်ဆင်း၍ ကြွတော်မူ၏။

အင်္ဂုလိမာလသည် မြတ်စွာဘုရားကိုလိုက်သော် ရေကို ကူးရခြင်း၊ ညွှန်ကို ရုန်းရခြင်း၊ ချောက်ကို ဆင်းရခြင်း၊. တောင်ကို တက်ရခြင်းတို့ဖြင့် အလွန်ပင်ပန်း၍ ခံတွင်း၌ တံတွေးခြောက်၏။ လက်ရင်းတို့၌ ချွေးသည် ထွက်ကုန်၏။ 'အို- အချင်းတို့။ အံ့ဖွယ်ရှိစွ။ လျင်စွ ပြေးသောသမင်ကိုသော်လည်း ထမင်းမွတ်၍၊ 'ထိုသမင်သားကို စားအံ့။' ဟုလိုက်သော် အဘယ့်ကြောင့် မမိဘဲ ရှိတုံအံ့နည်း။ ပြကတေ့သွားမြဲဖြင့် သွားခဲ့သော ဤရဟန်းကို ငါ အားကြိုး၍ လိုက်ပါသော်လည်း မီခြင်းငှာ မစွမ်းနိုင်။' ဟု အကြံရှိ၍၊ ''ရဟန်းကြီး။ ရပ်ဦးလော့။'' ဟု ဆို၏။

ထိုစကားကို ကြား၍ မြတ်စွာဘုရားသည် ''အင်္ဂုလိမာလ။ ငါ ရပ်တော်မူ၏။ သင်သာ မရပ်သည်။'' ဟု မိန့်တော်မူ၏။

ထိုစကားကိုကြား၍ အင်္ဂုလိမာလသည် 'သာကီဝင်မင်းသားရဟန်းတို့သည် မှန်သောစကားကို ဆိုကုန်၏။ မှန်သည်ကိုသာ ဝန်ခံကုန်၏။ ထိုသို့လျက် ဤရဟန်းသည် သွားလျက်ပင် 'ငါ ရပ်၏။ သင်သာ မရပ်သည်။' ဟု ဆို၏။ အကြင် ငါ ကြံအောက်မေ့သည်ကား ဤရဟန်းကြီးကို ငါ မေးအံ့။' ဟု ကြံပြီး၍၊ အင်္ဂုလိမာလသည် မေးလိုသည် ဖြစ်၍-

'ဂစ္ဆံ ဝဒေသိ သမဏ ဋ္ဌိတောမှိ၊ မမဉ္စ ဗြူသိ ဋ္ဌိတမဋ္ဌိတောတိ။

ပုစ္ဆာမိ တံ သမဏ ဧတမတ္ထံ၊ ကထံ ဋ္ဌိတော တွံ အဟံ မဋ္ဌိတောမှိ။ ။' ဟူသောဂါထာကို ရွတ်၍မေး၏။ အဓိပ္ပာယ်ကား-

''ရှင်ရဟန်း။ သင်သည် သွားလျက်ပင် 'ငါရပ်၏။' ဟု ဆို၏။ ရပ်၍နေသောအကျွန်ုပ်ကို 'သင်သာ မရပ်။' ဟု ဆို၏။ ရှင်ရဟန်း။ သင့်ကို ဤအကြောင်းကို မေးပါအံ့။ အဘယ်အကြောင်းကြောင့် သင်ရဟန်းသည်ကား 'ရပ်သည်။' မည်သနည်း။ ငါကား 'မရပ်သည်။' မည်သနည်း။'' ဟု ဆိုသည်။

အင်္ဂုလိမာလအမေးကို ဖြေလိုသောမြတ်စွာဘုရားသည်-

'ဋ္ဌိတော အဟံ အင်္ဂုလိမာ သဗ္ဗဒါ၊ သဗ္ဗသု ဘူတေသု နိဓာယ ဒဏ္ဍံ။

တုဝဉ္စ ပါဏေသု အသညတောသိ၊ တသ္မာ ဋ္ဌိတော အဟံ တွေ မဋ္ဌိတောသိ။ ။' ဟူသော ဂါထာကို မိန့်တော်မူ၏။ ဤဂါထာ၌ အဓိပ္ပာယ်ကား-

''အင်္ဂုလိမာလ။ ငါသည် အခါခပ်သိမ်း အလုံးစုံသောသတ္တဝါတို့၌ ဒဏ်ထားခြင်း၊ ဓားလက်နက်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကို ပယ်၍ သူတော်ကောင်းတရား၌ တည်၏။ ထို့ကြောင့် 'ငါသည် ရပ်၏။' ဟု ဆိုသည်။ သင်သည်ကား သတ္တဝါအပေါင်းတို့၌ ကိုယ်၊ နှုတ်၊ နှလုံး မစောင့်သည် ဖြစ်၍၊ ဓား၊ လှံ အစရှိသောလက်နက်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ထိုးခုတ်သတ်ပုတ် ညှဉ်းဆဲခြင်းပြုသဖြင့် သူတော်ကောင်းတရား၌ မတည်။ ထို့ကြောင့် 'သင်သည်သာ မရပ်။' ဟု ငါဆိုသည်'' ဟူလိုသော်။

ထို့နောက်မှ အင်္ဂုလိမာလသည် 'ဋ္ဌိတောအဟံ အင်္ဂုလိမာလ' အစရှိသော သီဟနာဒသည် တစ်ပါးသော သူသည်ဟောအပ်သော ဂါထာသည်မဖြစ်လတ္တံ့။ မဟာမာယာ၏သားဖြစ်သော 'သိဒ္ဓတ်'အမည်ရှိသော မင်းသား၏ သီဟနာဒဂါထာတည်း။ ကုန်ပြီးသောအာသဝေါရှိသော ရှင်တော်ဘုရားသည် ငါ သူတော်ကောင်းတရား၌ မတည်သောအဖြစ်ကို မြင်တော်မူပေစွတကား။ ရှင်ပင်ဘုရားသည် ငါ့အား သင်္ဂြိုလ်ခြင်းကို ပြုအံ့သောငှာ ဤတောကြီးသို့ လာပေသည်တကား။'ဟု ကြံ၍-

'စိရဿံ ဝတ မေ မဟတော မဟေသီ၊ မဟာဝနံ သမဏပစ္စုပါဒိသော ဟံ။

စရိဿာမိ မဟာယ ပါပံ သုတွာန၊ ဂါထံ ဘဂဝန္တ့ ဓော ဒဝေါစ။ ။' ဟူသောဂါထာကို ရွတ်၏။ ဤဂါထာ၌ အဓိပ္ပာယ်ကား-

''ရှင်ရဟန်း။ ဤ လူ,နတ်,ဗြဟ္မာတို့သည် ပူဇော်အပ်သော၊ သီလ အစရှိသောကျေးဇူးကို ရှာတော်မူလေ့ရှိသော ရှင်ရဟန်းသည် မြင့်ရှည်မှ အကျွန်ုပ်အား သင်္ဂြိုလ်ခြင်းကို ပြုတော်မူလို၍ ဤတောကြီးသို့ ကြွတော်မူ၏။ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားတရားတော်ကို ကြားသောကြောင့် 'သူ့အသက်ကို သတ်ခြင်းတည်း။'ဟူသော မကောင်းသောအကျင့်ကို ပယ်၍ သူတော်ကောင်း၏တရားကိုသာလျှင် ကျင့်ပါတော့အံ့။''

ဤသို့လျှင် မြတ်စွာဘုရားကို ကြားလျှောက်၏ ဟူလိုသည်။

ထို့နောင် အင်္ဂုလိမာလသည် သန်လျက်,လေး,လှံ အစရှိသော အလုံးစုံသောလက်နက်တို့ကို ချောက်ကမ်းပါးပြတ်၌ စွန့်ပစ်၍၊ ဘုရားခြေတော်တို့ကို ရှိသေစွာရှိခိုး၍ ထိုအရပ်၌ပင်လျှင်၊ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ရဟန်း ပြုတော်မူပါလော့။''ဟု တောင်းပန်၍၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၌ သနားခြင်းရှိတော်မူသော မြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏နှာမောင်းနှင့် တူသော လက်ယာလက်မောင်းတော်ကို ဆန့်၍ 'ဧဟိဘိက္ခု သမ္မာစရထ' အစရှိသဖြင့် ခေါ်တော်မူလျှင်၊ အင်္ဂုလိမာလအား ဆံ,မုတ်ဆိတ်, လူဝတ်ပုဆိုးတို့သည် ကွယ်လေ၍၊ 'သပိတ်, သင်္ကန်း စသော ရဟန်းပရိက္ခရာ ၈ ပါးနှင့် ပြည့်စုံစွာ ထက်ကြပ်ပါလျက်၊ အဝါ ၆၀ ရှိပြီးသော မထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားသို့ ညွတ်သောဦးခေါင်းဖြင့် ရှိခိုးလျက်၊ ဧဟိဘိက္ခု ပဥ္စင်းရဟန်း ဖြစ်လေ၏။

အင်္ဂုလိမာလ ဧဟိဘိက္ခုရဟန်း ဖြစ်ပြီးသော်၊ နောက်လိုက်ရဟန်းဖြစ်သော အင်္ဂုလိမာလနှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ပြန်၍နေတော်မူ၏။

နောက်အခါ၌ အင်္ဂုလိမာလမထေရ်သည် ဝိပဿနာကို ပွားစေ၍၊ အာသဝေါ ၄ ပါး အကြွင်းမရှိကုန်သည် ဖြစ်၍၊ ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုလေ၏။

ရဟန်းတို့သည် တရားသဘင်၌ စုဝေး၍၊ ''အရှင်တို့။ အင်္ဂုလိမာလမထေရ်သည် အဘယ်အရပ်၌ ဖြစ်ရာလေသည်မသိ''ဟု စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍၊ ''ချစ်သားရဟန်းတို့။ အဘယ်စကားကို ပြောဆိုကြသနည်း။'' ဟု မေးတော်မူ၍၊ ''ဘုန်းတော်ကြီးသောအရှင်ဘုရား။ အင်္ဂုလိမာလမထေရ်၏ ဖြစ်ရာအရပ်ကို ပြောဆိုကြပေသည်။''ဟု လျှောက်သော်၊ ''အင်္ဂုလိမာလမထေရ်သည် ပရိနိဗ္ဗာန်ယူလေပြီ။''ဟု ဘုရားရှင်မိန့်တော်မူလျှင်၊

''အရှင်ဘုရား။ ဤမျှလောက်သောသူတို့ကို သတ်၍ ပရိနိဗ္ဗာန် ပြုရ၏လော။''ဟု နားတော်လျှောက်သဖြင့်၊ ''ဩော်-ပရိနိဗ္ဗာန် ပြုရ၏။ ချစ်သားရဟန်းတို့။ အင်္ဂုလိမာလသည် ရှေး၌ ကောင်းသောအဆွေခင်ပွန်းကို

mgyoe.com

mgyoe.com SAMPLE BOOK

မရပါ၍ ဤမျှလောက်မကောင်းမှုကို ပြုရသည်။ နောက်အခါ၌ 'ဘုရား' ဟူသော အဆွေခင်ပွန်းကောင်း အထောက်အပံ့ရ၍ မမေ့မလျော့ ကမ္မဋ္ဌာန်းကိုပွားစေသဖြင့်၊ အကြင်မကောင်းမှုကို ရှေး၌ ပြု၏။ ထိုမကောင်းမှုကို အရဟတ္တမဂ် ကုသိုလ်ဖြင့် ပိတ်အပ်ပြီ။''ဟု မိန့်တော်မူ၍-

'ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ၊

သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။' ဟူသောတရားကို ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။

၅၇- ပသေနဒီကောသလမင်းကြီး၏ အသဒိသဒါနကို ပြခြင်း။

'နဝေဂဒရိယာ' အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အသဒိသအလှူကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ ဇေတဝန်ကျောင်းတော်မှ ဝါကျွတ်တော်မူလျှင် ဒေသစာရီကြွတော်မူ၍ ၅၀၀ သောရဟန်းတို့ဖြင့်ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၏။

ပသေနဒီကောသလမင်းကြီးသည် ကျောင်းသို့သွား၍၊ မြတ်စွာဘုရားကို ဆွမ်းဖိတ်၍၊ မိုးသောက်သောနေ့၌ အာဂန္တုကအလှူကို စီရင်၍၊ ''ငါ၏အလှူကို ရှုလှည့်ကုန်။''ဟု ပြည်သူတို့ကို ခေါ်စေ၍၊ ပြည်သူတို့သည်လာကုန်၍၊ မင်း၏အလှူကို မြင်၍၊ နက်ဖြန်အလို့ငှာ မြတ်စွာဘုရားကို ပြည်သူတို့သည် ဖိတ်မန်၍၊ အလှူကို စီရင်၍၊ ''ငါတို့၏အလှူကို အရှင်မင်းကြီးသည် ရှုတော်မူလှည့်ပါ။''ဟု စေလိုက်ကုန်၏။

မင်းကြီးသည် ထိုပြည်သူတို့၏အလှူကို မြင်ပြီး၍၊ ''ဤပြည်သူတို့သည် ငါ၏အလှူထက်လွန်မြတ်စွာ ပြုအပ်ပြီ။ ငါသည် တစ်ဖန်ပြုဦးအံ့။''ဟု တစ်မိုးသောက်သောနေ့၌ အလှူကို စီရင်ပြန်၏။

ပြည်သူတို့သည် ထိုအလှူကိုမြင်၍ တစ်မိုးသောက်သောနေ့၌ အလှူကို စီရင်ကုန်၏။ ဤသို့လျှင် မင်းကြီးသည် ပြည်သူတို့ကို ရှုံးစေအံ့သောငှာ မတတ်နိုင်။ ပြည်သူတို့သည် မင်းကြီးကို ရှုံးစေအံ့သောငှာ မတတ်နိုင်ကုန်။ ထိုအခါ ၆ ကြိမ်မြောက်၌ ပြည်သူတို့သည် အဆအရာ, အဆအထောင် ပွားစေ၍၊ 'အကြင် အခြင်းဖြင့် ဤသူတို့၏အလှူ၌ ဤမည်သောဝတ္ထုသည် မရှိ။' ဟူ၍ ဆိုအံ့သောငှာ မတတ်ကောင်း။ ထိုအခြင်းဖြင့် ပြည်သူတို့သည် အလှူကို စီရင်ကုန်၏။

ပသေနဒီကောသလမင်းကြီးသည် 'ဤပြည်သူတို့၏အလှူထက် လွန်မြတ်စွာ ငါသည် မပြုနိုင်လတ္တံ့။ ငါ့အား အသက်ရှင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း။' ဟု ကြံ၍အိပ်၏။ ထိုရောအခါ မလ္လိကာမိဖုရားသည် မင်းကြီးသို့ ကပ်၍ ''အဘယ်ကြောင့် အရှင်မင်းကြီး ဤသို့ အိပ်သနည်း။ အဘယ်ကြောင့် အရှင်မင်းကြီးအား မျက်စိ စသောဣန္ဒြေတို့သည် ညှိုးငယ်ကုန်သနည်း။''ဟု မေးလျှောက်၏။

''မိဖုရား။ ယခုအခါ သင်သည် မသိပါလော။''ဟု ဆို၍၊ ''အရှင်မင်းကြီး။ အကျွန်ုပ် မသိပါ။''ဟု လျှောက်သော်၊ မင်းကြီးသည် မိဖုရားအား 'ထိုပြည်သူတို့ကို အလှူပေးရာ၌ မသာနိုင်ကြောင်း' ကို ကြား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ မင်းကြီးကို ''အရှင်မင်းကြီး။ မကြံလင့်။ အဘယ်အရာ၌ သင်မင်းကြီးသည် ရေ,မြေကို အစိုးရသော မင်းကြီးသည် ပြည်သူတို့မှ ရှုံးသည်ကို မြင်ဖူးသနည်း၊ ကြားဖူးသနည်း။ အရှင်မင်းကြီးတို့၏အလျှုကို အကျွန်ုပ်သည် စီရင်အံ့။''ဟု ဆိုပြီးလျှင်၊ ထိုမလ္လိကာမိဖုရားသည် အသဒိသအလှုကို စီရင်အံ့သောငှာ-

''မြတ်သောမင်းကြီး။ 'သာလကလျာဏီ' အမည်ရှိသော သစ်သားပျဉ်ဖြင့် ၅၀၀ သောရဟန်းတို့၏ နေရာမဏ္ဍပ်ကို အတွင်းအကွေ့၌ ပြုလော့။ ကြွင်းသောလူပရိသတ်တို့သည် အပအကွေ့၌ နေကုန်လတ္တံ့။ ၅၀၀ ကုန်သော ထီးဖြူတို့ကို ပြုစေလော့။ ထိုထီးဖြူတို့ကို ကိုင်၍၊ ၅၀၀ သော ဆင်တို့သည် ၅၀၀ ကုန်သော ရဟန်းတို့၏ အထက်၌ ဆောင်းကုန်လျက် ရပ်ကုန်လတ္တံ့။ ၈ စင်း - ၁၀ စင်းသော ရွှေလှေတို့ကို ပြုစေလော့။ ထိုရွှေလှေတို့သည် မဏ္ဍပ်၏အလယ်၌ ဖြစ်ကုန်လတ္တံ့။ ၂ယောက်- ၂ယောက်ကုန်သော ရဟန်းတို့၏အကြား၌ ၁ယောက်- ၁ယောက် သောမင်းသမီးတို့သည် နေကုန်၍ နံ့သာမှုန့်တို့ကို ကြိတ်ကုန်လတ္တံ့။ ၁ ယောက်- ၁ ယောက်သော မင်းသမီးတို့သည် ယပ်ကိုကိုင်၍၊ ၂ ယောက်- ၂ ယောက်သော ရဟန်းတို့ကို ယပ်ခတ်လျက် ရပ်ကုန်လတ္တံ့။

''ထိုမှကြွင်းသောမင်းသမီးတို့သည် ကြိတ်ပြီးကြိတ်ပြီးကုန်သော နံ့သာမှုန့်တို့ကို ဆောင်ကုန်၍ ရွှေလှေတို့၌ ထည့်ကုန်လတ္တံ့။ ထိုမင်းသမီးတို့တွင် အချို့သောမင်းသမီးတို့သည် ကြာညိုပန်းအစည်းတို့ကို ကိုင်၍ ရွှေလှေ၌ ထည့်ကုန်ပြီးသော်၊ နံ့သာတို့ကို လှုပ်ချောက်မွှေ၍ နံ့သာဖြင့်ထုံခြင်းကို ယူစေကုန်လတ္တံ့။ ပြည်သူတို့အား မင်းသမီးတို့သည်လည်း မရှိကုန်။ ထီးဖြူတို့သည်လည်း မရှိကုန်။ ဆင်တို့သည်လည်း မရှိကုန်။ ဤအကြောင်းတို့ဖြင့် ပြည်သူတို့သည် ရှုံးကုန်လတ္တံ့။ အရှင်မင်းကြီး။ ဤဆိုတိုင်း ပြုတော်မူလော့။''ဟု မလ္လိကာ ဆိုသော်၊ ''မိဖုရား။ ကောင်း၏၊ ကောင်း၏။ သင်သည် ကောင်းသောစကားကို ဆိုအပ်၏။''ဟု ထိုမိဖုရား ဆိုတိုင်းသောအမှတ်ဖြင့် အလုံးစုံကိုပြုစေ၏။

တစ်ယောက်သောရဟန်းအားကား ဆင်တစ်စီးသည် မလောက်ငါ။ ထိုအခါမင်းကြီးသည် မလ္လိကာကို ''ရှင်မိဖုရား။ တစ်ယောက်သောရဟန်းအား တစ်စီးသောဆင်သည် မလောက်။ အဘယ်သို့ပြုအံ့နည်း။''ဟု ဆို၏။

''အရှင်မင်းကြီး။ ၅၀၀ သောဆင်တို့သည် မရှိကုန်လော။''ဟု မေးသဖြင့်၊ ''မိဖုရား။ ရှိပါ၏။ ရေတွက်သော ဆင်မှ ကြွင်းသောဆင်တို့သည် ဆိုးလှ,ပျက်လှကုန်၏။ ထိုဆင်တို့သည် ရဟန်းတို့ကိုမြင်၍ ဝေရမ္ဘလေကဲ့သို့ ကြမ်းတမ်းသည် ဖြစ်ကုန်၏။''ဟု ဆိုသော်၊

''အရှင်မင်းကြီး။ တစ်ခုသောဆင်ပျက်ငယ်၏ ထီးဖြူကိုကိုင်၍ ရပ်ရာအရပ်ကို အကျွန်ုပ်သိပါ၏။''ဟု မလ္လိကာမိဖုရား ဆိုသဖြင့်၊ ''အဘယ်အရပ်၌ ဆင်ပျက်ငယ်ကို ထားရအံ့နည်း။''ဟု မင်းကြီးမေးသော်၊ ''အင်္ဂုလိမာလမထေရ်၏ အနီး၌ ထားလော့။''ဟု ဆို၍၊ မလ္လိကာမိဖုရားဆိုတိုင်း ပြု၏။

ထိုဆင်ပျက်ငယ်သည် အမြီးကို ပေါင်ကြား၌ထား၍၊ နားရွက် ၂ ဖက်တို့ကို ချ၍၊ မျက်စိတို့ကို မှိတ်၍ ယဉ်လှစွာသော ဆင်ကဲ့သို့ ရပ်၏။ လူများအပေါင်းသည် ဤသို့ ပြက်ချော်ကြမ်းတမ်းသော သဘောရှိသော ဆင်ကိုသာ ကြည့်၏။

ပသေနဒီကောသလမင်းကြီးသည် ဘုရားအစရှိသော သံဃာတော်ကို ဆွမ်းလုပ်ကျွေးပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဤ အလှူဝတ္ထုအဖို့၌ အပ်သောဘဏ္ဍာတော်သည် လည်းကောင်း, မအပ်သောဘဏ္ဍာတော်သည် လည်းကောင်း ဖြစ်၏။ ထိုအလုံးစုံကို အရှင်ဘုရားတို့အားသာလျှင် လှူပါ၏။''ဟု လျှောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအလှူပေးရာ၌ တစ်နေ့ချင်းဖြင့်သာလျှင် ၁၄ကုဋေအရေအတွက်ရှိသော အသပြာဥစ္စာကို စွန့်အပ်သည် ဖြစ်၏။ မြတ်စွာဘုရားသည်ရအပ်သော ထီးဖြူ၊ နေရာပလ္လင်၊ သပိတ်၊ ခြေဆေးအင်းပျဉ်၊ ဤ ၄ ပါးတို့သည် အဖိုးအတိုင်းမသိ ထိုက်ကုန်၏။ ဤသို့သဘောရှိသည်ကို ပြု၍ မြတ်စွာဘုရားတို့အား ဤအလှူနှင့် အမျှအတူ လှူခြင်းငှာ စွမ်းနိုင်သောသူမည်သည် မရှိ။ ထို့ကြောင့် ဤအလှူသည် 'အသဒိသအလှူ' မည်၏။

ခပ်သိမ်းသော ဘုရားရှင်တို့အား ဤ အသဒိသအလှူသည် တစ်ကြိမ်သာ ဖြစ်၏။ ခပ်သိမ်းသောဘုရားရှင် တို့အား အသဒိသအလှူကိုလည်း မိန်းမသာလျှင် စီရင်သတည်း။

မင်းကြီးအားကား 'ကာဠအမတ်၊ ဇုဏှအမတ်' ဟူ၍ အမတ်ကြီး ၂ ယောက်တို့သည် ရှိကုန်၏။

ထိုအမတ်တို့တွင် ကာဠအမတ်သည် ဤသို့ ကြံ၏၊ 'မင်းမျိုးအား စည်းစိမ်ယုတ်ခဲ့ပြီ။ တစ်နေ့ချင်းဖြင့် ၁၄ ကုဋေသောဥစ္စာသည် ကုန်ခြင်းသို့ ရောက်၏။ ဤရဟန်းတို့သည် ဤအလှူကို စား၍၊ ကျောင်းသို့ သွား၍ လျောင်းလျက်အိပ်ကုန်လတ္တံ့။ ဩော်-မင်းမျိုးသည် ပျက်စီးခဲ့ပြီ။'ဟု ကြံ၏။

ဇုဏှအမတ်သည် ဤသို့ကြံ၏။ 'ဩော်- အံ့ဖွယ်ရှိစွ။ မင်းအဖြစ်၌ မတည်သောသူသည် ဤသို့သဘော ရှိသောအလှူကို ပေးခြင်းငှာ မတတ်နိုင်။ ခပ်သိမ်းသောသတ္တဝါတို့အား အလှူအဖို့ကို မပေးဝေပါ။ ငါမူကား ဤအလှူကို ဝမ်းမြောက်ပါ၏။' ဤသို့ ကြံ၏။

မြတ်စွာဘုရား၏ ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ အနုမောဒနာပြုစိမ့်သောငှာ မင်းကြီးသည် သပိတ်ကို ယူ၏။

မြတ်စွာဘုရားသည် ကြံတော်မူ၏။ 'မင်းကြီးသည် သည်းစွာသောအယဉ်ကို ဖြစ်စေသကဲ့သို့ ကြီးစွာသော အလှူကို လှူ၏။ လူများအပေါင်းသည် စိတ်ကို ကြည်စိမ့်သောငှာ တတ်နိုင်ပါအံ့လော၊ မတတ်နိုင်ပါအံ့ လော။'ဟု ကြံတော်မူသော မြတ်စွာဘုရားသည် ထိုအမတ်တို့၏စိတ်ကို သိတော်မူ၍၊ 'အကယ်၍ ငါသည် မင်းကြီးအလှူနှင့် လျောက်ပတ်စွာ အနုမောဒနာကို ပြုအံ့။ ကာဠအမတ်၏ဦးခေါင်းသည် ၇ စိတ် ကွဲလတ္တံ့။ ဇုဏှအမတ်သည်ကား သောတာပတ္တိဖိုလ်၌ တည်လတ္တံ့။'ဟု သိတော်မူ၍၊ ကာဠအမတ်၌ သနားခြင်းကိုစွဲ၍၊ ဤသို့သောအလှူကြီးကို ပေးသော မင်းကြီးအား ၄ ပုဒ်ရှိသော ဂါထာကိုသာ ဟော၍၊ နေရာမှထ၍ ကျောင်းသို့ ကြွတော်မူ၏။

ရဟန်းတို့သည် အင်္ဂုလိမာလကို "ငါ့ရှင်။ အသို့နည်း။ ပျက်သော၊ကြမ်းသောဆင်သည် ထီးမိုး၍ တည်သည်ကို မြင်သော် ငါ့ရှင်သည်မကြောက်လော။"ဟု မေးကုန်၏။ "အရှင်တို့။ ငါသည် မကြောက်။" ဟူ၍ ဆို၏။

ရဟန်းတို့သည် မြတ်စွာဘုရားသို့ ကပ်၍၊ "အရှင်ဘုရား။ အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကို ကြား သည်။"ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် "ချစ်သားရဟန်းတို့။ အင်္ဂုလိမာလသည် ကုန်ပြီးသောအာသဝေါ ရှိသော ယောက်ျားမြတ်တို့၏အကြား၌ အကြီးဖြစ်သော ယောက်ျားမြတ်တည်း။ ငါ၏သား အင်္ဂုလိမာလနှင့် တူသောရဟန်းတို့သည် မကြောက်ကုန်"ဟု မိန့်တော်မူ၍-

'ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။

အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။

ပသေနဒီကောသလမင်းကြီးသည် နှလုံးမသာယာသည် ဖြစ်၍၊ 'ဤသို့သဘောရှိသော ပရိသတ်ဖြင့် အလှူပေး၍ တည်သောငါ့အား လျောက်ပတ်စွာ အနုမောဒနာ မပြုမူ၍၊ ၁ ဂါထာမျှကိုသာ ဟော၍၊ နေရာမှ

mgyoe.com

mgyoe.com SAMPLE BOOK

ထ၍ မြတ်စွာဘုရားကြွတော်မူလေသည်။ ငါသည် မြတ်စွာဘုရားသခင်အား လျောက်ပတ်သောအလှူကို မပြုမိ။ မလျောက်ပတ်သည်ကို ပြုမိသည်ဖြစ်လတ္တံ့။ အပ်သောဘဏ္ဍာကို မလှူမိ။ မအပ်သောဘဏ္ဍာကို လှူမိသည် ဖြစ်လတ္တံ့။ မြတ်စွာဘုရားသည် ငါ့အား အမျက်ထွက်သည် ဖြစ်ရာ၏။ ဤ ငါ၏အလှူသည် အသဒိသအလှူကြီး မည်၏။ ထိုအလှူနှင့် လျောက်ပတ်သောအနုမောဒနာကို ပြုအံ့သောငှာ အပ်၏။''ဟု ဇေတဝန်ကျောင်းတော်သို့ သွား၍၊ မြတ်စွာဘုရားကိုရှိခိုး၍ ဤသို့လျှောက်၏။

''အသို့ပါနည်း ရှင်ပင်ဘုရား။ အကျွန်ုပ်သည် လှူအပ်သည်နှင့်ယှဉ်သောဝတ္ထုကို လှူမိပါ၏လော။ သို့တည်းမဟုတ် မလှူအပ်သည်ကို လှူမိလေသလော။ ရဟန်းတို့အား အပ်သောဘဏ္ဍာကို မလှူမူ၍၊ မအပ်သော ဘဏ္ဍာကို လှူမိလေသလော။''ဟူ၍ လျှောက်သော်၊

''မြတ်သောမင်းကြီး။ ဤသို့လျှောက်ခြင်းသည် အဘယ်ကြောင့်နည်း။''ဟု မြတ်စွာဘုရားမေးတော်မူသဖြင့်၊ ''အရှင်ဘုရားတို့သည် အကျွန်ုပ်အား အလှူနှင့်လျောက်ပတ်စွာ အနုမောဒနာ မပြုပါသောကြောင့် တည်း။''ဟု လျှောက်၍၊

''မြတ်သောမင်းကြီး။ သင်မင်းကြီးသည် လျောက်ပတ်သောအလှူကိုသာလျှင် လှူအပ်၏။ ဤသို့ အသဒိသအလှူကြီး မည်သည်ကို ဘုရားခဆူအား တစ်ကြိမ်သာလျှင် ပေးခြင်းငှာတတ်နိုင်၏။ တစ်ဖန် ဤသို့ သဘောရှိသောအလှူကို ပေးခြင်းငှာမတတ်နိုင်။''ဟု မိန့်တော်မူလေသော်၊

''ထိုသို့လျှက် ရှင်ပင်ဘုရားသည် အဘယ်ကြောင့် အကျွန်ုပ်ကို အလှူနှင့်လျောက်ပတ်စွာ အနုမောဒနာ ပြုတော်မမူပါသနည်း။''ဟု လျှောက်ပြန်၍၊ ''မြတ်သောမင်းကြီး။ ပရိသတ် မစင်ကြယ်သောကြောင့်တည်း။'' ဟု မိန့်တော်မူသဖြင့်၊

''အရှင်ဘုရား။ ပရိသတ်၌ အဘယ်အပြစ် ရှိသနည်း။''ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသည် မင်းကြီးအား အမတ် ၂ ယောက်တို့၏ နှလုံးသွင်းခြင်းကို ကြား၍၊ ကာဠအမတ်၌ သနားခြင်းကို ဖွဲ့၍၊ အနုမောဒနာကို အလှူနှင့်လျောက်ပတ်စွာ မပြုသောအဖြစ်ကို ကြားတော်မူ၏။

မင်းကြီးသည် ''ကာဠ။ ဤသို့အကြံ ဖြစ်သည် မှန်၏လော။''ဟု မေး၍၊ ''အရှင်မင်းကြီး။ မှန်ပေ၏။'' ဟု လျှောက်သော်၊

''ကာဠ။ သင်၏ဥစ္စာကို ငါ မယူမူ၍၊ ငါ၏သားမယားတို့နှင့်တကွ ငါ၏ဥစ္စာကို ငါလှူသည်။ သင့်အား အဘယ်နှိပ်စက်ခြင်းကို ပြုသနည်း။ သင် သွားလေ။ အကြင်ဥစ္စာကို သင့်အား ငါပေး၏။ ထိုဥစ္စာသည် ပေးတိုင်းဖြစ်လော့။ ငါ၏တိုင်းမှကား သင်ထွက်လေ။''ဟု ကာဠအမတ်ကို နှင်ထုတ်၏။

ဇုဏှအမတ်ကို ခေါ်စေ၍၊ ''ဇုဏှ။ သင့်အား ဤသို့ အကြံရှိသည် မှန်၏လော။''ဟု မေး၍၊ 'မှန်ကြောင်း' ကို လျှောက်သော်၊ ''ဦးရီးတော်။ ကောင်း၏။ သင်ဦးရီးတော်အား ကြည်ညိုသည် ဖြစ်၏။ ငါ့အလုပ်အကျွေးကို ယူ၍၊ ငါသည်လှူအပ်သောနည်းဖြင့် ၇ ရက်ပတ်လုံး အလှူကို ပေးလော့။''ဟု ၇ ရက်ပတ်လုံး မင်းအဖြစ်ကို ဇုဏှအား ဆောင်နှင်း၍၊

မြတ်စွာဘုရားကို ''ဘုန်းတော်ကြီးသော အရှင်ဘုရား။ သူမိုက်၏ဖြစ်ခြင်းကို ရှုတော်မူပါ။ အကျွန်ုပ်သည် ဤသို့ပေးအပ်သော အသဒိသအလှူကြီး၌ ဤသူမိုက်သည် ပုတ်ခတ်ခြင်းကို ပေးဘိ၏။''ဟု လျှောက်၏။

မြတ်စွာဘုရားသည်လည်း ''သြော်- မြတ်သောမင်းကြီး။ သူမိုက်သည် သူတစ်ပါး၏အလှူ၌ မနှစ်သက်မူ၍ အပါယ် ၄ ပါးသို့ လားရ၏။ ပညာရှိသောသူတို့ကား သူတစ်ပါးတို့၏အလှူ၌ နှစ်လိုဝမ်းမြောက်ခြင်းဖြစ်၍ နတ်ရွာသို့ လားရသည်သာလျှင်တည်း။''ဟု မိန့်တော်မူ၍-

mgyoe.com

.mgyoe.com SAMPLE BOOK

'နဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊ ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရောဝ ဒါနံ အနုမောဒမာနော၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။ ။' ဟူသော တရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ဇူဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

အနက်-

''ကဒရိယာ၊ စဉ်းလဲဝန်တိုသောသူတို့သည်။ ဒေဝလောကံ၊ နတ်ပြည်သို့။ နဝဇန္တိ၊ မသွားရကုန်။ ဟဝေ၊ စင်စစ်။ ဗာလာ၊ သူမိုက်တို့သည်။ ဒါနံ၊ အလှူကောင်းမှုကို။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ ဓီရောဝ၊ ပညာရှိသော သူတော်ကောင်းသာလျှင်။ ဒါနံ၊ အလှူကောင်းမှုကို။ အနုမောဒမာနော၊ ဝမ်းမြောက်သည်ဖြစ်၍။ တေနေဝ၊ ထိုသို့ ဝမ်းမြောက်ကာမျှကြောင့်လျှင်။ သော၊ ထိုအလှူဒါန၌ ဝမ်းမြောက်သောသူသည်။ ပရတ္ထ၊ တမလွန်လောက၌။ သုခီ၊ ချမ်းသာကို ခံစားရသည်။ ဟောတိ၊ ဖြစ်၏။''

၅၈- သုနန္ဒရီပရိဗိုဇ်မ စွပ်စွဲသည်ကို ပြခြင်း။

'အဘူတဝါဒီ' အစရှိသောတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူလျက် သုန္ဒရီပရိဗိုဇ်မကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရောအခါ၌ မြတ်စွာဘုရားအားလည်းကောင်း, ရဟန်းသံဃာအား လည်းကောင်း ဇမ္ဗူဒီပါကျွန်းကို လွှမ်းမိုး၍စီးသော မြစ်ကြီး ၅ သွယ်တို့၏ သည်းစွာသောအယဉ်နှင့်အတူ လာဘ်ပူဇော်သက္ကာ မြတ်နိုးခြင်း ဖြစ်သည်ရှိသော်၊ ယုတ်သောလာဘ်သပ္ပကာ ရှိကုန်သော တိတ္ထိတို့သည် နေထွက်သောအခါ၌ ပိုးစုန်းကြူးသည် အရောင်မရှိသကဲ့သို့ ဖြစ်ကုန်၍၊ တပေါင်းတည်း စည်းဝေးကုန်၍ တိုင်ပင်ကုန်၏။

''ငါတို့သည် ရဟန်းဂေါတမ ဖြစ်လာသောအခါမှစ၍ ချို့တဲ့သောလာဘ်သပ္ပကာ ရှိကုန်၏။ ငါတို့ကို တစ်စုံတစ်ယောက်သည်မျှ ရှိသော အဖြစ်ကို မသိပြီ။ အဘယ်သူနှင့် အတူတကွဖြစ်၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေလျက်၊ ထိုဂေါတမအား လာဘ်သပ္ပကာ ပူဇော်သက္ကာရကို ကွယ်ပျောက်စေရအံ့နည်း။''ဟု တိုင်ပင်ကုန်၏။

ထိုအခါ တိတ္ထိတို့သည် ''သုန္ဒရီပရိဗိုဇ်မနှင့် တကွတပေါင်းတည်းဖြစ်၍ ယုတ်စေနိုင်ကုန်လတ္တံ့''ဟု တိုင်ပင်ကြကုန်၍၊ ထိုတိတ္ထိတို့သည် တစ်နေ့သ၌ သုန္ဒရီပရိဗိုဇ်မသည် မိမိတို့၏အာရာမ်သို့ဝင်၍ ရှိခိုးလျက် နေသော် စကားမပြောဘဲ နေကုန်၏။

ထိုသုန္ဒရီမသည် အဖန်တလဲလဲ စကားပြောဆိုပါသော်လည်း စကားတုံ့ကို မရ၍၊ ''အရှင်တို့။ စင်စစ်သဖြင့် တစ်စုံတစ်ယောက်သောသူသည် အရှင်တို့ကို နှိပ်စက်ညှဉ်းဆဲသလော။''ဟု မေး၏။ တိတ္ထိတို့သည် ဆိုကုန်၏။ ''အသို့နည်း နှမသုန္ဒရီ။ ငါတို့ကို နှိပ်စက်ညှဉ်းဆဲလျက် လာဘ်သပ္ပကာချို့တဲ့အောင် ပြု၍ သွားလာသော ရဟန်းဂေါတမကို သင် မမြင်ပါသလော။''ဟု ဆို၏။

''ဤအရာ၌ အကျွန်ုပ်သည် အသို့ပြုခြင်းငှာ သင့်မည်နည်း။''ဟု မေးသော်၊ ''နှမသုန္ဒရီ။ နှမသည် အလွန်အဆင်းလှ၏။ တင့်တယ်ခြင်းသို့ ရောက်၏။ ရဟန်းဂေါတမအား အကျော်အစောမဲ့ကို တင်၍၊ လူအပေါင်း တို့အား နှမစကားကိုယူစေ၍ လာဘ်သပ္ပကာကင်းပျောက်သည်ကို ပြုလော့။''ဟု ဆိုကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသုန္ဒရီမသည် ''ကောင်းပြီ။''ဟု ဝန်ခံ၍၊ ဖဲလေ၍၊ ထိုနေ့မှ စ၍၊ ပန်း,နံ့သာ,နံ့သာပျောင်း,အကျော်, ကရမက် စသည်တို့ကို ယူ၍၊ ညအခါ လူများအပေါင်းတို့၏ တရားနာပြီး၍ မြို့သို့ဝင်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွား၏။

''အဘယ်သို့သွားသနည်း''ဟုမေးသော်၊ သုန္ဒရီသည် ''ရဟန်းဂေါတမအထံသို့ သွား၏။ ငါသည် ထို ရဟန်းဂေါတမနှင့် အတူတကွ တစ်ခုသောဂန္ဓကုဋီ၌ နေ၏''ဟု ဆို၍၊ အမှတ်မဲ့ တစ်ပါးပါးသော တိတ္ထိကျောင်း၌ နေ၍၊ နံနက်စောစောက ဇေတဝန်ကျောင်းတော်ခရီးသို့ သက်၍ မြို့သို့ ရှေးရှုသွား၏။

''သုန္ဒရီ။ သင်သည် အဘယ်မှ လာသနည်း။''ဟု မေးသော်၊ ''ရဟန်းဂေါတမနှင့်တကွ တစ်ခုသော ဂန္ဓကုဋီ၌ နေ၍၊ ထိုဂေါတမကို ကိလေသာ၏မွေ့လျော်ခြင်းဖြင့် မွေ့လျော်စေ၍လာ၏။''ဟု ဆို၏။

ထိုရောအခါ သုန္ဒရီကို ၃-၄ ရက်လွန်သဖြင့် သေသောက်ကြူးတို့အား အသပြာတို့ကို ပေး၍၊ ''အမောင်တို့။ သွားချေကုန်။ သုန္ဒရီကိုသတ်၍ ရဟန်းဂေါတမ၏ဂန္ဓကုဋီအနီး ပန်းချုံကြား၌ပစ်ထား၍ လာလှည့်ကုန်''ဟု စေလိုက်၏။ ထိုသေသောက်ကြူးတို့သည် ဆိုတိုင်းပြုကုန်၏။

တစ်ဖန် တိတ္ထိတို့သည် ''သုန္ဒရီကို မမြင်ပါကုန်။''ဟု အုတ်အုတ်ကျက်ကျက်ပြုကုန်၍၊ ပသေနဒီကောသလ မင်းအား ကြား၍၊ ''သင်တို့သည် အဘယ်အရပ်၌ သင်္ကာရှိကုန်သနည်း။''ဟု မေးအပ်သောတိတ္ထိတို့သည် ''ဤနေ့၌ ဇေတဝန်ကျောင်းတော်၌ နေ၏။ ထို့ကြောင့် သုန္ဒရီအကြောင်းကို မသိ။'' ဟုဆို၏။

''ထိုသို့တပြီးကား သင်တို့သွား၍ သုန္ဒရီကို ရှာချေကုန်''ဟု မင်းသည် ခွင့်ပြုအပ်သဖြင့်၊ မိမိတို့၏ အလုပ်အကျွေးဒကာတို့ကို ခေါ်၍၊ ဇေတဝန်ကျောင်းတော်သို့ သွား၍ ရှာဖွေကုန်သော်၊ ပန်းချုံကြား၌ မြင်၍၊ ညောင်စောင်းငယ်ထက်သို့ တင်၍၊ မြို့တွင်းသို့ သွင်း၍၊ ''ရဟန်းဂေါတမ၏တပည့်တို့သည် 'ဆရာပြုသော မကောင်းသောအမှုကို ဖုံးလွှမ်းကုန်အံ့'ဟု ငါတို့နှမသုန္ဒရီကို သေအောင်သတ်၍ ပန်းချုံကြား၌ ထားကြကုန် သည်။''ဟု မင်းကြီးအား ကြားကုန်၏။

မင်းသည် ဆို၏။ ''ထိုသို့တပြီးကား သင်တို့ သွားလေကုန်။ မြို့သို့ လှည့်လေကုန်။''ဟု ဆို၏။ ထို တိတ္ထိတို့သည် မြို့၏ခရီးမတို့၌ ''အို- အချင်းတို့။ သာကီဝင်မင်းသား ရဟန်းတို့၏အမှုကို ရှုပါကုန်လော့။'' ဤသို့အစရှိသော စကားတို့ကိုဆိုကုန်၍ တစ်ဖန် မင်း၏နန်းတော်တံခါးသို့ လာပြန်ကုန်၏။

မင်းကြီးသည် သုန္ဒရီ၏အကောင်ကို သုသာန်တစ၌ စင်ငယ်တစ်ခုသို့ တင်၍ထားစေ၏။ အရိယာဖြစ်သော တပည့်တို့ကို ထား၍၊ ကြွင်းသောသာဝတ္ထိပြည်သူတို့သည် များသောအားဖြင့် ''အချင်းတို့။ ရှုပါကုန်လော့။ သာကီဝင်မင်းသားရဟန်းတို့၏ အမှုတည်း။'' ဤသို့အစရှိသည်တို့ကို ဆိုကုန်၍၊ မြို့တွင်း၌ လည်းကောင်း, တော၌လည်းကောင်း ရဟန်းတို့ကို ဆဲရေးလျက် သွားကုန်၏။

ထိုရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားကုန်၏။

''ထိုသို့တပြီးကား သင်တို့သည် ထိုလူတို့ကို ဤသို့ စောဒနာလေကုန်။''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၍-

'အဘူတဝါဒီ နိရယံ ဥပေတိ၊ ယောစာပိ ကတွာ နကရောမိ စာဟ။

ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊ နိဟီနကမ္မာ မနုဇာ ပရတ္ထ။ ။' ဟူ၍ ဟောတော်မူ၏။

အနက်-

''အဘူတဝါဒီ၊ အပြစ်မရှိသောသူကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲသောသူသည်။ နိရယံ၊ ငရဲသို့။ ဥပေတိ၊ ကပ်ရ၏။ ယောစာပိ၊ အကြင်သူသည်လည်း။ ပါပံ၊ မကောင်းသောအမှုကို။ ကတွာ၊ ပြု၍။ အဟံ၊

mgyoe.com

mgyoe.com
SAMPLE BOOK

ငါသည်။ နကရောမ၊ မပြု။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဥဘော၊ ၂ ယောက်ကုန်သော။ နိပဂီနကမ္မာ၊ ယုတ်မာသောအမှု ရှိကုန်သော။ တေမနုဇာ၊ ထိုလူတို့သည်။ ပေစ္စပရတ္တ၊ တမလွန်ဘဝ၌။ သမာ၊ ဂတိအားဖြင့် တူကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။"

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ ရောက်ကုန်၏။

ပသေနဒီကောသလမင်းကြီးသည် "သုန္ဒရီကို သတ်သောသူကို သိအောင်ပြုကုန်လော့။"ဟု မင်းချင်းယောကျာ်းတို့ကို စေလွှတ်၏။

ထိုသို့လွှတ်သောအခါ၌ ထိုသေသောက်ကြူးတို့သည် တိတ္ထိတို့ပေးသော အသပြာတို့ဖြင့် သေဝယ်၍ သောက်ကုန်လျက် အချင်းချင်း ငြင်းခုံခြင်းကို ပြုကုန်၏။ တစ်ယောက်သည် တစ်ယောက်ကို "နင်သည် သုန္ဒရီကို တစ်ချက်တည်းရိုက်သဖြင့် သေအောင်သတ်၍၊ ပန်းမှိုက်ကြား၌ ထား၍၊ ထို့နောင်မှ သတ်၍ရသော အသပြာတို့ဖြင့် သေဝယ်၍သောက်သည်။"ဟူ၍ ဆို၏။ "ဖြစ်စေတော့-ဖြစ်စေတော့"ဟူ၍ ထိုသူလည်း ဆို၏။

မင်းချင်းယောကျာ်းတို့သည် ထိုသေသောက်ကြူးတို့ကို ဖမ်း၍ မင်းကြီးအား ပြလေကုန်၏။

ထိုရောအခါ မင်းကြီးသည် ထိုသေသောက်ကြူးတို့ကို "နင်တို့သည် သုန္ဒရီကို သတ်အပ်ကုန်သည် မှန်၏လော။"ဟုမေးသော်၊ "အရှင်မင်းကြီး။ သတ်သည်မှန်၏။"ဟု ဆိုသဖြင့်၊

"အဘယ်သူသည် နင်တို့ကို စေသနည်း။"ဟု မေးစစ်သော်၊ "အရှင်မင်းကြီး။ တိတ္ထိတို့သည် စေအပ်၏။"ဟု လျှောက်၍၊

မင်းကြီးသည် တိတ္ထိတို့ကိုခေါ်၍၊ "နင်တို့သည် သွားလေကုန်။ ဤသို့ဆို၍ မြို့သို့ လှည့်ချေကုန်။ 'ဤသုန္ဒရီကို ရဟန်းဂေါတမအား ကျေးဇူးမဲ့၊ အကျော်အစောမဲ့ကို တင်လို၍ ငါတို့ သတ်စေအပ်ကုန်သည်။ ရဟန်းဂေါတမ၏ တပည့်သားတို့အား အပြစ် မရှိပေ။ ငါတို့အားသာ အပြစ် ရှိပေသည်။'ဆို၍ လှည့်ချေကုန်။ သုန္ဒရီအကောင်ကိုလည်း ထမ်းလေကုန်။"ဟု ထမ်း၍ လှည့်စေ၏။ တိတ္ထိတို့သည် မင်းဆိုတိုင်း ပြုရကုန်၏။

မိုက်သော လူများအပေါင်းတို့သည် သာသနာ၌ ယုံကြည်၏။ တိတ္ထိတို့သည် လည်းကောင်း၊ သေသောက်ကြူးတို့သည် လည်းကောင်း လူသတ်ဒဏ်ပေးခြင်းသို့ ရောက်လေကုန်၏။ မြတ်စွာဘုရားအား ထိုအခါမှစ၍ လာဘ်သပ္ပကာ အတိုင်းထက်အလွန် ပြန့်ပွား၏။

ဤသို့ သုန္ဒရီစွပ်စွဲခြင်းကို ခံရသောအကြောင်းမှာ ငါတို့ဘုရားလောင်းသည် 'မုနာဠိ' အမည်ရှိသော သေသောက်ကြူးဖြစ်သောအခါ၊ 'သုရဘိ'အမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါကို 'ဒုဿီလပါပဓမ္မ' ဟူ၍ ဆဲရေးစွပ်စွဲချေသောကြောင့် ခံရသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

၅၉- ဂရဟဒိန္နနှင့် သိရိဂုတ္တအကြောင်းကို ပြခြင်း။

'ယထာသက်ာရဋ္ဌာနသ္မိံ' အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ 'ဂရဟဒိန္န' မည်သော နိဂဏ္ဌတို့၏တပည့်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကား-

သာဝတ္ထိပြည်၌ 'သိရိဂုတ္တ'အမည်ရှိသောသူ, 'ဂရဟဒိန္န' အမည်ရှိသောသူ၊ ဤသူ ၂ ယောက်တို့သည် အဆွေခင်ပွန်းဖြစ်ကုန်၏။ ထိုသူ ၂ ယောက်တို့တွင် သိရိဂုတ္တသည် မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်သော ဒါယကာတည်း။ ဂရဟဒိန္နကား နိဂဏ္ဌာတိတ္ထိတို့၏ တပည့်တည်း။

နိဂဏ္ဌတို့သည် ဂရဟဒိန္နကို ဤသို့ မပြတ်ဆိုကုန်၏။

"သင်၏အဆွေ ဖြစ်သော သိရိဂုတ္တကို 'သင်သည် ရဟန်းဂေါတမကိုဆည်းကပ်၏။ ဂေါတမအထံမှ သင်သည် အဘယ်ကိုရသနည်း။'ဟု ဆို၍ အကြင်အခြင်းဖြင့် ဆုံးမသော် သိရိဂုတ္တသည် ငါတို့သို့ဆည်းကပ်၍ ငါတို့အား လှူဖွယ်ဝတ္ထုကို လှူလတ္တံ့။ ထိုအခြင်းဖြင့် ဆုံးမအံ့သောငှာ မအပ်လော။"ဟု ဆိုကုန်၏။

ဂရဟဒိန္နသည် ထိုတိတ္ထိတို့၏စကားကို ကြား၍၊ မပြတ် သွား၍၊ ရပ်ရာ,ထိုင်ရာ အစရှိသည်တို့၌ သိရိဂုတ္တကို "အချင်းသိရိဂုတ္တ။ သင့်အား ရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း။ ထိုဂေါတမသို့ ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း။ သင်သည် ငါ၏အရှင်တို့ကို ဆည်းကပ်အံ့သောငှာ မသင့်သလော။ ထို ငါ၏အရှင်တို့အား လှူအံ့သောငှာ မအပ်သလော။"ဟူ၍ ဆို၏။

သိရိဂုတ္တသည် ထိုသူ၏စကားကို ကြား၍၊ များစွာသောနေ့တို့၌ တိတ်တိတ်နေပြီး၍၊ တစ်နေ့သ၌ "အချင်းဂရဟဒိန္န။ သင်သည် မပြတ် ငါ့ကို ရပ်ရာ,ထိုင်ရာ စသည်တို့၌ ဤသို့ ဆို၏။ 'အချင်း။ သင်သည် ရဟန်းဂေါတမကို ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း။ ငါ၏အရှင်တို့ကို ဆည်းကပ်၍ ထိုအရှင်တို့အား အလှူကိုပေးလော့။'ဟု ဆို၏။ ရှေးဦးစွာ သင်၏အရှင်တို့သည် အဘယ်ကို သိမြင်ကုန်သနည်း။"ဟု မေး၏။

"အံ့ဖွယ်ရှိစွ။ အချင်း။ ဤသို့ မဆိုပါလင့်။ ငါ၏အရှင်တို့အား မသိသောမည်သည် မရှိ။ အလုံးစုံ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကို သိ၏။ ဤအလုံးစုံသော ကာယကံ,ဝစီကံ,မနောကံကို သိကုန်၏။ ဤသည် ဖြစ်လတ္တံ့။ ဤသည် မဖြစ်လတ္တံ့။ ဤအလုံးစုံ ဖြစ်ထိုက်သည်, မဖြစ်ထိုက်သည်ကို သိကုန်၏။"ဟု ဆို၏။

"သို့သော် ဤမျှလောက် ကာလပတ်လုံး ဤအကြောင်းကို သင်သည် ငါ့အား မကြားမူ၍ အကြင်အမှုကို ပြု၏။ ထိုအမှုသည် ဝန်လေး၏။ ယခုငါသည် အရှင်ကောင်းတို့၏ ဉာဏ်၏အာနုဘော်ကို သိအပ်ပြီ။ အရှင် ဂရဟဒိန္န။ သွားချေ။ သင်၏အရှင်ကောင်းတို့ကို ငါ၏စကားဖြင့် ဆွမ်းဖိတ်ချေ။"ဟု ဆို၏။

ထိုဂရဟဒိန္နသည် နိဂဏ္ဌတို့၏အထံသို့ သွား၍၊ ရှိခိုး၍၊ "အကျွန်ုပ်၏ခင်ပွန်းဖြစ်သော သိရိဂုတ္တသည် နက်ဖြန်အလို့ငှာ အရှင်ဘုရားတို့ကို ဆွမ်းဖိတ်ပါ၏။"ဟု ဆို၏။

"သိရိဂုတ္တသည်ကိုယ်တိုင်ပင် သင့်းဆိုသလော။"ဟု မေး၍၊ "အရှင်ကောင်းတို့။ ဩော်-ဟုတ်၏။" ဟုဆိုသော်၊ တိတ္ထိတို့သည် နှစ်သက်ကုန်သည် ဖြစ်၍၊ "ငါတို့၏ကိစ္စသည် ပြီးပြီ။ သိရိဂုတ္တသူဌေး၏ ငါတို့၌ ကြည်ညိုသောအခါမှ စ၍ အဘယ်မည်သော မပြည့်စုံခြင်းသည် ငါတို့အား ရှိလတ္တံ့နည်း။"ဟု ဆိုကုန်၏။

သိရိဂုတ္တအိမ်သည်ကား ကြီးစွာ၏။ ထိုသိရိဂုတ္တအိမ်၌ ၂ အိမ်တို့၏ အကြား၌ အလျားအားဖြင့် ရှည်စွာသော တွင်းကို တူးစေ၍၊ မစင်ရေညွန်ဖြင့် ပြည့်စေ၍၊ တွင်း၏အပ၌ ၂ ဘက်သောအစွန်းတို့၌ သစ်ငုတ်တို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

နှက်စေ၍၊ ထိုသစ်ငုတ်တို့၌ ကြိုးတို့ကို ဖွဲ့၍၊ ညောင်စောင်းရှေ့ခြေတို့ကို တွင်း၏ရှေ့နံပါး၌ ထားစေ၍ နောက်ခြေတို့ကို ကြိုးတို့၌ ထားစေ၏။ ဤသို့ပြုသဖြင့် 'ထိုင်သောအခါ၌သာလျှင် မစင်ညွန်ပြည့်သော တွင်းသို့ ဦးခေါင်းဇောက်ထိုး ကျကုန်လတ္တံ့။' ဟု မှတ်လျက် အကြင်အခြင်းဖြင့် တွင်းသည် မထင်။ ထိုအခြင်းဖြင့် အပေါ်လွှမ်းခင်းနီးတို့ကို ခင်းစေ၏။ ကြီးစွာကြီးစွာကုန်သော အိုးစရည်းတို့ကိုတည်စေ၍ ငှက်ပျောရွက်တို့ဖြင့်လည်းကောင်း၊ ပုဆိုးပုဝါ တို့ဖြင့်လည်းကောင်း အိုးမျက်နှာတို့ကို ပိတ်ဖွဲ့စေ၍၊ အချည်းစည်းဖြစ်ကုန်သော အိုးတို့၌သာလျှင် ယာဂု၊ ထမင်းလုံး၊ ထောပတ်၊ တင်လဲ၊ မုန့်တို့ဖြင့် လိမ်းကျံသည်တို့ကို ပြုစေ၍ အိမ်၏နောက်အဖို့၌ ထားစေ၏။

ဂရဟဒိန္နသည် နံနက်စောစော ထိုသိရိဂုတ္တ၏အိမ်သို့ လျင်စွာလာ၍၊ "အရှင်ကောင်းတို့အား ပူဇော်သက္ကာရကို စီရင်၍ ပြီးပါပြီလော။" ဟု မေး၏။ "အချင်း။ စီရင်၍ ပြီးပါပြီ။" ဟု ဆိုသော်၊

"ထိုအလုံးစုံသည် အဘယ်၌ရှိလေသနည်း။" ဟု မေး၍၊ "ဤမျှကုန်သော အိုးတို့၌ ယာဂု၊ ဤအိုးတို့၌ ထမင်း၊ ဤမျှကုန်သောအိုးတို့၌ ထောပတ်၊တင်လဲ၊မုန့် အစရှိသည်တို့သည် ရှိကုန်ပြီ။ နေရာတို့ကိုလည်း ခင်းအပ်ပြီ။" ဟု ဆို၏။ ထို ဂရဟဒိန္နသည် "ကောင်းပြီ" ဟုဆို၍ သွားလေ၏။

ဂရဟဒိန္န၏ သွားလေပြီးသောအခါ၌ ၅၀၀ သော နိဂဏ္ဌတို့သည် လာကုန်၏။ ထိုသိရိဂုတ္တသည် အိမ်မှ ထွက်၍၊ ၅ ပါးသော ထိခြင်းဖြင့် နိဂဏ္ဌတို့ကို ရှိခိုး၍၊ ထိုတိတ္ထိတို့၏ရှေ့မှ လက်အုပ်ချီလျက် ရပ်၍ စိတ်ထဲက ကြံ၏။

'သင်တို့သည် 'အတိတ်၊အနာဂတ် အစရှိသော အလုံးစုံကို သိကုန်သည်။' ဟု သင်တို့အလုပ်အကျွေး ဂရဟဒိန္နသည် ငါ့အား ပြောဆို၏။ အကယ်၍ နင်တို့သည် မှန်စွာသိကုန်အံ့။ ငါ၏အိမ်သို့ မဝင်ကုန်လင့်။ ငါ၏အိမ်သို့ဝင်ကုန်သော နင်တို့အား ယာဂုထမင်းလည်း မရှိ။ ထောပတ်၊ တင်လဲ စသည်တို့သည်လည်း မရှိကုန်။ အကယ်၍ မသိသဖြင့် နင်တို့ ဝင်လာကုန်အံ့။ မစင်ဖြင့်ပြည့်သော တွင်း၌ နင်တို့ကို ချ၍ ရိုက်ပုတ်အံ့။' ဤသို့ ကြံပြီး၍၊ ကျွန်ယောကျ်ားတို့အား အမှတ်ကို ပေး၏။

"ထိုသူတို့၏ ထိုင်သောအဖြစ်ကို သိ၍၊ နောက်အဖို့၌ ရပ်၍ ညောင်စောင်းတို့အထက်၌ ခင်းနီးတို့ကို ရုပ်လော့ကုန်။ ထိုသူတို့သည် မစင်တွင်း၌ ကျ၍ မစင်ဖြင့် လိမ်းကျံစေသတည်း။" ဟု အမှတ်ပေးပြီးသောအခါ၌ နိဂဏ္ဌတို့သည် ဝင်ကုန်၍ ခင်းအပ်သောနေရာ၌ ထိုင်အံ့သောငှာ အားထုတ်ကုန်၏။

ထိုအခါ ထိုနိဂဏ္ဌတို့ကို သူဌေးကျွန်တို့သည် ဆိုကုန်၏။ "အရှင်ဘုရားတို့။ ငံ့ဦးလော့။ ရှေးဦးစွာ မထိုင်တည့်ပါကုန်လင့်။ အဘယ်ကြောင့်နည်းဟူမူ ငါတို့အိမ်သို့ ဝင်ကုန်သောသူတို့အား ဝတ်ကို သိ၍ ထိုင်အံ့သောငှာ အပ်၏။" ဟု ဆို၍၊ "ဒါယကာတို့။ အဘယ်သို့ပြုခြင်းငှာ အပ်သနည်း။" ဟု မေးသော်၊

မိမိတို့အား ရောက်သောနေရာ၏အရင်း၌ ရပ်၍နေပြီးမှ ခပ်သိမ်းသောသူတို့ကို တစ်ပြိုင်နက်တည်း ထိုင်အပ်၏။" ဟု ဆိုကုန်၏။ ထိုနိဂဏ္ဌတို့သည် 'ထိုသူတို့ ဆိုသောစကားကို လိုက်နာအံ့သောငှာ အပ်၏။' ဟု ကြံကုန်၍၊ အလုံးစုံ ၅၀၀ သော နိဂဏ္ဌတို့သည် မိမိတို့အား ရောက်သောနေရာ၏အရင်း၌ ရပ်ကုန်၏။

ထိုအခါ "အရှင်ဘုရားတို့။ လျင်စွာတစ်ပြိုင်နက်တည်းဖြင့် ထိုင်ကုန်လော့" ဟုဆို၍ ထိုတိတ္ထိတို့၏ ထိုင်သောအဖြစ်ကိုသိလျှင် ညောင်စောင်းတို့၏အထက်၌ ခင်းနီးတို့ကို ရုပ်လိုက်ကုန်၏။ နိဂဏ္ဌတို့သည် တစ်ပြိုင်နက်တည်းထိုင်ကုန်သော် ကြိုးတို့၏အထက်၌ ညောင်စောင်းခြေတို့သည်လျှောကျ၍ ဦးခေါင်းဇောက်ထိုး မစင်တွင်း၌ ကျလေကုန်၏။

သိရိဂုတ္တသည် ထိုနိဂဏ္ဌတို့ကျကုန်ပြီးသော် အိမ်တံခါးတို့ကို ပိတ်စေ၍၊ တက်လာတိုင်းတက်လာတိုင်းသော နိဂဏ္ဌတို့ကို "အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို အဘယ့်ကြောင့် နင်တို့ မသိကုန်သနည်း။" ဟု တုတ်၊လှံတံတို့ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK
ရိုက်ခတ်၍၊ ''ဤမျှဖြင့် သင့်လတ္တံ့။'' ဟု တံခါးကို ဖွင့်စေ၍ ထိုနိဂဏ္ဌတို့သည် ထွက်ပြေးခြင်းငှာ အားထုတ်ကုန်၏။ ထိုတိတ္ထိတို့၏ ပြေးရာခရီး၌ကား နရပတေတို့ဖြင့် အပြေအပြစ်ပြုအပ်သော မြေ၌ အခင်းတို့ကို ပြုစေ၏။ ထိုတိတ္ထိ တို့သည် ထိုအခင်း၌ မတည်ကုန်မူ၍၊ လဲကုန်သောတိတ္ထိတို့ကို တစ်ဖန် ရိုက်ပုတ်ပြန်၍၊ ''ဤမျှသည် နင်တို့အား တန်ပြီ။''ဟု လွှတ်လိုက်၏။ ထိုတိတ္ထိတို့သည် ''သင်သည် ငါတို့ကို ဖျက်ဆီးအပ်ပြီ။ သင်သည် ငါတို့ကို ဖျက်ဆီးအပ်ပြီ။''ဟု မြည်တမ်း၍ ဂရဟဒိန္နအိမ်သို့ လာကုန်၏။

ဂရဟဒိန္နသည် ထိုသို့သောဖောက်ပြန်ခြင်းကိုမြင်လျှင် အမျက်ထွက်၍၊ ''သိရိဂုတ္တသည် ဖျက်ဆီး၏၊ လက်ကိုဆန့်၍ ရှိခိုးကုန်သောသူတို့အား နတ်ပြည် ၆ ထပ်၌ အလိုရှိတိုင်းပေးခြင်းငှာ စွမ်းနိုင်သော ကောင်းမှု၏ လယ်မြေသဖွယ်ဖြစ်သော ငါ၏အရှင်ကောင်းတို့ကို ပျက်စီးခြင်းသို့ရောက်စေ၏။''ဟု မင်းအိမ်သို့ သွား၍၊ ထိုသိရိဂုတ္တအား အသပြာ ၁၀၀၀ ဒဏ်ကို ပြုစေ၏။

ထိုရောအခါ သိရိဂုတ္တအား ပသေနဒီကောသလမင်းကြီးသည် သတင်းစကားကို စေလိုက်၏။ သိရိဂုတ္တလည်း မင်းကြီးထံသွား၍ ရှိခိုးလျက်၊ ''မြတ်သောမင်းကြီး။ စိစစ်၍ ဒဏ်ကို ယူတော်မူကုန်လော့။ မစိစစ်မူ၍ ယူတော်မမူပါလင့်။''ဟု လျှောက်၏။

''စိစစ်ဆင်ခြင်၍ယူအံ့။'' ဟု မင်းကြီးဆိုသော်၊ ''အရှင်မင်းကြီး။ အကျွန်ုပ်၏အဆွေခင်ပွန်းဖြစ်သော ဂရဟဒိန္နသည် အကျွန်ုပ်ကိုကပ်၍၊ ရပ်ရာ, ထိုင်ရာ အစရှိသည်တို့၌ မပြတ် ဤသို့ဆို၏။ အချင်းသိရိဂုတ္တ။ သင့်အား ရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း။ ထိုဂေါတမကို ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း။' စသည်ဖြင့် ဂရဟဒိန္နဆိုသော အလုံးစုံသောစကားကို သိရိဂုတ္တ ပြန်ကြား၍၊ ''အရှင်မင်းကြီး။ ဤအကြောင်း၌ အကျွန်ုပ်အား ဒဏ်ကိုယူခြင်းငှာ အကယ်၍ သင့်အံ့။ ယူတော်မူ။''ဟု ဆို၏။

မင်းကြီးသည် ဂရဟဒိန္နကိုကြည့်၍၊ ''သင်သည် ဤသို့ဆိုသည်မှန်၏လော''ဟု မေး၏။ ''အရှင်မင်းကြီး။ မှန်ပေ၏။''ဟု လျှောက်သော်၊

''သင်သည် ဤမျှသော အမှုကိုမျှလည်း မသိသောတိတ္ထိတို့ကို 'ငါ့အရှင်တို့သည် အလုံးစုံကို သိ၏။' ဟု အဘယ်ကြောင့် သိရိဂုတ္တအား ဆိုသနည်း။ သင်တင်အပ်သောဒဏ်သည် သင့်အားသာလျှင် ဖြစ်စေလော့။'' ဟု ထိုဂရဟဒိန္နအား ဒဏ်ကိုရောက်စေ၏။ ထိုဂရဟဒိန္န၏ဆရာ တိတ္ထိတို့ကိုလည်း ပုတ်ခတ်၍နှင်ထုတ်လိုက်လေ၏။

ထိုဂရဟဒိန္နသည် သိရိဂုတ္တကိုအမျက်ထွက်၍၊ ထိုနေ့မှစ၍ လခွဲမျှကာလပတ်လုံး သိရိဂုတ္တနှင့် စကားမဆိုနေလျက် ကြံပြန်၏။ 'ဤသို့ လက်တုံ့မပြန်ဘဲနေအံ့သောငှာ ငါ့အား မထိုက်။ သိရိဂုတ္တ၏ဆရာ ရဟန်းဂေါတမတို့အားလည်း ပျက်စီးခြင်းကို ငါသည် ပြုအံ့သောငှာအပ်၏။'ဟု ကြံပြီးလျှင်၊ သိရိဂုတ္တသို့ ကပ်၍ ''အရွယ်တူ သိရိဂုတ္တ''ဟု ခေါ်လေ၏။

''အသို့နည်း။ အချင်းဂရဟဒိန္န''ဟူ၍ ဆိုလေသော်၊

''အချင်းသိရိဂုတ္တ။ အဆွေခင်ပွန်း, ကောင်းသောနှလုံးရှိသောသူတို့အား ကိုယ်လက်တွန်းထိုး၍ဆန့်ကျင်သော 'သင်-နင်' စသောစကားကို ဆိုခြင်း, ငြင်းခုံခြင်းမည်သည် ဖြစ်ကြလေတော့သည်။ သင်သည် တစ်စုံတစ်ခုသော စကားကိုမျှ မဆို။ အဘယ့်ကြောင့် ဤသို့ပြုသနည်း။'' ဆိုသော်၊

''အချင်း။ ငါနှင့်တကွ သင်၏ စကားမဆိုသည်၏အဖြစ်ကြောင့် ငါလည်း စကားမဆို။'' ဟုဆိုလျှင်၊

''အချင်းသိရိဂုတ္တ။ အကြင် စကားမဆိုခြင်းကို ငါသည် ပြုအပ်၏။ ထို စကားမဆိုခြင်းကို ပြုမိသည်ဖြစ်စေ၊ သင်တို့ ငါတို့သည် အချစ်ကို မပျက်ကြကုန်လတ္တံ့။''ဟုဆို၍၊ ထိုနေ့မှ စ၍ ထို ၂ ယောက်တို့သည် အတူတကွ ရပ်ကုန်,ထိုင်ကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုရောအခါ 'တစ်နေ့သ၌ သိရိဂုတ္တသည် ဂရဟဒိန္နကို ''အချင်း။ သင့်အား နိဂဏ္ဌတို့ဖြင့် အဘယ် ပြုအံ့နည်း။ ထိုနိဂဏ္ဌကို ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း။ ငါ၏ဆရာ မြတ်စွာဘုရားကို ဆည်းကပ်အပ်သောဟာ လည်းကောင်း, လှူအံ့သောဟာ လည်းကောင်း သင့်အား မပြုအပ်ပါသလော။''ဟူ၍ဆိုသော်၊ ထိုဂရဟဒိန္နသည် ဤမျှသောစကားကိုပင် တောင့်တ၏။ ထို့ကြောင့် ထိုဂရဟဒိန္နအား ယားသောအရာ၌ ဖျောက်မိသကဲ့သို့ ဖြစ်၏။

ထိုဂရဟဒိန္နသည် သိရိဂုတ္တကို ''သင်၏ဆရာဘုရားသည် အဘယ်ကိုသိသနည်း။''ဟု မေး၏။

''အို-အချင်း။ ဤသို့ မဆိုပါလင့်။ ငါ၏ဆရာ ဘုရားသည် မသိသောမည်သည် မရှိ။ အတိတ် အစရှိသောအလုံးစုံကို သိတော်မူ၏။ ၁၆ ပါးသောအခြင်းအရာတို့ဖြင့် သတ္တဝါတို့၏စိတ်ကို ပိုင်းခြားတော်မူ၏။'' ဟု ဆိုသော်၊

''အချင်းသိရိဂုတ္တ။ ငါသည် ဤအကြောင်းကို မသိပါ။ အဘယ့်ကြောင့် ငါ့အား ဤမျှလောက်သောကာလပတ်လုံး ဤအကြောင်းကို မပြောဆိုပါသနည်း။ ထိုသို့တပြီးကား သိရိဂုတ္တ။ သင်သည် သွား၍ သင်၏ဆရာဘုရားကို ဖိတ်မန့်ပါချေ။ ဆွမ်းကျွေးပါအံ့။ ၅၀၀သောရဟန်းတို့နှင့်တကွ နက်ဖြန်နေ့၌ ငါ၏ဆွမ်းကို ခံစိမ့်သောဟာ ဆိုပါချေ။''ဟု ဆို၏။

သိရိဂုတ္တသည် မြတ်စွာဘုရားသို့ကပ်၍၊ ရှိခိုး၍၊ ''ဘုန်းတော်ကြီးသော အရှင်ဘုရား။ အကျွန်ုပ်၏အဆွေ ဂရဟဒိန္နသည် ရှင်ပင်ဘုရားတို့အား ဆွမ်းဖိတ်စေအပ်၏။ ရှင်ပင်ဘုရားတို့သည် ၅၀၀ သောရဟန်းတို့နှင့်တကွ နက်ဖြန်နေ့၌ ထိုဂရဟဒိန္နဆွမ်းကို ခံတော်မူပါကုန်။''ဟု လျှောက်၍၊ တစ်ဖန်လျှောက်ပြန်၏။

''စင်စစ်ကား ရှေးဦးစွာသောနေ့၌ အကျွန်ုပ်သည် ထိုဂရဟဒိန္န၏ဆရာတိတ္ထိတို့အား ဤသို့သောအမှုကို ပြုအပ်ပြီ။ အကျွန်ုပ်ပြုအပ်သည်ကို အစားပြုလိုသည် ဟူ၍လည်း အကျွန်ုပ် မသိ။ အရှင်ဘုရားတို့အား စင်ကြယ်သောစိတ်ဖြင့် ဆွမ်းလှူလိုသည်၏အဖြစ်ကိုလည်း အကျွန်ုပ် မသိ။ ဆင်ခြင်တော်မူ၍ သင့်သည် ဖြစ်အံ့။ သည်းခံတော်မူပါ။ မသင့်လျှင် သည်းခံတော် မမူပါလင့်။''ဟု လျှောက်၏။

မြတ်စွာဘုရားသည် 'ငါတို့အား ဂရဟဒိန္နသည် လှူလို၏လော။'ဟု ဆင်ခြင်တော်မူသော်၊ ၂ အိမ်တို့၏အကြား၌ ကြီးစွာသောတွင်းကို တူးစေ၍၊ လှည်းအစီး ၈၀ မျှကုန်သော ရှားသားထင်းတို့ကို ဆောင်စေ၍ တွင်းကိုပြည့်စေလျက်၊ မီးကျီးကို ပြု၍၊ ငါတို့ကို မီးကျီးတွင်း၌ ချ၍ နှိပ်ခြင်းငှာ အလိုရှိ၏။'ဟု မြင်တော်မူပြီး၍၊ တစ်ဖန် မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူပြန်၏။

'အသို့နည်း။ ထို ဂရဟဒိန္နအိမ်သို့ သွားခြင်းအကြောင်းကြောင့် အကျိုးရှိမည်လော၊ မရှိမည်လော။'ဟု ဆင်ခြင်တော်မူသော်၊ ဤအကြောင်းကို မြင်တော်မူ၏။

'ငါသည် ရှားမီးကျီးတွင်း၌ ခြေကို ချအံ့။ ထိုတွင်းကို ဖုံးအုပ်၍ထားသောဖျာသည် ကွယ်လတ္တံ့။ မီးကျီးစုကိုခွဲ၍ လှည်းဘီးမျှလောက်သော ပဒုမ္မာကြာပွင့်ကြီးသည် ပေါက်လတ္တံ့။ ထိုအခါ ငါသည် ပဒုမ္မာကြာပွင့်ချပ်ကို နင်းလျက်သွား၍ နေရာ၌ ထိုင်ရလတ္တံ့။ ၅၀၀ကုန်သော ရဟန်းတို့သည်လည်း ထို့အတူသွား၍ နေရကုန်လတ္တံ့။ လူများအပေါင်းသည် စည်းဝေးလတ္တံ့။ ငါသည် ထိုအစည်းအဝေး၌ ၂ ဂါထာဖြင့် အနုမောဒနာကို ပြုအံ့။ အနုမောဒနာပြုသော အဆုံး၌ ၈ သောင်း ၄ ထောင်ကုန်သော ဝေနေယျသတ္တဝါတို့အား မဂ်,ဖိုလ်ရခြင်းသည် ဖြစ်လတ္တံ့။ သိရိဂုတ္တသည်လည်းကောင်း, ဂရဟဒိန္နသည်လည်းကောင်း သောတာပန်တည်သည် ဖြစ်ကုန်လတ္တံ့။ မိမိ၏ဥစ္စာအစုကို ငါ၏သာသနာတော်၌ ဖရိုဖရဲကြဲလတ္တံ့။ ဤအကျိုးကိုမှီ၍ ငါသည် သွားအံ့သောငှာ အပ်၏။' ဟု ဆင်ခြင်တော်မူလျက် ဆွမ်းကို ဝန်ခံတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သိရိဂုတ္တသည် သွား၍၊ မြတ်စွာဘုရား၏ဝန်ခံတော်မူခြင်းကို ဂရဟဒိန္နအား ကြား၍ ''လူ ၃ ပါးတို့ထက် ကြီးမြတ်သော မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုလော့။''ဟု ဆို၏။

ဂရဟဒိန္နသည်လည်း 'ယခုအခါ၌ ငါသည် ပြုအပ်သည်နှင့်ယှဉ်သည်ကို သိရလတ္တံ့။'ဟု ၂ အိမ်တို့၏ အကြား၌ ကြီးစွာသောတွင်းကိုတူးစေ၍၊ လှည်းအစီး ၈၀ ကုန်သောရှားသားတို့ဖြင့် ပြည့်စေ၍၊ ပြာကို ကင်းစေ၍၊ တစ်ညဉ့်ပတ်လုံးနှိုးဆော်လျက် ရှားမီးခဲအစုကို ပြု၍၊ တွင်း၏အထက်၌ ပျဉ်ပြားတို့ကို ခင်းစေ၍ ဖျာဖြင့် ဖုံးလွှမ်းလျက်၊ နွားချေးဖြင့် လိမ်းကျံ၍၊ နံပါးတစ်ဖက်ဖြင့် အားနည်းသောလှံတံကိုခင်း၍၊ သွားရာခရီးကိုပြု၍ စေ၏။ 'ဤသို့ ပြုသဖြင့် နင်းသောအခါ၌ ဝါးခြမ်းတို့သည် ကျိုးကုန်သော် မီးကျီးတွင်း၌ ကျလတ္တံ့။' ဟု မှတ်လျက်ပြု၏။

ထိုဂရဟဒိန္နသူဌေးသည် အိမ်၏နောက်အဖို့၌ သိရိဂုတ္တသူဌေးသည် ထားအပ်သောနည်းဖြင့် အိုးစရည်းကြီး တို့ကို ထားစေ၏။ နေရာတို့ကို ခင်းစေ၏။

သိရိဂုတ္တသည် နံနက်စောစောကလျှင် ထိုဂရဟဒိန္နအိမ်သို့ သွား၍၊ ''အဆွေဂရဟဒိန္န။ သင်သည် ပူဇော်သက္ကာရကို ပြုအပ်ပြီလော။''ဟု မေးသော်၊ ''အဆွေ။ ဩော်-ပြုအပ်ပြီ။''ဟု ဆို၍၊

''ထိုအလုံးစုံသည် အဘယ်မှာနည်း။''မေးသော်၊ ''အဆွေ။ လာလှည့်။''ဟု သိရိဂုတ္တပြသောနည်းဖြင့် ပြ၏။ သိရိဂုတ္တသည်လည်း ''ကောင်းပြီအဆွေ။''ဟု ဆို၍ သွား၏။

လူများအပေါင်းသည် စည်းဝေး၏။ မိစ္ဆာဒိဋ္ဌိတို့သည် ဖိတ်မန်အပ်သည်ရှိသော် များစွာသောသူတို့၏ အစည်းအဝေးသည် ဖြစ်၏။

မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့သည်လည်း ''ရဟန်းဂေါတမ၏ပျက်စီးခြင်းကို ရှုကုန်အံ့။''ဟု စည်းဝေးကုန်၏။

သမ္မာဒိဋ္ဌိအယူရှိသောသူတို့သည် ''ယနေ့ မြတ်စွာဘုရားသည် ကြီးစွာသော တရားဒေသနာကို ဟောတော် မူလတ္တံ့။ ဘုရား၏တင့်တယ်ခြင်းကို ရှုပါကုန်အံ့။''ဟု စည်းဝေးကုန်၏။

မိုးသောက်သောနေ့၌ မြတ်စွာဘုရားသည် ၅၀၀ သောရဟန်းတို့နှင့်တကွ ဂရဟဒိန္နအိမ်သို့ ကြွတော်မူ၏။ ဂရဟဒိန္နသည် အိမ်မှထွက်၍၊ ၅ ပါးသောထိခြင်းဖြင့် ရှိခိုး၍၊ လက်အုပ်ချီ၍ ရပ်လျက် ကြံ၏။

'အရှင်ဘုရား။ အရှင်ဘုရားတို့သည် အတိတ်,အနာဂတ် စသောအလုံးစုံကို သိကုန်၏။ သတ္တဝါတို့၏စိတ်ကို ၁၆ ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြားနိုင်ကုန်၏ဟု အရှင်ဘုရားတို့၏အလုပ်အကျွေး သိရိဂုတ္တသည် အကျွန်ုပ်အား ဆိုအပ်ပြီ။ ထိုအလုံးစုံကို အရှင်ဘုရားတို့သည် အကယ်၍ သိကုန်အံ့။ အကျွန်ုပ်တို့၏အိမ်သို့ မဝင်ပါကုန်လင့်။ ဝင်ကုန်သော အရှင်ဘုရားတို့အား ယာဂုလည်း မရှိ။ ထမင်း,ဟင်းအစရှိသော အလုံးစုံတို့သည် မရှိကုန်။ စင်စစ်သော်ကား အရှင်ဘုရားတို့အားလုံးကို မီးကျီးတွင်း၌ ချ၍ နှိပ်စက်အံ့။'ဟု ကြံလျက်၊

မြတ်စွာဘုရား၏သပိတ်တော်ကို ယူ၍၊ ''ရှင်ပင်ဘုရား။ ဤအရပ်မှ ကြွတော်မူပါကုန်။''ဟု ဆို၍၊ ''အရှင်ဘုရား။ အကျွန်ုပ်တို့၏အိမ်သို့ လာကုန်သော သူတို့အား ဝတ်ကိုသိ၍လာအံ့သောငှာ အပ်၏။''ဟု ဆို၏။

''ဒါယကာ။ အဘယ်သို့ ပြုအံ့သောငှာ အပ်သနည်း။''ဟု ဘုရား မေးတော်မူသော်၊ ''တစ်ယောက် တစ်ယောက်စီဝင်လျက် ရှေ့မှသွား၍ ထိုင်ပြီးသောအခါ၌ နောက်မှ တစ်ပါးသောသူသည် လာအံ့သောငှာ အပ်၏။''ဟု လျှောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဂရဟာဒိန္နအား ဤသို့သောအကြံသည် ဖြစ်သတတ်။ 'ရှေ့မှသွားသောသူ၏ မီးကျီးတွင်း၌ကျသည်ကို မြင်လျှင် ကြွင်းသောရဟန်းတို့သည် မလာကုန်လတ္တံ့။ တစ်ယောက်တစ်ယောက်စီ ခွဲခြား၍သွားစေမှ အလုံးစုံသော ရဟန်းတို့အား မီးကျီးတွင်းသို့ ချရလတ္တံ့။'ဟု ကြံသတည်း။

မြတ်စွာဘုရားသည် ''ကောင်းပြီ''ဟု မိန့်တော်မူ၍ တစ်ယောက်အထီးတည်း ကြွတော်မူ၏။

ဂရဟာဒိန္နသည် မီးကျီးတွင်းသို့ရောက်လျှင်ရပ်လျက် နောက်သို့ဆုတ်၍၊ ''ရှင်ပင်ဘုရား။ ကြွတော်မူပါ။''ဟု လျှောက်၏။ မြတ်စွာဘုရားသည် မီးကျီးတွင်း၏အထက်၌ ခြေတော်ကို နင်းဖြန့်တော်မူလျှင် ဖုံးသောဖျာသည် ကွယ်ပျောက်လေ၏။ မီးကျီးကိုခွဲလျက် လှည်းဘီးမျှလောက်ကုန်သော ပဒုမ္မာကြာပွင့်တို့သည် ပေါက်ကုန်၏။ မြတ်စွာဘုရားသည် ပဒုမ္မာကြာပွင့်ချပ်၌ နင်းတော်မူလျက် ကြွတော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။ ရဟန်းတို့သည်လည်း ထို့အတူ သွား၍ နေကုန်၏။

ဂရဟာဒိန္န၏ကိုယ်၌ အပူသည် တက်၏။ ထိုဂရဟာဒိန္နသည် လျင်စွာပြေး၍၊ သိရိဂုတ္တသို့ ကပ်၍၊ ''အရှင် သိရိဂုတ္တ။ ငါ့အား တစ်ကိုယ်လုံး ပူလောင်ခဲ့၏။''ဟူ၍ ဆို၏။

''ဤသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။''ဟု မေးသော်၊ ''၅၀၀ သောရဟန်းတို့ သုံးဆောင်ရန် ငါ့အိမ်၌ ယာဂု၊ထမင်း စသည်တို့သည် မရှိပါ။ အဘယ်သို့ ပြုရအံ့နည်း။''ဟု ဆို၏။

''သင်သည် အဘယ်သို့ ပြုသနည်း။''ဟု မေးပြန်သော် ''ငါသည် ၂ အိမ်တို့၏အကြား၌ ကြီးစွာသော တွင်းကို မီးကျီးဖြင့်ပြည့်သည်ကို ပြုစေ၍၊ 'ထိုတွင်း၌ချ၍ နှိပ်စက်အံ့။'ဟု ကြံ၏။ ထိုအခါ ထိုမီးကျီးတွင်းကို ခွဲ၍ ကြီးစွာသော ပဒုမ္မာကြာပွင့်တို့သည် ပေါက်ခဲ့ကုန်၏။ ဘုရား အစရှိသော အလုံးစုံသောရဟန်းတို့သည် ပဒုမ္မာကြာပွင့်ချပ်၌ နင်းလျက် သွားကုန်၍၊ ခင်းအပ်သောနေရာ၌ နေကုန်ပြီ။ ယခုအခါ၌ အဘယ်သို့ ပြုပါရအံ့နည်း။''ဟု ဆို၏။

''အဆွေ။ သင်သည် ငါ့အား 'ဤမျှသောအိုးတို့သည် ယာဂု၊ ဤမျှသောအိုးတို့သည် ထမင်း အစရှိသည် တို့တည်း။'ဟု ပြသည် မဟုတ်တုံလော။''ဟု ဆိုသော်၊ ''အရှင်သိရိဂုတ္တ။ မဟုတ်မမှန် ပျက်မှုစကားသာတည်း။ အိုးစရည်းတို့သည် အချည်းစည်းတို့သာ ဖြစ်ကုန်၏။''ဟု ဆိုသော်၊ ''ဖြစ်စေတော့။ အဆွေ။ သွားချေ။ ထိုအိုးတို့၌ ယာဂုအစရှိသည်တို့ကို ကြည့်ချေလော့။''ဟု ဆို၏။

ထိုခဏ၌ ထိုဂရဟာဒိန္နသည် အကြင်အိုးတို့၌ ထမင်း အစရှိသည်ကို ပြ၏။ ထိုအိုးတို့၌ ထမင်း အစရှိသည် တို့သည် ပြည့်ကုန်၏။ ထိုသို့ပြည့်စုံခြင်းကို မြင်၍ ဂရဟာဒိန္နသည် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပြည့်စုံ၏။ စိတ်သည် ကြည်ညို၏။ ထိုဂရဟာဒိန္နသည် ရိုသေစွာ ဘုရားအမှူးရှိသောရဟန်းသံဃာကို လုပ်ကျွေး၍၊ ဆွမ်း ဘုဉ်းပေးပြီးသော် မြတ်စွာဘုရားအား အနုမောဒနာပြုစိမ့်သောငှာ သပိတ်တော်ကို ယူ၏။

မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူပြီးသော်၊

'ဤသတ္တဝါတို့သည် ပညာမျက်စိ မဖြစ်ခြင်းကြောင့် ငါ၏ လည်းကောင်း၊ တပည့်သားတော်တို့၏ လည်းကောင်း ကျေးဇူးကို မသိကုန်။ ဘုရားသာသနာတော်၏ ကျေးဇူးကိုလည်း မသိကုန်။ ပညာမျက်စိမှ ကင်းသောသူတို့သည် 'သူကန်း'မည်ကုန်၏။ ပညာရှိကုန်သော သူတို့သည် 'မျက်စိအမြင် ရှိကုန်သည်' မည် ကုန်၏''ဟု မိန့်၍-

'ယထာ သင်္ကာရဓ္ဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဓဝံ သက္ကာရဘူတေသု၊ အန္ဓီဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။ ။' ဟူ၍ ဟောတော်မူ၏။

အနက်-

''မဟာပထေ၊ ခရီးမ၌။ ဥဇ္ဈိတသ္မိံ၊ စွန့်အပ်သော။ သက်ာရဋ္ဌာနသ္မိံ၊ တံမြက်ချေးစုအရပ်၌။ သုစိဂန္ဓံ၊ ကောင်းသောအနံ့ ရှိသော။ ပဒုမံ၊ ပဒုမ္မာကြာသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တတ္ထ၊ ၌။ ရာဇာဒီနံ၊ မင်းအစရှိသောသူတို့အား။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်သည်။ ဘဝေယျယထာ၊ ဖြစ်သကဲ့သို့။ ဓဝံတထာ၊ ထို့အတူ။ သက်ာရဘူတေသု၊ တံမြက်ချေးစုသဖွယ် ဖြစ်ကုန်သော။ အန္ဓီဘူတေ၊ အမိုက်အတိ ဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ ပုထုဇဉ်၌။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏တပည့်သားသည်။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ လွန်၍ တင့်တယ်၏။''

ဤဒေသနာတော်၏အဆုံး၌ ၈ သောင်း ၄ ထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည် မဂ်,ဖိုလ် အကျွတ် တရားကို ရကုန်၏။ သိရိဂုတ္တ, ဂရဟဒိန္န အဆွေခင်ပွန်း သူဌေး ၂ ယောက်တို့သည်လည်း သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။ ထိုသူဌေး ၂ ယောက်တို့သည် မိမိတို့၏ဥစ္စာကို ဘုရားမြတ်စွာသာသနာတော်၌ ဖရိုဖရဲ ကြဲကြကုန်၏။

မြတ်စွာဘုရားသည် ထ၍ ကျောင်းတော်သို့ ကြွလေ၏။

ညချမ်းသောအခါ၌ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့။ ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးသည် အံ့ဖွယ်သရဲ ရှိ၏။ ဤသို့သဘောရှိသော ရှားမီးခဲအစု၌ ခွဲ၍ခွဲ၍ ပဒုမ္မာကြာတို့သည် ပေါက်ကုန်၏။''ဟု စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍၊ 'ကာယနုတ္တ' စသည်ဖြင့် မေးတော်မူ၍ 'ဤမည်သော စကားကြောင့်တည်း။'ဟု လျှောက်ကြလေသော်၊ ''ချစ်သားရဟန်းတို့။ ယခုအခါ၌ ဘုရားဖြစ်ပြီးသော ငါ့အား ရှားမီးကျီးအစုမှ အကြင်ပဒုမ္မာပေါက်ခြင်းသည် ရှိ၏။ ထိုသို့ပေါက်ခြင်းသည် အံ့ဖွယ်မရှိသေး။ တစ်စိတ်တစ်ဒေသသောဉာဏ်၌ တည်သော ဘုရားလောင်းဖြစ်သော ငါ့အားလည်း ပေါက်ဖူးကုန်သည်သာလျှင်တည်း။''ဟု မိန့်တော်မူ၍၊ ရဟန်းတို့ တောင်းပန်ကုန်သဖြင့် 'ကာမံ ပတာပနိရယံ' အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ခဒိရင်္ဂါရဇာတ်*ကို ဟောတော်မူ၏။

၆၀- နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ နန္ဒောပနန္ဒောဝါဒလာသုတ်ကို ဟောတော်မူ၏။

ဟောတော်မူကြောင်းကား တစ်နေ့သ၌ အနာထပိဏ်သူဌေးသည် ညချမ်းသောအခါ၌ တရားနာပြီးလျှင် ''ဘုန်းတော်ကြီးသောအရှင်ဘုရား။ နက်ဖြန်နေ့၌ သံဃာတော် ၅၀၀ နှင့်တကွ အကျွန်ုပ်၏အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါ။''ဟု ဖိတ်၍ သွားလေ၏။

* ၅၅၀ ဇာတ်တော်စဉ်-၄၀ ရှု။

mgyoe.com

mgyoe.com SAMPLE BOOK

မြတ်စွာဘုရားသည် တုဏှိဘာဝဖြင့်ဝန်ခံတော်မူလျက်၊ နက်ဖြန်မိုးသောက်သောအခါ သဗ္ဗညုတဉာဏ်တော်ဖြင့် လောကကိုကြည့်သည်ရှိသော် နန္ဒောပနန္ဒနဂါးမင်းကို မြင်တော်မူ၍၊ ထိုနဂါးမင်းအား သရဏဂုံတည်ခြင်း၏ ဥပနိဿယကို ဆင်ခြင်တော်မူပြန်သော်၊ 'နဂါးမင်းသည် မိစ္ဆာဒိဋ္ဌိအယူ ရှိ၏။ ရတနာ ၃ပါး၌ ကြည်ညိုခြင်း မရှိ'ဟုမြင်တော်မူပြီးလျှင်၊ 'ငါ၏တပည့်တို့တွင် အဘယ်သူသည် ဤနဂါး၏ မိစ္ဆာဒိဋ္ဌိ အယူကို ခွာဖျောက်နိုင်အံ့နည်း။'ဟု ဆင်ခြင်တော်မူသော်၊ 'အရှင်မဟာမောဂ္ဂလာန်သည် ခွာဖျောက်နိုင်အံ့' ဟု မြင်တော်မူ၍၊ နံနက်နေထွက်သောအခါ၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အစရှိသော သံဃာ ၅၀၀ တို့နှင့်တကွ "ချစ်သားတို့။ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစီရင်ခြင်းကိုစွမပြီးမီ တာဝတိံသာသို့ ငါတို့ သွားကြကုန်အံ့။"ဟု ဇေတဝန်ကျောင်းတော်မှ ထွက်၏။

ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်းသည် ကြီးစွာသောသဘင်ကို စီရင်သည်ဖြစ်၍၊ ရတနာဖြင့်ပြီးသော ပလ္လင်ထက်၌ ထီးဖြူဆောင်း၍ များစွာသောနဂါးအပေါင်းတို့ဖြင့် ခြံရံလျက်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ၅၀၀သော သံဃာတော်နှင့်တကွ နဂါးမင်းဗိမာန်၏အထက်ကောင်းကင်ခရီးဖြင့် နတ်ပြည်သို့ကြွတော်မူ၏။

ထိုသို့ကြွတော်မူသည်ကို နဂါးမင်းမြင်၍ အမျက်ထွက်သဖြင့် 'ဦးခေါင်းပြည်းစည်းဖြစ်ကုန်သော ဤရဟန်းတို့သည် ငါ၏အထက်ခရီးဖြင့် နတ်ပြည်သို့တက်ကုန်၏။ ယခုအခါမှစ၍ ငါ၏အထက်၌ ခြေဖဝါးမြူမှုန်ကိုချခြင်းငှာ ငါမပေး။'ဟု ကြံပြီးသော် နောက်မှထ၍၊ မြင်းမိုရ်တောင်ခြေရင်းသို့ ကပ်လေ၍၊ မြင်းမိုရ်တောင်ကို ၇ ကြိမ် မိမိအခွေဖြင့် ပတ်၍၊ တောင်ထိပ်ထက်၌ ပါးပျဉ်းကို ဖြန့်၍၊ တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းအောက်၌ထား၍ မမြင်ရအောင်ဖုံးလွှမ်းလျက် နေ၏။

ထိုအခါ ရှင်ရဋ္ဌပါလထေရ်သည် မြတ်စွာဘုရားကို မေးလျှောက်၏။ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ရှေးသောအခါ ဤအရပ်သို့ရောက်လျှင် မြင်းမိုရ်တောင်ကို မြင်၏။ တာဝတိံသာနတ်ပြည်ကို မြင်၏။ ဝေဇယန္တာပြာသာဒ်ကို မြင်၏။ ပြာသာဒ်ဖျား၌စိုက်သော ငှက်မြတ်နားကို မြင်၏။ ယခုအခါ၌ မမြင်ပါ။ အကြောင်းအဘယ်သို့ ရှိပါသနည်း။"ဟု လျှောက်၏။

ထိုစကားကို ကြား၍ "ချစ်သားရဋ္ဌပါလ။ နန္ဒောပနန္ဒနဂါးမင်းသည် သင်ချစ်သားတို့ကို အမျက်ထွက်သဖြင့် မြင်းမိုရ်တောင်ကို မိမိအခွေဖြင့် ၇ ကြိမ် ပတ်၍ တောင်ထိပ်ထက်၌ ပါးပျဉ်းမိုးလျက် အလုံးစုံကိုမမြင်ရအောင် ပြု၍နေသတည်း။"ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

"ယင်းသို့ဖြစ်မူကား ရှင်ပင်ဘုရား။ ထိုနဂါးမင်းကို အကျွန်ုပ် ဆုံးမပါရစေအံ့။"ဟူ၍ ရှင်ရဋ္ဌပါလ လျှောက်သော်၊ မြတ်စွာဘုရားသည် အရှင်ရဋ္ဌပါလအား ခွင့်ပြုတော်မမူ။ ထို့အတူ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ အစရှိသော ၅၀၀ ကုန်သောတပည့်တို့သည် အသီးသီး လျှောက်ကုန်သော်လည်း မြတ်စွာဘုရားသည် အလုံးစုံသော အရှင်တို့အား အခွင့် ပေးတော်မမူ။

အရှင်မောဂ္ဂလာန်သည် "အရှင်ဘုရား-နဂါးမင်းကို အကျွန်ုပ် ဆုံးမပါရစေအံ့။"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း 'အရှင်မောဂ္ဂလာန်သာလျှင် ဆုံးမနိုင်မည်။'ကို မြင်တော်မူ၍၊ "ချစ်သားမောဂ္ဂလာန်။ ဤနဂါးမင်းကို သင်ဆုံးမချေ။"ဟု ခွင့်ပြုတော်မူသောအခါ၊ အရှင်မောဂ္ဂလာန်သည် ကြီးလှစွာသော နဂါးမင်းအရုပ်ကို ဖန်ဆင်း၍၊ ၁၄ ခွေသောအခွေဖြင့် ထိုနဂါးမင်း၏အပေါ်မှ မြင်းမိုရ်တောင်ကို ပတ်၍၊ ထိုနဂါးမင်း၏ ပါးပျဉ်းအထက်၌ အရှင်မောဂ္ဂလာန်သည် ပါးပျဉ်းကို ဖြန့်၍ မြင်းမိုရ်တောင်နှင့်တကွ မလွန့်သာအောင် ကြပ်ကြပ်နှိပ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ နဂါးမင်းသည် အခိုးလွှတ်၏။ အရှင်မောဂ္ဂလာန်လည်း ''သင်၏ကိုယ်၌သာ အခိုးရှိသည် မဟုတ်။ ငါ၏ကိုယ်၌လည်း အခိုးရှိသည်သာလျှင်တည်း။''ဟု ပြင်းစွာသောအခိုးကိုလွှတ်၏။ ထိုနဂါးမင်း၏ အခိုးသည် ရှင်မောဂ္ဂလာန်ကို မထိပါးလေ။ အရှင်မောဂ္ဂလာန်၏အခိုးသာလျှင် နဂါးမင်းကို လွှမ်းလေ၏။

ထိုရောအခါ နဂါးမင်းသည် အလျှံကိုတောက်စေ၏။ ရှင်မောဂ္ဂလာန်လည်း ''သင်၏ကိုယ်၌သာ အလျှံ ရှိသည် မဟုတ်။ ငါ၏ကိုယ်၌လည်း အလျှံရှိသည်။''ဟု အလျှံကိုတောက်စေ၏။ ထိုအလျှံတို့တွင် နဂါးမင်း၏ အလျှံသည် အရှင်မောဂ္ဂလာန်သို့ မထိလာ။ အရှင်မောဂ္ဂလာန်၏အလျှံသည်သာလျှင် နဂါးမင်းကိုယ်သို့ ထိလေ၏။

ထိုအခါ နဂါးမင်းသည် 'ဤသူသည် ငါ့ကို မြင်းမိုရ်တောင်နှင့်တကွ ညှပ်၍ အခိုးအလျှံလွှတ်၏။ အဘယ်သူ ဖြစ်သနည်း။'ဟု ကြံ၍၊ ''သင်ကား အဘယ်မည်သောသူနည်း။''ဟု မေး၏။ အရှင်မောဂ္ဂလာန်သည် ''အိုး- နဂါးမင်း။ ငါကား မောဂ္ဂလာန်တည်း။''ဟု မိန့်၏။ ထိုစကားကိုကြား၍၊ နဂါးမင်းသည် ''အို- ရဟန်း။ သင်သည် ရဟန်းအဖြစ်ဖြင့် ရပ်လော့။''ဟု ဆို၏။

အရှင်မောဂ္ဂလာန်သည် ဖန်ဆင်းသောနဂါး၏အဖြစ်ကို စွန့်၍၊ ရဟန်းအသွင်ဖြင့် ထိုနဂါး၏ လက်ယာ နားတွင်းဖြင့် ဝင်၍ လက်ဝဲနားတွင်းမှ ထွက်၏။ လက်ဝဲနားတွင်းဖြင့် ဝင်၍ လက်ယာနားတွင်းမှ ထွက်၏။ လက်ယာနှာခေါင်းပေါက်ဖြင့် ဝင်၍ လက်ဝဲနှာခေါင်းပေါက်မှ ထွက်၏။ လက်ဝဲနှာခေါင်းပေါက်ဖြင့် ဝင်၍ လက်ယာနှာခေါင်းပေါက်မှ ထွက်၏။

ထိုအခါ နဂါးမင်းသည် 'ပေါက်သတ်အံ့။'ဟု ကြံ၍ ခံတွင်းကိုဖွင့်၏။ အရှင်မောဂ္ဂလာန်လည်း နဂါး၏ ခံတွင်းဖြင့်ဝင်၍ နဂါးမင်း၏ဝမ်းတွင်း၌ စင်္ကြံသွား၏။

ထိုအခါ မြတ်စွာဘုရားသည် ''ချစ်သား မောဂ္ဂလာန်။ ဤနဂါးမင်းသည် ကြီးသောတန်ခိုး ရှိ၏။ နှလုံးသွင်းခြင်းကို ပြုလော့၊ သတိကို ပြုလော့။''ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် ''ဘုန်းတော် ကြီးသော အရှင်ဘုရား။ အကျွန်ုပ်သည် ဣဒ္ဓိပါဒ် ၄ ပါးတို့ကို ပွားစေအပ်ကုန်ပြီ။ အလေ့အလာများစွာ ပြုအပ်ကုန်ပြီ။ နန္ဒောပနန္ဒ နဂါးမင်းနှင့်တူသော နဂါးအရာတို့ကို လည်းကောင်း, အထောင်တို့ကို လည်းကောင်း ဆုံးမခြင်းငှာ တတ်နိုင်ပါ၏။''ဟု လျှောက်၏။

ထိုနဂါးမင်းသည် 'ရဟန်းသည် ဝမ်းတွင်းသို့ ဝင်လေသောအခါ ငါ မမြင်လိုက်မိသောကြောင့် လွတ်နှင့်စေ။ ထွက်သောအခါ၌ ရဟန်းကို အစွယ်ကြား၌ထား၍ မှုန့်မှုန့်ညက်ညက်ကြေအောင် ဝါးအံ့။'ဟု ကြံ၍၊ ''အို- ရဟန်း။ ထွက်လှည့်လော့။ ငါ၏ဝမ်းတွင်း၌ ထိုမှဤမှ လူးလာခေါက်တင် စင်္ကြံသွား၍ ငါ့ကို မနှိပ်စက် လင့်။''ဟု ဆို၏။ ထိုစကားကိုကြားသော် အရှင်မောဂ္ဂလာန်သည် ခံတွင်းမှထွက်၍ နဂါးမင်း၏ရှေ့တူရူ၌ ရပ်၏။

နဂါးမင်းလည်း 'ဤသူသည် ငါ၏ဝမ်းတွင်း၌ စင်္ကြံသွားသော ရဟန်းတကား။'ဟု ပြင်းပြစွာ နှာခေါင်း လေကို လွှတ်၏။ ထိုအခါ၌ အရှင်မောဂ္ဂလာန်သည် စတုတ္ထဈာန်ကိုဝင်စား၍ နေ၏။ နဂါးနှာခေါင်းလေသည် အရှင်မောဂ္ဂလာန်၏ကိုယ်တော်၌ အမွေးတစ်ချောင်းကိုမျှ လှုပ်စေခြင်းငှာမတတ်နိုင်သည် ဖြစ်၏။

ဤနဂါးကိုဆုံးမရာ၌ ရှင်ရဋ္ဌပါလအစရှိသော မထေရ်တို့သည် နဂါးကို မြင်းမိုရ်တောင်ဖြင့် ညှပ်ခြင်း၊ နားတွင်းဖြင့် ဝင်ခြင်း,ထွက်ခြင်း အစရှိသော အလုံးစုံသောတန်ခိုးပြာဋိဟာတို့ကို ပြုခြင်းငှာ စွမ်းနိုင်ကုန်သည်ချည်း တည်း။ ခံတွင်းဖြင့်ထွက်၍ ရှေ့၌ရပ်သောအခါ နှာခေါင်းလေဖြင့် လွှတ်သောခဏ၌သာ အရှင်မောဂ္ဂလာန်ကဲ့သို့ လျင်စွာ သမာပတ်ဝင်စားခြင်းငှာ မတတ်နိုင်ကုန်။ အရှင်မောဂ္ဂလာန်တစ်ပါးသာလျှင် လျင်စွာသမာပတ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်စားခြင်းငှာ တတ်နိုင်သတတ်။ ထို့ကြောင့် အရှင်ရဋ္ဌပါလစသော ၅၀၀ ကုန်သောမထေရ်တို့အား အခွင့်ပြုတော် မမူသတည်း။

နဂါးမင်းသည် နှာခေါင်းလေဖြင့် နှိပ်စက်အံ့သောငှာမတတ်နိုင်သဖြင့်၊ 'ဤရဟန်းအား နှာခေါင်းလေဖြင့် လွှတ်၍လည်း အမွေးတစ်ချောင်းကိုမျှ လှုပ်စေခြင်းငှာမတတ်နိုင် ဖြစ်ခဲ့၏။ ရဟန်းသည် တန်ခိုးကြီးလှ၏။'ဟု အကြံရှိ၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် နဂါး၏အကြံကို သိ၍၊ ကိုယ်တော်၏အဖြစ်ကို စွန့်၍၊ ဂဠုန်ကိုယ်ကို ဖန်ဆင်းပြန်၍၊ ပြင်းစွာသောတောင်သံကို ပေး၍ နဂါးမင်းကို ဖမ်းအံ့သောငှာ လိုက်လတ်၏။

ထိုအခါ နဂါးမင်းသည် နဂါး၏ကိုယ်ကိုစွန့်၍၊ လုလင်အသွင်ဖန်ဆင်း၍၊ "အို- သခင်ဘုရား။ သခင်ဘုရားသည် ငါ၏ 'ကိုးကွယ်ရာ'ဟု သိရပါပြီ။"ဟု ခြေကိုကိုင်၍ အရှင်မောဂ္ဂလာန်ကို ရှိခိုး၏။

အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း "နဂါးမင်း။ လူ ၃ ပါးတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ယခု လာတော်မူ၏။ နဂါးမင်း။ လာလှည့်။"ဟု ခေါ်၍၊ ဆုံးမ၍၊ အမျက်ဒေါသ မရှိသည်ကိုပြု၍ မြတ်စွာဘုရား ထံသို့ သွားစေ၏။

ထိုအခါ နဂါးမင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား။ အရှင်ဘုရားတို့ကို ငါ၏'ကိုးကွယ်ရာ'ဖြစ်၏ ဟု သိပြီ။"ဟု နားတော်လျှောက်၏။

မြတ်စွာဘုရားသည် "အို- နဂါးမင်း။ သင့်အား ချမ်းသာခြင်းသည် ဖြစ်စေသတည်း"ဟု မိန့်၍ ၅၀၀ သောရဟန်းတို့ဖြင့် ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ ဆွမ်းစား ကြွတော်မူလေ၏။

အနာထပိဏ်သူဌေးသည် "ရှင်ပင်ဘုရား။ ယနေ့သည် အလွန်နေမြင့်မှ လာတော်မူသည်ကား အကြောင်း အသို့ရှိပါသနည်း။"ဟု မေးလျှောက်၏။ ထိုအခါ "သူဌေး။ ယနေ့၌ မောဂ္ဂလာန်၏လည်းကောင်း၊ နန္ဒောပနန္ဒ နဂါးမင်း၏လည်းကောင်း စစ်ထိုးကြခြင်းသည် ဖြစ်၏။ ထို့ကြောင့် နေမြင့်သတည်း။"ဟု မိန့်၏။

"ထိုသို့တပြီးကား ရှင်ပင်ဘုရား။ အဘယ်သူအား အောင်ခြင်းသည်ဖြစ်သနည်း။ အဘယ်သူအား ရှုံးခြင်းသည်ဖြစ်သနည်း။"ဟု သူဌေးလျှောက်သဖြင့်၊ "အို-သူဌေး။ မောဂ္ဂလာန်အား အောင်ခြင်းသည် ဖြစ်၏။ နန္ဒောပနန္ဒနဂါးမင်းအားသာလျှင် ရှုံးခြင်းသည် ဖြစ်၏။"ဟု ဘုရား မိန့်တော်မူ၏။

သူဌေးသည် အလွန်ဝမ်းမြောက်၍၊ "ရှင်ပင်ဘုရား။ 'အောင်ခြင်းတည်း'ဟူသော မင်္ဂလာဆွမ်းကို ၇ ရက်ပတ်လုံး အကျွန်ုပ်သည် ကျွေးပါအံ့။ အရှင်မောဂ္ဂလာန်အားလည်း အောင်သူကြီး၏ပူဇော်သက္ကာရကို ပြုပါအံ့။ ခံတော်မူပါ။" ဟုလျှောက်၍၊ ဘုရားအမှူးရှိသော သံဃာ ၅၀၀ တို့အား ၇ ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးကို လက်ဝဲရံအဂ္ဂသာဝကဖြစ်သော အရှင်မောဂ္ဂလာန်အား တန်ခိုးဖြင့်ဆုံးမစေ၍ သရဏဂုံတည်စေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၆၁- မြတ်စွာဘုရားသခင် ဗကပြဟ္မာအား ဆုံးမ ချေချွတ်တော် မူခြင်း။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဗကပြဟ္မာသုတ်ကို ဟောတော်မူခြင်း၏ အစ္ဆုပ္ပတ္တိကား ဤသို့တည်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကို ဆွမ်းခံအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ မဟာဗြဟ္မာဘုံ၌ဖြစ်သော ဗကပြဟ္မာအား ဤသို့သောမိစ္ဆာဒိဋ္ဌိအယူသည် ဖြစ်၏။

'ဤဘုံနှင့်တကွသော ဗြဟ္မာအရပ်သည် မပြတ် တည်၏၊ မရေတွက်နိုင်သော သဘောရှိ၏။ ဤဗြဟ္မာအရပ်သည်ကား ဖြစ်ခြင်းလည်း မရှိ။ ပျက်ခြင်းလည်း မရှိ။ ဗြဟ္မာအရပ်ထက် ငြိမ်းချမ်းသောအရပ်မည်သည် မရှိ။'

ဤသို့ ယုတ်မာသော,မှားသောအယူသည်ဖြစ်၏။

'ဗြဟ္မာအရပ်ထက် ငြိမ်းချမ်းသော တစ်ပါးသောအရပ် မည်သည်မရှိ။ မဂ်၄ပါး,ဖိုလ်၄ပါး, အသခ်တဓာတ်တည်း ဟူသော ဤတရား ၉ ပါးသည် ချမ်းသာမရှိ' ဟု ဗြဟ္မာမင်းအား အယူသည်ဖြစ်၏။

အဘယ်အခါ၌ ဤဗကပြဟ္မာအား မှားသောအယူ ဖြစ်သနည်းဟူမူကား ပဌမဈာန်ဘုံ၌ဖြစ်သောအခါ မှားသောအယူသည် ဖြစ်၏။

ဤဗကပြဟ္မာသည် ရှေးသောအခါ သာသနာတော်အပ၌ ရသေ့ရဟန်း ပြု၍၊ ကသိုဏ်းပရိကံကို စီးဖြန်း၍၊ သမာပတ် ၈ ပါးကို ဖြစ်စေ၍၊ မယုတ်သောဈာန်ရှိသည် ဖြစ်စေ၍၊ စုတေသော် စတုတ္ထဈာန် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၍၊ ကမ္ဘာ ၅၀၀ အသက်ရှည်သဖြင့် နေ၏။ ကသိုဏ်းပရိကံကို စီးဖြန်း၍၊ ရူပါဝစရကုသိုလ် တတိယဈာန်ကို ရ၍ ဝေဟပ္ဖိုလ်ဘုံမှ စုတေသော်၊ တတိယ ၃ ဘုံတွင် သုဘကိဏှာဘုံ၌ ဖြစ်၍ ၆၄ ကမ္ဘာပတ်လုံး အသက်နေ၏။ ထိုဘုံ၌ ကသိုဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ် ဒုတိယဈာန်ကို ရ၍၊ စုတေသော် ဒုတိယဈာန် ၃ဘုံတွင် အာဘဿရာဘုံ၌ ဖြစ်လေ၍ ၈ ကမ္ဘာပတ်လုံး အသက်နေ၏။ ထိုဘုံ၌ ကသိုဏ်းပရိကံကို စီးဖြန်းသော် ရူပါဝစရကုသိုလ် ပဌမဈာန်ကို ရ၍၊ ထိုအာဘဿရာဘုံမှ စုတေသော် ပဌမဈာန် ၃ ဘုံတွင် မဟာဗြဟ္မာဘုံ၌ ဖြစ်လေ၍ အသင်္ချေယျကပ် ၁ ကပ်ပတ်လုံး အသက်နေ၏။

ဤမဟာဗြဟ္မာဘုံ၌ဖြစ်သောအခါ ဗကပြဟ္မာသည် မိမိပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံကို လည်းကောင်း၊ ရှေး၌ မိမိ၏ဖြစ်ဖူးရာဘုံကို လည်းကောင်း ဥပပါတ်ပဋိသန္ဓေ၏အစွမ်းကြောင့် သိ၏။ ပဌမဈာန်ဘုံ၌ ရှည်လျားလတ်သော် ကံကိုလည်းကောင်း, ဖြစ်ရာဘုံတို့ကို လည်းကောင်း၊ ၂ ပါးကို မေ့လျော့သောကြောင့် 'ဤ ငါ၏ခန္ဓာသည်လည်းကောင်း, ဤခန္ဓာကိုယ်၏ ဖြစ်ရာဘုံသည်လည်းကောင်း၊ နိစ္စ,ဓုဝ,သဿတ ဖြစ်၏' ဟု မှားသောမိစ္ဆာဒိဋ္ဌိအယူသည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဗကပြဟ္မာ၏ မှားသောအယူကို ယူသောအဖြစ်ကို သိတော်မူ၍၊ ခွန်အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်လေသကဲ့သို့သောလျင်ခြင်းဖြင့် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ ထိုဗကပြဟ္မာမင်း၏ဘုံ၌ ထင်ရှားဖြစ်တော်မူ၏။

ထိုအခါ ဗကပြဟ္မာသည် မြတ်စွာဘုရား အဝေးမှလာတော်မူသည်ကို မြင်၍၊ "ဆင်းရဲမရှိသော ရှင်ပင်ဘုရားသည် လာတော်မူသလော။ ရှင်ပင်ဘုရား၏ ဗြဟ္မာ့ပြည်သို့လာခြင်းသည် ကောင်းသောလာခြင်းတည်း။ ကြာမြင့်မှ ရှင်ပင်ဘုရားသည် ဤဗြဟ္မာ့ပြည်သို့ အကြင်လာတော်မူခြင်း၏အကြောင်းသည် ရှိ၏။ ထိုအကြောင်းကို ပြုတော်မူပါ"ဟု နားတော်လျှောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမှတစ်ပါးလည်း ''ငါကဲ့သို့ ဆင်းရဲမရှိသော အို- ရှင်ပင်ဘုရား။ ဤဘုံနှင့်တကွသော ဗြဟ္မာအရပ်သည် နိစ္စ, ဓုဝ ဖြစ်၏၊ အခါခပ်သိမ်း ထင်ရှားဖြစ်၏၊ မကျိုးမပျက် ဖြစ်၍ တည်၏။ မရွေ့တတ်သော သဘောရှိ၏။ ဤအရပ်သည်ကား ဖြစ်ခြင်းလည်း မရှိ၊ ပျက်ခြင်းလည်း မရှိ။ ဤအရပ်ထက် လွန်ကဲသောငြိမ်းချမ်းခြင်း မည်သည် မရှိ။''ဟူ၍ နားတော်လျှောက်၏။

ထိုစကားကိုကြား၍ မြတ်စွာဘုရားသည် ဗကဗြဟ္မာကို ဆို၏။

''အို-အချင်းတို့။ ဗကဗြဟ္မာသည် မိုက်စွတကား။ အို-အချင်းတို့။ အနိစ္စတရားသည် ထင်ရှားရှိလျက် အကြင်ကြောင့် ဗကဗြဟ္မာသည် 'နိစ္စ' ဟူ၍ ဆိုဘိ၏။ ထို့ကြောင့် မိုက်စွတကား။ အခါခပ်သိမ်း ထင်ရှား မရှိပါဘဲလျက် 'အခါခပ်သိမ်း ထင်ရှားရှိ၏။' ဟူ၍ ဆိုဘိ၏။ ကျိုးပျက်ခြင်းသည်ထင်ရှားရှိလျက် 'မကျိုးမပျက်' ဆိုဘိ၏။ ရွေ့တတ်သောသဘောသည် ထင်ရှားရှိလျက်။ 'မရွေ့တတ်သော သဘောရှိ၏။'ဟု ဆိုဘိ၏။ အကြင် အရပ်၌ 'ဖြစ်ခြင်းသည် ရှိ၏၊ ပျက်ခြင်းသည် ရှိ၏၊ ရွေ့တတ်သောသဘော ရှိ၏။ တည်ခြင်းသဘော မရှိ။ ထိုအရပ်ကို ဖြစ်ခြင်းသည် မရှိ။ ပျက်ခြင်းသည် မရှိ။ ရွေ့ခြင်းလည်း မရှိ။ တည်ခြင်းသာ ရှိ၏။'ဟု ဆိုဘိ၏။ 'ဤအရပ်ထက်လွန်သော တစ်ပါးသောငြိမ်းခြင်းသည် ရှိလျက်၊ ဤအရပ်ထက်လွန်သော တစ်ပါးသောငြိမ်းခြင်း မည်သည် မရှိ။'ဟု ဆိုဘိ၏။''ဟု မိန့်တော်မူ၏။

ထိုစကားကို ကြား၍၊ ဥပမာကား ခိုးသူကိုဖမ်းမိသောယောက်ျားသည် အပေါင်းအဖော်ကို ညွှန်ပြစေလို၍ ၂ ချက် - ၃ ချက် ရိုက်ခတ်၍ မေးသော်၊ ယင်း ၂ ချက်-၃ ချက် ရိုက်ခတ်ခြင်းကို ခံနိုင်၍ အပေါင်းအဖော်ကို ညွှန်ပြခြင်း မပြု။ ထိုထက်လွန်၍ ၄ ချက် - ၅ ချက်စသည် ရိုက်ခတ်ခြင်းကို ပြု၍မေးသော်၊ ထို ၄ ချက်- ၅ ချက်သော ရိုက်ခတ်ခြင်းကို မခံနိုင်သည်ဖြစ်၍ အပေါင်းအဖော်တို့ကို ညွှန်ပြသကဲ့သို့ ထိုအတူလည်းကောင်း။

ရှင်ပင်ဘုရားသည် ''ဗကဗြဟ္မာသည် မိုက်စွတကား။ ဤဗြဟ္မာအရပ်သည် အမြဲ မရှိသောသဘောသည် ထင်ရှားရှိလျက် 'မြဲ၏'ဟုဆိုဘိတကား''

ဤသို့အစရှိသောစကားဖြင့် ခြိမ်းတော်မူသည်ရှိသော်၊ ဗကဗြဟ္မာသည် မိမိအယူကဲ့သို့သော အယူကိုယူသော အပေါင်းအဖော် မိစ္ဆာဒိဋ္ဌိဗြဟ္မာတို့ကို ညွှန်ပြလိုသဖြင့် 'ဒွါသတ္တတိဂေါတမ ပုညကမ္မာ' အစရှိသောဂါထာကို ရွတ်၍။

''အို-အရှင်ဂေါတမ။ ပြုဖူးသောကောင်းမှုကံ ရှိကုန်၍ ဤဗြဟ္မာပြည်၌ဖြစ်ကုန်သော အကျွန်ုပ်နှင့်တကွ ၇ ကျိပ် ၇ ယောက်ကုန်သော ဗြဟ္မာတို့သည် မိမိတို့၏အလိုသို့ သူတစ်ပါးတို့ကို လိုက်စေတတ်ကုန်၏။ ပဋိသန္ဓေ နေခြင်းကို လည်းကောင်း, အိုခြင်းကို လည်းကောင်း လွန်ကုန်၏။ ဗြဟ္မာမင်းတို့၏ဖြစ်ခြင်းသည် ပညာနှင့် ပြည့်စုံသော အဆုံးစွန်သော ဖြစ်ခြင်းတည်း။

''တစ်ပါးမက များစွာကုန်သောသူတို့သည် အကျွန်ုပ်တို့ကို 'ဤဗြဟ္မာအပေါင်းတို့သည် ကြီးမြတ်သော ဗြဟ္မာ မည်၏။ သူတစ်ပါးတို့ကို နှိပ်စက်၍ ဖြစ်၏။ သူတစ်ပါးတို့သည် မနှိပ်စက်နိုင်သည်ဖြစ်၍ တည်၏။ စင်စစ်သဖြင့် ထိုဗြဟ္မာကြီးသည် လူများအပေါင်းကို မိမိအလိုသို့ လိုက်စေတတ်၏။ လူတို့ကို အစိုးရ၏။ လူတို့ကို ပြုတတ်၏။ မြေ, တောင်, မြင်းမိုရ်, ဟိမဝန္တာ, စကြဝဠာ, လ, နေ, ကြယ်တို့ကို ဖန်ဆင်းတတ်၏။ လူတို့ထက် မြတ်၏။ လူတို့ကို 'သင်သည် မင်းမည်သည် ဖြစ်လော့။ သင်သည် ပုဏ္ဏားမည်သည် ဖြစ်လော့။ သင်သည် သူကြွယ် ဖြစ်လော့။ သင်သည် သူဆင်းရဲ ဖြစ်လော့။ သင်သည် လူ ဖြစ်လော့။ သင်သည် ရဟန်း ဖြစ်လော့။ သင်သည် ကုလားအုတ် ဖြစ်လော့။ သင်သည် နွား ဖြစ်လော့။' ဤသို့အစရှိသည်ဖြင့် စီရင်တတ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဤဗြဟ္မာကြီးသည်ကား ဖြစ်ပြီးသောသတ္တဝါ၊ မဖြစ်သေးသောသတ္တဝါတို့၏ အဖလည်း မည်၏။' ဟု အကျွန်ုပ်တို့ကို လူတို့သည် အလွန်တောင့်တအပ်ကုန်၏။'' ဟူ၍ ဗကဗြဟ္မာသည် လျှောက်၏။

ထိုစကားကိုကြားတော်မူ၍ ဗကဗြဟ္မာအား ထိုအယူကိုဖျောက်စိမ့်သောငှာ-

'အပ္ပံ ဟိ ဧတံ န ဟိ ဒီဃမာယု၊ ယံ တွံ ဗက မညသိ ဒီဃမာယု။

သတံ သဟဿာန နိရဗ္ဗုဒါနံ၊ အာယုံ ပဇာနာမိ တဝါဟံ ဗြဟ္မေ။ ။' ဟူသော ဂါထာကို ဟောတော်မူ၏။

ဤဂါထာ၏ အဓိပ္ပာယ်သော်ကား-

''ဗကဗြဟ္မာ၊ သင်သည် ဤဗြဟ္မာပြည်၌ သင်၏ အကြင်အသက်ကြွင်းသည် ရှိ၏။ ထိုအသက်ကြွင်းကို 'ရှည်၏' ဟူ၍ အောက်မေ့၏။ ထို သင်၏အသက်ကြွင်းသည် နည်းပြီ။ ၁ သိန်းကုန်သော နိရဗ္ဗုဒတို့၏ အရေအတွက်မျှသာ သင်၏အသက်ကြွင်း ရှိတော့သည် ဟု ငါဘုရား သိတော်မူ၏။'' ဟူလို။

ဤဂါထာဖြင့် ဗကဗြဟ္မာ၏ 'ငါတို့ ဗြဟ္မာအဖြစ်သည် မြဲ၏။' ဟူသော မှားသောအယူကို ပယ်တော်မူလို၍ ''သင်၏ အသက်ကြွင်းသည် နရဗ္ဗုဒ အရေအတွက်ဖြင့် ၁ သိန်းမျှသာ ကြွင်းတော့သည်။ နိရဗ္ဗုဒ ၁ သိန်းစေ့လျှင် သင်သည် အနိစ္စသဘောကို မလွန်ဆန်နိုင်သည်ဖြစ်၍ ဤဗြဟ္မာ၏အဖြစ်မှ စုတေရတော့အံ့သည်တကား။'' ဟု မိန့်တော်မူ၏။

ထို့နောက် ဗကဗြဟ္မာသည် ရှေး၌ဆောက်တည်ခဲ့ဖူးသော မိမိ၏အကျင့်သီလကို မြတ်စွာဘုရားအား မေးလို၍-

'အနန္တဒဿီ ဘဂဝါ တွ မသ္မိ၊ ဇာတိံ ဇရံ သောကမုပါတိ ဝတ္တော။

ကိံ မေ ပုရာဏံ ဝတသီလဝတ္တံ၊ အာစိက္ခ မေ တံ ယမဟံ ဝိဇညာ။ ။' ဟူသောဂါထာကို ရွတ်၏။

ဤဂါထာ၌ အဓိပ္ပာယ်သော်ကား-

''ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် အဆုံးမရှိသောအာရုံကို မြင်တော်မူလေ့ရှိသည်ဖြစ်၍၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ စိုးရိမ်ခြင်းကိုလွန်၍ ဖြစ်တော်မူ၏။ အကျွန်ုပ်၏ ဟောင်းလေပြီးသော အကျင့်သီလကို ရှင်ပင်ဘုရားသည် အဘယ်သို့ဆိုအံ့နည်း။ အကျွန်ုပ်၏ ဟောင်းလေသောအကျင့်သီလကို အကျွန်ုပ်သည် သိရာ၏။ ထိုအကျင့်သီလကို ရှင်ပင်ဘုရားသည် အကျွန်ုပ်အား ကြားတော်မူပါလော့။'' ဟု ဆိုသည်။

ထို့နောက်မှ ဘုရားမြတ်စွာသည် ဗကဗြဟ္မာ၏ ရှေး၌ဖြစ်သောအကျင့်သီလကို ကြားတော်မူလိုသည် ဖြစ်၍၊

'ယံ တွံ အပါယေသိ ဗဟူမနုဿေ၊ ပိပါသိတေ ဃမ္မနိ သမ္ပရေတေ။

တန္တေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

'ယံ ဧဏိကူလသ္မိံ ဇနံ ဂဟိတံ၊ အမောစယီ ဂယှတံ နိယျမာနံ။

တန္တေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

'ဂင်္ဂါယ သောတသ္မိံ ဂဟိတနာဝံ၊ လုဒ္ဒေန နာဂေန မနုဿကမျာ။

ပမောစယိတ္ထ ဗလသာ ပသယှ၊ တန္တေ ပုရာဏံ ဝတ သီလဝတ္တံ။

သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

'ကပွေါစ တေ ပဋ္ဌစရော အဟောသိ၊ သမ္ဗုဒ္ဓိဝဏ္ဏံ ဝတိန် အမညိ။

တန္တေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။' ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

ထိုဂါထာတို့တွင် ပထမဂါထာ၌ အဓိပ္ပာယ်သော်ကား-

''အို- ဗကဗြဟ္မာ။ အကြင်သင်သည် နွေလအခါ၌ နေ၏။ ပူခြင်းဖြင့်နှိပ်စက်ကုန်သော, ရေမွတ်သိပ်ခြင်း ရှိကုန်သော, များစွာသောသူတို့ကို သင်၏တန်ခိုးဖြင့် ရေသောက်စေပြီ။ ထိုသင်၏ ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါသည် အိပ်၍နိုးသောယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏။'' ဆိုလိုသည်။

ဒုတိယဂါထာ၌ အဓိပ္ပာယ်သော်ကား-

''အို- ဗကဗြဟ္မာ။ 'ဧဏိ'မည်သောဂင်္ဂါမြစ်နား၌ အကြင်လူအပေါင်းကို ခိုးသူတို့သည် ဖမ်းယူအပ်သည် ရှိသော်, ချည်နှောင်၍ ဆောင်အပ်သည်ရှိသော်၊ ထိုလူများကို သင်၏တန်ခိုးအားဖြင့် လွတ်စေပြီ။ သင်၏ ထိုရှေး၌ဖြစ်သောအကျင့်သီလကို ငါဘုရားသည် အိပ်၍နိုးသောယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏။''ဟူလိုသည်။

တတိယဂါထာ၌ အဓိပ္ပာယ်ကား-

''အို- ဗကဗြဟ္မာ။ ကြမ်းတမ်းသော 'ဂင်္ဂေယျက' မည်သောနဂါးသည် လူတို့ကို နှိပ်စက်ညှဉ်းဆဲလိုသည် ဖြစ်၍၊ ဂင်္ဂါ၏ရေအယဉ်၌ ဖမ်းကိုင်အပ်သောလှေကို ဗကဗြဟ္မာ၏အလောင်း ကေသဝရသေ့၏တန်ခိုးအစွမ်းဖြင့် နှိပ်စက်၍ သေဘေးမှ လွတ်စေပြီ။ သင်၏ ရှေး၌ဖြစ်သော ထိုအကျင့်ကို လည်းကောင်း, ထိုသီလကို လည်းကောင်း ငါဘုရားသည် အိပ်၍နိုးသောယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏။'' ဟူလိုသည်။

စတုတ္ထဂါထာ၌ အဓိပ္ပာယ်ကား-

''အို- ဗကဗြဟ္မာ။ သင်ဗကဗြဟ္မာ၏အလောင်းဖြစ်သော ကေသဝရသေ့၏ ငါဘုရား၏အလောင်းဖြစ်သော ကပ္ပလုလင်သည် အလုပ်အကျွေးတပည့်ကြီး ဖြစ်ဖူးပြီ။ ထိုတပည့်လုလင်ကို 'ပညာရှိတို့၏ အကျင့်ဝတ်နှင့် ပြည့်စုံ၏'ဟု သင်သည် အောက်မေ့ပြီ။ သင်၏ ရှေး၌ဖြစ်သောထိုအကျင့်သီလကို ငါဘုရားသည် အိပ်၍နိုးသော ယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏။'' ဟူလိုသည်။ ။ ဤကား ပါဠိလျှောက် အဓိပ္ပာယ်တည်း။

အဓိပ္ပာယ် အကျယ်ကား-

ဤဗကဗြဟ္မာသည် ရှေးသောအခါ ဝေဟပ္ဖိုလ်ဘုံ၌ မဖြစ်မီ လူ့ပြည်တွင် သူကြွယ်အမျိုး၌ ဖြစ်သောအခါ ကာမဂုဏ်စည်းစိမ်ချမ်းသာကို စွန့်၍၊ တောထွက်၍ ရသေ့ပြုသဖြင့် သမာပတ် ၈ ပါးနှင့် ပြည့်စုံသည် ဖြစ်၍၊ ဂင်္ဂါမြစ်နား၌ သင်္ခမ်းဆောက်၍ နေ၏။ 'ကေသဝရသေ့' ဟု အမည်တွင်၏။ ထိုရောအခါ လှည်းကုန်သည် ၅၀၀ တို့သည် ရေမရှိသောခရီးသို့ ရောက်လျှင်၊ ရေမသောက်ရကုန်သည် ဖြစ်၍၊ ''ယခုအခါ ငါတို့၏အသက်သည် မရှိချေပြီ။ သေရကြကုန်အံ့သည်တကား။''ဟု မှတ်၍နေကြကုန်၏။ ထိုအကြောင်းကို ဗကဗြဟ္မာအလောင်း ကေသဝရသေ့သိ၍၊ 'ငါသို့သောသူထင်ရှားလျက် ဤလှည်းကုန်သည်တို့သည် အဘယ်ကြောင့်သေပျောက် ရအံ့နည်း။'ဟု မိမိတန်ခိုးဖြင့်ဖန်ဆင်း၍၊ ဂင်္ဂါမြစ်ရေကို ကမ်းသို့လျှံစေ၍၊ လှည်းကုန်သည်တို့ရှိရာအရပ်သို့ စီးစေ၍၊ ချိုးသောက်ရကုန်သည် ဖြစ်၍ သေဘေးမှလွတ်ကုန်၏။

''အခါတစ်ပါး ရွာကိုဖျက်ဆီးသောခိုးသူတို့သည် ရွာငယ်တစ်ခုကို လုယက်ဖျက်ဆီးလျက် လူသူတို့ကို ဖမ်းဆီးချည်နှောင်၍ ကျွဲ,နွားစသည်တို့ကို သတ်ပုတ်စားသောက်ကုန်၏။ လူတို့သည် ငိုမြည်တမ်းခြင်းကို ပြုကုန်၏။ ထိုအကြောင်းကို ကေသဝရသေ့သိ၍၊ 'ငါသို့သောသူသည် သိမြင်လျက် ဤသူတို့သည် မပျက်စီး စေကုန်သတည်း။'ဟု အဘိညာဉ်၏အခြေဖြစ်သော သမာပတ်ကို ဝင်စားလျက်၊ အင်္ဂါ ၄ ပါးရှိသောစစ်သည်ကို ဖန်ဆင်း၍ ခိုးသူတို့လာလတ္တံ့သော ခရီးဖြင့် ရင်ဆိုင်လာ၏။ ထိုစစ်သည်တို့ကို ခိုးသူတို့မြင်လျှင် 'ပြည့်ရှင်မင်းသည်

mgyoe.com

mgyoe.com SAMPLE BOOK

ငါတို့ကို စစ်ပြုအံ့သောငှာ လာလတ်ပြီတကား. ကြောက်လန့်ကုန်သဖြင့် လူသူ, ကျွဲ, နွားတို့ကို လွှတ်၍ ပြေးလေကုန်၏။ ထိုသူတို့သည် ရသေ့တန်ခိုးကြောင့် ချမ်းသာစွာနေရကုန်၏။

''တစ်ပါးသောအခါ ဂင်္ဂါမြစ်နား၌နေသော ဂင်္ဂေယျနဂါးမင်းသည် အမျက်ထွက်သည်ဖြစ်၍၊ 'လှေ ကုန်သည်တို့ကို 'သမုဒ္ဒရာ၌ မျောစေကုန်အံ့။'ဟု ကြီးစွာသောနဂါးတို့၏ကိုယ်ကို ဖန်ဆင်းလျက် ရေကို ၂ဖြာခွဲ၍၊ ပါးပျဉ်းမိုးကာ ရှူးရှူးမြည်၍နေ၏။ လူများအပေါင်းသည် နဂါးကိုမြင်လျှင် သေဘေးမှကြောက်ကုန်သောကြောင့် ငိုမြည်တမ်းကုန်၏။ ထိုအသံကိုကြား၍ ကေသဝရသေ့သည် ဂဠုန်၏ကိုယ်ကိုဖန်ဆင်းလျက် နဂါးအား ပြလေ၏။ နဂါးမင်းသည် ဂဠုန်ကိုမြင်လျှင် ကြောက်လန့်သဖြင့် ရေထဲသို့ပြေးဝင်လေ၏။ လူအများတို့သည် ရသေ့၏ တန်ခိုးကြောင့် ချမ်းသာခြင်းသို့ရောက်ကုန်၏။

''သင်ဗကဗြဟ္မာသည် ကေသဝရသေ့ ဖြစ်သောအခါ၌ ငါဘုရား၏အလောင်းဖြစ်သော ကပ္ပလုလင်သည် ထိုရသေ့၏တပည့်ကြီးဖြစ်၍၊ အလွန်ပညာရှိသဖြင့် ဝတ်ကြီး, ဝတ်ငယ်နှင့်ပြည့်စုံစွာ သင်ဗြဟ္မာ၏အလောင်းရသေ့အား ခစားလုပ်ကျွေးခြင်းကို ပြု၏။ ရသေ့သည် နှစ်သက်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ဖူး၏။''ဟု မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ ရှေး၌ဖြစ်သောအကျင့်သီလကို ကြားတော်မူ၏။

ဤသို့ ဟောကြားတော်မူသောအဆုံး၌ ဗကဗြဟ္မာမင်းသည် မှားသောမိစ္ဆာဒိဋ္ဌိအယူကို စွန့်၍ သမ္မာဒိဋ္ဌိအယူ၌ တည်ပြီးလျှင် မြတ်စွာဘုရားအား ချီးမွမ်းထောမနာပြုလိုသဖြင့်-

'အဒ္ဓါ ပဇာနာသိ မမေတမာယုံ၊ အညေပိ ဇာနာသိ တထာဟိ ဗုဒ္ဓေါ။

တထာဟိ တျာယံ ဇလိတာနုဘာဝေါ၊ ဩဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။ ။' ဟူသောဂါထာကို ရွတ်၏။ အနက်-

''ဘန္တေ၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ တွံ၊ ရှင်ပင်ဘုရားသည်။ မံမ၊ အကျွန်ုပ်၏။ ဧတံအာယုံ၊ ထို နိရဗ္ဗုဒအရေအတွက်ဖြင့် ၁ သိန်းသာကြွင်းသော အသက်၏အပိုင်းအခြားကို။ အဒ္ဓါ၊ စင်စစ်။ ပဇာနာသိ၊ သိတော်မူ၏။ အညေပိ၊ အကျွန်ုပ်မှ တစ်ပါးသောဗြဟ္မာတို့ကိုလည်း။ ဇာနာသိ၊ သိတော်မူ၏။ တထာဟိ- တတောဧဝ၊ ထိုသို့ သိတော်မူသောကြောင့်သာလျှင်။ ဗုဒ္ဓေါ၊ ဘုရား ဖြစ်တော်မူ၏။ တထာဟိ-တတောဧဝ၊ ထိုသို့ ဘုရားဖြစ်တော်မူသောကြောင့်လျှင်။ တေ၊ ရှင်ပင်ဘုရား၏။ အယံ ဇလိတာနုဘာဝေါ၊ ဤ တောက်ပသော တန်ခိုးအာနုဘော်သည်။ ဗြဟ္မာလောကံ၊ ဗြဟ္မာ့ပြည်သို့။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းစေလျက်။ တိဋ္ဌတိ၊ တည်တော်မူ၏။''

ဤကား မြတ်စွာဘုရားကို ဗကဗြဟ္မာ ချီးမွမ်းထောမနာပြုသော စကားတည်း။ ဤသို့ဆိုအပ်ပြီးသည်ကား ဗကဗြဟ္မာသုတ်၏ အဓိပ္ပာယ်တည်း။

၆၂- စူဠသုဘဒ္ဒါနှင့် ဥဂ္ဂသူဌေးကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း။

'ဒူရေသန္တော' အစရှိသောတရားတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏သမီးစူဠသုဘဒ္ဒါကို အကြောင်းပြု၍ဟောတော်မူ၏။ အတ္ထုပ္ပတ္တိကား-

mgyoe.com

mgyoe.com SAMPLE BOOK

အနာထပိဏ်သူဌေးအား ငယ်သောအခါမှစ၍ ဥဂ္ဂမြို့၌နေသော ဥဂ္ဂသူဌေးနှင့် အဆွေခင်ပွန်း ဖြစ်ကြ၏။ ထိုသူ ၂ ယောက်တို့သည် တစ်ဆရာတည်း၌ အတူ အတတ်သင်ကုန်သောအခါ၊ အချင်းချင်း ကတိကဝတ် ပြုကုန်၏။

''ငါတို့အား အရွယ်သို့ရောက်သောအခါ၌ သား,သမီးတို့သည် ဖွားကုန်သော်၊ သားယောကျ်ားဖွားသော သူအား သမီးဖွားသောသူသည် ထိုသားယောကျ်ားအလို့ငှာ မိမိသမီးကို ပေးအပ်၏။''ဟူ၍ ကတိကဝတ် ပြုလေကုန်၏။

ထို ၂ ယောက်တို့သည် အရွယ်ရောက်သောအခါ၌ မိမိတို့၏အဖသူဌေးအရာ၌ တည်လေကုန်၏။

အနာထပိဏ်သူဌေးအား 'မဟာသုဘဒ္ဒါ, စူဠသုဘဒ္ဒါ, သုမနဒေဝီ' ဟူ၍ သမီး ၃ ယောက်၊ 'ကာလ'ဟူ၍ သားတစ်ယောက် မြင်၏။ ဥဂ္ဂသူဌေးအားကား သားယောကျ်ား တစ်ယောက်သာ မြင်၏။

တစ်ပါးသောအခါ၌ ဥဂ္ဂသူဌေးသည် ကုန်ရောင်းဝယ်လို၍၊ ၅၀၀ သောလှည်းတို့ဖြင့် သာဝတ္ထိပြည်သို့ သွား၍ အနာထပိဏ်သူဌေးအိမ်၌ တည်းနေလေ၏။

အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါကို ခေါ်၍၊ ''ချစ်သမီး။ သင်၏အဖ ဥဂ္ဂသူဌေးသည် လာ၏။ ထိုသူဌေးအား ပြုဖွယ်ကိစ္စအလုံးစုံသည် သင်၏ ဝန်တည်း။''ဟု စေ၏။ ထိုစူဠသုဘဒ္ဒါသည် ''ကောင်းပြီ''ဟု ဝန်ခံ၍၊ ထိုဥဂ္ဂသူဌေး၏ လာသောအခါမှ စ၍ မိမိလက်ဖြင့်သာလျှင် ဟင်း, ထမင်း စသည်တို့ကို ပြည့်စုံစေ၏။ ပန်း, နံ့သာ, နံ့သာပျောင်း အစရှိသည်တို့ကိုလည်း စီရင်လေ၏။

ထမင်းစားပြီးသောအခါ၌ ထိုသူဌေးအား ချိုးရေစီရင်၍၊ ရေချိုးပြီးသော အခါမှစ၍ အလုံးစုံသောကိစ္စကို ကောင်းစွာပြု၏။ ဥဂ္ဂသူဌေးသည် ထိုစူဠသုဘဒ္ဒါ၏ အကျင့်နှင့်ပြည့်စုံခြင်းကို မြင်၍၊ ကြည်ညိုသည်ဖြစ်၍ တစ်နေ့သ၌ အနာထပိဏ်သူဌေးနှင့် ချမ်းသာစွာ စကားပြောဟောလျက် ''ငါတို့သည် ငယ်သောအခါ၌ ဤသို့သော ကတိကဝတ်ကို ပြုကြကုန်၏။''ဟု အောက်မေ့စေ၍ စူဠသုဘဒ္ဒါကို မိမိသားအလို့ငှာ တောင်း၏။

ထို ဥဂ္ဂသူဌေးသည်ကား သဘောအားဖြင့် မိစ္ဆာဒိဋ္ဌိအယူ ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားအား အကြောင်းကို လျှောက်၍၊ မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသဖြင့် ဥဂ္ဂသူဌေးအား မဂ်,ဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ခွင့်ပြုတော်မူပြီးသော်၊ သူဌေးမနှင့် တိုင်ပင်၍ ထိုဥဂ္ဂသူဌေး၏ စကားကို ဝန်ခံ၏။ နေ့ရက်ကို ချိန်းချက်မှတ်သား၍၊ အနာထပိဏ်သူဌေးသည် စူဠသုဘဒ္ဒါကို ခေါ်၍၊

''ချစ်သမီး။ တစ်ပါးသောသူ၏အိမ်၌ နေသောသူမည်သည်ကား အတွင်းမှမီးကို ပြင်သို့ မထုတ်အပ်။ ပြင်မှမီးကို အတွင်းသို့ မသွင်းအပ်။ ပေးပြန်တတ်သောသူအား ပေးအပ်၏။ မပေးပြန်တတ်သောသူအား မပေးအပ်။ ရောက်သောသူ, မရောက်သောသူအား အလှူ့ပေးအပ်၏။ ချမ်းသာစွာ နေအပ်၏။ ချမ်းသာစွာ စားအပ်၏။ ချမ်းသာစွာ အိပ်အပ်၏။ မီးကို လုပ်ကျွေးအပ်၏။ နတ်ကို ရှိခိုးအပ်၏။''ဟု ဤ ၁၀ ပါးသောအဆုံးအမကို ပေး၍၊ ''အကယ်၍ ငါ့သမီးအား သွားလေရာရာအရပ်၌ အပြစ်သည် ဖြစ်အံ့။ သင်တို့သည် သုတ်သင်အပ်၏''ဟူ၍ ၈ ယောက်ကုန်သောသူကြွယ်တို့ကို ထည့်လိုက်၏။ ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကိုလည်း ''ငါ၏သမီးနှင့် လိုက်လိုသူတို့သည် လိုက်ကြကုန်။''ဟူ၍ ထည့်လိုက်၏။

အသပြာဖြင့် ပြည့်သောလှည်း၊ ရွှေအိုးတို့ဖြင့် ပြည့်သောလှည်း၊ ငွေအိုးတို့ဖြင့် ပြည့်သောလှည်း၊ ပိုးချည်ပုဆိုး တို့ဖြင့် ပြည့်သောလှည်း၊ တင်လဲဖြင့် ပြည့်သောလှည်း၊ သလေးဆန်တို့ဖြင့် ပြည့်သောလှည်း၊ ထမင်းအိုး, ဟင်းအိုးတို့ဖြင့်ပြည့်သော လှည်း၊ ထွန်ပိုး, ထွန်တုံး, ထွန်သွား စသော အဆောက်အဦတို့ဖြင့် ပြည့်သောလှည်း တို့ကို ၅၀၀ စီပေးလိုက်၏။ နွားတို့ကိုလည်း ခြံငယ်တစ်ခုကိုဖွင့်၍ အလျား ၃ ဂါဝုတ်, အနံ ၁ ဥသဘ

mgyoe.com

mgyoe.com SAMPLE BOOK

အရပ်၌ ပြည့်အောင်ထုတ်၍ပေးလိုက်၏။ ဤသို့ အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါအား ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ အဆွေခင်ပွန်းဥဂ္ဂသူဌေးအား ချွေးမအလို့ငှာ ပေးအပ်လိုက်၏။

အနာထပိဏ်သူဌေးသည် သမီးကို လွှတ်လိုက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူကိုပေး၍၊ ရှေးဘဝ၌ သမီးသည်ပြုအပ်သော ကောင်းမှုအကျိုး၏တင့်တယ်ခြင်းကို လောကအား ထင်ရှား ပြု၍ပြသကဲ့သို့၊ ကြီးစွာသောပူဇော်သက္ကာရဖြင့် လွှတ်လိုက်၏။

အစဉ်သဖြင့် ဥဂ္ဂမြို့သို့ရောက်သောအခါ ယောက္ခမ၏အမျိုးနှင့်တကွ လူများအပေါင်းတို့သည် ထိုစူဠ သုဘဒ္ဒါအား ခရီးဦး ကြိုဆိုခြင်းကိုပြု၏။ ထိုသုဘဒ္ဒါသည်လည်း မိမိအသရေ၏တင့်တယ်ခြင်းကို ထင်ရှားပြုခြင်းငှာ တစ်ပြည်လုံးအား မိမိကိုယ်ကိုပြလျက် လှည်းစီး၍ မြို့သို့ဝင်၏။ ပြည်သူပြည်သားတို့ ပို့လာအပ်သော ပဏ္ဏာကာရ တို့ကိုသိမ်းယူ၍၊ အထိုက်အလျောက်အားဖြင့် ထိုသူတို့အားလည်း ပဏ္ဏာလက်တုံ့ကို ပို့စေ၍ တစ်ပြည်လုံးကို မိမိဂုဏ်နှင့် တစ်စပ်တည်းပြု၏။ မင်္ဂလာပြုသောနေ့၌ကား ထိုစူဠသုဘဒ္ဒါ၏ ယောက္ခမသည် ဆရာဖြစ်သော၊ အဝတ်မဝတ် အချည်းစည်းနေသောတက္ကတွန်းတို့အား ပင့်၍၊ "ချွေးမသည် ငါတို့၏ဆရာရဟန်းတို့ကို ရှိခိုးလာစေသတည်း။"ဟု စေလိုက်၏။

ထိုစူဠသုဘဒ္ဒါသည် ရှက်သဖြင့်၊ အချည်းစည်းအဝတ်မဝတ်သော ထိုတက္ကတွန်းတို့ကို ရှုအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ သွားအံ့သောငှာ အလိုမရှိ။ ယောက္ခမသည် အဖန်တလဲလဲစေသော်လည်း ချွေးမသည် ပယ်အပ်သည်ဖြစ်၍ အမျက်ထွက်သဖြင့် "ဤချွေးမကို နှင်ထုတ်လေကုန်။"ဟု ဆို၏။

ထိုစူဠသုဘဒ္ဒါသည် "ငါ့အား အကြောင်းမရှိဘဲ နှင်ထုတ်အံ့သောငှာ မတတ်ကောင်း။"ဟု ၈ ယောက်သော သူကြွယ်တို့ကိုခေါ်စေ၍ ထိုအကြောင်းကို ကြား၏။ ထိုသူကြွယ်တို့သည် သုဘဒ္ဒါအား အပြစ်ကင်းသောအဖြစ်ကို ထိုသူဌေးအား ကြားကုန်၏။

ထိုသူဌေးသည် "ဤချွေးမသည် ငါ၏ဆရာရဟန်းတို့ကို ရှိမခိုးလို။"ဟု မိမိမယားအား ကြား၏။ ထိုသူဌေးမသည် 'ဤချွေးမကား ငါတို့ဆရာရဟန်းတို့ကိုရှိမခိုးဘဲ မိမိဆရာဖြစ်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုသာ များစွာ ချီးမွမ်း၏။ ထို့ကြောင့် ချွေးမအား အကြောင်းကို မေးဦးအံ့။'ဟု ကြံလျက်၊

"ချွေးမသစ်။ သင်၏ ဆရာရဟန်းတို့သည် အဘယ်သို့ သဘောရှိကုန်သနည်း။ သင်သည် များစွာ သင့်ဆရာတို့ကို ချီးမွမ်း၏။ သင်၏ဆရာရဟန်းတို့သည် အဘယ်သို့အလေ့ ရှိကုန်သနည်း။ အဘယ်သို့ကောင်းသော အကျင့် ရှိကုန်သနည်း။ ထိုအကြောင်းကို ငါ့အား သင်သည်ကြားလော့။"ဟု ဆို၏။

ထိုရောအခါ ယောက္ခမမိန်းမသူအား သုဘဒ္ဒါသည် မြတ်စွာဘုရားတို့၏လည်းကောင်း၊ ဘုရားတပည့် သားတော်တို့၏လည်းကောင်း ကျေးဇူးကို ထင်ရှားပြလိုသည်ဖြစ်၍၊

'သန္တိန္ဒြိယံ သန္တမနံ၊ သန္တံ တေသံ ဂတံ ဌိတံ။

ဩက္ခိတ္တစက္ခူ မိတဘာဏီ၊ တာဒိသာ သမဏာ မမ။ ။' အစရှိသော ဂါထာတို့ကို ဆို၏။

ထိုဂါထာတို့၌ အဓိပ္ပာယ်ကား-

"ငါ၏ဆရာရဟန်းတို့သည် ငြိမ်သက်သောဣန္ဒြေ ရှိကုန်၏။ ငြိမ်သက်သောစိတ် ရှိကုန်၏။ ထို ငါ့ဆရာ တို့အား သွားခြင်းသည် ငြိမ်သက်၏။ ရပ်ခြင်းသည် ငြိမ်သက်၏။ ချသောမျက်လွှာ ရှိ၏။ အတိုင်းအရှည်နှင့် ယှဉ်၍ စကားကိုဆို၏။ ငါ၏ဆရာရဟန်းတို့သည် ထိုသို့ ဆိုအပ်ပြီးသောကျေးဇူးနှင့် ယှဉ်ကုန်၏။

"ထိုဆရာတို့အား ကာယကံသည် စင်ကြယ်၏။ မနောက်သောဝစီကံသည် ရှိ၏။ မနောကံသည် စင်ကြယ်၏။ ငါ၏ဆရာတို့သည် ထို ဆိုအပ်ပြီးသောကျေးဇူးနှင့် ပြည့်စုံကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

''အညစ်အကြေးကင်းသော ခရုသင်း,ပုလဲအရောင် ရှိ၏။ ကိုယ်တွင်း, ကိုယ်ပ၌ စင်ကြယ်၏။ စင်သောတရားတို့နှင့် ပြည့်စုံ၏။ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသောကျေးဇူး ရှိကုန်၏။

''လူအပေါင်းသည် လာဘ်ရသဖြင့် မာန်တက်၏။ လာဘ်မရသဖြင့် မာန်ယုတ်၏။ ပညာရှိသည်လာဘ်ရ,မရ ၂ပါးဖြင့် မျှသောတည်ခြင်းရှိ၏။ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသောဂုဏ် ရှိကုန်၏။

''လူအပေါင်းသည် အခြံအရံများသဖြင့် မာန်တက်၏။ အခြံအရံနည်းသဖြင့် မာန်ယုတ်၏။ အခြံအရံနည်းခြင်း,များခြင်း၌ ပညာရှိတို့သည် မျှသောတည်ခြင်းရှိကုန်၏။ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ် ပြီးသော 'မျှသောတည်ခြင်း။' ဟူသောသဘော ရှိကုန်၏။

''လောကသည် ချီးမွမ်းခြင်းများသည်ဖြစ်၍ မာန်တက်၏။ ကဲ့ရဲ့ခြင်းရှိသဖြင့် မာန်ယုတ်၏။ ပညာရှိတို့သည် ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းတို့၌ အမျှတည်၏။ ငါ၏ဆရာရဟန်းတို့သည် ထိုသို့ အမျှတည်ခြင်းသဘော ရှိကုန်၏။

''လောကသည် ချမ်းသာခြင်းဖြင့် မာန်တက်၏။ ဆင်းရဲခြင်းဖြင့် မာန်ယုတ်၏။ ပညာရှိတို့သည် ချမ်းသာ, ဆင်းရဲဖြစ်သောအခါတို့၌ မတုန်လှုပ်သောသဘော ရှိကုန်၏။ ငါ၏ဆရာရဟန်းတို့သည် ချမ်းသာခြင်း, ဆင်းရဲခြင်းဖြင့် မတုန်လှုပ်သောသဘော ရှိကုန်၏။'' ။ ။

ဤသို့ အစရှိသောစကားတို့ဖြင့် ယောက္ခမကို နှစ်သက်စေ၏။

ထိုအခါ သုဘဒ္ဒါကို ''သင်၏ဆရာတို့ကို ငါတို့အားပြခြင်းငှာ တက်နိုင်ပါအံ့လော။'' ဟု မေး၍၊ ''တတ်နိုင်ပါ၏။'' ဆိုသော်၊

''ထိုသို့တစ်မူကား အကြင်အခြင်းဖြင့် ထို သင်၏ဆရာတို့ကို ငါတို့သည် ဖူးမြင်ရကုန်၏။ ထိုအခြင်းဖြင့် ပြုပါလော့။'' ဟု ဆိုသော်၊

သုဘဒ္ဒါသည် ''ကောင်းပါပြီ။'' ဟု ဝန်ခံ၍၊ ဘုရားအမှူးရှိသော သံဃာ၅၀၀အား ကြီးစွာသောအလှူကို စီရင်၍ အထက်ပြာသာဒ်အပြင်၌ရပ်လျက်၊ ဇေတဝန်ကျောင်းတော်သို့ရှေးရှု ရှိသေစွာ ၅ ပါးသောထိခြင်းဖြင့် ရှိခိုး၍ မြတ်စွာဘုရားကျေးဇူးတော်တို့ကို ဆင်ခြင်လျက် နံ့သာဖြင့်ထုံအပ်သော ပန်းအခိုးတို့ဖြင့် ပူဇော်ပြီးလျှင်၊

''ဘုန်းတော်ကြီးသောအရှင်ဘုရား။ နက်ဖြန်အလို့ငှာ ဘုရားအမှူးရှိသောသံဃာကို အကျွန်ုပ်သည် ဆွမ်းဖိတ်မန်ပါ၏။ ဤ မြတ်လေးပန်း အမှတ်ဖြင့် ဆွမ်းဖိတ်မန်သောအဖြစ်ကို ရှင်ပင်ဘုရားသည် သိတော်မူပါ'' ဟု ၈ ဆုပ်သောမြတ်လေးပန်းတို့ကို ကောင်းကင်၌ မြှောက်၏။ မြတ်လေးပန်းတို့သည် မြတ်စွာဘုရားရှိတော်မူရာသို့ လာကုန်၍၊ ပရိသတ် ၄ ပါးတို့၏အလယ်၌ တရားဟောတော်မူသော မြတ်စွာဘုရား၏အထက်၌ ပိတာန်ကြက်သကဲ့သို့ဖြစ်၍ တည်၏။

ထိုခဏ၌ အနာထပိဏ်သူဌေးသည် ကြည်လျက် တရားနာပြီးလျှင်၊ နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၏။

''နက်ဖြန်အလို့ငှာဆွမ်းကို ငါသည် ဝန်ခံအပ်ပြီ'' ဟု မြတ်စွာဘုရားသည် မိန့်တော်မူသော်၊ ''အရှင်ဘုရား။ အကျွန်ုပ်မှ ရှေးဦးစွာ လာသောသူမည်သည် မရှိပါ။ အရှင်ဘုရားတို့သည် အဘယ်သူအား ဝန်ခံကုန်သနည်း။'' ဟု အနာထပိဏ်သူဌေးသည် လျှောက်အပ်သည်ရှိသော်၊

''သူကြွယ်။ စူဠသုဘဒ္ဒါသည်သည် ဖိတ်မန်အပ်ပြီ။'' ဟု မိန့်တော်မူ၏။

''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိပြည်မှ ယူဇနာ ၁၂၀ ဝေးသော အရပ်၌နေပါသည်။'' ဟု လျှောက်သော်၊

''သူကြွယ်။ သြော်-ဝေးသောအရပ်၌ နေ၏။ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌နေသော်လည်း ရှေးရှုအရပ်၌တည်ကုန်သကဲ့သို့ ထင်ရှားဖြစ်ကုန်၏။'' ဟု မိန့်တော်မူ၍-

mgyoe.com

mgyoe.com SAMPLE BOOK

'ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ နဒိဿန္တိ၊ ရတ္တိံ ခိတ္တော သရော ယထာ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ အနက်-

''ဂဟပတိ၊ သူကြွယ်။ ဒူရေ၊ ဝေးသောအရပ်၌။ သန္တော၊ သူတော်ကောင်းတို့သည်။ ဟိမဝန္တော၊ 'ဟိမဝန္တာ'အမည်ရှိသော။ ပဗ္ဗတောဣဝ၊ တောင်ကဲ့သို့။ ဗုဒ္ဓါနံ၊ ဘုရားတို့အား။ ပကာသေန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဧတ္ထ၊ ဤငါဘုရား၏အနီး၌။ ဝသန္တာ၊ နေကုန်သော။ အသန္တော၊ သူတော်ကောင်း မဟုတ်ကုန်သောသူတို့သည်။ ရတ္တိံ၊ ညဉ့်၌။ ခိတ္တော၊ ပစ်အပ်သော။ သရောယထာ၊ မြားကဲ့သို့။ နော၊ ငါတို့အား။ နပကာသေန္တိ၊ ထင်ရှား မဖြစ်ကုန်။''

ဒေသနာတော်အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်လေကုန်၏။

သိကြားနတ်မင်းသည် 'စူဠသုဘဒ္ဒါ၏ ဆွမ်းဖိတ်မန်ခြင်းကို မြတ်စွာဘုရားသည် ဝန်ခံတော်မူ၏။'ဟုသိ၍ ဝိသကြုံနတ်သားကို ခေါ်ပြီးလျှင်၊ ''အချင်းဝိသကြုံနတ်သား။ စုလစ်မွမ်းချွန်တပ်သော ပြာသာဒ် ၅၀၀ ဖန်ဆင်း၍ နက်ဖြန်စောစောကလျှင် ဘုရားအမှူးရှိသော သံဃာတော် ၅၀၀ ကိုတင်လျက် ဥဂ္ဂမြို့သို့ ဆောင်ပို့လော့။''ဟု စေ၏။

ဝိသကြုံနတ်သားသည် နက်ဖြန်မိုးသောက်သောနေ့၌ ပြာသာဒ် ၅၀၀ ဖန်ဆင်း၍ ဇေတဝန်ကျောင်းတော် မုခ်တံခါးဝ၌ ရပ်လာ၏။ မြတ်စွာဘုရားသည် အထူးသဖြင့်စင်ကြယ်သော, ကုန်ပြီးသောအာသဝေါရှိသော ၅၀၀ သောရဟန်းတို့ကို ရွေးကောက်ယူတော်မူ၍၊ ရဟန္တာအခြံအရံ ၅၀၀နှင့်တကွ ပြာသာဒ် ၅၀၀တို့၌ တစ်ပါးစီ နေတော်မူ၍ ဥဂ္ဂမြို့သို့ ကြွတော်မူလေ၏။

ဥဂ္ဂသူဌေးသည်လည်း သုဘဒ္ဒါသည်ပေးအပ်သောနည်းဖြင့် အခြံအရံတို့နှင့်တကွ မြတ်စွာဘုရားကြွတော်မူလာရာ ကောင်းကင်ခရီးကိုကြည့်လျက်နေ၏။ များစွာသောဘုရား၏အသရေတော်ဖြင့်ထွန်းပလျက် ကြွတော်မူလာသောမြတ်စွာဘုရားကိုမြင်သော်၊ ကြည်ညိုသောနှလုံးရှိသည် ဖြစ်၍ ပန်း, နံ့သာ စသည်တို့ဖြင့် ပူဇော်သက္ကာရကိုပြုလျက်၊ မြတ်စွာဘုရားကို ရှိခိုး၍ ကြီးစွာသောအလှူကို ပေးပြီးလျှင်၊ အထပ်ထပ် ဆွမ်းဖိတ်မန်၍ ၇ ရက်ပတ်လုံး အလှူကြီးကို ပေး၏။

မြတ်စွာဘုရားသည် ထိုဥဂ္ဂသူဌေးအား လျောက်ပတ်သောတရားကို ဟောတော်မူ၏။ ဥဂ္ဂသူဌေးကို အစပြု၍ ၈ သောင်း ၄ ထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည် အကျွတ်တရားရကြကုန်၏။

''စူဠသုဘဒ္ဒါကိုချီးမြှောက်သဖြင့် သင်သည် ဤမြို့၌ နေရစ်လော့။''ဟု အရှင်အနုရုဒ္ဓါကိုထားခဲ့၍ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူ၏။

ထိုအခါမှစ၍ ဥဂ္ဂမြို့၌နေကုန်သောသူတို့သည် ရတနာ ၃ ပါး၌ ကြည်ညိုကုန်၏။

တတိယပိုင်း-၂ ႏ ၂ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တထာဂတဥဒါနဒီပနီ

စတုတ္ထပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

၁- လယ်လုပ်ပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း။

'တဏှာယ ဓာယတိသောကော' အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် တစ်နေ့သ၌ အစိရဝတီမြစ်နားသို့ သွား၍ လယ်ကို သုတ်သင်၏။ မြတ်စွာဘုရားသည် ထိုနေ့၌ လောကကိုကြည့်တော်မူသော်၊ ထိုပုဏ္ဏားအား မဂ်၊ဖိုလ်၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်တော်မူ၍ ထိုပုဏ္ဏား၏အထံသို့ ကြွတော်မူလေ၏။

ပုဏ္ဏားသည် မြတ်စွာဘုရားကို မြင်၍လည်း အရိုအသေကိုမျှ မပြု။ ဆိတ်ဆိတ်သာနေ၏။

ထိုအခါ မြတ်စွာဘုရားသည် 'ပုဏ္ဏားကို ရှေးဦးစွာ ငါ စကားပြောအံ့။'ဟု ကြံ၍၊ ''ပုဏ္ဏား။ အဘယ်သို့ ပြုသနည်း။''ဟု မေး၏။

''ရှင်ဂေါတမ။ လယ်ကိုသုတ်သင်သည်။''ဟု ဆို၏။

ဤမျှသောစကားကိုဆို၍ ဘုရားကြွတော်မူလေ၏။

တစ်မိုးသောက်သောနေ့၌လည်း ထိုပုဏ္ဏား လယ်ထွန်ရာသို့သွား၍၊ ''ပုဏ္ဏား။ အဘယ်သို့ ပြုသနည်း။'' ဟု မေးတော်မူ၏။

''ရှင်ဂေါတမ။ လယ်ထွန်ပါ၏။''ဟု ဆိုသောစကားကို ကြား၍ ဖဲတော်မူ၏။

တစ်မိုးသောက်သောနေ့၌ ထို့အတူသွား၍ မေးတော်မူသဖြင့်၊ ''ရှင်ဂေါတမ။ လယ်ကြဲပါ၏။ ရေထုတ်ပါ၏။ လယ်စောင့်ပါ၏။'' ပြောဆိုသောစကားကို ကြား၍ ဖဲတော်မူ၏။

ထိုအခါ တစ်နေ့သ၌ ပုဏ္ဏားသည် ဘုရားကို ဤသို့ဆို၏။

''ရှင်ဂေါတမ။ ရှင်ဂေါတမသည် အကျွန်ုပ် လယ်သုတ်သင်သောနေ့မှ စ၍ နေ့တိုင်းလာ၏။ အကယ်၍ အကျွန်ုပ်အား လယ်သည် ပြည့်စုံအံ့။ အရှင်ဂေါတမအားလည်း ခွဲဝေ၍ပေးပါအံ့။ အရှင်ဂေါတမအား မခွဲမဝေ မပေးမူ၍ ငါမစားအံ့။ ဤနေ့မှစ၍ အရှင်ဂေါတမသည် ငါ၏အဆွေခင်ပွန်းတည်း။''ဟု ဆို၏။

နောက်အခါ၌ ပုဏ္ဏားအား ကောက်သည်အသီးမှည့်၍၊ 'ငါ့အား ကောက်သည်မှည့်ပြီ။ နက်ဖြန် ကောက်ရိတ်အံ့'ဟု ကောက်ရိတ်အံ့သော်ငှာ ပြုအပ်ပြီးသောကိစ္စ အလုံးစုံရှိသော ထိုပုဏ္ဏား၏လယ်၌ ကောက်ပင်ကို ညဉ့်တွင်းချင်း အယဉ်ထန်စွာမိုးကြီးရွာ၍ ပျက်စီးလေ၏။ လယ်တည်၍ထားသော တလင်းပြင်နှင့် အတူဖြစ်လေ၏။

မြတ်စွာဘုရားကား ရှေးဦးစွာသောနေ့ကပင် 'ဤပုဏ္ဏား၏ကောက်သည် မပြည့်စုံလတ္တံ့။'ဟု သိတော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ပုဏ္ဏားသည် 'နံနက်စောစော လယ်ကိုကြည့်ပါအံ့။'ဟု သွားလေသော်၊ အချည်းနှီးသောလယ်မြေကို မြင်၍၊ ပြင်းစွာဖြစ်သောစိုးရိမ်ခြင်း ရှိသည်ဖြစ်၍ ကြံ၏။

'ရဟန်းဂေါတမသည် ငါ၏ လယ်သုတ်သင်သောနေ့မှစ၍ လာ၏။ ငါသည်လည်း 'ဤလယ်၌ ကောက်ပြည့်စုံသည်ရှိသော် ရှင်ဂေါတမအား အစုခွဲဝေခြင်းကို ပြုအံ့။ ရှင်ဂေါတမအား အဖို့မပေးမူ၍ ငါ မစားလတ္တံ့။ ဥ၅်နေ့မှစ၍ အရှင်ဂေါတမသည် ငါ၏အဆွေခင်ပွန်းတည်း။'ဟု ဆိုမိ၏။ ငါ၏အလိုသည်လည်း အပြီးသို့ မရောက်ပါတကား။'ဟု စိုးရိမ်ခြင်းနှိပ်စက်သဖြင့် အာဟာရမစားမူ၍ ညောင်စောင်း၌ အိပ်၏။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏား၏တံခါးသို့ ကြွတော်မူလေ၏။ ပုဏ္ဏားသည် မြတ်စွာဘုရား ကြွတော်မူလာကြောင်းကို ကြား၍၊ "ငါ၏အဆွေကို ဆောင်ခဲ့၍ ဤနေရာ၌ နေပါစေကုန်။"ဟု ဆို၏။ အလုပ်အကျွေးတစ်ယောက်သည် ထိုပုဏ္ဏားဆိုတိုင်း ပြု၏။

မြတ်စွာဘုရားသည် ထိုင်နေတော်မူပြီးလျှင်၊ "ပုဏ္ဏား။ အဘယ်၌ ရှိလေသနည်း။"ဟု မေးတော်မူ၍၊ "တိုက်တွင်း၌ အိပ်၏။" ဆိုသော်၊ ပုဏ္ဏားကို ခေါ်စေ၍ တင့်အပ်သောအရပ်၌နေသောပုဏ္ဏားကို

"အသို့နည်း ပုဏ္ဏား" ဟု မေးတော်မူသော်၊ "အရှင်ဂေါတမ။ သင်တို့သည် ငါ၏ လယ် သုတ်သင်သော အခါမှစ၍ နေ့တိုင်းလာသည်။ ငါသည်လည်း 'ကောက်ပြည့်စုံသော် သင့်အဖို့ အစုခွဲဝေခြင်းကို ပြုအံ့။'ဟု ဆိုမိ၏။ ဤ အလိုသည် ငါ့အား မပြီး။ ထို့ကြောင့် ငါ့အား ထမင်းသည် မရှိပြီ။" ဟူ၍ဆို၏။

ထိုအခါ မြတ်စွာဘုရားသည် "ပုဏ္ဏား။ အဘယ်ကိုမှီ၍ စိုးရိမ်ခြင်းဖြစ်သည်ကို သင် သိ၏လော။" ဟု မေးတော်မူ၏။

"အရှင်ဂေါတမ။ အကျွန်ုပ် မသိ။ အရှင်ဂေါတမသည် သိ၏လော။"ဟု မေးလျှင်၊

"ဩော်-ငါ သိ၏။ ပုဏ္ဏား။ ဖြစ်ဆဲဖြစ်သောစိုးရိမ်ခြင်းသည် လည်းကောင်း, ဘေးသည် လည်းကောင်း တဏှာကိုမှီ၍ ဖြစ်၏။"ဟု မိန့်တော်မူ၍-

'တဏှာယ ဇာယတိ သောကော၊ တဏှာယ ဇာယတေ ဘယံ။

တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။' ။ ဟူ၍ ဟောတော်မူ၏။

တရားဒေသနာတော်၏အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ အနက်-

"တဏှာယ၊ တဏှာကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ တဏှာယ၊ တဏှာ ကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်၏။ တဏှာယ၊ တဏှာမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ကုတောဘယံ၊ ဘေး အတိမှာ ရှိအံ့နည်း။'

၂- လားရာဂတိကို သိနိုင်သော ဝံဂီသပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း။

'စုတိယော ဝေဒိ သတ္တာနံ' အစရှိသောဒေသနာကို ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေစဉ် ဝံဂီသမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကား-

ရာဇဂြိုဟ်ပြည်၌ 'ဝံဂီသ' အမည်ရှိသောပုဏ္ဏားသည် သူသေတို့၏ဦးခေါင်းခွံကို ခေါက်၍၊ 'ဤဦးခေါင်းခွံ သည် ငရဲ၌ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။ ဤသည်ကား တိရစ္ဆာန်ဘုံ၌ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသည်ကား ပြိတ္တာဘုံ၌ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။ ဤဦးခေါင်းခွံသည်ကား လူ့ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။' ဟု သိ၏။

ပုဏ္ဏားတို့သည် ''ဤဝင်္ဂီသပုဏ္ဏားကိုမှီ၍ ငါတို့သည် ဥစ္စာရအံ့သောငှာ တတ်နိုင်၏။'' ဟု ကြံကုန်၍ ထိုဝင်္ဂီသပုဏ္ဏားကို နီစွာသော ၂ ထည်ကုန်သောပုဆိုးကို ဝတ်ရုံစေ၍ ထိုပုဏ္ဏားကိုယူ၍ ဇနပုဒ်သို့လည်းကောင်း, မြို့တို့သို့လည်းကောင်း သွားကုန်၍ လူတို့ကို ဆိုကုန်၏။

''အရှင်တို့။ ဤပုဏ္ဏားသည် 'ဝင်္ဂီသပုဏ္ဏား' မည်၏။ သေလေပြီးသောလူတို့၏ဦးခေါင်းခွံတို့ ခေါက်၍ ထိုဦးခေါင်းခွံရှင်တို့၏ ဖြစ်လေရာအရပ်ကို သိ၏။ မိမိတို့၏သေလေကုန်ပြီးသော အဆွေသားချင်းတို့၏ ဖြစ်ရာအရပ်ကို မေးလော့။'' ဟု ဆိုကုန်၏။

လူတို့သည် အားနှင့်လျော်စွာ အသပြာ ၁၀ ကို လည်းကောင်း, ၂၀ ကို လည်းကောင်း, ၃၀ ကို လည်းကောင်း, အသပြာ ၁၀၀ ကို လည်းကောင်း ပေးကုန်၍ ဆွေမျိုးတို့၏ဖြစ်ရာအရပ်ကို မေးကုန်၏။

ထိုပုဏ္ဏားတို့သည် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်မှ မနီးမဝေးသော အရပ်၌နေခြင်းကို ပြုကုန်၏။ ထိုပုဏ္ဏားတို့သည် နံနက်စာစားပြီးသော်၊ လူအပေါင်းတို့သည် ပန်း၊နံ့သာ လက်စွဲကုန်လျက် တရားနာအံ့သောငှာ ကျောင်းသို့သွားသည်ကိုမြင်၍၊ ''သင်တို့သည် အဘယ်သို့ သွားကုန်အံ့နည်း။'' ဟုမေးကုန်၍၊ ''ကျောင်းသို့ တရားနာသွားကုန်အံ့။'' ဟု ဆိုသော်၊

''ကျောင်းသို့သွား၍ အဘယ်သို့ ဖြစ်လတ္တံ့နည်း။ ငါတို့၏ ဝင်္ဂီသပုဏ္ဏားနှင့် တူသောသူ မရှိ။ သေသောသူတို့၏ ဦးခေါင်းခွံကိုသောလည်း ခေါက်၍ ဖြစ်ရာအရပ်ကို သိ၏။ သေကုန်ပြီးသောအဆွေအမျိုးတို့၏ ဖြစ်ရာအရပ်ကို မေးကုန်လော့။'' ဟု ဆိုကုန်၏။

ထိုလူတို့သည် ''သင်တို့၏ ဝင်္ဂီသပုဏ္ဏားသည် အဘယ်သို့သိအံ့နည်း။ ငါတို့ဆရာဘုရားနှင့် တူ၍ သိသော သူမည်သည် မရှိ။'' ဟု ဆိုကုန်၏။

ထိုပုဏ္ဏားတို့သည်လည်း ''ဝင်္ဂီသနှင့် တူသောသူ မရှိ။'' ဟုဆိုပြန်သဖြင့် စကားကို ပွားစေ၍၊ ''လာကြကုန်။ ယခုအခါ၌ သင်တို့ဆရာ ဝင်္ဂီသ၏သိခြင်းကို လည်းကောင်း, ငါတို့ဆရာ ဘုရား၏သိခြင်းကို လည်းကောင်း သိရကုန်လတ္တံ့။'' ဟု ထိုသူတို့ကိုယူ၍ ကျောင်းတော်သို့ သွားလေကုန်၏။

မြတ်စွာဘုရားသည် ထိုသူတို့၏လာသောအဖြစ်ကို သိတော်မူ၍၊ ငရဲ, တိရစ္ဆာန်, လူ့ပြည်, နတ်ပြည်အားဖြင့် ၄ ပါးသောအရပ်တို့၌ ဖြစ်ကုန်သောသူတို့၏ ဦးခေါင်းခွံ ၄ လုံးတို့ကို လည်းကောင်း၊ ရဟန္တာ၏ဦးခေါင်းခွံကို လည်းကောင်း၊ ဤ ၅ လုံးသော ဦးခေါင်းခွံတို့ကို ဆောင်၍၊ အစဉ်အားဖြင့် ထားစေ၍၊ ရှေ့တော်သို့ ရောက်သောအခါ ''ဝင်္ဂီသ။ သင်သည် 'ဦးခေါင်းခွံကိုခေါက်၍ သေသောသူတို့၏ဖြစ်ရာကို သိ၏' ဟူသည် မှန်သလော'' ဟု မေးတော်မူသော်၊ ''သြော်-သိ၏။'' ဟု ဆို၍၊

ငရဲသို့သွားသောသူ၏ ဦးခေါင်းခွံကိုပြလျက် ''ဤဦးခေါင်းခွံသည် အဘယ်၌ဖြစ်လေသောသူ၏ ဦးခေါင်းခွံနည်း။'' ဟု မေးတော်မူသော်၊ ထိုဦးခေါင်းခွံကို ခေါက်၍ ''ငရဲ၌ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။'' ဟု ဆို၏။

မြတ်စွာဘုရားလည်း ''ကောင်းပြီ'' ဟု ကောင်းချီးပေးတော်မူ၍ ဤမှတစ်ပါးသော ဦးခေါင်းခွံ ၃ လုံးတို့ကိုလည်း မေးတော်မူ၏။ ထိုဝင်္ဂီသသည် မချွတ်မယွင်းစေမူ၍ ဆိုလျှင် ရှေးနည်းအတူ ကောင်းချီး ပေးတော်မူ၍၊ ၅ လုံးမြောက် ရဟန္တာ၏ဦးခေါင်းခွံကို ပြ၍၊

mgyoe.com

mgyoe.com SAMPLE BOOK

''ဤဦးခေါင်းခွံသည် အဘယ်၌ ဖြစ်လေသောသူ၏ ဦးခေါင်းခွံနည်း။'' ဟု မေးတော်မူ၏။ ထိုဝံဂီသသည် အဖန်ဖန်ခေါက်၍ ဖြစ်ရာအရပ်ကို မသိနိုင်ရကား-

''ဝံဂီသ။ သင် မသိနိုင်ပြီလော။'' ဟုမေးတော်မူ၍၊ ''ဩော်-အရှင်ဘုရား။ မသိနိုင်ပါ။''ဟု ဆိုသော်၊ ''ဝံဂီသ။ ငါ သိတော်မူ၏။ ဤဦးခေါင်းခွံသည် ကုန်ပြီးသောဂတိရှိသော ရဟန်း၏ ဦးခေါင်းခွံတည်း''ဟု မိန့်တော်မူ၏။

ထိုအခါ ဝံဂီသပုဏ္ဏားသည် မြတ်စွာဘုရားကို ''ဂတိကုန်ပြီးသော ရဟန္တာ၏ဦးခေါင်းခွံကို သိတတ်သော မန္တန်ကို အကျွန်ုပ်အား ပေးပါလော့။''ဟု တောင်း၏။

''ဝံဂီသ။ သင်တို့ကဲ့သို့ ရဟန်းမပြုသောသူတို့အား ပေးအပ်သောငှာ မတတ်ကောင်း။''ဟု ဘုရားမိန့်တော်မူသော်၊ ထိုဝံဂီသပုဏ္ဏားသည် 'ဤမန္တရားကို ငါတတ်သော် အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ ငါသည် အကြီး မြောက်လတ္တံ့။' ဟုကြံ၍၊ နောက်လိုက်ပုဏ္ဏားတို့ကို ''သင်တို့ ထိုအရပ်၌ပင် ၃-၄ ရက် နေလင့်ကုန်။ ငါသည် ရဟန်းပြုအံ့။'' ဟု ဆို၍ လွှတ်လိုက်ပြီးလျှင်၊ မြတ်စွာဘုရားအထံ၌ ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရပြီးသော်၊ 'ဝံဂီသထေရ်' ဟူသောအမည်သည် ဖြစ်၏။

ထိုရောအခါ မြတ်စွာဘုရားသည် ထိုမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပေး၍၊ ''ဤမန္တန်၏ ပရိကံကို သရဇ္ဈာယ်လော့။''ဟု မိန့်တော်မူ၏။

ထိုမထေရ်သည် ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ ၁ ရက်-၂ ရက်ရှိလျှင်၊ နောက်လိုက်ပုဏ္ဏားတို့သည် ''သင်သည် မန္တရားကို ယူပြီလော။'' ဟုမေး၍၊ ''ယူပါသေး၏။ ငံ့ကုန်ဦး။'' ဟုဆို၍၊ ၃-၄ ရက်လွန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၍၊

တစ်ဖန် နောက်လိုက်ပုဏ္ဏားတို့သည် မေးပြန်သော်၊ ''အရှင်တို့။ ယခုအခါ ငါသည် ပြန်လည်အံ့သောငှာ မတတ်ကောင်းပြီ။''ဟု ဆို၏။

ထိုစကားကို ရဟန်းတို့ ကြားကုန်၍၊ ''ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဝံဂီသမထေရ်သည် မဟုတ်မမှန်သဖြင့် အရဟတ္တဖိုလ်ကို လူတို့အား ကြားပါသည်။''ဟု လျှောက်ကုန်၏။

''ချစ်သားရဟန်းတို့။ ဤသို့ မဆိုကုန်လင့်။ ချစ်သားရဟန်းတို့။ ယခုအခါ ငါ၏သား ဝံဂီသမထေရ်သည် စုတိ,ပဋိသန္ဓေ၌ လိမ္မာသည် ဖြစ်ပြီ။''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၍-

'စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။

အသတ္တံ သုဂတံ ဗုဒ္ဓံ၊ မဟံ ဗြူမိ ဗြာဟ္မဏံ။

'ယဿဂတိံ နဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗ မာနုသာ။

ခီဏာသဝံ အရဟန္တံ၊ တ မဟံ ဗြူမိ ဗြာဟ္မဏံ။ ။' ဟူသော တရားဒေသနာတော်ကို ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်လေကုန်၏။

အနက်-

''ယော၊ အကြင်သူသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ စုတိဉ္စ၊ စုတိကို လည်းကောင်း။ ဥပပတ္တိဉ္စ၊ ပဋိသန္ဓေကို လည်းကောင်း။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အဝေဒိ၊ သိ၏။ အသတ္တံ၊ မငြိကပ်သည် ဖြစ်၍။

mgyoe.com

mgyoe.com SAMPLE BOOK

သုဂတံ၊ ကောင်းသောအကျင့်ရှိသည် ဖြစ်၍။ ဗုဒ္ဓံ၊ သစ္စာ ၄ ပါးကို သိ၏။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ 'ဗြာဟ္မဏ' မည်၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

"ဒေဝါ၊ နတ်တို့သည် လည်းကောင်း။ ဂန္ဓဗ္ဗမာနုသာ၊ ဂန္ဓဗ္ဗနတ်, လူတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသူတို့သည်။ ယဿ၊ အကြင်သူ၏။ ဂတိံ၊ အလားကို။ နဇာနန္တိ၊ မသိကုန်။ ခီဏာသဝံ၊ ကုန်ပြီးသောအာသဝေါ ရှိသော။ အရဟန္တံ၊ ပူဇော်အထူးကိုလည်း ခံထိုက်သော။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ 'အပပြုအပ်ပြီးသော မကောင်းမှု ရှိသောသူ' ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။"

၃- စန္ဒာဘပုဏ္ဏားအား ကယ်ချွတ်တော်မူခြင်း။

'စန္ဒံဝ ဝိမလံ' အစရှိသောတရားတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ စန္ဒာဘပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

အကြောင်းကား-

ရာဇဂြိုဟ်ပြည်ဝယ် ဗြာဟ္မဏမဟာသာလအမျိုး၌ 'စန္ဒာဘ' အမည်ရှိသောပုဏ္ဏားသည် ရှိ၏။ ချက်အဝန်းမှ လ၏အရောင်ကဲ့သို့သော အရောင်သည် ထွက်၏။ ထိုသို့ထွက်သောကြောင့် ထိုပုဏ္ဏားကို 'စန္ဒာဘ' ဟူ၍ အမည်ကို မှည့်ကုန်၏။ [ချက်မှ ဤသို့ အရောင်ထွက်ခြင်း၏အကြောင်းကား ရှေးအခါ ကဿပမြတ်စွာဘုရား၏ စေတီတော်၌ စန္ဒကူးနီဖြင့် လဝန်းကဲ့သို့ရေးဖူးသော ကောင်းမှု၏ အကျိုးဆက်တည်း။]

ပုဏ္ဏားတို့သည် 'စန္ဒာဘပုဏ္ဏားကို ယူ၍ ရွာကြီး ရွာငယ်တို့၌ လူတို့အား လှည့်စားအံ့သောငှာ တတ်ကောင်း၏' ဟု ကြံကုန်၍ ထိုစန္ဒာဘပုဏ္ဏားကို ယာဉ်ငယ်တစ်ခု၌ စီးစေလျက်၊ "အကြင်သူသည် ဤ စန္ဒာဘပုဏ္ဏား၏ကိုယ်ကို လက်ဖြင့်သုံးသပ်ရအံ့။ ဤသို့သဘောရှိသော အစိုးရခြင်း စည်းစိမ်ချမ်းသာကို ရလတ္တံ့" ဟုဆို၍ လှည့်ပတ်ကုန်၏။ အသပြာ ၁၀၀ ကိုလည်းကောင်း, ၁၀၀၀ ကိုလည်းကောင်း ပေးသောသူတို့သည် သာလျှင် ထိုပုဏ္ဏား၏ကိုယ်ကို လက်ဖြင့်ထိစိမ့်သောငှာ ရကုန်၏။

ဤသို့လျှင် ထိုပုဏ္ဏားတို့ လှည့်ပတ်လျက် ထိုထိုဇနပုဒ်, မြို့, ရွာသို့ လှည့်လည်ကုန်သော် သာဝတ္ထိပြည်သို့ ရောက်၍ မြို့နှင့် ဇေတဝန်ကျောင်းတော်၏ အကြား၌ နေကုန်၏။

သာဝတ္ထိပြည်၌ ၅ ကုဋေ မျှလောက်ကုန်သော အရိယာသာဝကတို့သည် နံနက် ဆွမ်းမစားမီ အလှူပေး၍၊ ဆွမ်းစားပြီးသောအခါ၌ ပန်း,နံ့သာအစရှိသော လှူဖွယ်ဝတ္ထုလက်၌ပါကုန်လျက် တရားနာအံ့သောငှာ ဇေတဝန်ကျောင်းတော်သို့ သွားကုန်၏။

ပုဏ္ဏားတို့သည် ထိုသူတို့ကို မြင်၍၊ "အဘယ်သို့ သွားကုန်အံ့နည်း။" ဟု မေးကုန်၍၊ "မြတ်စွာဘုရား အထံသို့ တရားနာအံ့သောငှာ သွားအံ့။" ဟု ဆိုကုန်သော်၊

"အချင်းတို့။ လာကုန်လော့။ ထိုဘုရားအထံသို့ သွား၍ အဘယ်ပြုအံ့နည်း။ ငါတို့ စန္ဒာဘပုဏ္ဏား၏ အာနုဘော်နှင့် တူသော အာနုဘော်မည်သည် မရှိ။ ထိုစန္ဒာဘပုဏ္ဏား၏ကိုယ်ကို လက်ဖျားဖြင့် တို့ရသောသူသည် ဤသို့သောစည်းစိမ်ချမ်းသာကို ရ၏။ လာကုန်လော့။ ထိုစန္ဒာဘပုဏ္ဏားကို ရှုကုန်လော့" ဟု ဆိုကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

''သင်တို့ စန္ဒာဘပုဏ္ဏားအား အဘယ်အာနုဘော် ရှိအံ့နည်း။ ငါတို့မြတ်စွာဘုရားအားသာလျှင် ကြီးသော အာနုဘော် ရှိ၏။''ဟု အရိယာသာဝကတို့သည် ဆိုကုန်၏။

ဤသူတို့သည် အချင်းချင်းမှတ်စိမ့်သောငှာ မတတ်နိုင်ကုန်လျှင်၊ ''စန္ဒာဘပုဏ္ဏား၏အာနုဘော်ကို လည်းကောင်း၊ ငါတို့ဆရာ မြတ်စွာဘုရား၏အာနုဘော်ကို လည်းကောင်း သိရကုန်လတ္တံ့။''ဟု ထို စန္ဒာဘ ပုဏ္ဏားကို ယူ၍ ကျောင်းသို့ လာကုန်၏။

ထိုစန္ဒာဘပုဏ္ဏား၏ လရောင်နှင့်တူသော ချက်မှ အရောင်သည် မြတ်စွာဘုရားအထံသို့ ကပ်ဆဲ၌သာလျှင် ဘုန်းတော်ကြောင့် ကွယ်၏။ ထိုစန္ဒာဘပုဏ္ဏားသည် မြတ်စွာဘုရားအထံ၌ အရောင်ကင်းသည် ဖြစ်၍၊ တောင်း၌ ထားသော ကျီးကဲ့သို့ ဖြစ်၏။

ထိုအခါပုဏ္ဏားတို့သည် စန္ဒာဘပုဏ္ဏားကို တစ်ပါးသောအရပ်သို့ ဆောင်ကုန်၏။ ချက်၌အရောင်သည် ပကတိဖြစ်ပြန်၏။ တစ်ဖန် စန္ဒာဘပုဏ္ဏားကို ဘုရားအထံသို့ဆောင်ပြန်ကုန်၏။ အရောင်တို့သည် ကွယ်ပြန် လေကုန်၏။ ဤသို့ ၃ ကြိမ်တိုင်တိုင် အရောင်တို့သည် ကွယ်ပြီးသောနောက်၌ စန္ဒာဘပုဏ္ဏားသည် ကြံ၏။

'ဤရဟန်းသည် အရောင်ကိုကွယ်စေတတ်သော မန္တရားကို တတ်သည်ထင်၏။'ဟု ကြံပြီး၍၊ မြတ်စွာ ဘုရားကို ''အသို့နည်း။ သင်ရဟန်းသည် ငါ၏အရောင်ကို ကွယ်စေတတ်သောမန္တရားကို တတ်သလော။'' ဟုမေးသော်၊ ''သြော်-ပုဏ္ဏား။ ငါ တတ်၏။''ဟု မိန့်တော်မူ၍၊

''ထိုသို့တပြီးကား မန္တာန်ကို ငါ့အား ပေးပါလော့။''ဟု ဆို၍၊ ''ငါကဲ့သို့ ရဟန်းမပြုသောသူအား ပေးခြင်းငှာ မတတ်နိုင်။''ဟု မိန့်တော်မူသော်၊

ထိုပုဏ္ဏားသည် ''ဤမန္တရားကို ငါတတ်သည်ရှိသော ဇမ္ဗူဒီပါကျွန်း၌ ငါသာကြီးမြတ်သည် ဖြစ်လတ္တံ့။ သင်တို့သည် ဤအရပ်၌ပင် နေကုန်ဦး။ ရဟန်းပြု၍ ၂ ရက်-၃ ရက်ဖြင့် မန္တရားကို ယူအံ့။''ဟု နောက်လိုက် ပုဏ္ဏားတို့ကိုဆို၍၊ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို တောင်းပြီးလျှင် ရဟန်းပြု၍ ပဉ္စင်းခံ၏။

မြတ်စွာဘုရားသည် စန္ဒာဘမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သင်ကြား၏။

''ဤသည်ကား အဘယ်နည်း။''ဟု ထိုရဟန်း မေးသဖြင့်၊ ''မန္တရား၏ပရိကံတည်း။ သရဇ္ဈာယ်ခြင်း ငှာ အပ်၏။''ဟု ဘုရားသခင် မိန့်တော်မူ၏။

ပုဏ္ဏားတို့သည် အကြားအကြား၌ လာကုန်၍၊ ''သင်သည် မန္တရားကို ယူအပ်ပြီလော။''ဟု မေးကုန်၏။

''ငါ မယူရပါသေး။''ဟု ဆို၍ ၂ ရက်-၃ ရက်တို့ဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။

ပုဏ္ဏားတို့သည် လာကုန်၍မေးသောအခါ၌ ''သင်တို့ သွားလေကုန်လော့။ ယခုအခါ၌ ငါသည် တစ်ဖန် မလာခြင်းသဘောကို ပြုအပ်ပြီ။''ဟု ဆို၏။

ထိုစကားကိုကြား၍ ရဟန်းတို့သည် ''အရှင်ဘုရား။ ဤရဟန်းသည် မဟုတ်မမှန်ဘဲ အရဟတ္တဖိုလ်ကို ကြားသည်။''ဟု ဘုရားအား လျှောက်သော်၊ မြတ်စွာဘုရားသည် ''ချစ်သားတို့။ ယခုအခါ ငါ့သားစန္ဒာဘ သည် ကုန်ပြီးသောအာသဝေါ ရှိ၏။ မှန်သည်ကိုသာ ဆို၏။''ဟု မိန့်တော်မူ၍-

'စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္နံ မနာဝိလံ။

နန္ဒီဘဝပရိက္ခီဏံ၊ တ မဟံ ဗြူမိ ဗြာဟ္မဏံ'။ ။ ဟူသောတရားကို ဟောတော်မူ၏။ ဒေသနာတော် အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

အနက်-

''သုဒ္ဓံ၊ စင်ကြယ်သော။ ဝိမလံ၊ အညစ်အကြေးကင်းသော။ စန္ဒံဝ-စန္ဒဏ္ဍဝ၊ လကဲ့သို့။ ဝိပ္ပသန္နံ၊ ကြည်လင်သောစိတ်ရှိသော။ အနာဝိလံ၊ မနောက်ကျုသော။ နန္ဒီရာဂပရိက္ခီဏံ၊ နန္ဒီရာဂကုန်ပြီးသော။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ 'ဗြာဟ္မဏ'မည်၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။''

၄- မာရ်နတ်တောင်းပန်သည်ကို အကြောင်းပြု၍ တရားဟောတော်မူခြင်း။

'အဋ္ဌမို ဇာတမို' အစရှိသောတရားတော်ကို ဒေသနာရီကြွတော်မူ၍၊ ဟိမဝန္တာတောင်၏နံပါးဝယ် အရညကုဋီ၌ နေတော်မူသောအခါ မာရ်နတ်သားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ၌ မင်းတို့သည် လူတို့ကို နှိပ်စက်၍ မင်းပြုကုန်၏။

ထိုရောအခါ မြတ်စွာဘုရားသည် မတရားသောမင်းတို့၏ အသပြာ ၅၀-၁၀၀-၂၀၀၊ ဤသို့အစရှိသော ဒဏ်ထားခြင်းဖြင့် နှိပ်စက်အပ်ကုန်သောလူတို့ကို မြင်၍ သနားခြင်း၏အစွမ်းကြောင့် ဤသို့ ကြံတော်မူ၏။

'ငါသည် မသတ်အပ်သောသူကို မသတ်စေဘဲ၊ မအောင်အပ်သောသူကို မအောင်စေဘဲ၊ မရှုံးအပ်သောသူကို မရှုံးစေဘဲ၊ မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ၊ တရားသဖြင့် မင်း၏အဖြစ်ကို ပြုစေခြင်းငှာ တတ်နိုင်ပါအံ့လော။' ဟူ၍ ကြံတော်မူ၏။

ထိုအကြံတော်ကို မာရ်နတ်မင်းသည် သိ၍၊ 'ရဟန်းဂေါတမသည် မင်း၏အဖြစ်ကို ပြုခြင်းငှာ တတ်နိုင်ပါအံ့လော။'ဟု ကြံ၏။

'ယခုအခါ ရဟန်းဂေါတမသည် မင်း ပြုလိုတော့သည် ဖြစ်လတ္တံ့။ ဤအဖြစ်သည်လည်း မေ့လျော့ခြင်း၏ အကြောင်းတည်း။ ထိုရဟန်းဂေါတမသည် မင်းအဖြစ်ကို ပြုသည်ရှိသော် အခွင့်ကို ရခြင်းငှာ တတ်ကောင်း၏။ ငါ သွားအံ့။ အားထုတ်ခြင်းကို ဖြစ်စေအံ့။'ဟု ကြံ၍၊ မြတ်စွာဘုရားသို့ ကပ်လာ၍ ဤသို့ နားတော်လျှောက်၏။

''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် မင်းအဖြစ်ကို ပြုတော်မူပါဦး။ လာခြင်းကောင်းသောမြတ်စွာဘုရားသည် မင်းအဖြစ်ကို ပြုတော်မူပါဦး။ မသတ်အပ်သောသူကို မသတ်စေဘဲ၊ မအောင်အပ်သောသူကို မအောင်စေဘဲ၊ မရှုံးအပ်သောသူကို မရှုံးစေဘဲ၊ မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ တရားသဖြင့် မင်း၏အဖြစ်ကို ပြုတော်မူပါဦး။''ဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုမာရ်နတ်ကို ''ယုတ်မာသောအလိုရှိသော မာရ်နတ်။ သင်သည် ငါ့အား အဘယ်အကြောင်းကို မြင်သနည်း။ အဘယ်အကြောင်းကြောင့် သင်သည် ငါ့ကို ဤသို့သောစကားကို ဆိုသနည်း။''ဟု မေးတော်မူသော်၊

''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားအား ဣဒ္ဓိပါဒ် ၄ ပါးတို့ကို ကောင်းစွာပွားစေအပ်ပြီ။ ရှင်ပင်ဘုရားသည် အလိုတော်ရှိ၍၊ 'ဟိမဝန္တာတောင်မင်းသည် ရွှေ ဖြစ်စေသတည်း' နှလုံးသွင်းအံ့။ အချင်းယူဇနာ ၃၀၀၀၊ အစောက်ယူဇနာ ၅၀၀ မြင့်သော ထိုဟိမဝန္တာတောင်သည် စိတ္တကုဋ်၊ သုဒဿန၊ ဂန္ဓမာဒန အစရှိကုန်သော ၈သောင်း ၄ထောင်ကုန်သော အထွတ်တို့နှင့်တကွပင် ရွှေ ဖြစ်ပါလိမ့်မည်။ အကျွန်ုပ်သည်လည်း ရှင်ပင်ဘုရားအား

mgyoe.com

mgyoe.com SAMPLE BOOK

ဥစ္စာဖြင့် ပြုဖွယ်ကိစ္စ ရှိတော်မူလျှင် ကံကျေး ခံပါမည်။ ဤသို့ အကျွန်ုပ်ပြုပါလျှင် အရှင်ဘုရားသည် တရားနှင့် ညီသဖြင့် မင်း၏အဖြစ်ကို ပြုတော်မူရပါတော့မည်။''ဟု လျှောက်၏။

ထိုသို့လျှောက်သောကြောင့် မြတ်စွာဘုရားသည် ဤသို့မိန့်၏။

'ပဗ္ဗတဿ သုဝဏ္ဏဿ၊ ဇာတရူပဿ ကေဝလာ။
ဒွိတ္တာဝနာလ မေကဿ၊ ဣတိ ဝိဒွါသမညရေ။

'ယော ဒုက္ခ မဒ္ဒက္ခိ ယတော နိဒါနံ၊ ကာမေသု ယောဇန္တု ကထံ နမေယျ။

'ဥပဓိံ ဝိဒိတွာ သင်္ဂေါတိ လောကေ၊ တသေ္သဝဇန္တု ဝိနယာယ သိက္ခေ။ ။'

အနက်-

''မာရ၊ မာရ်နတ်။ ပဗ္ဗတဿ၊ ဟိမဝန္တာတောင်မင်း၏။ ကေဝလာ၊ အလုံးစုံသည်။ သုဝဏ္ဏံ၊ ရွှေသည်။ အဿ၊ ဖြစ်ရာ၏။ ဇာတရူပံ၊ ငွေသည်။ အဿ၊ ဖြစ်ရာ၏။ ဒွိတ္တာဝ၊ သုခ, ဒုက္ခ ၂ ပါးအဖို့ ရှိသည်သာတည်း။ ဧကဿ၊ ဒုက္ခမဖက် သက်သက်သုခ ဖြစ်ခြင်းငှာ။ နာလံ၊ မစွမ်းနိုင်။ ဣတိ၊ ဤသို့။ ဝိဒွါ၊ ပညာရှိသည်။ သမညရေ၊ မှတ်ရာ၏။

''မာရ၊ မာရ်နတ်။ ယောဇန္တု၊ အကြင်သတ္တဝါသည်။ ဒုက္ခံ၊ ဆင်းရဲသည်။ ယတောနိဒါနံ၊ အကြင်ကာမကြောင့် ဖြစ်၏။ ဣတိ၊ ဤသို့။ အဒ္ဒက္ခိ၊ မြင်၏။ ယောဇန္တု၊ အကြင် သတ္တဝါသည်။ ကာမေသု၊ ကာမဂုဏ်တို့၌။ ကထံ၊ အဘယ့်ကြောင့်။ နမေယျ၊ ညွတ်ရာအံ့နည်း။ ယဿ၊ အကြင်သူအား။ လောကေ၊ လောက၌။ ဥပဓိံ၊ တည်ရာကို။ ဝိဒိတွာ၊ သိ၍။ သင်္ဂေါတိ၊ ငြိ၏။ တသေ္သဝဇန္တု၊ ထိုသတ္တဝါအားသာလျှင်။ ဝိနယာယ၊ ဆောင်ခြင်းငှာ။ မာရော၊ မာရ်နတ်သည်။ သိက္ခေ၊ ကျင့်ရာ၏။''

ဤဂါထာတို့ဖြင့် မာရ်နတ်ကို ထိတ်လန့်စေ၍ ''ယုတ်မာသောအလို ရှိသောမာရ်နတ်။ သင်၏အဆုံးအမသည် တစ်ပါးသာလျှင်တည်း။ ငါ၏အလိုသည်လည်း တစ်ပါးတည်း။ ငါ့အား သင်နှင့်တကွ တရားစကား နှီးနှောတိုင်ပင်ခြင်းမည်သည် မရှိ။ ငါသည် ဤသို့ဆိုလတ္တံ့သောနည်းဖြင့် ဆုံးမတော်မူ၏။''ဟု မိန့်၍-

'အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊ တုဋ္ဌီ သုခါယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊ သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

'သုခါ မတ္တေယျတာ လောကေ၊ အထော ပေတ္တေယျတာ သုခါ။
သုခါ သာမညတာ လောကေ၊ အထော ဗြဟ္မညတာ သုခါ။

'သုခံ ယာဝဇရာ သီလံ၊ သုခါ သဒ္ဓါပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊ ပါပါန မကရံ သုခံ။ ။' ဟူ၍ ဟောတော်မူ၏။

အနက်-

''အတ္ထမှိ၊ အမှုကိစ္စသည်။ ဇာတမှိ၊ ဖြစ်သည်ရှိသော်။ သဟာယာ၊ အဆွေခင်ပွန်းရှိခြင်းသည်။ သုခါ၊ ချမ်းသာ၏။ ဣတရီတရေန၊ ရရသမျှသောပစ္စည်းဖြင့်။ ယာတုဋ္ဌီ၊ အကြင်ရောင့်ရဲလွယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာတုဋ္ဌီ၊ ထိုရောင့်ရဲလွယ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ ဇီဝိတသင်္ခယမှိ၊ အသက်ကုန်သော ကာလ၌။ ပုညံ၊ ကောင်းမှု ရှိသောသူသည်။ သုခံ၊ ချမ်းသာ၏။ သဗ္ဗဿ၊ အလုံးစုံသော။ ဒုက္ခဿ၊ ဆင်းရဲကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သုခံ၊ ချမ်းသာ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"လောကေ၊ လူ၌။ မတ္တေယျတာ၊ အမိကို ကျွေးမွေးသောအဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ ထိုမှတစ်ပါး။ ပေတ္တေယျတာ၊ အဖကိုလုပ်ကျွေးမွေးခြင်းသည်။ သုခါ၊ ချမ်းသာ၏။ လောကေ၊ လူ၌။ သာမညတာ၊ ရဟန်း၏အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ ထိုမှတစ်ပါး။ ဗြဟ္မညတာ၊ မြတ်သောတရားကို သိရသောအဖြစ်သည်။ သုခါ၊ ချမ်းသာ၏။

"ယာဝဇရာ၊ အိုသည်တိုင်အောင်။ သီလံ၊ သီလသည်။ သုခံ၊ ချမ်းသာ၏။ သဒ္ဓါပတိဋ္ဌိတာ၊ သဒ္ဓါတရား၌ တည်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ ပညာယ၊ မဂ်ဉာဏ်ကို။ ပဋိလာဘော၊ ရခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ ပါပါနံ၊ မကောင်းမှုတို့ကို။ အကရဏံ၊ မပြုခြင်းသည်။ သုခံ၊ ချမ်းသာ၏။"

ဒေသနာတော်အဆုံး၌ အကုဋေမက များစွာကုန်သောနတ်တို့သည် အကျွတ်တရားရလေကုန်၏။ မာရ်နတ်သည်လည်း ထိုအရပ်၌ ကွယ်လေ၏။

၅- ပေါက္ခရသာတိပုဏ္ဏားတပည့် အမ္ဗဋ္ဌကို ဆုံးမတော်မူခြင်း။

မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူသဖြင့် ကောသလတိုင်း၌ 'ဣစ္ဆာနင်္ဂလ'အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍၊ ဣစ္ဆာနင်္ဂလတောအုပ်၌ ၅၀၀ သောရဟန်းတို့နှင့် တကွနေတော်မူ၏။

ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်းကြီးသည် ပိုင်စားပေးအပ်သော၊ များသော မြက်, ထင်း, ရေ ရှိသော၊ များသောစပါးရှိသော ဥက္ကဋ္ဌမြို့၌ နေ၏။

ထို ပေါက္ခရသာတိပုဏ္ဏားသည် "အချင်းတို့။ သာကီဝင်မင်းသားဖြစ်သော ရဟန်းဂေါတမသည် ၅၀၀ သောရဟန်းတို့ဖြင့် ခြံရံလျက် ဒေသစာရီ လှည့်သည်ရှိသော်၊ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာသို့ ရောက်၍ ဣစ္ဆာနင်္ဂလတောအုပ်၌ နေသတတ်။ ထိုအရှင်ဂေါတမအား 'ဣတိပိသော ဘဂဝါ အရဟံ' အစရှိသော ဂုဏ်တော် ၉ ပါးဖြင့် ကောင်းသောကျော်စောသံသည် နှံ့၍ တက်၏။ ထိုအရှင်ဂေါတမသည် နတ်နှင့်တကွ, မာရ်နှင့်တကွ, ဗြဟ္မာနှင့်တကွ, ရဟန်းပုဏ္ဏားနှင့် တကွဖြစ်သော ဤလောကကို မိမိအလိုလို သိ၍၊ မျက်မှောက်ပြု၍ ကြား၏။ အစ, အလယ်, အဆုံး ကောင်းခြင်း ၃ ပါးနှင့် ပြည့်စုံသော၊ အနက်,သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟော၏။ ခရုသင်းပွတ်သစ်ကဲ့သို့ စင်ကြယ်သော,မြတ်သောအကျင့်ကို ထင်ရှားပြု၏။ ထိုသို့သဘောရှိသော ရဟန္တာတို့အား ဖူးမြင်ရခြင်းသည် ကောင်းသည်သာလျှင်တည်း။"ဟု ကြား၏။

ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားအား 'အမ္ဗဋ္ဌ'အမည်ရှိသော တပည့်လုလင်သည် ရှိ၏။ ဗေဒင် ၃ ပုံကို တတ်၏။ အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, လောကီသဒ္ဒါကျမ်းနှင့် တကွဖြစ်ကုန်သော ဣတိဟာသကျမ်း, ဝေယျာကရဏ်းကျမ်းတို့ကို တတ်၏။ လောကာယတကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်၏။ မိမိဆရာ ဥစ္စာဖြစ်သော 'ဝိဇ္ဇာငယ် ၃ ပါး'ဟုဆိုအပ်သော ဗေဒင်စကား၌ 'အကြင်မျှလောက်ကို ငါ သိ၏။ ထိုမျှကို သင် သိ၏။ အကြင်မျှလောက်ကို သင် သိ၏။ ထိုမျှကို ငါ သိ၏။'ဟု ဆရာနှင့် အလှည့်အလည့် ခွင့်ပေးဝန်ခံ၏။

mgyoe.com